# ကျွန်းရွာဓလေ့ကဗျာများ

## လည်လားကွဲရို့

ကွဲမရာလည်း ဂုတ်ပီ
ပင်လယ်နားမှာ သားတရှိနန့်
ဂုတ်ပီဂုတ်ပေါင်း အလုပ်ကောင်းကို
မြက်ကောင်းပီးမယ်
ဒေတလယ်ကို ညက်အောင်လားကေ
လည်လားကွဲရို့ လားကွဲရို့။ ။

## လယ်တောထဲမှကောက်နင်းသံ

ခုံးတိုင်ခုံးတိုင် တလုံးတိုင်လေ
ခုံးတိုင်အကြား ထိပ်ကွက်မေကို
အလယ်ထားလို့
လားရာက လည်လည်
လည်ရာကလေ လား
အေတလယ်ကို ညက်အောင်လားကေ
လည်လားကွဲရို့ လားကွဲရို့။ ။

## စိုင်းတင်နတ်သာခြင်း

မိုးသောက်ရာလည်း စုန်လီ
နှင်းမိုးစီကေ
ညနီရာလည်း ရမ်းပေါက်
လီရှိုဝင်ကေ စိုင်းတင်ချောင်းမှာ
နှင်းပြုပြောက်။
စိုင်းတင်မမောင် ရာမျိုးအောင်
စိုင်းတင်မမောင် ကြာထွန်းအောင်လေ၊
နတ်မောင်ယောကျ်ား
လီရှိုဝင်ကေ စိုင်းတင်ချောင်းမှာ
နွားကျောင်းလားရေ။
(မဆုံးပါသိမ့်)

(အသျှင်သီလဝံသပါးက ကျေးဇူပြုပါသည်။)

# မောင်ပြန်ဖို့ယာ

မိုးလင်းကြယ်ကြီး
ရောင်ဖြူလာကေ ထွက်ခါနီးလို့
ကြက်ကြီးလည်းတွန်
မိုးသောက်ယံကေ မောင်ပြန်ဖို့ယာ။
မောင်လားရေခါ
ဆံကေသာကို ဖြီကာလျှော့လို့
ကန်တော့လိုက်ပါ။
ကတိုးတိမ် စိုးရိမ်နှောင်းလို့
မကြောင်းကြကဲ့။
ပြိုးချေကြူကေ
မပူလီကဲ့။
ငှက်တော်ထိုးကေ
မညှိုးလီကဲ့။
ဥသြမောင် ဖိုးခေါင်တယောင်
မတလီကဲ့။
နှစ်ချောင်းချီကေ ဗွီချေယှက်လို့
ရက်သပေါ့မှာ
ရှို့မျက်တောင်ကို အသာမှိတ်ကေ
အိပ်ဟိလိုက်ပါ ပုယေ။ ။

(ရမ်းပြဲနယ်မှ)

# ပွင့်ချေသိုက်

အဘကြီးဝါဝါ
တောင်ရင်းကျွန်းက မြင်းစီးလို့လာ။
အဘသီတာ ငါးကြီးဖော်
မင်းရို့ဖမ်းလို့ ရမည်လား။
ရွှေကျောက်ဖျိုင်မှာလည်း ပတ္တမြား
ငွေကျောက်ဖျိုင်မှာလည်း ပတ္တမြား
ပတ္တမြားသုံးဆယ်၊ မျက်ရည်သုံးခွက်
သားကိုလိုချင်၊ ရင်ခွင်တင်
သားချေဇာလောက်ကြီးဗျာလည်း။
ကျောက်သားလုံးလောက်ကြီးလီယင့်။
ဂလီဂလီ
ကျောင်းကန်ဘောင်တွင်း၊ အင်းအနားမှာ
ခတ်၍နီ။
ဂလီလည်းခတ်၊ ငါလည်းခတ်
ပန်းစိကေချေမောင်သျှင်
မောင်ကျော်ရှင်က
ဝါးကိုမထီ၊ ဝါးစိတ်ကိုထီ
နွဲ့လီနွဲ့လင့် ရလီယင့်။

(ဆရာတော်ဦးစန္ဒာဝရ (ကွယ်လွန်) ကျေးဇူးပြုပါသည်။)

# သတိုးအောင်နတ်သာခြင်း

သတိုးအောင်လေ
နတ်မောင်ယောက်ျား
ကေသလာလေ
ကြပ်စင်ကျွန်းမှာ
မွီးလို့ဖွားရေ။
သကြားမြီးဖြူ
စိတ်လည်းတူ
မယူမြီးချစ်
ရွှေကျောင်းတော်မှာ
အလိုလိုက်ကေ
ပန်းမုနိ မြအောင်
ဘောင်မချစ်ကေ
သတိုးအောင်လေ

နတ်မောင်ယောက်ျား
ရွက်အုပ်မြညို
ဖားပြိုကျွန်းမှာ
မွီးစပ်ထားရေ။
ကြီးသျှင်တောင်
ရာမောင်နတ်ကား
ရင်နို့မတိုက်
လွမ်းလို့ကြင်ကေ
ဘောင်သျှင်မမှာ
လက်နို့တိုက်တော။
လက်သန်းလက်ကြွယ်
လက်စမွယ်
လက်လယ်မကြွင်း
မြီးလှမောင်လေ
ဒိုးအောင်စို့ကေ
လက်နို့ထွက်တော။
ရွက်ရိပ်ခို
ဖားပြိုကျွန်းမှာ
မွီးစပ်တော။
တဝင်းဝင်းကေ
ပလို့လာကေ
စန္ဒာလမင်း
ထက်ကောင်းခင်မှာ
ရာဟုကင်း
အလင်းလည်းရောက်
မြီးလှမောင်လေ
ဒိုးအောင်နတ်ကို
ကျောင်းကိုရောက်ဖို့
မြကြိုးသွယ်
စိန်ပုခက်မှာ
အိပ်ပါမြီးချေ
ကြီးသျှင်တောင်
ရာမောင်မမှာ
မြီးချော့ရေ။
ထိုင်တတ်ကေရာ  တွားတတ်
တန်းကိုင်တတ်
ရပ်တတ်ဖြစ်ယာ
မြီးလှမောင်လေ
ဒိုးအောင်ကိုကား
ရွှီစမွယ်

မိယေမှာကား
တောတန်းဆိုကေ
ထိုသည်ကျွန်းမျာ
ဝါးတန်းလည်းတင်
တောတန်းခွင်
ရှွင်သည်ရပ်မှာ
အလားသင်ရေ။
ထိုင်တတ်တွားတတ်
တန်းကိုင်တတ်ကေ
ရပ်တတ်ဖြစ်ယာ
ဘောင်မမောင်လေ
ဒိုးအောင်မှာကား
လားတတ်ပျာ။
ဒိုးအောင်ဂျင်ပေါက်
အရွယ်ရောက်
ကြီးမြောက်လီခါ
သုံးလှိုင်ဆို
ဝါဆိုကျောင်းမှာ
ကျောင်းထားရေ။
စာမတတ်ကေ
သတ်လို့သင်ပါ
သုံးလှိုင်ဆိုကေ
ဝါဆိုကျောင်းမှာ
နမောဗုဒ္ဓယ
အယင်ပြ
သုံးဆယ့်သုံးလုံး
သုံးသင်ပုန်း
တလုံးမကျန်
ဇေတဝန်လေ
မြတ်မွန်ကျောင်းမှာ
စာအံရေ။
ဒိုးထိုးသံနန့်
ဂျင်ပေါက်သံလေ
ညံသံမစဲ
သုံးလှိုင်ဆိုလေ
ဝါဆိုကျောင်းမှာ
မဒီးမောင်လေ
ဒိုးအောင်ထွက်ကေ
တသဲသဲ။
ကျိန်းတောင်ခြီရင်း

မောင်ရို့ထွက်ခါ
အံ့တလင်း။
ကျိန်းတောင်ခြီရင်း
မောင်ရို့ထွက်ခါ
ကြက်တလင်း။
ကြက်ဖက်ပါးနီ
စွန်သဲခြီ
ခွပ်လီကြက်ဖ
ရှီပြောင်ပြောင်ကေ
ကျိန်းတောင်အောက်မှာ
တန်းထက်က။
တန်းအောက်မတွန်
တန်းထက်ထွန်
ဒိုးအောင်ကြက်ဖ
ရှီပြောင်ပြောင်လေ
ကျိန်းတရိုးမှာ
တည်တိုင်းရ။
မြင်းမအီ ခွါတောင်
ဒေါင်းခံ့ထဲမှာ
လာပါမောင်
လှအောင်စာလေ
တကောင်ခွါဖြူ
မဒီးမောင်လေ
ဒိုးအောင်မောင့်မှာ
လှအောင်ဆင်ကေ
ယယိုင်ပပါး
ဘောင်မမောင်လေ
မြင်းနန့်လားဖို့
ဖိုးခေါင်ဖိုးခေါင်
ဖိုးခေါင်ကြိမ်လုံး
အဖျားချေမှာ
ရှီခြည်ထုံးကေ
ကြိမ်လုံးကိုထောက်
ဘောင်မမောင်လေ
ဒိုးအောင်နတ်မှာ
မြင်းကိုငေါက်တော။

ကြိမ်လုံးကိုကိုင်
မြင်းမှာထိုင်
ယယိုင်ပပါး

ချစ်တေမောင်လေ
ဝတီနန်းမှာ
ပန်းကပ်လားဖို့
သိုင်းကိုမကျော်
မြို့ကိုမနင်း
ပန်းဆက်ညှာကို
မြို့နန့်နင်းကေ
နတ်မင်းကျော်ခေါင်
ဘောင်မချစ်လို့
သတိုးအောင်လေ
နတ်မောင်မှာကား
ကျိန်းတောင်ကျော်လမ်း
ကြက်ရိုးပင်မှာ
သဇင်ပန်းကို
လက်လှမ်းဆွတ်ကာ
ကြိုးဆင်းတောင်လေ
ရာမောင်နတ်နန့်
လှကျွန်းသူလေ
မိဖြူဦးကို
ရှိစမွယ်လေ
ဘောင်သျှင်မကို
ပန်းဆက်တေ။ ။

# ဩဝါဒရတု

သောင်းကျွန်းဇမ္ဗူ၊ သျှင်လူအများ
ကျွန့်စကားကို၊ ရှိနားခံလော့၊
ရှိဆရာပုရိန်ဒတ်
ဘီးဘိုးစိုင်လာ၊ ကျမ်းကန်စာကို
နောင်လာမှတ်ရဖို့လည်း။
ဤကျွန်းသောင်းမြို့ပြင်
မိမ္မယောက်ကျား၊ သူငယ်များရို့
မှတ်သားစာပီသင်လော့။
တတ်ကုန်မြော်မြင်ခါ
ပညာဟိကို၊ သူတော်ကောင်းသည်
တွိကြောင်းရအောင်ရှာလော့။
လွန်ဆုံးသည် စာမဆုံး
သမုဒ္ဒရာ၊ မြစ်သီတာဝယ်
ဂင်္ဂါရိကိုယူသို့

အကုဋ္ဌတာလည်းလေ။ ။
စီးပွါးချမ်းသာ၊ ဂုဏ်ပညာသည်
အိမ်မှာတောင်းထူဆွဲသို့
အမြဲကိုယ်၌တွင်
စားရင်းမကုန်၊ ပေါကုမ်လှသည်
သုံးပုံကျမ်းကိုသင်လော့။
မိဘလျှင် အိမ်ထောင်ကြီး
ပစ္စည်းဥစ္စာ၊ ရတနာသည်
များစွာပုံ၍ပီးသော်
ဇာလည်းပီးလျှင်
များစွာသိန်းသောင်း၊ ထောင်ရာပီးကုမ်ပါလော့။
ခုဇာသည် လိုမရ
မိဘဥစ္စာ၊ ကုန်ချိပါသည်
ကြွမ်းမှာ မီးကျိုကျသို့
တခဏသည် မစားလောက်
သိန်းသောင်းထောင်ရာ၊ ပီးခပါလည်း
ယင်းတွင်အကုန်ပျောက်ခယ့်၊
ခံစားလျှင်အိမ်တိုင်းတွင်
လှုခံမရ၊ ဝမ်းမဝသည်
တရုပ်ငိုကြလျှင်လည်း။ ။
ဆဲဆိုလစ်သည်၊ ခွီးပုတ်အသွင်
ချစ်ခင်နှစ်ငြာ၊ ချစ်ခင်မဟိပါတည်း။
သူတကာဟိနက်၍
အတတ်ပညာ၊ မသင်ပါသည်
လူသျှင်မပေါင်းပါတည်း။
လူသျှင်မပေါင်း၊ ကြမ်းလျှင်မကျ
လွှန်ဆိုးလှသည်
လောကတွင် တတ်ကုန်အင်
တတ်သောသူ
မဏိချောင်ဖျား၊ ပတ္တမြားကို
ပက်ချုပ်ထဲက ဖွင့်၍အသာယူသို့
ညွှန်ပျောင်းမှာ ပစ်သော်လည်း
မညစ်ရောင်ဝါ၊ မနစ်ပါသည်
ယူခတာလည်းလေသို့
အဖိုးလည်းမယုတ်ပါ၊
ဤလွှန်းချာတွင်
အမည်ကြိုင်သာသည်လည်း။ ။
သပြီသီးကို၊ စားခီမည်သော်ဩဇာကြောင့်
ရသာသည်ချိုအီးစွ။
ဂုဏ်ပညာသည်၊ ဆရာဩဝါဒကို

မခံခါထိုသူများ
ဘယ်လမ်းညာလမ်း၊ မှားမှားစမ်းသည်
ငါးကန်းမျက်စိသွင်သို့
တောင်ကိုလျှင်မြောက်မသိ
အရှိဖက်မှာ၊ အနောက်မှာလဲ
ရှာဖြွားလေ မတွိသို့
တုမဟိ ဆိုမကုန်
ဆရာအတတ်၊ ပညာမြတ်ကို
ဆည်းကပ်သင်ကုမ်ပါလော့။
သုံးခွဆုံလမ်းဒွါရာ
သူမြတ်လား၍၊ နိတိုင်းလာသည်
တန်းခါကြောင်းဇင်းခါလည်း။
သူတကာလေးမခန့်
မော်ကွန်းစာကို၊ တပါးမှမတတ်လော့၊
မသင်ခသည့်တတ်ပညာ
တခါနောင်တ၊ လိုမရသည်
ဘဝကုန်ချိပါသည်
ပညာနည်းသည်ကြောင့်လည်း။ ။

(ရှိဟောင်းပီပရပိုက်မူမှ)

# မဟာမုနိရုတု

အောင်မြီအထွင့်
ဘဒ္ဒကပ်သည် မြတ်မဟာ
ဤကမ္ဘာပေါ်လုမှာ
သဏ္ဍူဖြပ်ဟွာ
ငါးပွင့်ကြာကို
ဆွတ်ကာနမိတ်ပြ၍
မြိသေချာဗောဓိဝယ်
စိုင်တလျှောက်သည်
ရှိနောက်ဆက်ကာတည့်လည်း။
ထူးဆန်းဖွယ် အမ့်ဖွယ်ပင်
ကျော်ထင်ရှားသည်
ဘုရားငါးဆူပွင့်၏။
ရှိဦးတင်သည် ကက္ကုသံ
ဂေါနာဂံကား
ကဿပ အမှန်ပင်တည်း။
ညီနောင်သည် မိတ္တေယျ

နောင်တော်ကြီးသည်
မည်တွင်ဂေါတမတည်း။
ရပ်ဌာနအလှည်လှည်
လည်သာသာနှင့်
ပတ်ကာဆွမ်းသပိတ်ဖြင့်
ထိုရပ်ဝယ်ရက္ခိုင်မှာ
ရက္ခပူရ
တိုင်းဓည ရှိပြည်သာ၌
ကိုယ်တော်စားသည် မြတ်မုနိ
ငါးထောင့်ငါးရာ
သာသနာသည်
ညီတော်စားအကြီးတည်း။
ပုံသွမ်းပြုထားတော်မူ
သာသနာသည်
ရောင်ဝါမီးနှယ်ပူ၍
သောင်းရပ်လူဇမ္ဗူပြည်
ဘုရားဂူကျောင်း
သင်္ဃာပေါင်းနှင့်
မြင့်ညောင်းစိုင်ဆက်နီသည်
ဓညရပ်မြိုတည့်လည်း။
ဓညရပ်မြို
သိ ဂ်ီမည်ရ
ဝဒရသည်မြောက်ရပ်ချာ
သီရိမာနဒီဖျား
ကိုယ်စားသျှင်တော်
မဟာမုနိထား၍
သီရိဂုတ်တောင်ထိပ်ဖျား
ရှိကျောင်းဗိမှာန်
ဇေတဝန်၌
ပန်းဆိုင်ပန်းကြာထား၍
ဖြောက်ဆိပ်ဝယ်ကြယ်များရံ
သော်တာလသည်
ထွင့်ဖျားမနော်စံ၍
ဟသ်ာကျံသည်ဆိပ်လှ
ပြောင်ပြောင်ဝင်းသည်
ညီးထွိရောင်တော်များရို့
နတ်သိကြားဖန်ဆင်းလျှင်
ဝိသကြုံနတ်၊ ရက္ခနတ်သည်
လွှတ်လွှတ်မြိုကထွက်သို့
ပြိုးပြိုးပြက်မျက်များစီ

ရှိဂူကြီးထက်
ငါးလုံးဇေတီမိုလျှက်
ခေါင်ထိပ်ဗွီသည်အလယ်ဖျား
ဆောင်းတော်မူပါ
လိုင်တိုင်ငှက်မနား
သိမ်တော်မှာပတ်ဝန်းရံ
တရာ့သျှစ်လုံး
ရှိဒုံကြာခွက်ခံ၍
ကျွန်ုနိုင်ငံပြည်လုံးသား
ယူကျုံးငှါညီတော်ကို
မြဲစွာစောင့်လျှောက်ပါလည်း။  ။

(မဟာမုနိရတုပြီးပြည့်စုံ၏)

သက္ကရာဇ် ၁၂၇၇–ခု၊ ကဆုန်လဆုတ် တဆယ့်လေးရက် ကူးပြီးပရပိုဒ်မူအတိုင်း (ခေါ်ခံ) ၂–ရွက်မှ ကူးယူဖေါ်ပြသည်။
မူရင်းရှိဟောင်းအရှိုးအသားကို၊ အဂုခေတ် အရှိုးအသားနှင့်ပြောင်းလွှဲ၍ ရှိုးထားပါသည်။
ပုရပိုက်လျှား (၁၂) လက်မ၊ အနံ (၄၃) လက်မ။

# သမင်ရတု

သခင်လူမျှား၊ ကျွန်ုစကားကို၊ ရှိနားခံလော့
ရှိလွှန်အခါ တောမြိုင်ခွိး
ချိသမင်သည်၊ သစ်ပင်ကြီးအောက်ကနိလည်း။
မြင့်ထိပ်ဗွီ ခေါင်ထိပ်ဖျား၊ ကျိုးတခုသည်
ခေါ်မှူမြည်သံကြားက
အချစ်ရှိသမင်၊ ငယ်ခါခင်ပွန်း၊ မြဲစွာမွှမ်းသည်
ကောင်းလွှန်းမယ် မထင်လည်း။
မြိုတွင်ရာ လားရလျှင်၊ ကိုနှင့်ငါပင်
ချစ်ခင်ရမယ်၊ အဆွေနှလုံးသွင်းလည်း။
ခွိးလှည့်ပတ်ဆိုရတ်မှာ
ကောင်းယောင်ထင်၍၊ သမင်လိုက်လာရလည်း။
လယ်သည်စပါး၊ ပန်းနှဖျားကို
အဂုစားရမယ် မှတ်လော့၊
လိုတိုင်းဝမ်းဝ၊ စားရမယ်မချွတ်လည်း။
ခွိးလှည့်ပတ်ဆိုရတ်မှာ၊ ကောင်းယောင်ထင်၍
သမင်ထွက်စားပြန်လည်း။
ထိုယောကျ်ားလယ်သခင်
ပြီးခုံပင် လာတုံလတ်၊
သရိကျော့ကွင်း၊ ထောင်လျှက်လမ်းတွင်ထားလည်း။

ခါတပါးသည် လားချိမိ
သရီကျော့ကွင်း၊ လိုင်ဝယ်ယင်ဆောငြိလည်း။
မချိရုန်းရင်းဆာ၊ အဆွိလျှင်တောမြိုင်ခွီး
သီမယ်ဖီးကို
ယင်ဆောကယ်တင်ဖိလည်း။
ဒွန်းစန္ဒာ ဟိန္ဒူမျိုး
နွားသရီကို၊ မကိုက်ဖူးပါတည့်လည်း။
မချိပူပြင်းဆာ
အဆွိလျှင် နောင်ကျီးကန်း
ယင်ရဲမကို၊ မြဲစွာခင်ပွန်းမွမ်း၍
မျက်စိရစ်ဝန်းလည်
ယင်မလာ၍၊ ဖြူစွာဥလာသည်တည်း။
အဆွိလျှင် နောင်ကျီးကန်း
ဦးဂေါင်းမြီတွင်၊ နသွီးတောက်ဟန်ပြု၍
ထိုခန လယ်သခင်၊ ပြီးခုံပင် လာတုံလတ်
သရီကြိုးကို၊ လိုင်ဝယ်ယင်ဆော ချွတ်လည်း။
ထိုယောကျ်ား လယ်သခင်
ကြံလတ်ကေလျှင်
စောစွာ ခြုံထဲဝင်၍၊ နွယ်ပင်ဖြတ်လှီးငြားလည်း။
အာအာသည် ကျူးမြည်လျှက်
ချီသမင်သည်
ဖြုန်းဖြုန်းပြီးသည်ဖြစ်လည်း။
ထိုယောကျ်ား လယ်သခင်
လက်တွင် ဒါးနှင်ပစ်၊
ခြုံထဲဝှက် ပုန်းမြိုင်ခွီး
ဂေါင်းတွင်မှန်လျှင်၊ သီချိပြီလည်း။
အေနည်းလျှင် တမုံဟိ
မေလတ်ဖြူမှာ၊ ဖျက်သူနှင့်ရာ တွိလည်း။
မချိသည် လွမ်းလောင်သဲ
မေချစ်အပူဝင်သည်
သမင်ပမာ နည်းတည့်လည်း။ ။

(မြို့ပြည်ကော်လောချီး မဟာမုနိဆရာတော်ပါးကရသောမူဖြစ်ပါသည်။)

# ရှာစားရှာ လွမ်းရတု

ရှာစားရှာမှာ
ပျော်စရာလေ ငယ်ခါလောင်
ဂြိုးညိုလိုင် တတွတ်တွတ်
မကြောင့်စိတ်ပူ
မောင်ဖြူရင်ဖတ်သတ်လည်း။
ပျော်စရာလေ မနီတတ်
အထက်ကောင်းခင်၊ အာကာပြင်ဝယ်
လရောင်နှင်းခိုးဝပ်လည်း။
မေ့ဆောင်းပါး ပါးလိုက်မည်
ကြံစည်သူ ရှာမရ
အပါးဝန်းကျင်၊ ကြည့်မမြင်သည်
သူ့မျိုးကိုယ်စားထင်လည်း။
ဘယ်စောင်းပြန်သော် ဘယ်မတွေ့
ညာစောင်းပြန်သော် ညာမတွေ့
လက်ဖျားကိုင်၊ ဦးထိပ်တင်သည်
ပြပြစ်မျက်ရည်စီးလည်း။
ငှက်သားဂြိုးညို၊ ပဇာဆိုလေ ဂြိုးညိုလောင်
ကြူလာသည် မောင့်ထံပါး
ရောက်မည်တရက်
ဂြိုးဆိုခြင်းကို၊ မောင်ရင်းမသိပါလည်း။
မှောင်ညိုညို နီရပ်တွင်
အိမ်ခေါင်စွန်က၊ ဂြိုးသားတက်ကြူလာသည်
မကြူစီချင်တည့်လည်း။
ပုံပါလီမင်း၊ ဂြိုးသားပြင်းရှိ
တြင်းဆိုကာ၊ ကြင်နာသည် မခံချို
သီတင်းနီဝင်၊ သူ့ရပ်ခွင်မှာ
မေ့ကိုတလို့ ဟီလည်း။
ပျောင်းလွမ်း၍ အိပ်စိုင်တွင်
မေ့ကိုအိမ်မက်၊ ထင်ရာမက်သည်
သက်လည်းမဟီပါလည်း။
ခုတဖြစ် ထိုတလော်
ဆုတောင်းမတတ်၊ နှုတ်ကလွှတ်သည်
သက်ပြတ်မေလတ်ဖြူကို
လွယ်ကူသည် မပျော်ရ
နှစ်ပါးစိတ်တူ၊ မေလတ်ဖြူနှင့်
အလှူမပီးခလည်း။
ချောင်းဆိုရေ လုရပ်တွင်
လှူဒါန်ရှိုင်း၍ မျက်စိချစ်စကြင်သည်

ဆုတောင်းပန်းထောင်၊ ကုန်အောင်နိုင်သည်ကြောင့်လည်း။
မေ့ကိုလျှင် စိတ်တပ်၍
လူရေးမဝင်၊ ရင်မတင်ခါ
ခင့်ကိုစီစားတည်း။
ကြင်မေလယ်ကပြီးရို့
ရှိကကြောင်း မဆိုချင်သည်
ဝမ်းတွင်းဇာသကြွီတည်း။
ခုတဖြစ် ဝါသနာ၊ ကံဟောင်းပါသည်
ကြီးမှကြင်ရပါသော်
ဖြူဆွတ်လှသည် နုပျိုမွတ်
တနိတခါ၊ မမြင်ပါသည်
မောင်ဇာစိတ်ဝယ်ညွတ်လည်း။
ဆွဲလွဲရင်ထက်တင်
လိုင်ဝယ်ယှက်၍၊ အသက်နှံချင်ပါသည်
မြသွင်ဇေ ဘုန်းသျှင်လွမ်း၍
ညိတိုင်းမေ့ကိုတည်းလည်း။
ဩော် ဘုန်းသျှင်လွမ်းသည်
ငယ်ကျွန်းမေ့ကို၊ တဆိုကာ နိမပြတ်
အိမ်မှာဝယ်ပါး၊ ဆွတ်မျှကြင်သည်
မွီးသျှင်သူ့ရပ်မြို့၌
စိတ်တပ်သည် ဖွယ်မဟိ
ချဲချဲဝီဆူ၊ လွမ်းရို့ပူသည်
ဖျော်သူမဟိပါလည်း။
မောင့်မျက်စိသည် ကြည့်ဖန်များ
ငှက်သွင်ဖြစ်မူ
ကျီးဖြူလီကြောင်းလားလည်း။
ကမ်းထက်အားမနား
တယောက်မွီးသူ၊ မေဖြူဟိရာ
လျှင်စွာတထောက်၊ အရောက်ပုံချင်စွာတည်း။
စိတ်မှာတည်သည် ကိုယ်တော်အား
မဖူးရက်ရှည်၊ ကြာသည်ကာလများတည်း။
ပျော်အိမ်ပါးသည် တခွိခွိ
တောင်မြောက်ဝန်းကျင်၊ ကြည့်မမြင်သည်
တောခွင်ဇာအတိလည်း။
တောခွင်အတိ၊ မေမဟိကို သိလျင်းပင်
ချိန်ခါသည် ဘယ်ညာယွန်း
အရှိတစွန်း၊ နှမမေ့ကိုလွမ်းလည်း။

(ရှိဟောင်း ရခိုင်ပီပရပိုက်မူ)

# အမြားပွဲအချစ်ရတု

သက်ကရီယုယ၊ မပျော်ရသည်၊ များလှပြီအသျှင့်သား
ပန်းနှင့်တူစွ
မေလှဖြူကော၊ ခြိုင့်လှောင်ငှက်နှင့်တူစွ။
အော် တကြုကြုသည် လွမ်းရို့တ
မောင်ကြောင့်ပူဆာ၊ မခံသာသည်၊ ကြီးစွာဝဋ်ဒုက္ခကြောင့်
ပူချင်းလှသည် ကြီး၍သာ
ဦးဂေါင်းထိပ်ပြင်၊ လက်စုံတင်ကော၊ မယ်လျှင်ကန်တော့ခါ၌
ကြောင်းခြင်းရာ စိတ်မလိုက်ပေ၊
မေယေဖြူဆွတ်၊ မေ့သက်ထားကော၊ ချွဲနှင့်တဖတ်ဖတ်လည်း။
အို ရှိကဝိသေ ကုသိုလ်ဟောင်း
ဘုရားစိန္ဒေ၊ မြတ်ဗုဒ္ဓေကို၊ ညောင်ရည်ပန်းသာလောင်း၍
ဆုပန်တောင်းသည် ဦးကာပေ၊
ကြမ္မာချိုးစက်၊ ဒါနဖက်ကော၊ မပျက်သစ္စာတည်၍
ဤလူ့ပြည် ဤဌာန
မောင်နှင့်အတူ၊ တောင်းဆုယူကော၊ နှစ်ဆူပေါင်းဖေါ်ကြ၍
အော် တူတကွသည် နီစိုင်တွင်
အလှယင့်ယူ၊ ချစ်သူသားဖခင်လည်း
ဝီးရပ်တွင်သည် တိုင်းတပါး
ကုန်ရောင်းကုန်ဝယ်၊ သူ့တိုင်းပြည်မှာ၊ လားသည်ဤကြောင်းလျှားကြောင့်
အို ဝမ်းနည်းသည် စားသောက်မခြိ
ညိုနှင့်နိသည်၊ ခြောက်ဆယ်ပေါင်းနာရီတွင်
လွမ်းသက်ဝီသည် ညိုမှောင်လှ
ကမ်ဖာခိုးထူ၊ မှိုင်းမှိုင်းလူသည်၊ နှစ်ဆူနီနှင့်လကို
တောင်းတဘိသည် နီစိုင်တွင်
အချစ်မပြီ၊ မောင့်သက်ဝီကော၊ ဒလီမောင်ပန်းပင်ကို
အို နှမကိုယ်တွင်၊ လွန်ကြည်ညိုသည်၊ လူကိုမပြော
ချစ်တေအားကို၊ မေလျှင်ဝမ်းတွင်ထား၍
ဂြိုးလှညို ရှိုငှက်မ
နိညမဆို၊ တောမြိုင်ညိုမှာ၊ ဖိုကိုလွမ်းရို့တ၍
နိညဝယ် အဖန်ဖန်
နာရီခတ်တွင်၊ မောင့်ကိုတွက်ကျပြန်ကာ
ကေသာဆံ သျှောင်အုံးလုံး
ပန်းကုံးမဆင်၊ ဆီမပျင်ကော၊ မေလျှင်ဖြစ်နိပါ၏။
နှလုံးသည် စိတ်ဝီဆာ
နံသာဆီကြိုင်၊ ကတိုးရိုင်ကော၊ နှမကိုယ်နှင့်ကွာ၍
မောင်ကြောင့်သာ စိတ်ဆိုးညစ်
ပတင်းညိုကော၊ လီချိုသလွန်သာက
ငိုစိတ်ဖြစ် နီစိုင်ခါ

ဥဩဖိုးခေါင်၊ ကုက္ကလောင်ကော၊ ဝါရောင်ကျူးမြည်လာလည်း။
အို ရတုတဖန်၊ ရာသီပြန်သည်၊ ဝသန်မိုးဦးရောက်၍
တောဟောမန်သည် ရဂုံထဲ
ဆွဲလဲညံ့ညံ့၊ တကြုံကြုံကော၊ ဝသန်မိုးကိုခေါ်၍
ထက်အာကာ ဘုံတရိုး
ကြီးလှသံဟုန်၊ မိုးပစ္စုန်ကော၊ ရုံကာဟစ်လျှင်ကြိုး၍
တဖြိုးဖြိုးသည် သွန်ကျလာ
ဝသန်ရာသီ၊ မိုးဦးချိကော၊ တောင်လီဖျူးကာထ၍
မေလျှင်ရင်လုံးအီး
ကေရာစ်တောင်ယောင်၊ ဝင်းဝင်းပြောင်ကော၊ မေသာမပျော်ဘိလည်း။
တယောက်ထဲသာ မေ့တကိုယ်
ဟိလမနော်၊ စက်တော်ခေါ်ကော၊ မေကမပျော်လိုလည်း
လိပ်ပြာညို့ တောင်ချင်းခွဲ
သုံးဖေါ်ကျူးလွန်၊ ညိသုံးယံမှာ၊ ပုံကာမေ့ထံဝဲ၍
မြင်တဲတဲခါ အိမ်မက်တွင်
ကြင်ဖေါ်သက်ထား၊ ငယ်မျောက်သားသည်၊ တိုင်းတပါးကလာသွင်သို့
ထင်မိကာ စိတ်ယောယိုင်
အိပ်မွေ့ရာသလွန်ထက်၌၊ မောင့်ကိုယ်ကိုမှီ၍စမ်း
မောင်ကိုယ်ငွေ့၊ မတွေ့သောခါ၊ မေရို့မှာကော၊ တုံ့စွာတချမ်းချမ်းနှင့်
တမ်းတနွဲ့ကြက်သီးဖုန်
ပူပန်ပျောင်းပျ၊ မောင့်ကိုတကော၊ အလှရင်လုံးနွံ၍
မိုးသောက်ပြန် ထတုံ့သောခါ
ဗိမာန်အိမ်နား၊ ပန်းစံကားသည်၊ သစ်ဖျားအခက်မှာကား
ငှက်ရှိဝါကေ တတွတ်တွတ်
“ရောက်ပျာ ရောက်ပျာ”
တြင်းငြာကော၊ ကျူးကာနမိတ်ဖတ်၍
မြည်တမ်းရွတ်သည် ငှက်ရှိဝါ
နိညမဟူ၊ မေ့ချစ်သူလေ၊ မောင်ဖြူကြွားလီပါကေ
တကျော့သာ ဟုတ်စနိုး
ချစ်မိုးစုံလင်၊ ရာသက်ကြင်သည်၊ အယင်မောင်ရောက်ဖို့ဟု
လွမ်းဆွတ်၍ နီစိုင်တွင်
ပစ္စင်တူရိယာ၊ နဲ့ခရာကော၊ ညီညာတီးမှုတ်ကျင်၍
လွန်ပျော်ရှင် လူအများ
ဇကြော့ကခြီ၊ ရုပ်မျိုးစီကော၊ အညီယိုးဒယားနှင့်
သဘင်များ ပွဲရုံရာ
လက်ဖျားကိုချီ၊ သူ့သက်ဝီသည်၊ ကိုယ်စီသားနှင့်လာ၍
မိပျော်ငြား ဖသက်နှံ့
မောင်ဇံပူဆာ၊ ဖကိုရှာကော၊ မြိမှာလျူးကာပြန်၍
တကြုံကြုံ ငိုလိုက်လတ်က
အလှယင့်ယူ၊ မေဖြူစိတ်ပူဆာလည်း။

ပြောစရာ ဆိုမတတ်
မွီးမိခင်မှာ၊ ရင်ကိုထုထောင်းသတ်၍
ဖခင်တွက်မည်ကြောင့်
မွီးမေအသက်ပင်၊ သီလျှင်တော့မည်ဟူ၍
အူသဲခြီ တုံလို့ချိ
ဆီးဝါးဂါထာ၊ မရသာသော်၊ ပြင်းစွာလောင်သည့်မီးကို
စောင့်ထိမ်းသည် ငြိမ်းသက်အောင်
စေတနာကော၊ မိတ္တာဆွမ်းဖြင့်လောင်း၍
မိဘဌာန၊ တိုင်းပြည်မိဇ္ဈိမကို၊ ဤနှစ်တွင်လာလတ်မည်
ယင်းနိရက်စိ၊ နီထိုင်ကြသည်
(ကျောင်းတကာဟုံ၊ ဒါနဂုဏ်ကော၊ ပုဂ္ဂိုလ်လုံးချင်းထ၍
တိုင်းတပါး လားတော့မည်
ဝန်ဆန်ယင်ကော၊ ဆရာဟိပါရေလား၊
ကျွန်တော်မ လက်ဦးချီ
တောင်းပန်သောခါ၊ ဆရာသည်းခံပါဟု၊ ကြောင်းခြင်းရာစိတ်မလိုက်ပေ၊)ဂ
ကျောင်းဆောင်ဟောင်းလောင်း
မိုးသီးပေါက်ကော၊ ဖြောက်ဖြောက်အတိုင်းဆင်း၍
ငယ်ကျွမ်းဝင် လင်မျောက်သား၊
ကြားလတ်သောခါ၊ ပြင်းစွာလောင်မီးကျယောင်
တိုင်းရပ်မြို မိဇ္ဈိမ
မိဘဌာန၊ ရောက်လတ်သောခါ၊ နှစ်ပါးမောင်နှံ
ဆရာ့ထံမှာ၊ ဝပ်စင်းလျှောက်တောင်းပန်၍
ဇေတဝန် မြတ်ကျောင်းတော်
လုတ်လပ်ပြီးခါ
တိုင်းသူပြည်သား၊ ကောင်းမှုဖက်ကော၊ မိတ္တာရီစက်ချ၍
မသုမ်ဒရီမြီစောင့်နတ်၊ ဘော်သျှင်မနတ်လူပြဟွာ
ကောင်းချိမ်းပြုကေ
နတ်လူသာထု ခေါ်စီသောဝ်လည်း ။ ။

(ရှိဟောင်းရခိုင်ပီပရပိုဒ်မူမှ)

ဤအပိုဒ်တွင် အဓိပ္ပါယ် ကောင်းကောင်းမချင်းပါ၊ စာကြောင်းများကျကျန်ခပုံရပါသည်။ (အယ်ဒီတာ)
“ရခိုင်အဖိုးတန်စာပီများပျောက်ပျက်မလားအောင် ရခိုင်သားများ ဝိုင်းဝန်းဖော်ထုတ်ကြိုးစားကြပါကုန်လော”

# ဥသလင်းတိုင်း (ပလက်ဝက်မြို့နယ်)မှ ရခိုင်ကျွန်းရွာအရွှေ့ကဗျာများ

## ဖော်ကွဲငှက်

ဥဒေါင်းကြိုးကြာ
ဟသ်ာဖော်ကွဲ
မြစ်လယ်ဂေါင်မှာ
တကောင်တည်း။ ။

## ရီဟင်းခနီပင်ပျို

ရီဟင်းခနီပင်ပျို
ရီဟိရာမှာ ရှင်ဖို့လို။
မောင်လည်းလူပျို
မေဟိရာကို လားဖို့လို။ ။

## ကောက်လီကောက်လောက်

ဖက်သရော်ငန်းချေ
ကောက်လီကောက်လောက်
တယောက်မေကို
လိုက်၍တောက်။
စစုံစစိ
အမောင်ဇာခါ မြင်ချီရုံ။ ။

## စကားချစ်

နပျိုးရွက်မှာ
နီရောင်လည်းထိုး
မေရို့ပြောကေ
စကားရိုး။
နပျိုးရွက်မှာ
ကွမ်းချိုနွယ်ရစ်
မောင်ရို့ပြောကေ
စကားချစ်။ ။

## မဒေးရင်းထူ

တရကူခွံပါး
တောမှာပေါက်တေ
ခယင်ဝါး။
ခယင်ဝါးမှာ ရှီများရေ
တယောက်မေမှာ ဇမ်းများရေ။ ။

## ခရချေဇင်းကလိန်

ခရချေဇင်းကလိန်
အိုင်နားနိမ်
အိုင်နိမ်အိုင်နား
ခရချေကို လူကောက်များ။
မေလည်းဇင်းကလိန်
လမ်းနားနိမ်
လမ်းနိမ်လမ်းနား
မေတယောက်ကို
လူဖျက်များ။ ။

## မောင်ရှို့နံ့ရာ

ချောင်းတချောင်းမှာ
သလဲကပူ
ရှိလည်းဆူ
ငါးပိုးငါးသား
ငါးများဇာတေ နှီမလဲ။
ငါးပိုးငါးသား
ငါးများနှီရာ အိုင်ဝန်းမှာ။
ရတ်ဖောက်လိုင်ရှယ်
ခါးချေခါးထိုး
ရှိကြိုင်ချောင်းမှာ
ထထိန့်ကြိုး၊
မောင်ရှို့သက်လုံး
ဇာတေတေရာ နံ့မလဲ။
မောင်ရှို့နံ့ရာ မေဘားမှာ။ ။

(ရတ်ဖောက် – သေနပ်)

# ညောခါမခါး ကြီးမာခါး

နှနှင်းမများ
ရီးသျှင်ယာမှာ
ရာဂြန့်ခါး။
ညောခါမခါး
ကြီးမာခါး
အခါးရိသီ တွင်မေလား။
အရီးသျှင်မှာ
မြင်ရေရင်သွီး
ပန်းနှင့်တူကေ
ညိုမေထွီး။
ညောခါမချစ်
ကြီးမာချစ်
အချစ်ရာသီ တွင်မေလား။ ။

# ကိုယ်ချင်းစာ

ဂြိုးကိုမိတ္တာ
မဟိပါ။
စာကိုမသနား
ခြိုပင်ထက်မှာ
နဲတံထား။
ဂြိုးဘိုမကျ
ဂြိုးမကျ
လွှတ်ခီလွှတ်ခီ
ဂုလွှတ်ခီ။
လွှတ်ခီဇာဖို့
အဆစ်လည်းတို
ရာဂြိုးညိုကို
ကိုယ်ချင်းစာ
မိတ္တာထားကေ
သနားလို့။ ။

# မောင်လုံးချင်း

မိုးမဟိကေ
အာကာဟင်းလင်း
ထက်တခွင်မှာ
တိမ်ညိုချင်း။
မေမဟိကေ
ရင်ခွင်ဟင်းလင်း
ရပ်ကြီးလည်းသာ
ရွာလည်ထဲမှာ
မောင်လုံးချင်း။ ။

# ချောင်းဖျားမိုး

မိုးရိပ်မမြင်
မိုးသဇင်
ရွာရေတချို့
ချောင်းဖျားမိုးရာ
ဟိလီဖို့။
ဝတ်သစ်မဆင်
ကိုယ်မပျင်
လှရေတချို့
သူ့ရည်းစားရာ
ဟိလီဖို့။ ။

# မေကံဆိုး

ဂြိုးမချေ ပေါင်ကျိုး
မီးလောင်ပြင်မှာ
ဥစရိုး။
မေရို့ကံဆိုး
မုဆဘိုနှင့်
ငြားစရိုး။ ။

# ပြိုးပဇာ

သစ်ပုပ်ပဒကာ
လယ်မှာပေါက်ကေ
ပြိုးပဇာ။
ပြိုးပဇာငုတ်ကောင်း
အလယ်လောက်မှာ
ခေါက်ယာခေါင်း။
ခေါက်ယာခေါင်းတွင်း
ကျီးမင်းလည်းဥ
ရာဖိုးခေါင်နန့်
ကျီးကန်းလု။
မေလည်းအချေ
နှုတ်ကပြောကေ
မိတ္တာပါရေ။ ။

# ပေါက်ဆိန်လည်းပဲ့ ဒါးလည်းယွဲ့

တဖြိုဖြို
စည်သံတကြား
နှမနှင့်မောင်
ရပ်ဝီးထား။
မေအကြားနှင့်
မောင့်အကြားမှာ
တောကြီးဆီး။
ဒါးနှင့်ပေါက်ဆိန်
ဂုယူခီ
ယင်းတောတန်းကို
ဖြိုရစီ။
ပေါက်ဆိန်လည်းပဲ့
ဒါးလည်းယွဲ့
လက်ဖျားသတ်ကာ
တသက်လုံးမှာ
ကိုယ်ရာနာ။ ။

## ညဥ့်သိုင်ခေါင်

တောနက်ကေ မြိုင်လယ်
ဂျီချေလည်းဟောက်၊
တယောက်မောင်မှာ
မေ့ကိုလည်းလွမ်း၊
ညဥ့်သိုင်ခေါင်မှာ
ယောင်ကာယမ်း။ ။

## ဒေတနှစ်

ကျောက်သလင်းဖြူ
ကျောက်တံဖြူ
မြို့ဖြူဘုရား
မြပလ္လင်မှာ တင်လို့ထား။
ဖူးပါချင်သူ ဖူးပါခလိုက်
ကျောက်ဖြူဘုရား ဒေတဖြစ်။
ကြင်ပါချင်သူ ကြင်ပါခလိုက်
ကျီးစားရွာမှာ နင့်မောင်ရင်းကား
ဒေတနှစ်။ ။

## ပူဆိပူဆာ

ကိုင်းလီကိုင်းလိုင်း
သစ်ကိုင်းထက်မှာ ဖျိုင်း
ဖျိုင်းကားဇာဖို့နားရှဲ
ငါးမြင်လို့ နားရေရာ။
ငါးကဇာဖို့ ပေါ်ရှဲ
ရီနောက်လို့ ပေါ်ရေရာ။
ရီကဇာဖို့ နောက်ရှဲ
ကျွဲစိမ်လို့ နောက်တေရာ။
ကျွဲကဇာဖို့ စိမ်ရှဲ
ပိုးကိုက်လို့ စိမ်ရေရာ။
ပိုးကဇာဖို့ ကိုက်ရှဲ
မိုးရွာလို့ ကိုက်တေရာ။
မိုးကဇာဖို့ ရွာရှဲ
ဖားအော်လို့ ရွာရေရာ။
ဖားကဇာဖို့ အော်ရှဲ

မြို့မျိုလို့ အောာ်ရေရာ။
မြို့ကဇာပို့ မျိုရုံ
ပူဆိပူဆာ မနီသာလို့ မျိုရေရာ။ ။

# ကံသာလမ်း

ဖောထိရှက်သွင်သွင်
ညောင်ရှက်ဝန်းဝန်း
မောင်ရှို့လာကေ
ကံသာလမ်း။
ကံသာလမ်းမှာ
ဖြာ့းရီပြတ်စပ်
တယောက်မေကို
ရီယောင်မွတ်။ ။

# တတံပန်းပွင့်

ပန်းတပင်မှာ
တတံပန်းပွင့်
ခုန်ကာဆွဲလည်း
ရကြောင်းမမြင်
ပင်ပန်းစရာ
တယောက်မေမှာ
ထင်မိဗျာ။
တစိုင်လုံးမှာ
တယောက်ထွန်းလည်း
ကြင်ပါချင်ယင့်
ရကြောင်းမမြင်
ပင်ပန်းစရာ
တယောက်မေမှာ
ထင်မိဗျာ။ ။

## လက်ခွဲတင်ယာ့ ချောဆင်းယာ့

ကျောက်စရစ်ချေ သွင်သွင်
သဲဖြူစင်ကို
လက်ခွဲတင်ယာ့
ချောဆင်းယာ့။
တယောက်မေကို
ချစ်လည်းချစ်ချင်
မိဖအိမ်က တစအင်။
ဒေဘာဝမှာ မချစ်ပါရ
ဘုရားရှိမှာ ဆုတောင်းယာ့။
ထိုဘဝခါ ဘုရားရှိမှာ
ဆုအတူပင် မတောင်းခရို့
မေနှင့်မောင်မှာ
ဒေဘာဝမှာ ကွဲရစွာ။ ။

## ခွါသျှင်မလွှတ်

မှိုင်းစရီ သုံးပင်
ခွါသုံးစင်
ခွါစင်ပပြိ
ယင်းခင်ထဲမှာ
ခွါမျှားဟိ။
ခွါကြီးသခင်
ခွါသျှင်မလွှတ်
တောင်ခပျင်းမှာ
မပျံတတ်။
မေကြီးတသျှင်
မေသျှင်တယောက်
မိဘအိမ်က မလွှတ်ပါတတ်
ချစ်သူဟိရာ မရောက်တတ်။ ။
ယင်းခင် – ခွါမျှားကို လှောင်ထားသော ခြိုင့်။
ပပြိ – ပပြည့်၊ အပြည့်

# ပီတောင်ကျော်လမ်း

ကင်းသရက်တောင်
ပီတောင်ကျော်လမ်း
ခမောင်းပင်မှာ
သဇင်ပန်း။
ဆွတ်လည်းဆွတ်ချင်
တယောက်မောင်က
တစအင်။
ဝါးနန့်ချိုးလို့
မရသိမ့်ပါ၊
သဇင်ပန်းကား
ထက်အာကာမှာ
ဈာန်နန့်များရုံ။
နှင်းဖြူလည်းမှုန်
နီရောင်လည်းထိုး
သဇင်ပန်းမှာ
တအားညှိုး။
ယေလည်းတခါ
တယောက်မောင်မှာ
ပန်မယ်လည်းမှတ်
ကမ်ဖာမေကြီး   ထိအောင်ကေရ
ကြွီလို့လည်းကျ
ယင်းခါတချက်
တယောက်မောင်မှာ
ပန်ရဖို့ဝေ။   ။

# နှုတ်မှာသစ္စာ  လျှာမှာကတိ

တက်စူးတလွှာ
စီုးမှာချကေ
ကြက်ဖဝါ။
ကြက်ဖဝါကို
မီးကျောင်းစွယ်နန့်
သစ်ခွါခွက်မှာ
ကျားစွယ်ချိမြှောက်
ထက်အာကာမှာ
မိုးကြိုးကျောက်။
သွီးတခွက်ကို  နှစ်ခွက်ပျင်လို့

နှုတ်မှာသစ္စာ လျှာမှာကတိ
ဒေသစ္စာ အမြဲပဲဟိ။
သံခုံးတိုင်
ကျောက်တိုင်ကျိုးလည်း
ကျိုးပါပတ်စီ
ဒေသစ္စာ လုံးဝမဖြီ။ ။

# လုံးတော်ကြီး

ရင်ဝလေးတောင်
ဇောက်သျှစ်တောင်
ရောင်တော်ဖွီးဖွီး
သျှစ်သောင်းသိမ်မှာ
လုံးတော်ကြီး။
တနှစ်တခါ
တလတခေါက်
နှမနှင့်မောင်
ဖူးဇောင်ရောက်။ ။

# ဘားဇီမေထွီး

သောင်းဒရားဝယိုင်
ဇမ္ဗူသရက်
မောင့်ဥယိုင်မှာ
ခက်ချင်းယှက်။
မစားလိုကေ
ကျီးချေဇာဖို့
မောင့်ဥယိုင်မှာ
ဝဲလာရို့။
အရီးသျှင်မှာ
မြင်ရေရင်သွီး
ပန်းနန့်တူရေ
မရီးထွီး။
မကြင်လိုကေ
မောင်ကိုဇာဖို့
ဘားဇီမေထွီး
ဆင်လာရို့။ ။

## လောင်းကောင်းဇာတေ သျှိုင်းမေလဲ

ဘားစရီလိုင်ကျင်
ငှက်ဆင်ပြီလောင်း
မောင်ရို့ခွတ်ကေ
သပြီလောင်း။
တက်လည်းတက်သစ်
မောင်ရို့ခွတ်ကေ
ပနဲ့နှစ်။
လက်သမားပျော်တော်
မောင်ရို့လောင်းမှာ
တကျိပ်ကျော်။
တကွေ့ကိုလှော်
တမော်ကိုသန်း
မေ့ဆိပ်နားကို
ရအောင်ဖမ်း။
လောင်းကောင်းဇာတေ သျှိုင်းမေလဲ။
လောင်းကောင်းသျှိုင်းရာ
ရီလျှင်ကောင်းကေ
အိုင်ဝန်းမှာ။ ။

ဘားစရီ – ငှက်တမျိုးနာမည်။
လိုင်ကျင် – လိုင်မှာအမွှီးမဟိ။

## ဂြိုးမချေလိုင်ပြီ

ဂြိုးမချေလိုင်ပြီ
သစ်ကိုင်းထက်မှာ
ကြျုရို့နီ။
ကြျုရေဇာဖို့
ရီသောက်တော်ရို့
ကြျုရေလော်။
အစာတော်ရို့
ကြျုရေလော်။
ရီသောက်တော်ရို့
ကြျုပြန်ရေကား
ကျောက်ဆစ်တန်းတင်
ချောင်းငယ်အိုင်ဝန်း
မေ့ယာခြီနှင့် မောင့်ယာခြီမှာ

တတုတ်သောက်ကေ
ရင်လုံးချမ်း။
ယင်းမှာလားလို့
ဝအောင်စားခီ
မောင်ကလွှတ်တော
ရာဂြိုးပြီလေ။
အစာမွှတ်လို့
ကြုပြန်ရေကား
ကောက်ပြောက်ဆရီ
ဆလီစပါး
တောင်တန်းပျင်းမှာ
တင်လို့ထား
ယင်းမှာလားလို့
တတောက်စားခီ
မောင်ကလွှတ်တော
ရာဂြိုးပြီလေ။ ။

## မေနန့်မောင်

မောင်လည်းအချေ
တဆယ့်ငါးနှစ်
ဆရာကျောင်းမျာ
စာသင်ဆိုက်။
စာတန်းနန့်ချိုင်
စာတန်နန့်သတ်
တပေါက်မျက်ရည်
မောင့်ခန္ဓာမှာ စီးလွှန်းရေ။
မေလည်းအချေ
တဆယ့်ငါးနှစ်
မိအိမ်ထဲနန့် ဖအိမ်ထဲမှာ
ယိုင်သင်ဆိုက်။
ယိုင်ကြိုးနန့်ချိုင်
ယိုင်စင်နန့်သတ်
တပေါက်မျက်ရည်
မေ့ခန္ဓာမှာ စီးလွှန်းရေ။
ပိုးပဝါ
လိုင်မှာရစ်ပတ်
မေ့မျက်ရည်နန့် မောင့်မျက်ရည်ကို
သုတ်ကာပွှတ်
မျက်ရည်နှစ်ကြောင်း

အတူပေါင်း
သျှစ်သောင်းကုဋီ
တကမ်ဖာမှာ တည်ရစီ။ ။

ယိုင် – ယက်ကန်း။

## ပျော်ပီပျော်ပါး

ဖိုင်းဖြူတရှီ
ပျော်ပီပျော်ပါး
ချောင်းသာယာမှာ
ငါးရှာစား။
ငါးကိုလည်းမြင်
မစားပါရ
ဖိုင်းသူညေက
ဖော်ကိုတ။
မေလည်းတရှီ
ပျော်ပီပျော်ပါး
ဇေတဝန်ကေ
မြတ်မွန်ကျောင်းမှာ
အသျှင်မြတ်ကို
ဖူးဇောင်လား။
ဘုရားကိုလည်းမြင်
မဖူးပါရ
ဇေတဝန်ကေ
မြတ်မွန်ကျောင်းက
မောင့်ကိုတ။ ။

## မေ့လက်ရာ

အဝဟင်းရာ
အဖျားပြီလောင်း
နဂါးဖောင်ကေ
ရီကြိုင်ချောင်း။
ရီကြိုင်ချောင်း တဒါလာ
ကောင်းစားခါက
နမနှင့်မောင်
စည်းတပေါက်မှာ

အတူထိုင်ရို့။
ရိုကြိုင်ချောင်း တဒါလာ
မကောင်းစားခါ
နှမတပြည်
မောင်ကတကျွန်း
ခုနှစ်ကျွန်းနှင့်
လေးကျွန်းစကြွာ
လားလီရပ်နှင့် လာလီရပ်မှာ
မေ့လက်ရာ။
လက်ရာကိုမြင်
မေ့ယောင်ထင်
မောင်ပင်စိတ်တို
မေ့လက်စကို ကိုင်လို့ငို။
မေမဟိလည်း
မေဟိတက်စား
မေ့လက်ရာကို
ဘဏ္ဍာထား။ ။

တဒါလာ – တရိုး။
ဘဏ္ဍာထား – အပေါင်ထား။

# ဇမ်းမတိုက်

ငခုံးငပြီ
ကုန်းချင်းစီ
ပြေတက်တေ
မမြင်လား။
ကွန်သီးမပါ
ကွန်သားရာ
ကွန်သားယင်လည်း
ကျောက်ပြေကို
ချုပ်မမြဲ။
မစားလိုကေ
စားမေစင်စစ်
ငခုံးခါးကို
ချီးမပစ်။
အရိုးသျှင်မှာ
မြင်ရေရင်သွီး
ပန်းနန့်တူကေ

မရိုးထွီး။
မကြြင်လိုကော
ကြြင်မေစင်စစ်
အချေချင်းမှာ
ဇမ်းမတိုက်။ ။

## မောင်မျက်ရစ်

ရက္ကန်းကားရှိ
ရွမ်းကားမှိ
စိန်ယင်ယိုင်သွား
ပတ္တမြားကို ငွေကွပ်ထား။
နပ်ကိုလည်းချိ
ညေကချစ်ကို တွက်ရခီ။
ဝါကိုလည်းချ
ညေကချစ်ကို ခွမ်းတိုင်းတ။
ရွမ်းသီးခံကော
တပေါက်မျက်ရည်
မေ့ရင်ပြြင်မှာ
စီးကျရေ။
ပိုးပုဝါနန့်
သုတ်ကာခဏာ
ပွတ်ပါခလိုက်
အညေကပင်
မောင်မျက်ရစ်။ ။

## စွန်ရဲညို

မျက်စိခနိ
အခြိစင်းယင်း
သစ်ကိုင်းထက်မှာ
ငြိုးသားပြြင်း။
မီးကွင်းတင်းတို
စွန်ရဲညို
အာကာတလပ်
တိမ်တထပ်က
ငြိုးကိုမျက်စိ
ကျခီမိရို့
တောင်ဖျားရတ်ကာ

ဂြိုးလင်းပြာကို
ထိုးဖောင်လာ။
အဘိုတကိုင်း သန်းခရေ
အမတတောင် ကျော်ခရေ။
အရာတခါ
အရာတခေါက်
ဂြိုးလင်းပြာကို
ပေါင်းရဖို့ပင်
မောင်မထင်။ ။

## မြတ်မွန်ကျောင်း

ကောင်ရိုးရိုးခြီ
ကောင်ရိုးနီ
ကောက်ရုံလည်းပြတ်
အပြည်ပြည်နှင့် အရွာရွာမှာ
ဝါလည်းကျွတ်။
ရက်မဒေါင်းလိုင်ချိုင်
ကြက်ခရင်းကို ဘယ်ကကိုင်။
မောင်ကအောင်သွယ်
လွှတ်လိုက်မယ်။
မေကပွဲတင် ခံမေလား။
မေကပွဲတင်
မခံပြောလည်း
ပုတ်ကြီးတထောင်
ပိုင်ရေဘုန်းကြီး
ဇေတဝန်
မြတ်မွန်ကျောင်းမှာ
ဂိုဏ်းအုပ်ကြီး။
သျှင်မနီမောင်သျှင်
ပန်းဇင်းလုပ်လို့
ဇေတဝန်
မြတ်မွန်ကျောင်းမှာ
နီလီဖို့။ ။

သျှင်မနီမောင်သျှင် – ခုနစ်ရက်သျှင်။

# နတ်ဆင်ပေါက်

အနှမောင်းသုံးတောင်
ကုန်းခြောက်တောင်
ကုန်းတော်ဆင်မွန်
ဟောလဝဏ်။
နှမောင်းတန်ကို
မြို့မှာလည်းထောက်
ကိုယ်ကိုမြှောက်ရှိ
လွှမ်းဟောင်းကိုယ့်ပြည်
ကိုယ့်ရပ်မြို့ကို
ပြန်လိမ့်မည်။
သနားသူကော
သျှင်သူပင်ဖြစ်
နတ်ဆင်ပေါက်ကို
ချန်ထားလိုက်။ ။

မိမ္မချေကို နတ်ဆင်ပေါက်နန့် ပုံနှိုင်းထားပါသည်။

# မေညိုထွီး

စွယ်တော်ခေါက်ရမ်း
နာရီပန်း
ဒန်းပန်းဖြူစင်
ပန်းပင်ထက်မှာ
ပွင့်မုံဆင်။
ပွင့်ဟောင်းကိုပစ်
ပွင့်သစ်ယူမေ
ပန်းပင်အောက်ကို
မောင်ရောက်တော။
အရီးသျှင်မှာ
မြင်ရေရင်သွီး
နှုတ်သံချိုကော
ညိုမေထွီး။
အရပ်ဆိုးလည်း
ဆိုးပါပတ်စီ
လက်ဖျားယူငင်
တသက်ရင်ခွင်
တင်လိုက်ချင်ရေ။

မောင့်ရင်ခွင်မှာ
ထိုက်ပါလိုက်
အညောကပင်
မောင်စိတ်ကြိုက်။
မထိုင်လို
မသျှင်လည်းကျိုး
မောင့်ရင်ခွင်က
ထလို့ပြီးရော။
မေ့မှာချစ်သူ
ကြင်သူမဟိ
တယောက်မေမှာ
လာဖို့ရာဝေ။ ။

## မွှီးရေဇာဖို့

ပန်းပွင့်ထောင်သောင်း
ဥယိုင်သာမှာ
ပန်းအပေါင်း။
ပန်းပွင့် ပွင့်ရေ
ဥယိုင်သာမှာ မွှီးကြိုင်ရေ။
ဇီသဝါ ကျက်ရုံး
ပန်းဂမုံး
ရာမ ချတ္တရာ
ပွင့်ပြန်လာကေ
ဥယိုင်သာမှာ ဇီသဝါ။
ဇီသဝါ ကျက်ရုံး
ပန်းဂမုံး
သဇင်ပွင့်ဖြူ
ပင်တိုင်းလုံးမှာ
မွှီးလို့ကြူ။
ပန်းများပွင့်ရေ
ဥယိုင်သာမှာ မွှီးကြိုင်ရေ။
မွှီးရေဇာဖို့ ပန်းအနံ့
မွှီးရေဇာဖို့ လီညှင်းဆောင်လို့။ ။

## မွှီးရေဇာဖို့

ပန်းပွင့်ကေမှာရာ ထောင်သောင်း
ဥယိုင်သာမှာ ပန်းအပေါင်း။
ပန်းပွင့်ကေမှာရာ ပွင့်ရေ
ဥယိုင်သာမှာ မွှီးကြိုင်ရေ။
ဇီသဝါကေမှာရာ ကျက်ရှုံး
ပန်းဂမုံး
ရာမကေမှာရာ ချတ္တရာ
ပွင့်ပြန်လာကေ
ဥယိုင်သာမှာ ဇီသဝါ။
ဇီသဝါကေမှာရာ ကျက်ရှုံး
ပန်းဂမုံး
သဇင်ကေမှာရာ ပွင့်ဖြူ
ပင်တိုင်းလုံးမှာ မွှီးလို့ကြူ။
ပန်းများပွင့်ရေ
ဥယိုင်သာမှာ မွှီးကြိုင်ရေ။
မွှီးရေဇာဖို့ ပန်းအနံ့
မွှီးရေဇာဖို့ လီညှင်းဆောင်လို့။ ။

မှတ်ချက်။ ။ ဆိုပုံဆိုနည်း ဖြစ်ပါသည်။

## ကျိန္တာရီ

လက်ဖျားချောင်းချေ
ပွတ်တတ်တော။
ညိုရေသျှင်မ
လူ့ဇာခွင်မှာ
နတ်ထက်လှ။
အရှိကြည့်လည်း
အရှိတဖုံ
အရှိဖက်က ထွက်တေနီနှင့်
ယောဆွတ်တူ။
နောက်ပြင်ကြည့်လည်း
နောက်ပြင်တဖုံ
အနောက်ဖက်မှာ လဝင်ပုံ။
နောက်ပြင်ရှိပြင်
ကိုယ်ပြင်ခလုံး
နောက်ဆံထုံးမှာ

မြပန်းကုံး။
မနော်ဟရီ
တုသိတာမှာ ကိန္နရီ။
ဈန်ကိုရရို့ ပျံခွာရာ
လူ့ပြည်ရပ်မှာ
မောင့်ချစ်သူပိုင်
မဟုတ်ပါ။ ။

# မေရီ့အိမ်

မဒည်းသငယ်
တရကူ ကန်ထောက်
လက်ချက် ကုန်းဖြီ
မေရီ့နီကော
သုံးထပ်အိမ်။
စင်းပုန်းလည်းတင်
အခြင်လည်းချိုး
ထန်းဖြူလှနှင့်
ပီဖြူလှကို နှင်းကာမိုး။
အောက်တရိုးကို
ပျိုင်စီထိုး။
အလယ်တရစ်
ဇမ္ဘတ်သစ်။
နီကောင်းသာဖွယ်
မေရီ့အိမ်ကို
အဝီးကပင် မြင်လတ်တော။
အိမ်ကိုမြင်လည်း
မဝင်ပါရ
နင့်မောင်ရင်းမှာ
ဇာဝိဘက်။ ။

# ညဥ့်လေးပိုရ်

ဇုးဝေပေါင်တင်
လက်ပျိုင်ရဟတ်
အတောင်ဖျားမှာ
သံစုုးတပ်။
တပတ်ကိုပင်
မမွိလိုက်ခင်
အသားခညိုု
မောင်ပျိုုလှကို
ရပ်စောက်မြင်။
ဘယ်ကစမ်းလည်း
တွိလုလု။
ညာကစမ်းလည်း
တွိလုလု။
သပေ့ါစွန်ကေ
ကြမ်းစွန်အိမ်မြတ်
တယောက်မောင်ကို
စမ်းလို့သပ်။
ဒေါက်ခြုုဒေါက်ခြုု
ဂြိုးယောင်လည်းကြုု
ကျီးကန်းယောင်အာ
တယောက်မောင်ကို
မျက်စိရှာ။
ညဥ့်လေးပိုရ်ကေ
တပိုရ်မျက်စိ
တယောက်မေမှာ
မအိပ်မိ။ ။

# ပန်းညှာဖော်ကေ ရအုံးမယ်

လက်စွပ်ခဗျာ
ဘယ်ကဝတ်ကေ
စိန်ယောင်းယာ။
ငါးခါနှင့်ပင်
ဆယ်ခါပျောက်လည်း
ခဗျာဆိုးကို
မစိုးရိမ်။
မေရို့ရှာကေ
ခဗျာဆိုးကို
ပန်ညှာဖော်ကေ
ရအုံးမယ်။
အရီးသျှင်မှာ
မြင်ရေရင်သွီး
ကကွပ်ကြည့်ကေ
ညိုမောင်ထွီး။
ငါးခါနှင့်ပင်
ဆယ်ခါပြုတ်လည်း
မောင်တယောက်ကို
မစိုးရိမ်။
ယင်းထက်ရုပ်နီ
ယင်းထက်ရုပ်လှ
မေရို့ရှာကေ
ရခိုင်တိုင်းက ရအုံးမေ။ ။

ခဗျာ – ကြီးသတ္တု။
ပန်းညှာဖော် – ပန်းကွက်ဖော်သည်။

# ရခိုင်ဖားပြုတ်ကေဝတ္ထု

ဖားပြုတ်တကောင်၊ အုံးဘောင်စီးလျှက်၊ ဖြားရီတက်တွင်၊ ချောင်းကိုဝင်၍လာလတ္တံ့။ ထိုရောအခါ၊ ချောင်းကမ်းသာတွင်၊ ပြားဇီးပင်တကိုင်းတွင်နားလျှက်၊ ပန်ဇင်းငှက်က၊ ခင်ပွန်းမိတ်ဆွေ၊ ဖားပြုတ်ကေ၊ ဇာပြည်ဇာရွာ၊ ဇာကလာဟု၊ သေချာစစ်စစ်၊ မိန်းလတ္တံ့။ ပန်ဇင်းမိန်းလေ၊ ဖားပြုတ်ကေက၊ တိုင်းပြည်မြို့ရွာ၊ လှည့်လို့လာဟု၊ ဖြေလတ္တံ့။ ထိုသို့ဖြေခါ၊ တိုင်းပြည်မြို့ရွာ၊ ကြားခပါသည်၊ ဘဇောင်သတင်း၊ ထူးသနည်းဟု၊ မိန်းလတ္တံ့။ ထိုသို့မိန်းခါ၊ ဖြေသည်မှာကား၊ သမုဒ္ဒရာ၊ သီတာရီမြီ၊ မိုးလီမုန်တိုင်း၊ အုံမှိုင်းမှိုင်းနှင့်၊ တော်လဲပဲ့တင်၊ လျှောင်မြီကြီး၊ လူပ်လတ္တံ့။ ထိုသို့လူပ်ခါ၏ ကျွန်းဒီပါမှာ၊ ကမ္ဘာကျောက်ကြီး၊ ကွဲလတ္တံ့။ ထိုသို့ကွဲခါ၊ တွင်းမှာမြောက်တောင့်၊ ခုနှစ်တောင့်လည်း၊ ကျိုးလတ္တံ့။ လူလည်းလေးစု၊ ကွဲလတ္တံ့။ ထိုသို့ဖြေခါ၊ ပန်ဇင်းငှက်က မိန်းပြန်သည်မှာ၊ အိုအိုမိတ်ဆွေ၊ ဖားပြုတ်ကေ၊ အကယ်စင်စစ်၊ ဤသို့ဖြစ်မူ၊ ရို့သူငါမှာ၊ ဘဇောင်ပြုလုပ်၊ ရမည်နည်းဟု၊ မိန်းလတ္တံ့။ ထိုသို့မိန်းခါ၊ ဖားပြုတ်ကေက၊ ဖြေသည်မှာကား၊ ကြီးသူဝမ်းခေါင်း၊ ငယ်သူအောင်း၊ တကြောင်းထိုတွင်၊ ချမ်းသာအင်ကို၊ မြင်လိမ့်မည်ဟု၊ ဖြေလတ္တံ့။ ထိုရောခါဝယ်၊ ပန်ဇင်းငယ်က၊ ကြောက်ဘွယ်စရာ၊ ကြားရပါသည်၊ ညခါတိုင်ပြီး၊ ကြောက်အားကြီး၍၊ ငှက်ကြီးရောင်းရင်၊ အိပ်ရာတွင်၌၊ ဝမ်းတွင်းဝင်မည်၊ ကြံလတ္တံ့။ ကြံစည်ထိုခါ၊ ပြုသောခါတွင်၊ ရောင်းရင်ငှက်ကြီး၊ လန့်အားကြီး၍၊ သံကြီးကျော်ကျော်၊ အော်လတ္တံ့။ သံကြီးကျော်ကျော်၊ မြည်ဟစ်အော်က၊ မျောက်ကျော်မက္ကဋ၊ နီထသစ်ပင်၊ သပြုပင်၌၊ လက်တွင်ကိုင်ပြီး၊ သပြုသီးကို၊ စားမည်ပြုထ၊ လန့်ကြောက်လှ၍၊ လက်မှလွတ်သော်၊ အောက်တွင်နီထ၊ တောဆတ်မ၏၊ ကျောက်ကုန်းပေါ်တွင်၊ ကျလတ္တံ့။ ထိုသို့ကျလျှင်၊ နာကြင်လန့်ကြောက်၊ ခြီစုံပေါက်၍၊ လွှားမြောက်ပြီးခုန်၊ နွယ်ခြုံပေါင်းယှက်၊ တောကြက်သာယာ၊ ဥပေါက်ခါဖြင့်၊ နီရာသိုက်မြုံ၊ ပြစ်ပြစ်ကုန်အောင်၊ နင်းတုံဖြိုဖျက်၊ ထောင်းထောင်းညက်၍၊ တောကြက်မမှာ၊ စိတ်ပူဆာ၍၊ လမ်းမှတွိဆုံ၊ တောခြအုံကို၊ ပြစ်ပြစ်ကုန်က၊ ပြိုတုံခြပေါင်း၊ ထောင်သောင်းမက၊ တောဝက်မ၏၊ ဝပ်၍နီရာ၊ ရောက်လီပါသော်၊ ဝမ်းမှာရင်ဖတ်၊ မလွတ်နို့သီး၊ ခြကြီးခြငယ်၊ ကိုက်လေကုန်က၊ ပြီးတုံလူးလာ၊ ဝက်မမှာလည်း၊ နာကြင်အီးလတ်၊ ပြီးမလွတ်သော်၊ ဆာမွတ်ဝမ်းစာ၊ တောင်ယာလုပ်ရင်း၊ စပါးခင်းကို၊ ဝင်၍ထိုခါစားလတ္တံ့။

ဝင်၍စားလေ၊ နီတုံပေက၊ ယာတွင်ထွင်လုပ်၊ ငမဲတုတ်လျှင်၊ တွိလီမြင်သော်၊ ယာသျှင်တသီး၊ ယာသူကြီးကို၊ အပြီးတိုင်ကြား ပြောလတ္တံ့။ အပြီးတိုင်မြောက်၊ ငမဲတုတ်ရောက်က၊ ငမဲတုတ်ကျာ၊ ယာကလာကေ၊ ယာမှာစပါး၊ မှည့်ဗျာလားဟု၊ မိန်းလတ္တံ့။ မိန်းငြားသောခါ၊ မဲတုတ်ကျာက၊ မှည့်ကားမှည့်ယက်၊ အစပတ်လည်၊ မျောက်ဖျက်တော၊ အလယ်တရိုး၊ ဝက်ငယ်တိုးဟု၊ ပြောသောအခါ၊ တောင်ယာပိုင်နင်း၊ သူကြီးမင်းက၊ ချက်ချင်းမကြာ၊ ယာမှာစားလျှက်၊ ထိုဝက်မကို၊ ဖမ်း၍ယူခီ၊ ပီးရမည်ဟု၊ စီလတ္တံ့။ ဖမ်း၍ယူခီ၊ အပြင်းစီက၊ ယာတွင်ထွင်လုပ်၊ ငမဲတုတ်က၊ သုတ်သုတ်ပြန်လာ၊ ယာမှာစားထ၊ တောဝက်မကို၊ ကျော့ကွင်းထောင်လျှက်၊ လက်ရဖမ်းယူ၊ ယာမူပိုင်နင်း၊ သူကြီးမင်းကို၊ လျှင်မြန်မနှေးပီးလတ္တံ့။ ပီးအပ်လီကေ၊ လုပ်ထွေကိုင်ခင်း၊ ယာပိုင်မင်းက၊ တောတွင်းနီထ၊ တောဝက်မကို၊ ငါသာပိုင်နင်း၊ စပါးခင်းကို၊ ဘဇောင်တွက်ကြောင့်၊ စားသနည်းဟု၊ မိန်းလတ္တံ့။ မိန်းလီသောခါ၊ ဘာသာဘာဝ၊ ကျွန်ဝက်မသည်၊ အိပ်ထနီရာ၊ ခြများစွာလျှင်၊ ရောက်လာဆိတ်ဆွ၊ ကိုက်ခဲကြ၍၊ ပြီးထချောင်ခွာ၊ မလွတ်သာ၍ ရောက်ရာရောက်မိ၊ ဟိစီဘိဟု၊ ပြီးလီသောခါ၊ လမ်းမှာတွိပြီး၊ တောမျောက်ထီးက၊ အဆွေဝက်မ၊ ဘဇောင်ကြောင်းကြောင့်၊ ပြီးသနည်းဟု၊ မိန်းသောကာလ၊ ကျွန်ဝက်မမှာ၊ ခြကိုက်ပါသည်၊ ပြောလီသောခါ၊ တောင်ယာလုပ်ခင်း၊ စပါးခင်းကို၊ ဝင်၍မသွေ၊ စားပါလေဟု၊ ဆိုခြင်းပြုက၊ မချိခန္ဓာ၊ နွမ်းရိပါ၍၊ ဝမ်းမှာဆာမွတ်၊ တွိလတ်အစာ၊ စပါးယာကို၊ ဝင်ကာမသွေ၊ စားမိသည်ဟု၊ ဖြေလတ္တံ့။

ဖြေဆိုတုံက၊ စစ်ချက်ရ၍၊ ခြမကိုခေါ်၊ မိန့်ဆိုအာဏာပီးလတ္တံ့။ ပီးလီသောခါ၊ မကြာခဏ၊ တောခြမနှင့်၊ များလှခြပေါင်း၊ ထောင်းသောင်းမက၊ ရောက်လာကြ၍၊ စစ်မမိန်းခါ၊ ကျွန်မမှာလျှင်၊ များစွာစုပုံ၊ ခြသိုက်အုံကို၊ အကုန်ဖြိုဖျက်၊ တောကြက်ယက်၍၊ ပျက်လီထောင်သောင်း၊ ခြအပေါင်းရို့၊ နီဖို့နေရာ၊ မဟိပါ၍၊ လားပါကုန်က၊ တောဝက်မ၏၊ အိပ်ထနီရာ၊ ရောက်လီပါ၍၊ ကိုက်ရသည်သာ၊ ဖြစ်ပါသည်ဟု၊ ဆိုလတ္တံ့။ မှန်ရာကိုပင်၊ စစ်တန်းဝင်၍၊ သို့စင်ဖြစ်ထ၊ တောဝက်မကို၊ အရခေါ်ခီ၊ အပြင်းစီက၊ တောနီကြက်မ၊ ခေါ်ထလာရောက်၊ ရှိတော်မှောက်သို့၊ ရောက်လတ္တံ့။ ရှိမှောက်မသွေ၊ ရောက်တုံပေက၊ ဟေတောကြက်မ၊ ခြများနီရာ၊ အုံကိုသာလျှင်၊ ဘဇောင်ကြောင်းကြောင့်၊ ယက်သနည်းဟု၊ မိန်းလတ္တံ့။ မိန်းလီသောခါ၊ တောမှာနီထ၊ တောကြက်မက၊ ကျွန်မမှန်စွာ၊ ကြက်ဘာသာဖြင့်၊ သိုက်မှာဥပေါက်၊ ဥများမြောက်ကို၊ စောင့်လျှောက်နီရာ၊ ဆတ်မလာ၍၊ မညှာမထောက်၊ ခြီကျောက်ကန်လန်၊ မှောက်လှန်အသိုက်၊ ဖျက်ဆီးပစ်က၊ ကျွန်ကြက်မမှာ၊ စိတ်ကပူဆာ၊ မနီသာ၍၊ လားလာတွိကြုံ၊ တောခြအုံကို၊ အကုန်ပြစ်ပြစ်၊ ယက်ဖြိုပစ်ဟု၊ ဆင့်လီအာဏာ၊ စီသောခါလျှင်၊ မကြာခဏ၊ တောဆတ်မလျှင်၊ ရှိတော်ပြင်သို့၊ ရောက်လတ္တံ့။

ရောက်လီသောခါ၊ မိန်းစစ်ရာတွင်၊ အသင်ဆတ်မ၊ ဘဇောင်ကြောင်းကြောင့်၊ ကြက်မနီတုံ၊ ဥသိုက်မြုံကို၊ အကုန်ပြစ်ပြစ်၊ နင်း၍ပစ်သည်၊ ဖြေရမည်ဟု၊ ဆိုလတ္တံ့။ မိန်းလီသောခါ၊ ဆတ်ရို့ဘာသာ၊ ညအခါတွင်၊ တောမှာပေါက်ရောက်၊ ကြီးမြောက်သစ်ပင်၊ သပြုပင်အောက်၊ အိပ်မည်ဟုပင်၊ နီလီကျင်သော်၊ သစ်ပင်ထက်က၊ မက္ကဋဟု၊ မျောက်ကနီပြီး။ သပြုသီးနှင့်၊ အပြီးထိုခါ၊ ချပစ်ပါသော်၊ ကျွန်တော်မ၏၊ ကျောက်သားနောက်ကုန်း၊ ဘုံးဘုံးကျရာ၊ လန့်ကြောက်ကာဖြင့်၊ ပြီးကာခုန်ထွက်၊ တောကြက်သိုက်မြုံ၊ နင်းမိတုံက၊ ပျက်စီးရသည်၊ ဒေါသစိတ်ထွက်၊ နင်းဖျက်သည်သာ၊ မဟုတ်ပါဟု၊ ကြောင်းရာစကား၊ ဖြေလတ္တံ့။ ဖြေငြားလီက၊ မက္ကဋကို၊ အရရှိတော်၊ ခေါ်ရမည်ဟု၊ အပြင်းတခါ စီလတ္တံ့။ မျောက်ကိုတဖန်၊ ခေါ်ခီပြန်က၊ မိန်းမြန်းစစ်ချက်၊ မျောက်ဆိုချက်မှာ၊ ကျွန်တော့်ဘာသာ၊ ညဥ့်အခါတွင်၊ သပြုပင်၌၊ ကိုင်တွင်နီပြီး၊ သပြုသီးကို၊ စားမည်ပြုခါ၊ နီလီပါသော်၊ သံဝါကြီးလှ၊ ရောင်းရင်မက၊ လန့်ကြောက်စရာ၊ ဟစ်အော်ပါက၊ လန့်ကြောက်လှ၍၊ လက်မှာကိုင်ပြီး၊ သပြုသီးလျှင်၊ လက်မှလွတ်ကာ၊ ကျလီပါက၊ နာကြင်ရ၏။ ဒေါသစိတ်ထွက်၊ ရည်ရွယ်ချက်ကား၊ မဟုတ်ပါဟု၊ ဆိုလတ္တံ့။

ထိုသို့ဆိုခါ၊ တောင်ယာပိုင်သျှင်၊ ယာသခင်က၊ သံလျှင်ကြီးလှ၊ ရောင်းရင်မကို၊ အရခေါ်ခီ၊ စီလတ္တံ့။ ထိုသို့စီခါ၊ သံဝါကြီးလှ၊ ရောင်းရင်မလည်း၊ အသျှင်ရှိမှောက်၊ ရောက်လတ္တံ့။ ထိုသို့ရောက်ခါ၊ မိန်းစစ်ရာတွင်၊ သင်ရောင်းရင်မ၊ ကြီးလှအသံ၊ တောလုံးညံ့အောင်၊ ဘဇောင်ဖြစ်၍၊ အော်သနည်းဟု၊ မိန်းလတ္တံ့။ ထိုသို့မိန်းခါ၊ သံဝါကြီးထ၊ ရောင်းရင်မက၊ ငှက်ရို့ဘာသာ၊ သစ်ပင်ထက်မှာ၊ အိပ်ပျော်နီဆိုက်၊ ထိုအခိုက်တွင်၊ ငှက်ငယ်ပန်ဇင်း၊ ကျွန့်ဝမ်းတွင်းသို့၊ ဝင်မည်ဟုပင်၊ ပြုပြင်သောခါ၊ ကြောက်လန့်စွာဖြင့်၊ အော်ရပါသည်၊ သတ္တဝါများမြောင်၊ ကြောက်လန့်အောင်ဟု၊ ကြံဆောင်ခြင်းကား၊ မဟုတ်ပါဟု၊ ဆိုလတ္တံ့။

ထိုသောအခါဝယ်၊ ပန်ဇင်းငယ်ကို၊ ရှိတော်မှောက်သို့၊ အရောက်ထိုခါ၊ ခေါ်လတ္တံ့။ ယာသျှင်ရှိမှောက်၊ ပန်ဇင်းရောက်က၊ အသင်ပန်ဇင်း၊ ငှက်ရို့ဘာသာ၊ မဟုတ်ပါဘဲ၊ သံဝါကြီးထ၊ ရောင်းရင်မ၏၊ ဝမ်းတွင်းကိုသာ၊ ဝင်ဖို့ရှာသည်၊ ဘဇောင်ကြောင်းရင်း၊ ဟိသနည်းဟု၊ မိန်းလတ္တံ့။ မိန်းလီသောခါ၊ ဖြေသည်မှာကား၊ ကျွန်တော့်ဘာသာ၊ ချောင်းသာမြစ်နား၊ ဇီးကိုင်းဖျားတွင်၊ နီပါသောခါ၊ ကျွန့်မှာမိတ်ဆွေ၊ ဖါးပြုတ်ကေက၊ ဖြားရီတက်မှာ၊ အုံးပေါင်စီးလျှက်၊ ဝင်၍လာကေ၊ အဆွေဖားပြုတ်၊ ဇာပြည်ဇာရွာ၊ ဇာကလာကေ၊ ဇာဇာသတင်း၊ ထူးသနည်းဟု၊ မိန်းလီသောခါ၊ ကျွန်တော့်မိတ်ဆွေ၊ ဖားပြုတ်ကေက၊ သမုဒ္ဒရာ၊ သီတာရီမြီ၊ မိုးလီမုန်တိုင်း၊ အုံးမှိုင်းမှိုင်းနှင့်၊ တော်လဲပဲ့တင်၊ လျှောင်မြီကြီးလှုပ်လိမ့်မည်။ ထိုသို့လှုပ်ခါ၊ တွင်းမှာမြောက်တောင့်၊ ခုနစ်တောင့်လည်း၊ ကျိုးလိမ့်မည်။ လူလည်းလေးစု၊ ကွဲလိမ့်မည်၊ ၊ ကြီးသူဝမ်းခေါင်း၊ ငယ်သူအောင်း၊ တကြောင်းထိုတွင်၊ ချမ်းသာအင်ကို၊ မြင်လိမ့်မည်ဟု၊ ပြောလီသောခါ၊ ကြောက်သည်အားနှင့်၊ ကြီးသူရှာကေ၊ ရောင်းရင်ဝမ်းသို့၊ ဝင်ဖို့အမှန်၊ ကြံပါသည်ဟု၊ ဆိုလတ္တံ့။

ထိုသို့ဆိုခါ၊ ယာကိုစိုးနင်း၊ ယာပိုင်မင်းက၊ ဖားပြုတ်မိုက်ကို၊ ခေါ်ရမည်ဟု၊ စီလတ္တံ့။ စီလီသောခါ၊ ဖားပြုတ်ထံသို့၊ တမန်ထိုခါလားလတ္တံ့။ တမန်ရောက်လစ်၊ ဖားပြုတ်မိုက်က၊ ထိုကိုယောင်ယောင်၊ ဒေယောင်ယာင်နှင့်၊ နီလတ္တံ့။ ထပ်ခါထပ်ခါ၊ ခေါ်များလာ၍၊ မနီသာကေ၊ ခုန်ကာစိုက်စိုက်၊ လိုက်၍လည်းလာ၊ ရှိမှာရောက်၍၊ စစ်မိန်းပါကေ၊ မာယာပရိယာယ်၊ လွန်ဆန်းကြွယ်၍၊ ရယ်ဘွယ်စရာ၊ ပြုသည်မှာကား၊ ခြီလက်ပြောင်းပြန်၊ မျက်ဆံသီသုတ်၊ ဖားပြုတ်ကေမှာ၊ လျှာကိုထုတ်လို့၊ သီရှပ်ပျင်ကာ၊ အဖြာဖြာနှင့်၊ မာယာပရိယာယ်၊ ညာဏ်ဆန်းကြွယ်စွာ၊ ပြုလီသောခါ၊ ယာကြီးသခင်၊ စပါးသျှင်က၊ အမြင်ကတ်ကေ၊ ဖားပြုတ်ကေကို၊ လိမ်လည်ပြောမှု၊ ကျောက်နှင့်ထုဟု၊ ပီးသည့်အာဏာ၊ လက်မရွှန့်ရို့၊ ထုပြန်ပါကေ၊ ကျောက်နှင့်ထုယင့်၊ ဖားပြုတ်ကေမှာ၊ ကြောတက်ယင့်လည်း၊ တက်လတ္တံ့။ထိုသည်အခါ၊ ပါးစပ်ခံတွင်း၊ ဖားပြုတ်ကေမှာ၊ သွီးဖျင်းဖျင်းနှင့်၊ ခုန်ကာခုန်ကာ၊ လားလီပါကေ၊ လမ်းမှာတွိငြား၊ လူအများက၊ အဆွေဖားပြုတ်၊ နီလွန်းလှပါ၊ ဇာကလာဟု၊ မိန်းခါကာလ၊ သူကြီးမြီတိုင်း၊ ကျေးကိုင်းရွာစား၊ အိမ်သို့လား၍၊ ကွမ်းစားရသည်၊ အိုမိတ်ဆွေဟု၊ ဖားပြုတ်ကေကဆိုလတ္တံ့။ ။

(ဤတွင် ဖားပြုတ်ကေဝတ္ထုဆုံးပါလီ၏။)

# ဒေးဝန်းကြီးအောင်ကျော်ရှိရတု

ဇေတဗ္ဗန္တ၊ညဖဲ့မင်္ဂလံ

၁။ ဝံသဟိန္ဒံ၊ မျိုးမမှန်သည်၊ လင်းပြန်မသား၊ သင်ရို့မှာတရတရ၊ မစားတတ်ကာ၊ ခိုက်ရန်ရှာသည်၊ ခွီးမှာသားရိုးလုသို့၊
တိုင်ပင်မှုစားသောက်ကာ၊ ကုသလချား၊ ပါပပွားသည်၊ မိုက်မှားလူမိစ္ဆာတည်း။ ကျောင်းတကာရံဖော်သည်၊ မြို့ထဲခဲပစ်၊ ဆန္ဒညစ်နှင့်၊
စင်စစ်လင်းတငယ်သို့၊ သတ်စားမည်ကြောင်းအလား၊ လင်းနို့ပမာ၊ တူလှပါသည်၊ မှန်စွာမထူးပြားတည်း။ (အတောင်သားပြတုံခါ)၊
နှုတ်မှာချိုပျား၊ ဝမ်းမှာမျှားတည်း၊ ဟုတ်ငြားမွှီနှောက်ကာ၊ ရဟန်းသဃာ်၊ မျိုးလေးဖြာရို့၊ မှန်စွာမလွတ်ပါတည်း။
ထောင်းသတ်ကာချုပ်၍ထား၊ ဒင်္ဂါးရှိငွေ၊ ပီးနိုင်ပေမှ၊ ငြိမ်းထွေချမ်းသာရ၏။ စိတ်ဒုက္ခများသျှင်လူ။ ဆာပူထပ်ထပ်၊ ကြံမတတ်သည်၊
ဆီးသတ်ငါးနှယ်တူလိမ့်။ စွဲလမ်းယူမွှီနှောက်စား၊ သူမိုက်ရို့မှာ၊ လွန်ဝမ်းသာလျှက်၊ များစွာအားကြီးရ၍၊ စားသောက်ကြလူဗာလာ၊
တိုင်းမြတ်ရက္ခ၊ မြို့ခညတွင်၊ ရပ်ရွာချောက်ချားပါ၏။ လူမိစ္ဆာ တကျိုပ်ခြောက်၊ ပေါင်းမြောက်ညီညာ၊ လူတကာရို့၊ များစွာစွဲလမ်းနှောက်၍၊
တယောက်တလုံးဆိုကာ၊ ကျန်ကြွင်းသောသူ၊ ထိုမျှလူရို့၊ ပြုမူသက်သီပါတည်း။ ကျမ်းစွဲကာမုသားပြော၊ မဟုတ်မမှန်၊ သက်သီခံသည်၊
ကေန်တံစိုးစား၍၊ ပြောဆိုငြားတုံသောခါ၊ ဓမ္မာယွင်းချွတ်၊ ဒေးချိန်သတ်နှင့်၊ ဝါသတ်မင်းရို့မှာလည်း၊ ရှင်ဝမ်းသာလွန်အားရ၊ သုံးလုထွတ်ချာ၊
မြတ်ဓမ္မာကို၊ မျှော်ကာမရှုကြဘဲ၊ မတွေးဆမစာနာ၊ အငြိုးဒေါသ၊ မာန်မာနကို၊ များလှသိုထားပါလျှက်၊ စိတ်ဟိရာထိုမင်းများ၊ မဟုတ်မမှန်၊
မုသာလျံကို၊ လုပ်ကြံပြုရှီးသားလျှက်၊ ထိုရုံးမှာစီရင်ငှား၊ ဝန်ကြီးမှန်စွာ၊ မင်းလေးဖြာရို့၊ မှန်စွာမရှုငြားဘဲ၊ စာမုသားရို့ကိုသာ၊ ဟုတ်စွာမှန်လှ၊
အယူရ၍၊ ဖြစ်ထကေကောင်းသာဟု၊ မှတ်ခြင်းရာထင်မိမှား၊ ပညာနှင့်ညာဏ်၊ မြတ်ကျမ်းကန်ကို၊ တတ်ပွန်မကျွမ်းငြားဘဲ၊
တဘက်နားမုသားသာ၊ ပြုကာလုပ်မှတ်၊ ဒေးသျိန်သတ်နှင့်၊ ဝါသတ်ရှီးသောစာကို၊ ယူပြီးခါစာတရား၊ စီရင်သောခါ၊ ကျွနုပ်မှာကား၊
ကြင်ရာသားမယားနှင့်၊ ဆွီသားမျိုးတကာ၊ ဥစ္စာကျွဲနွား၊ စိုးပိုင်ငြားလည်း၊ (လေကားကျွန်းရပ်ရွာကို)၊ စွန့်၍သာရိုကမ္မ၊ လားရတုံသည်၊
မိစ္ဆိမေဟု၊ သူ့မြေနောက်ဒေသ၊ ကိုယ့်မိဘအစိုင်လာ၊ ရံခါဆန်းထူး၊ မရောက်ဘူးသည်၊ ဝီးကျူးကုလားရွာသို့၊ ရိုကမ္မာထိုဘဝ၊ ဒါနပီးလှူ၊
တောင်းဆုယူခါ၊ စိတ်မူမသန့်ခ၍၊ ဤလောကပုညမှာ၊ ကြံရကြိုးစား၊ ရန်သူများရို့၊ တင်ငြားဖျက်ဆီးလာလျှက်၊ ဘော်မပါတကာယ၊
ဒုက္ခပူဆာ၊ မင်းအာဏာကြောင့်၊ နာဝါခေါ်သဘော်မဠ်၊ စီးတက်ကြရှက်ဖြန့်ကာ၊ လီသာပြန့်ပြော၊ တဟောဟောနှင့်၊ မြစ်ကြောယမုံနာကို၊
ရှင့်လာခါသမုဒ္ဒရ၊ လှိုင်းယက်လည်းဆူ၊ တအူအူသည်၊ ဥဖြုလှိုင်းယက်ထ၍၊ မှိုင်းပျပျ ကြောက်ဖွယ်သာ၊ သီတာဟူကျင်၊ ကမ်းမမြင်သည်၊
မြစ်ခွင်သမုဒ္ဒာကို၊ ကူးသန်းကာတိုက်လာကြ၊ အလှရှိတူ၊ သဲအူသားနှစ်ဝကို၊ လွန်ရတပျောင်းစိတ်ဆာ၊ ကျွန့်ကိုယ်သာချည်း၊
တယောက်တည်းသည်၊ ဘော်ကွဲငှက်ပမာသို့၊ မူးမိုင်ကာကျမတတ်၊ ကြာပဒုမ္မာ၊ ပန်းခတ္တာကို၊ ပြင်းစွာနီပူခတ်သို့၊
အူသဲပြတ်လွန်လောင်ဆာ၊ တောင်ကျွတ်ငှက်လား၊ ရီမဲ့ငါးသို့၊ ညှိုးငြားစိတ်ဗျာပါနှင့်၊ သူ့ရပ်ရွာလူတချို့၊ ကုလိကတ္တာ၊
ဆိုက်ရောက်လာသည်၊ မိစ္ဆာကုလားမြို့လေး။ ။

၂။ ကုလားမြို့ရွာ၊ မိစ္ဆိမာသို့ရောက်လာသည်၊ နောက်ရပ်မြီသူ့ဌာန၊ ပုပ္ပပုညံ၊ ရှိမမှန်သည်၊ ကမ္မံမကောင်းလှ၍၊ စိတ်ဒုက္ခညှိုးပူဆာ၊
မယားကိုလွမ်း၊ သားကိုတမ်းလျှက်၊ ညှိုးနွမ်းစိတ်ဗျာပါနှင့်၊ မျက်စိရှာလွန်ဆကဲ၊ နမသူဇာ၊ မောင့်ကြင်ရာကို၊ ငိုကာမျက်ရည်ရွဲနှင့်၊
ဗိမှာန်ထဲဟိလိမ္မည်၊ တမ်းကာမျှော်လျှက်၊ သည်ကိုတွက်၍၊ မောင်လှသဲကျက်သည်တည်း။ စိတ်မတည်လွန်ရတ၊ နီကြသောခါ၊
ဂြိုးလင်းပြာသည်၊ သံသာတမြမြနှင့်၊ ဘိုမနှစ်ကောင်လျှင်၊ သစ်ပင်မြင့်ဖျား၊ တူစုံနား၍၊ တွန်ငြားမြည်လာကျင်လျှက်၊ လူအသွင်ဟန်မပြား၊
ငှက်ရို့ဘာသာ၊ ချစ်ကြင်နာသည်၊ မာယာပျူတများ၍၊ ဝဲပျံလားတူမကွာ၊ လင်းပြာဂြိုးလှ၊ စာခွန့်ကြသည်၊ ရတထိုခြင်းရာကို၊
ကျွန်ုပ်သာမြင်လတ်က၊ အလှနတ်တူ၊ မျိုးအိမ်သူသည်၊ အဖြူမောင်နမနှင့်၊ သားပုတ္တစီတရာ၊ သဲချာနှစ်ပါး၊ နောင်ကြီးအားနှင့်၊
ဆွီးသားမျိုးတကာကို၊ လွန်တရှာမြင်ချင်ငြား၊ ပျံလားရောက်ချင်၊ စားမဝင်သည်၊ ပူပင်ယိုစီးကျလျှက်၊ သူ့ဌာနတိုင်းရပ်ခွင်၊ သံသရာဟောင်း၊
ရိုကံကြောင်းနှင့်၊ မကောင်းဖြစ်ရပါဟု၊ တွက်၍သာလွန်ပျောင်းပျ၊ သားလှသဲအူ၊ ရဲဘော်သူကြောင့်၊ ဆယ်ယူကြံမရဘဲ၊ လွန်ရတနီသောခါ၊
ဥသြဖိုးခေါင်၊ ကုက္ကလောင်ရို့၊ မြောက်တောင်ပျံဝဲကာနှင့်၊ ကျူးသံဝါညံမစဲ၊ ပွင့်သစ်ပန်းမှာန်၊ ကျွန်ုပ်ကျွန်လည်း၊ ထပ်ပြန်လွန်ဆကဲ၍၊
အူအသဲကြွီလုဘွယ်၊ ခြောက်ပါးလွတ်စင်၊ မျိုးအိမ်သျှင်နှင့်၊ ဆွီလျှင်သားနှစ်သွယ်ကို၊ ရင်ခွင်ဝယ်ထားချင်ငြား၊ အောင့်မိတမ်းကာ၊
မျက်စိရှာသည်၊ ခန္ဓာလွန်ချောက်ချား၍၊ နတ်ရို့အားတိုင်တန်းကာ၊ ရက္ခပူရ၊ မြို့ခညကို၊ လျှင်ဆွရောက်အံ့သာတည်း။
ဘသည်းချာသားပုတ္တ၊ (သုံးပါးအခေါင်၊ ဖျားကိုချောင်သော်၊ ကုန်အောင်ပင်မရဟု)၊ ပဏ္ဍိတရှိဆရာ၊ မိန့်မှာခဲ့ငြား၊ ထိုစကားကို၊ ချစ်သား

မြဲမှတ်ပါလော့၊ လူတကာထံရင်းပါး၊ ဝတ်တွားကျိုးနွံ၊ ထိုပုံစံကို၊ နားခံမှတ်ယူထား၍၊ လေးပါးမျိုးရို့ကိုသာ၊ ရိုသေတုတ်ကွ၊ ဦးနှိမ်ချ၍၊ မာနဝမ်းထဲမသိုနှင့်၊ ရန်မလိုလူအများ၊ သနားချစ်အောင်၊ ကျင့်လုပ်ဆောင်လျှက်၊ သားမောင်နီနှင့်ငြားလော့။ သဲမခြားနောင်ရင်းမှာ၊ သဲချာနှစ်ပါး၊ ကျွန်ုပ်သားကို၊ ပါယ်ချားမပစ်ပါနှင့်၊ နောင်ကြီးမှာဝမ်းထက်ဘွား၊ မပြားထို့တူ၊ ကျွန့်သဲအူကို၊ ရှာယူကျွေးမွီးထားလော့။ ကျွန့်သက်ထားမျိုးအိမ်သူ၊ အဖြူအလှ၊ မေနမလည်း၊ ဒါနမပြတ်လှူလျှက်၊ သင်းပုံးမူရီချမ်းလောင်း၊ နတ်ပေါင်းရို့ထံ၊ သနားခံ၍၊ မည်ဆုယူတောင်းလော့။ ကောင်းကောင်းနီနှင့်ပါ၊ သစ္စာမပြား၊ ကျင့်တရားကို၊ မမှားထိမ်းသိမ်းပါလော့။ ကျွန်ုပ်မှာသစ္စာအား၊ ထက်များနတ်ရွာ၊ ဝတီသာက၊ သူဇာမိုးသိကြားလျှင်၊ မလာငြားကန်တော့ခါ၊ နှစ်သက္ကသည်၊ ကုန်တမဟိချာဘဲ၊ များမကြာဆောလျင်လျား၊ ယောက်ျားလုံ့လ၊ ဝီရိယနှင့်၊ ညာဏပညာအားဖြင့်၊ လွှန်ကြိုးစားကြံစည်ခါ၊ ကောဇာမကူး၊ တာမကျူးခင်၊ စုံဘူးရမည်သာတည်း။ မေရို့မှာဆံခြည်မျှ၊ ကြောင်းကြစိုးရိမ်၊ အူနာလိမ်၍၊ ညှိုးပိန်မဟိကြနှင့်။ မြတ်သီလစောင့်သုံးကာ၊ မိတ္တာကမ္မဌာန်း၊ နိဗ္ဗာန်လမ်းကို၊ မယွှန်းဆောက်တည်ပါဟု၊ မျိုးကြင်ရာထံပါးသို့၊ ရှိုးသားလက်ာ၊ သီကုံးမှာသည်၊ လျှင်စွာရောက်လာဘို့လေး။ ။

၃။ ရောက်တုံဟောမန်၊ ရာသီပြန်၍အချမ်းဝှမ်သည်၊ စိတ်မတည်လွှမ်းလောင်မှု၊ မောင်ကြောင့်တရူ၊ မျိုးအိမ်သူလည်း၊ အဖြူမအိပ်မူးတည်း။ လဲလျှောင်းအုံးမွို့ရာ၊ မေတော်တူမ၊ မောင့်သက်မျှရို့၊ ညံ့သက်ညောင်စောင်းသာ၌၊ စက်မွို့ရာထိုခန၊ ကစ္ဆပနဒီ၊ ခေါ်တွင်ညီသည်၊ မြောက်ဆီဟေဝန္တာက၊ သွန်ကျလာသည်စုံလီပြင်း၊ စိမ့်စိမ့်ချမ်းကာ၊ အီးလှပါသည်၊ မွို့ရာသလွှန်တွင်းက၊ မေလုံးချင်းစက်မပျော်၊ ကြင်ရာသက်ထား၊ လင်ယောက်ျားလည်း၊ နံပါးဟိလာသွင်သို့၊ ထင်မိကာစိတ်ယောင်ယမ်း၊ ပန်းပုံမွို့ရာ၊ သလွှန်သာဝယ်၊ ထကာမှို၍စမ်းက၊ ငယ်ကြင်ကျွမ်းမောင့်ကိုသာ၊ စက်ရာတူစုံ၊ ပျော်ကြတုံသည်၊ စက်ဘုံညောင်စောင်းသာ၌၊ စမ်း၍ရှာသော်မောင့်ကိုယ်ငွဲ့၊ မတွိသောခါ၊ မယ်ရို့မှာလည်း၊ ထိုခါတချဲချဲနှင့်၊ တန္ခဲန္ခဲကြက်သီးဝှမ်၊ ပူပန်ပျောင်းပျ၊ မောင့်ကိုတ၍၊ အလှရာသက်နံ့ရို့၊ မိုးသောက်ပြန်ထတုံသောခါ၊ ဗိမှာန်အိမ်နား၊ ပန်းစံကားသည်၊ သစ်ဖျားပင်ထက်မှာတည်း၊ ငှက်ရှိဝါကေတတွတ်တွတ်၊ မပြားအသံ၊ လူသဏ္ဍာန်သို့၊ နှောင်းစွန်ကြားလီပါက၊ အကောင့်သာဟုတ်စနိုး၊ ချစ်မျိုးစုံလင်၊ ရာသက်ကြင်သည်၊ ငယ်လင်ရောက်ပါဘို့ဟု၊ လွှန်နှလုံးဝမ်းသာရွှင်၊ အလျှင်အဆွ၊ မေအလှရို့၊ ချီကြွပျင်ထကျင်က၊ ပြုပွါလျှင်ဒက္ခိဏ၊ ဥတ္တရဒီပေ၊ မိစ္ဆိမေဟု၊ လေးထွေရပ်ဒေသကို၊ ရှုမျှော်ကြကြည့်သောခါ၊ မေ့မှာထိပ်ထား၊ လင်ဘုရားကို၊ ထွေပြားမမြင်ပါက၊ မျက်စိရှာတမ်ရှိုရှုတ်၊ လှထွတ်ဝင်းပြောင်၊ နတ်ဆင်းယောင်ရို့၊ အိမ်မျှောင်မြီးတူးပြတ်သို့၊ ကြံမတတ်စိတ်ဖြစ်ကာ၊ ဒီပါမြင့ူ၊ သောင်းဇမ္ဗူတွင်၊ သျှင်လူများတကာရို့၊ ပျော်ကြရာခါရတု၊ ဝါကျွတ်သကြိန်၊ သဘင်ခံသည်၊ ရောင်လျှံမီးပွဲမှုကို၊ မကြည့်ရှုဝံ့ကြပါ။ ဖြူပြာနုထွတ်၊ ခြောက်ပြစ်လွှတ်သည်၊ နီဝပ်ပန်းပမာသို့၊ ဆံကေသာကျော့မထုံး၊ ပန်းကုံးမဆင်၊ ဟိသောသွင်သို့၊ မရွှင်စိတ်နှလုံးကား၊ ကြိမ်မီးအုံးထို့ပမာ၊ ကွမ်းယာထမင်း၊ ရီဆီးဟင်းကို၊ စားခြင်းမဟိပါတည်း။ အုံးမွို့ရာသလွှန်ထက်၊ စက်လည်းမပျော်၊ မောင့်ကိုမျှော်လျှက်၊ စစ်ခေါ်တသက်သက်နှင့်၊ ညဥ့်လုံးပြတ်အိပ်မပျော်၊ ငယ်လင်လူလှ၊ သားဦးဘကို၊ ရတလွှမ်းရို့ပင်တည်း။ မေရို့လျှင်လွှန်ပျောင်းအိ၊ မောင်ကြောင့်လွှမ်းဆောင်၊ အသဲလောင်သည်၊ ယာတောင်မီးတိုက်ဘိသို့၊ ကိုယ်မချိညှိုးစိတ်ဆာ၊ ရှိဦးဘွားမြော်၊ သားရဲဘော်လည်း၊ အဘနိတိုင်းခေါ်လျှက်၊ ရှာတမ်းမျှော်သားပုလဲ၊ လက်ဝဲလက်ယာ၊ သျှစ်မျက်နှာကို၊ ပတ်ကာဝန်း၍ကြည့်က၊ ဘကိုလည်းမမြင်ခါ၊ ဟစ်အော်လူးလဲ၊ မိရင်ထဲဝယ်၊ ငိုကြွေးတစာစာနှင့်၊ မိကိုသာတတွတ်တွတ်၊ ကျွန့်ကိုများကြင်၊ မွီးဘခင်ကို၊ ခုပင်ပြပါလတ်ဟု၊ တမ်းရှိုရှုတ်သားသဲချာ၊ မပီတခွန်း၊ ပီတခွန်းနှင့်၊ ဘက်ရမ်းမိန်းပြန်လတ်က၊ ပြောစရာဆိုမတတ်၊ ခြောက်ပြစ်လွှတ်စင်၊ မိနတ်သျှင်မှာ၊ ရင်ကိုထုထောင်းသတ်၍၊ သက်လုံးပြတ်မောင့်ကိုရှာ၊ မျှော်ကာယောင်ယမ်း၊ တရလွှမ်းလျှက်၊ ညှိုးနွမ်းစိတ်ဗျာပါနှင့်၊ ဆင်းကလျာမေအလှ၊ ယိုကျမျက်ရည်၊ စီးထွေထွေနှင့်၊ ပင်လယ်သမုဒ္ဒရာသို့၊ သွန်ကျလာသည်ဆယ်မနိုင်၊ ကယိုင်ကပါး၊ ဖြူညက်ထွားသည်၊ လျှောက်ကြားနတ်ကိုတိုင်၏။ လေးကျွန်းပိုင်အိုသိကြား၊ နဂါးဗြမ္မာ၊ အသူရာသည်၊ ဒေဝါသျှင်နတ်များနှင့်၊ မြတ်ဘုရားကူမပါ။ ကျွမ်းဝင်ငယ်လင်၊ မေ့ထိပ်တင်ကို၊ ခုပင်နှင်းအပ်ပါဟု၊ ဆယ်လက်ဖြာဂေါင်းမှာထား၊ တိုင်ငြားလျှောက်ကာ၊ နတ်တကာလည်း၊ ကြင်နာလွှန်သနား၍၊ လွှန်ကြိုးစားညီညာကာ၊ အလျှင်တဆွ၊ မေနမကြောင့်၊ အလှမောင့်ကိုသာလျှင်၊ ဆောင်ယူကာသျှင်နတ်ရို့၊ ယခုမကြာ၊ ပို့ရောက်လာသည်၊ နီရာမေ့ထံသို့လေး။ ။

၄။ သုံးဆယ်တဘုံ၊ အလုံးစုံသည်အကုန်သာ၊ အနိစ္စသည်သခ်ီရ၊ ကမ္မဝိညာဉ်၊ လောကခံကို၊ နိဗ္ဗာန်မမှတ်ရဟု၊ စိန္တေယသုံးလုချာ၊ ဓမ္မတရား၊ ဟိလျှက်သားကို၊ တွက်စားမပြုပါဘဲ၊ စိတ်ဟိရာကျင့်တုံငြား၊ ဒေါသရန်ငြို၊ ဝမ်းထဲသို၍၊ ငွေကိုတန်စိုးစားလျှက်၊ လူမိုက်မှားယခုသာ၊ ကြံရာအမှုတ်၊ အကျွန်ုပ်ကို၊ မဟုတ်ပြစ်မဲ့သာလျှင်၊ ဖျက်ဆီးရာ လူဆယ့်ခြောက်၊ ဦးစောက်လင်းပြန်၊ မျိုးမမှန်သည်၊ သူ့ကျွန်စားပိုးလောက်ရို့၊ ပြမ္မိနှောက်တုံပြီးခါ၊ သျှင်လူအများ၊ ဆင်းရဲသားကို၊ စွဲငြားနှိပ်စက်ပါ၏။ လူမိစ္ဆာအယူမှား၊ မဟုတ်မမှန်၊ မုသားကံကို၊ လုပ်ပြန်ကျမ်းစွဲငြားက၊ မတရားပြုသောခါ၊ ဣန္ဒာသက္က၊ ပုရိန္ဒသည်၊ ဌာနကိုယ့်နီရာက၊ ကြည့်ချီသော်လွှန်ဆန်းပြား၊ မကောင်းသောသူ၊ မတော်လူရို့၊

အယူအကျင့်မှား၍၊ တရားဉ်မတည်ကြည်၊ ပြုကျင့်ရာကို၊ သူဇာသိကြားပြည်က၊ မြင်တုံလေထိုသော်ခါ၊ ရှိဆက်ကျူးလွန်၊ ပစ္စုပန်သည်၊ အမှန်မကောင်းပါတည်း။ နတ်တကာမနာလို၊ ဓမ္မာချင်းယှဉ်တ်၊ ဒေးသျှိန်သတ်နှင့်၊ ဝါသတ်မင်းရို့ကိုကား၊ နှင်လွှတ်ဖြိုရာထူးချ၊ ဒုက္ခပူပန်၊ တိုင်ရောက်မှန်သည်၊ နိုင်ငံမိစ္ဆိမာ၌၊ မနီရပြောင်းရွှေ့ဆို၊ ကုသိုလ်ကချား၊ ပါပပွားသည်၊ မင်းများသူမိုက်ကိုလျှင်၊ ဖြိုထုတ်နှင်ဘိလပ်သို့၊ လျှင်စွာမကြာ၊ ပို့လီပါသည်၊ မှန်စွာနီရာမြို့တည်း။ မနှစ်လို့လူတကာ၊ တုပ္ပါနှင့်ပစ်၊ သူ့အပြစ်ကြောင့်၊ လူမိုက်လားရပါ၏။ သင်းပေါင်းဖေါ်လူ့ဗာလ၊ ဝံသဟိန္ဒာ၊ လွန်ယုတ်မာသည်၊ မိစ္ဆာလူဗာလရို့၊ မည်နာမစံရှိဖွေ၊ လျှောက်ဖွေဟူငြား၊ အောင်ကုလားနှင့်၊ ဟယားပေုဝေရို့၊ မြိကြီးမျိုတွင်းဆုံးကျ၊ ခုမျက်မှောက်ပင်၊ လောကတွင်၌၊ ကျွန်လျှင်မြင်လိုရ၏။ တာပန္န သိမ်းစိုးယူ၊ မဟာတာပန္န၊ ရောရုဝရို့၊ စိုးကြပိုင်တော်မူသား၊ ငရဲသားသူရို့အသျှင်၊ သီရိကုတ္တ၊ ယမလဟု၊ ခေါ်ကြနာမည်တွင်လျှက်၊ စိုးအုပ်ကျင် နတ်အများ၊ ကျွန့်မှာရန်သူ၊ ထိုသည့်သူကို၊ သတ်မှုလက်နက်ဓါးနှင့်၊ ခုတ်သတ်ငြားချက်ပြုတ်က၊ ကမ္ဘာရှည်လျှား၊ ကြိမ်ဖန်များ၌၊ မပြားထားကြပါလော့။ တိုင်တန်းကာသက်သီပြု၊ လူမိုက်လင်းပြန်၊ မျိုးမမှန်သည်၊ ဟိန္ဒထိုလူစုကို၊ ကိုင်ထောင်းထု ချိုင်နှောင်ကာ၊ ဒါးလုံသံလျှက်၊ ဒုတ်လက်နက်နှင့်၊ ခွဲဖျက်ရင်ဖွင့်ပါဟု၊ ကျွန်ုပ်သာများဘဝ၊ သတ်ရပါလို၊ သင်ရို့ကိုလည်း၊ ယွင်းယိုမဟိရတည်း။ ဘုမ္မိယကြီးမြင့်သူ၊ ပထဝီအာပေါ်၊ မီးတေဇောဟု၊ ဝါယောခါတ်လေးဆူရို့၊ စောင့်ထိမ်းသူသျှင်နတ်မင်း၊ သိကြစီလို၊ နတ်ရို့ကိုလျှင်၊ ကျိမ်ဆိုထိပ်ပန်လျှင်း၏။ အောက်ဟင်းလင်းဝိစိရွာ၊ ဒုက္ခမျိုးဆုံ၊ ငရဲဘုံကို၊ လုံးချုံစိုးပိုင်ပါသား၊ နတ်တကာယမမင်း၊ မိန့်သတ်ခေါ်ဆို၊ ဒိဌိကိုလည်း၊ နင်းဖြိုဖျက်ဆီးလျှင်းလော့။ သင့်သဲတွင်းချစ်သောသူ၊ သဲအုမယား၊ သမီးသားကို၊ သံဖက်စုန်းနတ်မူလည်း၊ သတ်နှင့်ယူလတ္တံလော့။ တပါးရပ်ရွာ၊ မြစ်များစွာသည်၊ သီတာပင်လယ်ခြား၍၊ ဆုံပျက်ငြား ဟိလီစီ။ လက်စုံဦးထား၊ နတ်အများကို၊ တိုင်းကြားလျှောက်ဆိုချီ၏။ ရီတွင်နီစိုးပိုင်ခြင်း၊ ဒဠ္ဍရဠ္ဍ၊ ကုဝေရဟု၊ နာမခေါ်တွင်လျှင်းသား၊ နဂါးမင်း နတ်တကာ၊ ကုလားမိစ္ဆာ၊ ပေုသာကို၊ မှန်စွာ ဖျက်ဆီးပါလော့။ သင်ရို့မှာဘေးသျှစ်ပါး၊ ဆယ်ပါးသောဒါဏ်၊ ကြွင်းမကျန်သည်၊ ရန်မျိုးငါးပါးလည်း၊ ခုရောက်ငြားတွဲကြုံစီ၊ ချိုင်နှောင်တရပ်၊ ခြီချင်းခတ်၍၊ မပြတ်ထောင်ထဲနီ၍၊ ချုပ်အင်ထွီအဆက်ဆက်၊ သင့်၏အိမ်ထောင်၊ များကုန်အောင်ကို၊ ယူဆောင်မင်းကဖျက်၍၊ ကြီဆုံးပျက်ဟိလီစီ၊ ကိုးကွယ်မရ၊ ဝဋ်ဒုက္ခနှင့်၊ နိစ္စပြောင်းလီစီတည်း။ နီရိယေဝီစိလား၊ ကြိမ်များဖန်ဖန်၊ ဆင်းရဲခံ၍၊ သီပြန်ပျက်စီးငြားလျှက်၊ သင့်မယားသက်နံ့ဝီ၊ တော်ရာစပ်ထ၊ ဟူသမျှလည်း၊ ကြို့မွှပြုန်းတီးစီလော့။ ကျိမ်ဆိုအလီလီနိမပြတ်၊ မြကျွန်းသပြီ၊ လေးရပ်မြီကို၊ စောင့်နီသျှင်နတ်မြတ်ရို့၊ ကြားသိမှတ်တိုင်သက်သီ၊ ကျွန့်ကိုတခါ၊ ခုဖျက်လာသည်၊ ဆယ်ခါပျက်လီစီတည်း။ သက်နံ့ဝီသင့်သဲပွတ်၊ ကျားရဲခုတ်ငင်၊ တောင်တိုင်းတင်၍၊ နတ်လျှင်သံဘက်ခတ်လော့။ ပေါက်ပေါက်ခွတ်တန်းကျင်လျှို၊ အရှင်လတ်လတ်၊ ဖမ်းငင်သတ်၍၊ တရပ်မြိကြီးမျိုလျှက်၊ မြင်ရလိုကျွန့်မျက်မှောက်၊ အမြောက်ဒါးလုံ၊ လှံကမံနှင့်၊ ဝါးချွန်သေနပ်ကျောက်လည်း၊ ခုရောက်ငြားသင့်ကိုယ်တွင်၊ ထိပါးသီဆုံး၊ မျိုးစိုင်တုန်းအောင်၊ ပျက်ပြုန်းနတ်စီရင်လော့။ အောက်ရပ်ခွင်ဘုမ္မစိုး၊ သူမိုက်ဟိန္ဒီ၊ ဦးဂါရီကို၊ စုံစီလက်နက်မျိုးဖြင့်၊ ခွတ်ထစ်ထိုးသတ်ကြပါ၊ ရိုသေဝပ်တွား၊ နတ်ရို့အားကို၊ တိုင်ကြားလျှောက်ပန်ထွာ၏။ ဝိဒေဟာကျွန်းဇမ္ဗူ၊ ဦးတင်ဂုရု၊ ပညတ်ပြုသည်၊ နောက်စုဂေါယန်ဟူကား၊ လေးကျွန်းမူအဓိသ်မှတ်၊ လေးရပ်ရက္ခာ၊ သစ်လေးဖြာကို၊ စောင့်ကာသျှင်နတ်မြတ်ရို့၊ သောင်းလေးရပ်ကျွန်းကမ္ဘာ၊ ဒီပါယူကျုံး၊ လေးပါးလုံးကို၊ သိမ်းရုံး စောင့်ထိမ်းပါသား၊ နတ်တကာသျှင်ဒေဝ၊ သူယုတ်လင်းပြန်၊ ရင်ရန်ရို့၊ တဖန်တိုးအောင်စသား၊ လူဗာလသင်ရို့မှာ၊ နှာခေါင်းနားရွက်၊ ကိုယ်ခြီလက်ဟု၊ တချက်ပျက်စီးစီသာတည်း။ ကျိုးပဲ့ကာတိုနာစား၊ များပြားရောဂါ၊ သင်ရို့မှာလျှင်၊ မှန်စွာစွဲရောက်ငြား၍၊ ထသွားလားမတတ်နိုင်၊ မထိုင်မထ၊ စိတ်ဒုက္ခနှင့်၊ မြင်လှဆင်းရဲတိုင်၍၊ စမ်းလက်ကိုင်ရှာမရ၊ ကြို့မွှခန္ဓာ၊ သင်ရို့မှာလည်း၊ များစွာဖီးကြီးကျလျှက်၊ သီဆုံးကြဟိလီစီ။ ရိုသေဝတ်တွား၊ နတ်အများကို၊ တိုင်းကြား လျှောက်ဆိုချီ၏။ သင်ရို့ဝယ်သားမယား၊ ကျွဲနွားကျီးကျွန်၊ စပါးဆန်နှင့်၊ ဓန်ရှီဒဂ်ါးလည်း၊ ဆုံးပျောက်ငြားများခိုးသူ၊ ဗဟုတန္ဒ၊ ဓါးမြရို့၊ သတ်ကြထောင်းထုယူ၍၊ ဖွဲပြာမှုထိုအလား၊ ထိပါးခန္ဓာ၊ သင့်ကာယာလည်း၊ ရီမှာပျောက်ဆုံးငြားလျှက်၊ မျိုးပါလားလီသောခါ၊ မီးကျောင်းလိပ်ငါး၊ မြွီဟောက်ဖားရို့၊ ကိုက်စားသတ်ဖြတ်ပါလော့။ သင်ရို့မှာကြုံမမြောက်၊ ချောင်းကြီးသီတာ၊ ယမုန္နာတွင်၊ နာဝါလိုသားမှောက်သို့၊ သီဆုံးပျောက်ဟိလီစီ။ ကမ္မေအသစ်၊ တဖန်ဖြစ်လည်း၊ (-----)၊ ငါးရာဝဲလျှင်းလက်နှင့်၊ (ပေကျွန်တရစ်၊ သစ်ဖြစ်၍သာ)၊ သင့်ခန္ဓာကို၊ မှန်စွာ ပေါက်ကာခွတ်လျှက်၊ ခုတ်ထစ်သတ်ပါရစီ။ ကြိမ်များဖန်ဖန်၊ သင်ရို့ကံလည်း၊ အကျွန်လက်ဆုံးစီဟု၊ ကျိမ်ဆိုအလီလီနတ်ရို့အား၊ တိုင်ကြားဦးတင်၊ လျှောက်ဆိုကျင်သည်၊ အောက်ခွင်ဘုံတလွှားလေး။ ။

၅။ အောက်ခွင်တလွှား၊ စောင့်နီငြားသည့်၊ နတ်များရို့ကိုတိုင်တန်းကား၊ ဤရပ်ရွာဘုံတလွှား၊ စိုးချုပ်ပိုင်ကာ၊ စောင့်ထိမ်းပါသည်၊ ဒေဝါနတ်ရို့အားလည်း၊ ထိပ်တင်ကြားလျှောက်ပါမည်၊ လူ့ရွာစိုးငြား၊ သျှင်နတ်များရို့၊ မှတ်သားရှိနားတည်လော့။ ကျွန်ုပ်သည်ပြစ်ဆံရှိ၊ မဟိမှန်စွာ၊ ခုသံသာတွင်၊ တင်ကာဖျက်လာဘိသား၊ လူဒိဋ္ဌိပေုသာ၊ ဟိန္ဒာသွီးသား၊ အောင်ကုလားနှင့်၊ ကုလားရှိလုံးသာတည်း၊ စံရဲဘော်တလင်းသား၊ ဟယားမျိုးနွယ်၊ ပေုဝေကား၊ ရှောက်ဖွေဒုံးကုလားနှင့်၊ သချီသားဒိုးအောင်ရွှေ၊ လူလောင်ဟူဘိ၊ ပါတလိသည်၊

ဒိဋ္ဌိဘိယေနှင့်၊ သက်နံ့ဝေကျွန်မသား၊ ကုလားလင်းပြန်၊ ရင်ရန်ံပဲ၊ လူလွှန်သျှမ်းအောက်သားနှင့်၊ တို့စကားပြောမကျီ၊ ဟိန္ဒီစင်စစ်၊
သီအောင်မိုက်သည်၊ လူညစ်ဥဂါရှိတည်း။ တိုင်ပင်ညီတန်စိုးစား၊ ဆယ့်ခြောက်ယောက်လူ၊ ကျွန့်ရန်သူကို၊ စွဲယူကျမ်းမှသားတည်း။
မတရားသင်ရို့မှာ၊ မဟုတ်မလျား၊ ကျွန်ုပ်အားဝယ်၊ ဖျက်ငြားပြုခြင်းရာကို၊ စီရင်ပါမြတ်ဘုရား၊ နဂါးဂဠုံ၊ တန်းခိုးစုံသည်၊
အကုန်ရန်ခိုက်များနှင့်၊ ခုနှစ်အိုင်မဟာ၊ ကြီးစွာမည်မှတ်၊ နဝဒတ်ဟု၊ အရပ်ဆယ်မျက်နှာကို၊ စောင့်ထိမ်းရာသျှင်နတ်မင်း၊ အစိရဝတီ၊
ပညတ်ညီသည်၊ မဟီမြစ်ငါးစင်းကို၊ စောင့်နီငြားမြမကွာ၊ ဒေဝါပူရိ၊ ခေါ်တွင်ဘိသည်၊ မဏိမေခလာနှင့်၊ မြစ်သီတာပင်လယ်ချောင်း၊
စောင့်ကြပ်ပြုပြင်၊ အုပ်ထိမ်းကျင်သည်၊ သခင်နတ်အပေါင်းရို့၊ ကျွန့်ရန်သူဟောင်းရို့ကို၊ နှင်းဖြိုခုတ်သတ်၊ ရင်ကိုခွတ်၍၊
လိုင်ဖြတ်တန်းကျင်လျှိုလျှက်၊ များထိုထိုဆက်မပြတ်၊ သင်ရို့သဲအူ၊ ချစ်သောသူကို၊ ငင်ယူခွဲခွင်းသတ်လော့။ ဘေးသျှစ်ပါးရန်သူသာ၊
ဆိုက်ရောက်လာသင်ရို့အား၊ တွိကြကြုံစီ၊ ဆုံးပျက်လီဟု၊ နတ်ဆီ တိုင်တန်းကြား၏။ မီးကျောင်းကျားသစ်ဝံမြွီ၊ ရောကန္တရ၊ ဒုဗ္ဘိက္ခဟု၊
ရောက်ထကပ်သုံးလီလည်း၊ သင်ရို့ဆီဆက်မပြတ်၊ ရောက်ငြားလာပုံ၊ ဖျားနာအုံ၍၊ အကုန်ဝန်းရံအပ်လျှက်၊ ထိုးခွတ်သတ်ဖြတ်ပါလီစီ။
သုံးမည်လူ့ဘ၊ မုနိန္ဒကို၊ ရိုခ လျှောက်တင်ချီ၏။ ဤလူ့မြီခေါ်တွင်၍၊ တန်းခိုးမည်ကော၊ သူရကယ်ဟု၊ ဆိုသည်နတ်တမျိုးတည်း၊
ရက္ခစိုးနတ်များသာ၊ သူရဿတီ၊ ကြေးစန္ဒီဟု၊ ဒေဝီနတ်မဟာနှင့်၊ လူ့ခန္ဓာကိုယ်ကာယ၊ စောင့်ကြပါသည်၊ ဒေဝါနတ်ဒွါဒရို့၊
ရှုမျှော်သကြည့်ပြီးခါ၊ လက်ကိုင်ထိမ်းမြား၊ ငယ်မယားသည်၊ သဘောသင်ရို့မှာလည်း၊ လက်ကိုင်ပင်ရှာမရ၊ ရာဇမင်းမူ၊ သိမ်းဖျက်ယူသော်၊
ပြည်သူအားကြီးရလျှက်၊ ဟိလီကြလူများစွာ၊ ခြိုင့်လှောင်ငှက်လား၊ ရီမွဲငါးသို့၊ ညှိုးပါးစိတ်ဝီဆာနှင့်၊ ဝီစိရွာမှောင်တိုက်ထဲ၊ သင်ရို့ကမ္မ၊
ဆက်မကျန်သည်၊ ပူပန်မပြတ်စွဲ၍၊ မြင့်ကြာမြဲဟိလီစီ၊ သက်သီပြုထား၊ စာရွီးသားလျှက်၊ နတ်အား တိုင်ကြားချီ၏။ ကျိန်ဆိုအလီလီနိမပြတ်၊
သတ္တရာဘန်၊ မေယုဂန်ဟု၊ တောင်ရံခုနှစ်ထပ်ကို၊ စောင့်တုံမှတ်နတ်သက်သီ၊ ကျွန်ကပူပန်၊ ခုတဘန်မှာ၊ ဆယ်ပြန်ကုန်လီစီတည်း၊
သုံးလုဆွိမြတ်ဘုရား၊ ရုပ်ပွါးသျှင်တော်၊ ဆင်းထုတော်ဟု၊ မြတ်ရာဇေတီများကို၊ စောင့်ထိမ်းငြားနတ်တကာ၊ ကျွန့်မှာပြစ်မဲ့၊ မဟုတ်ပဲ့ကို၊
တည့်တည့်ဖျက်ဆီးလာသား၊ လုမိစ္ဆာသင်ရို့အား၊ သေနပ်ကားမှန်၊ ဝါးသစ်ချွန်ဟု၊ ဒါးလုံလက်နက်အားဖြင့်၊ စွဲကိုင်ငြားတုံပြီးခါ၊ မှန်စွာမပျက်၊
အဆက်ဆက်ကို၊ ကျွန့်လက်နှင့်ပင်သာလျှင်၊ ဘန်ငါးရာသတ်ရကြောင်း၊ နတ်ပေါင်းရို့ထံ၊ နိမကျန်အောင်၊ အကျွန်ဆုယူ တောင်း၏။
သျှင်နတ်ပေါင်းဖျက်ကြပါ၊ မဟာဗောထိ၊ တုမဟိသည်၊ မုနိပလ္လင်တော်၌၊ မြဲမကွာဘေးရင်းဟပ်၊ စောင့်ကြပ်ရံကာ၊ ထိမ်းကြပါသည်၊
ဒေဝါသျှင်နတ်မြတ်ရို့၊ ကြားသိမှတ်တိုင်ဆိုကာ၊ (––––––।––––––)၊ အလုမောင့်ကြင်ရာနှင့်၊ ခနသာကွဲရမည်ပါ။ ခုဆိုသည်လူ၊
ကျွန့်ရန်သူမှာ၊ ချစ်သူဟူသမျှနှင့်၊ ကင်းရလိမ့်မည်သာ၊ သုံးလုမြတ်မွန်၊ ဟောကြားညွှန်သည်၊ ဓမ္မံမယွင်းပါတည်း။ မြောက်ဟေမာ ရဂုံနတ်ရို့၊
တွိမှတ်ဖျက်ဆီးကာ၊ ထီးနန်းပြည်သာ၊ မင်းရာဇာနှင့်၊ ရပ်ရွာမြို့များစွာကို၊ စောင့်တုံပါနတ်ခပင်း၊ ဟေမဝန်တောင်၊ များသုံးထောင်ကို၊
ကုန်အောင်စိုးပိုင်လျှင်းသား၊ သျှင်နတ်မင်းသိပါလီစီ၊ ဟိန္ဒီမျိုးဟူ၊ ကျွန့်ရန်သူကို၊ လုဘုံကျွန်းရပ်မြီက၊ နှင်ထုတ်လီရပ်တခြား၊ မယားသားညီ၊
သင့်မျိုးဆွီက၊ တော်သည်အားလုံးများလည်း၊ သီဆုံးငြားပြုန်းတီးကာ၊ လက်ကိုင်မရ၊ ခုခနတွင်၊ ကြွီမှုဖွဲ့နှင့်ပြာသို့၊ ပြုကာပင်မှန်မချွတ်၊
သုံးလုထွတ်ချာ၊ သာသနာကို၊ မြဲစွာထံပါးကပ်၍၊ စောင့်နီလတ်နတ်များစွာ၊ စွယ်တော်လေးချောင်း၊ ဆံတော်တွက်ရှိ၊ ကိုးကုဋိနှင့်၊
ကိုးဆယ်သွားတော်ပေါင်းကို၊ စောင့်တုံလျှောင်းနတ်တကာ၊ ကျွန်တော့်ရန်သူ၊ ထိုသည်သူကို၊ ရှာယူဘမ်းသတ်ပါလော့။ သင်ရို့မှာစုံတခု၊
ကောင်းမှုကုသိုလ်၊ နောင်ဘို့ဆို၍၊ လိုစီအကြောင်းပြုလည်း၊ မြီထုရှိသချာ၊ နှစ်သိန်းသျှစ်သောင်း၊ မြီအပေါင်းကို၊ ထိမ်းကျောင်းစိုးအုပ်ပါသား၊
နတ်ဒေဝါသုန္ဒြီ၊ အညီအညွတ်၊ သင့်လှူဝတ်ကို၊ မချွတ်စောင့်ပစ်လီလော့၊ များစုံစီသျှစ်စရွတ်၊ သုံးလုထွတ်ချာ၊ သမ္ဗုဒ္ဓါ၏၊
မြတ်စွာဘုရားခါတ်ကို၊ စောင်ရံမှတ်နတ်ဒေဝါ၊ ဝိဇ္ဇာထိုရ်ရ၊ တောအောင်းကြသည်၊ မြတ်လှရသေ့ကျော်ရို့၊ စောင့်တုံပါနတ်ဒေဝ၊ ကျွန့်၏ရန်သူ၊
ထိုမျှလူကို၊ ရှာယူဖျက်ကြပါလော့။ နှစ်ရက်လဗီဇနာ၊ သျှစ်သောင်းလေးထောင်၊ အစောက်ဆောင်သည်၊ များမြောင်ကျမ်းပီစာနှင့်၊
သုံးပုံစာပိဋကတ်၊ လေးရပ်ဗေဒင်၊ စောင့်ထိမ်းကျင်သည်၊ များဖျင်ထိုနတ်မြတ်ကို၊ ကျိမ်ဆိုမှတ်တိုင်တန်းကာ၊ ဗုဒ္ဓေပစ္စ၊ စိန္တေယျသည်၊
လုဘရို့မြတ်စွာနှင့်၊ ရီစံပျော်ဥပဂုတ်၊ မဂ္ဂဖလံ၊ သဃ်ာမွန်ကို၊ အကျွန် ရိုခတုတ်၍၊ သက်သီလုပ်ရှိခိုးကာ၊ ဟတ္ထာစုပေါင်း၊ လက်ဆယ်ချောင်းကို၊
ပေါင်း၍လျှောက်ပန်ထွာ၏။ နတ်တကာမြတ်ရို့အား၊ ကြောင်းလျှားစိစုံ၊ တိုင်ကြားကုန်သည်၊ လုဘုံရပ်မြီသားလေး။ ။

၆။ သုံးခွင်ပိုင်စိုး၊ နတ်မျိုးရို့ကိုရှိခိုးကာ၊ နတ်ဒေဝါများသိန်းသောင်း၊ ရက္ခသာစည်၊ ရခိုင်ပြည်သို့၊ ပြန်လည်လားရကြောင်းကို၊
နတ်အပေါင်းကယ်မပါ၊ သုံးဆွိလုဘ၊ မုနိန္ဒကို၊ ရိုခလျှောက်ပန်ထွာ၏။ သမ္ဗုဒ္ဓါသုံးလုထွတ်၊ ညှပ်ရိုးနှစ်ဖြာ၊ သွားစွယ်တော်ကို၊
စောင့်ကာသျှင်နတ်မြတ်နှင့်၊ သျှစ်စရွတ်သည်သွားတော်ပေါင်း၊ ဆံမြတ်တွက်ရှိ၊ ကိုးကုဋိကို၊ ရောက်စီဆုပန်တောင်း၏။
သျှစ်သောင်းမွီးရင်တော်၊ သုံးပုံမည်မှတ်၊ ပိဋကတ်ဟု၊ လေးရပ်ဗေဒင်စာနှင့်၊ (––––––)၊ သျှစ်သောင်းလေးထောင်၊ အမြင့်ဆောင်သည်၊
မြင့်ခေါင်ဇေတီများကို၊ စောင့်တုံငြားနတ်တကာ၊ ရက္ခပူရ၊ မြို့ခညဟု၊ ဌာနကိုယ့်မြို့ရွာသို့၊ ဆောင်ပို့ပါလျှင်တဆော၊ သတ္တရာဘန်၊
တောင်ယုဂံဟု၊ တောင်ရံခုနှစ်ထပ်ကို၊ စောင့်တုံလတ်နတ်ဒေဝါ၊ မဟေသာရ၊ ဝရဏနှင့်၊ ဖြမ္မာအသူရာရို့၊ လက်ဆယ်ဖြာစုံစွာပေါင်း၊

သားဦးဘခင်၊ မျိုးအိမ်သျှင်နှင့်၊ တူပင်စံရကြောင်းကို၊ နတ်အပေါင်းကယ်မပါ။ အဌဝီသတိ၊ တုမဟိသည်၊ မုနိမြတ်ငါးဖြာနှင့်၊ ပစ္စေကာ သျှင်ဗုဒ္ဓ၊ နက္ခတ္တဂြိုဟ်သတာ၊ စန္ဒရာသည်ကြယ်နီလကို၊ ဦးနှိမ်ချလျှောက်ဆိုတင်၊ နတ်သွင်ရုပ်တူ၊ ကျွန်ုပ်ကြင်သူသည်၊ အဖြူမျိုးအိမ်သျှင်နှင့်၊ စံပျော်ရှင်တူတကွ၊ ပုတ္တစီတာ၊ သားနှစ်ဖြာသည်၊ သဲချာရင်သွီးလှကို၊ ယုယကာနီရစီ၊ လူ့ဆွီဘုရား၊ ရင့်ဆယ်ပါးနှင့်၊ နဖွားငါးရာလီကို၊ တိုင်တည်လီလီ နိမပြတ်၊ မိုးထက်အာကာ၊ ဝတိံသာဝယ်၊ စူဠာမုနိခါတ်နှင့်၊ ရသေ့မြတ်ထိုရ်ဝိဇ္ဇာ၊ တောကြီးကိုမှီ၊ တပသီဟု၊ ယောဂီမြတ်ရို့ကိုလည်း၊ တောင်းပန်ဆိုတုပ်ဝပ်စင်း၊ နိရိယေဟုတုံ၊ ငရဲဘုံကို၊ လုံးချုံပိုင်နိုပ်နင်းသား၊ ယမမင်းဖုတ်ပြိတ္တာ၊ ယက္ခာဘီလူး၊ မျှောင်ခြောက်ပူးသည်၊ နတ်ရူးဖုတ်မိစ္ဆာနှင့်၊ တထွေအိမ်စောင့်နတ်ရို့၊ ညီညွတ်ကြတုံပြီးခါ၊ တသကြိုးကုတ်၊ အကျွန်ုပ်ကို၊ ချွတ်နှုတ်ကယ်မပါလေ့။ တိုင်တန်းကာလျှောက်ပန်ကြား၊ သျှစ်သောင်းလေးထောင်၊ နှစ်ပြန်ဆောင်သည်၊ မြင့်ခေါင်မြင့်မိုရ်ဖျား၌၊ စောင့်နီငြားနတ်တကာ၊ သီတာလေးစင်း၊ ကြီးကျယ်ခြင်းသည်၊ အိုင်မင်းခုနှစ်ဖြာနှင့်၊ မြစ်ကြီးသာသွယ်ငါးပါး၊ မြစ်ငယ်ငါးရာ၊ ချောင်းလဟာဟု၊ ဖြာဖြာမြစ်ငယ်များနှင့်၊ ကျွန်းလေးပါးကြီးမဟာ၊ ငယ်စွာဒီပ၊ နှစ်ထောင်မျှကို၊ စောင့်ကြနတ်တကာရို့၊ ကျွန့်ကိုသာလျှင်ခုလျှင်ဆွ၊ မိဘဌာနီ၊ ခေညမြို၌၊ မျိုးဆွီထံရင်းစသို့၊ ဆောင်ယူကြပို့ကြပါ၊ ဆယ်ဖြာလက်ဖျား၊ ဂေါင်းထက်ထား၍၊ တိုင်ကြားလျှောက်ဆိုပါ၏။ ရီစံပျော်နဂါးမင်း၊ အစီရဝတီ၊ ခေါ်တွင်ညီသည်၊ မဟီမြစ်ခပင်းကို၊ စောင့်နီခြင်းမေခလာ၊ ပမာတူပြီး၊ နတ်သမီးသည်၊ ပြောင်ညီးသုဇတာနှင့်၊ သုနန္ဒာနတ်မေဃ၊ သူရဿတီ၊ သုန္ဒရီဟု၊ ဒေဝီနတ်မိမ္မရို့၊ မိတ္တမျှကူမပါ၊ ထီးနန်းပြည်တော်၊ များရပ်ရွာကို၊ စိုးတုံပါသျှင်နတ်မင်း၊ အပြင်းယူဆောင်၊ ကျွန်ုပ်မောင်ကို၊ ရောက်အောင်မေ့ထံရင်းသို့၊ ပို့ပါလျှင်းလျှောက်ပန်ထွာ၊ နောင်လာသျှစ်သောင်း၊ ဘုရားလောင်းနှင့်၊ ရီကြောင်းကိန်းအောင်းပါသား၊ ရဟန္တာဥပဂုတ်၊ မဂ္ဂဖလဌာန်၊ သံဃာမွန်ကို၊ အကျွန်ရိုတုတ်ခ၍၊ လက်ဦးချဂေါင်းတင်ချီ၊ စန္ဒြီမာသာ၊ နှစ်ကောဇာသည်၊ ဒိဏ္ဏာရက်တီထီကို၊ စောင့်ထိမ်းပြီးနတ်ဒေဝါ၊ ဟောဝန်သုံးဆောင်၊ လွန်များမြောင်သည်၊ မြင့်ခေါင်ပဗ္ဗတကို၊ စောင့်တုံကြနတ်တကာ၊ သက်လုံးမျှကြင်၊ ခြောက်ပြစ်စင်သည်၊ နတ်သွင်ထံရင်းမှာသို့၊ ခုပို့ပါကူညီကြ၊ အဆင်းရွှီတူ၊ မျိုးအိမ်သူသည်၊ အဖြူမောင်နှမနှင့်၊ တူတကွစံလျှက်သာ၊ သဲချာနှစ်ပါး၊ သမီးသားကို၊ နံပါးထားပြီးခါမှ၊ တိုင်းရက္ခာကိုယ့်ဌာန၊ နှမနှင့်မောင်၊ ပြည်တည်ထောင်၍၊ အိုအောင်မယွှင်းခွဘဲ၊ နီထိုင်ကြရပါစီ၊ လက်ရှီဦးထား၊ ကျွန်လျှောက်ငြား၍၊ နတ်အားတိုင်ကြားချီ၏။ အောက်ရပ်မြီဘုမ္မစိုး၊ တန်ခိုးပြင်းထန်၊ ကြီးမားသန်သည်၊ နတ်မွန်ပိဿနိုးနှင့်၊ ရက္ခစိုးနတ်များစွာ၊ သဒ္ဓါကြိုးကုတ်၊ အကျွန်ုပ်ကို၊ ချွတ်နှုတ်ကယ်မပါလေ့။ နတ်ခြောက်ရာတုဘက်ကင်း၊ တန်ခိုးပြင်းထိန်၊ အသူရိန်ဟု၊ ဒေဝိန်ထိုနတ်မင်းနှင့်၊ မာန်နတ်မင်းကိန္နရာ၊ ပရမီသွာရ၊ နတ်ဒေဝဟု၊ ဝဿဝရောသာတည်း။ ချစ်သဒ္ဓါမိတ္တာဌ၊ ရှိဝတ်လည်းဆူ၊ ဤအပူကို၊ ကယ်ယူချွတ်နှုတ်ကြ၍၊ ကျွန့်ဌာနကိုယ့်ရပ်ရွာ၊ ကြင်ရာသက်ထား၊ သားမယားနှင့်၊ နီငြားတိုင်းရက္ခာသို့၊ ပို့ဆောင်ပါ ကျွန့်ကိုတည်း။ မြင့်မိုရ်ထိပ်ချာ၊ ဝတိံသာက၊ တ္တန္ဒာသိကြားကြည့်လေ့။ ဖတ်ကာလှည့်ဖလ်စက္ကြာ၊ လေးကျွန်းရောင်ချင်း၊ စက်ဟိန်ပြင်းသည်၊ နီမင်းသူရိယာနှင့်၊ လီဝေါယောမိုးနတ်သား၊ ပဥ္စခန္ဓာ၊ လူတကာကို၊ စောင့်ရာသျှင်နတ်များရို့၊ ချစ်သနားကယ်မပါ၊ အာကာသစိုး၊ ကျော်ဟိန့်ကြိုးသည်၊ နတ်မျိုးရို့တကာနှင့်၊ နတ်မဟာခြောက်ဘုံထွတ်၊ ဖြဟ္မာနှစ်ဆယ်၊ မင်္ဂလေးသွယ်ကို၊ စောင့်ပေသျှင်နတ်မြတ်ရို့၊ ညီညာကြတုံပြီးခါ၊ ပူဆာဆင်းရဲ၊ ဤဝဋ်ဘေးက၊ ချွတ်၍ကယ်မတင်ပါလေ့။ သားပုတ္တစီတရံ၊ အလှနတ်သွင်၊ ရာသက်ကြင်သည်၊ မျိုးသျှင်ထံရင်းစသို့၊ ပို့ကြပါလျှောက်ဦးတင်၊ ပလ္လင်ရက္ခိ၊ တုမဟိသည်၊ ဗောဓိပညောင်ပင်၌၊ စောင့်ထိမ်းကျင်ရုံခပင်း၊ ရက္ခဂုမ္ဘာန်၊ တန်ခိုးသန်သည်၊ နတ်မွန်ဂဠုန်မင်းနှင့်၊ တိုင်းရက္ခာမြို့ခေည၊ စောင့်ကြတုံပါ၊ (------)၊ ဒေဝါမြောက်ဦးစသား၊ နတ်ဆယ်ဝ ရင်ရဲကန်၊ လက်ပံဝသဲ၊ တန်ခိုးကဲသည်၊ ရီထဲနတ်မြတ်မွန်နှင့်၊ တဖန်နတ်မယူသျှင်၊ ယောင်မံုကျား၊ ကျော်ထင်ရှားသည်၊ ဗုဒ္ဓေါဇိနဟူသား၊ ရာထောင်မူနတ်ပေါင်းသား၊ တခြားနတ်တကာ၊ သုံးဆယ့်တဘုံ၊ စောင့်ကြပ်တုံသည်၊ အကုန်နတ်များစွာနှင့်၊ သုံးလုချာမြတ်ဘုရား၊ ကိုယ်စားတူပြီး၊ မဟာထီးကို၊ ဦးနှိမ်ထိပ်ထက်ထား၍၊ ရှိထံပါးလက်ဆယ်ဖြာ၊ ပူဇော်ရှိညွတ်၊ နိမပြတ်လျှင်၊ တိုင်မှတ်လျှောက်ဆိုကျင်သည်၊ သုံးခွင်ရပ်ဆီအားလေး။ ။

၇။ သုံးခွင်နတ်အား၊ ဦးထိပ်ထား၍တိုင်ကြားကာ၊ နတ်ဒေဝါများသိန်းသောင်း၊ နတ်ပေါင်းတကာ၊ သားပမာသို့၊ မိတ္တာဝီဋလောင်းလျှက်၊ နတ်အပေါင်းမင်းရာဇာ၊ စစ်မိန်းရာထိုခန၊ ဆံမျှင်တမွှာ၊ ကျွန်ုပ်မှာလည်း၊ ပြစ်သာမဟိကြ၍၊ မိန့်တော်ဟလွှတ်ပြီးခါ၊ လွှန်စွာတဆွ၊ မကြာရဘဲ၊ ဌာနတိုင်းရပ်ရွာသို့၊ ပြန်လားခါအကြောင်းရင်း၊ အမိန့်တော်စာ၊ ကျွန်ုပ်မှာသို့၊ အာဏာရှီး၍ပီးက၊ မြတ်လေးဦးတင်ကာ၊ ရက္ခသာစည်၊ ရခိုင်ပြည်သို့၊ ပြန်လည်လားကြခါလျှင်၊ လွှန်ဝမ်းသာရွှင်အားရ၊ အလှမောင်သာ၊ လိုနာဝါ၌၊ လျှင်စွာစီးတက်ကြ၍၊ ကျူးသံမြမောင်းခရာ၊ ပုံသာလင်းခွင်း၊ စည်မောင်းညှင်းသည်၊ သာခြင်းကေပျှာနှင့်၊ တီးမှုတ်ကာတသောသော၊ ကျယ်လှကြီးစွာ၊ မြစ်ဂင်္ဂါကို၊ နောက်မှာပါယ်လှပ်ထား၍၊ ရွှင်ပျော်ပါး စားသောက်ကာ၊ ကြော်ငြာဟစ်ဟဲ၊ တသဲသဲသည်၊ အောင်ပွဲခံကာကာနှင့်၊ ဖြားသင့်ရာလီသင့်လိုက်၊ သမုဒ္ဒရာ၊ ယုမုန္နာဟု၊ သီတာပင်လယ်မြစ်ကို၊ ရွက်ဖြူတိုက်ကူးခတ်ကာ၊ လှိုင်းယက်လည်းဟူ၊ ရီများဆူ၍၊

ဦးဖြူဆောင်းကာကာတည်း။ တောင်ပမာလှိုင်းကြီးထ၊ ကမ်းကိုမမြင်၊ ကျယ်ဝန်းကျင်သည်၊ မြစ်ခွင်ပင်လယ်မ၌၊ ခိုတင်ကစားစွာ၊ မဲနယ်ဟုဆို၊ စိမ်းစိမ်းညိုသည်၊ မြစ်ကိုမဲနက်ပါ၏။ ကြည့်ချီသော်ကြောက်ဖွယ်တည်း၊ ငါးကြီးငါးဆင်၊ ငါးမန်းကျင်လည်း၊ များဖျင်အပုံဟိနှင့်၊ ရှင့်တုံပြီးလာကြခါ၊ ရက္ခပူရ၊ မြို့ခညော်၏၊ ဒေသနယ်ဝင်လာက၊ ရိရို့မှာဖြူဆွဆွ၊ ဆီးနှင်းစုံစီ၊ မှိုင်းဝီဝီသည်၊ တောင်ခြီကမ်းနားစကို၊ မြင်လတ်ကြတုံသောခါ၊ ဝမ်းသာအားရ၊ စားသောက်ကြ၍၊ လျှင်ဆွခတ်လာပါက၊ မြေငုံမှာဆံတော်ဓါတ်၊ အဝီးကပင်၊ မှိုင်းမှိုင်းမြင်သော်၊ ကျွန်လျှင်ရှိခညွတ်၍၊ ပူဇော်မှတ်တုံသောခါ၊ သောင်းသောင်းထိမ့်ဆူ၊ ဖွေးဖွေးဖြူသည်၊ နတ်လူသာထုခေါ်၏။ ဖြားဆီပေါ်ရွက်ဖြန့်တိုက်၊ မြေငုံဟုခေါ်၊ ထိုကျွန်းမော်ကို၊ ဟစ်ကြော်လီသင့်လိုက်၍၊ ပတ်ခါရစ်ခတ်ကြခါ၊ အင်းဝဟူတုံ၊ ထိုသဲခုံကို၊ ဖြားဆုံဝင်ကြပါ၍၊ ခုံဝမှာကျွန်းအလွတ်၊ နာမခေါ်ဆောင်၊ လေသျှည်းတောင်ကို၊ နံမျှောင်ဖယ်ခယ့်လွှတ်လျှက်၊ ကြော်ငြာကြခတ်လာခါ၊ ရှုကာမျှော်လျှက်၊ လက်ဝဲဘက်ကို၊ တချက်ကြည့်ခီပါက၊ မြို့စစ်တွေမှာအဓိသ်မှတ်၊ အာကျပ်တော်လျှင်၊ ငါးမည်စင်သည်၊ သျှင်ပင် ဘုရားဓါတ်နှင့်၊ ဗုဒ္ဓေါနတ်ရို့ကိုသာ၊ အဆင်းရှိရောင်၊ ဝင်းဝင်းပြောင်သည်၊ မေ့မောင်မြင်ပါလတ်က၊ ဦးနှိမ်ချရှိညွတ်ခါ၊ ဖြီးချပ်ခေါ်ဆောင်၊ ပွဲကြည့်တောင်ဟု၊ မြင့်ခေါင်ပဗ္ဗတ၏၊ ဗွေထိပ်မအလယ်ပေါ်၊ မုတ်ဆိတ်တော်ဓါတ်၊ သျှင်တော်မြတ်ကို၊ တန့်ရပ်ရှိဝယ်မျှော်က၊ ရှိပူဇော်ရှိညွတ်တွား၊ လက်ဝဲဘက်မှာ၊ မြို့ချမ်းသာကို၊ မျှော်ကာကြည့်လတ်ငြားက၊ ဘုရားကျောင်း စေတီသာ၊ ဇင်းခါယူမှန်း၊ စျီးကြောင်းလမ်းနှင့်၊ ဆိပ်ကမ်းတန်းထားမှာလည်း၊ အံ့ဖွယ်သာရှိမရ၊ ဆိုင်နှင့်ဒုက္ကံ၊ အိမ်ဗိမှာန်လည်း၊ ကြက်ပျံပင်မကျတည်း။ ရောင်းဝယ်ကြများလူသျှင်၊ (––––)၊ ဖွေးဖွေးဖြူသည်၊ ပြည်သူများဗိုလ်ပါနှင့်၊ ကျွန်ုပ်သာစိုက်ပျိုးငြား၊ ကွမ်းသီးအုံးပင်၊ ပိန္နဲပင်ဟု၊ ထန်းပင်သရက်များနှင့်၊ လွှန်ဆန်းပြားသစ်တကာ၊ ဗိမှာန်သာမော၊ ဥယာဉ်တောကို၊ ထင်ရှားမြင်လတ်ပါက၊ ရှင်ဝမ်းသာလွှန်အားရ၊ ဌာနရပ်ရွာ၊ မြို့ချမ်းသာသည်၊ အိမ်မှာဆိုက်ရောက်ကြ၏၊ ကျောက်ချကြတုံပြီးခါ၊ အလျင်တဆွ၊ မောင်အလှကား၊ ချီကြွတက်လတ်ပါလျှက်၊ မေ့ထံမှာရောက်လတ်က၊ နှမနှစ်ဖြာ၊ မောင့်ကြင်ရာသည်၊ သူဇာမနော်မသို့၊ ရိုတုတ်ကွမောင့်ထံမှာ၊ ထိုင်ကြဝန်းရံ၊ ခြီတော်ခုံကို၊ ယူတုံကိုင်မပါလျှက်၊ ဂေါင်းထက်မှာယှက်တင်ထား၊ ဝတ်တွားရှိသေ၊ ကန်တော့ပေသည်၊ ရှုဘွယ်နတ်မပြားတည်း။ ဖြူညွတ်တွားဆင်းကလျာ၊ ဆီးလိပ်ကွမ်းယာ၊ အဖြာဖြာကို၊ ထိုခါပီးကမ်းလာ၍၊ ကျွန်ုပ်မှာလူချစ်ရီး၊ နှမသူဇာ၊ လှကလျာက၊ ရှိရင်ကျူး၍မွီးသား၊ ချစ်သားကြီးမောင်ရဲဘော်၊ ကြာဇံသမီး၊ ရှုမငြီးရို့၊ လျှင်ပြီး စုံကာလာ၍၊ မွီးဘသာထံရင်းပါး၊ ချစ်သဲဟူသည်၊ သားနှစ်ထွေရို့ဖက်လိုင်ဆွဲလာငြား၏။ မျိုးဆွီဝါးညာတိကာ၊ ပြည်သားရွာသူ၊ ဖွေးဖွေးဖြူမျှ၊ သျှင်လူများတကာလည်း၊ ရောက်ပေလာမောင်ကစ၊ ပုတီးမိတ္တာ၊ ဘာဝနာကို၊ များစွာသွန်းလောင်းကြ၍၊ ဦးလျှင်ချကန်တော့ခါ၊ အဘူးလက်ဆောင်၊ သိန်းသောင်းထောင်ဟု၊ များမြောင်ပီးဆက်လာ၏။ နတ်သြဇာချိုမယွင်း၊ မွှီးခြင်းကြိုင်စွာ၊ အရသာသည်၊ ဂဏှာနို့ထမင်းဟု၊ ငါးဟင်းများတကာ၊ များစွာချက်ပြီး၊ သားသမီးနှင့်၊ မညီးဝန်းရံကာလျှက်၊ စားသောက်ခါတသောသော၊ ဖော်များခြံရံ၊ ပျော်မြူးစံသည်၊ မေ့ထံတော်ရင်းပါးလေး။ ။

၈။ သုဝဏ္ဏပူရ၊ အယုဇ္ဈသည်ရမ္မာသာ၊ တိုင်းရက္ခာမြို့ခညော၊ ဗုဒ္ဓလေးဆူ၊ ပွင့်တော်မူသည်၊ လွယ်ကူဗျာဒိတ်ရသား၊ ဂစ္ဆပနဒီ၊ ရှိဆီအနောက်ဘက်၊ ထီးနန်းဆက်သည်၊ မပျက်အလီလီတည်း။ ပြည်ပူရီမည်သမုဒ်၊ ဒွေးဒသဟာ၊ မြို့နှစ်ရာတွင်၊ မှန်စွာနှစ်မျိုးဟုတ်သား၊ တည်ထောင်လုပ်ထိုစိုင်ခါ၊ စစ်တွေဒေသ၊ နဂရဟု၊ ရက္ခတိုင်းရပ်ရွာ၌၊ လူများစွာရှင်ပျော်ပါး၊ မြို့ကစစ်တွေ၊ တိုင်းရပ်မြေတွင်၊ ကြင်သွယ်ငယ်မျောက်သားနှင့်၊ တူပျော်ပါးမောင်နံ့စုံ၊ ရင်သွီးသဲကြား၊ သမီးသားကို၊ ရွက်ငြားချီမိုးရံ၍၊ သလွန်ဘုံညောင်စောင်းထက်၊ နီလျှက်သာရှင်၊ ဆွဲရစ်ကြင်သည်၊ ပုံသွင်ငှက်ဟသာ်သို့၊ လွှန်နှစ်သက် ရှိ့နှစ်ဖြာ၊ သဲချာဟူပြီး၊ သားအကြီးကို၊ ရည်မှီးနိဗ္ဗာန်ငှာလျှင်၊ သံသရာဘို့အကြောင်း၊ သျှင်သာမဏေ၊ ပြုတုံပေသည်၊များထွေလူသိန်းသောင်းနှင့်၊ သဃ်ာပေါင်းလူများဖျင်၊ ကြည်လင်ရှင်လန်း၊ ရီစင်ဖြန်း၍၊ ထူးဆန်းသဘင်ဆင်လျှက်၊ တီးမှုတ်ကျင်တသောင်းသောင်း၊ စည်မောင်းခရာ၊ ဗောဒုဗ္ဗာသည်၊ သံသာတညောင်းညောင်းနှင့်၊ ဆွမ်းလောင်း၍ လှူဒါန်းကာ၊ ကျွန့်မှာသက်စု၊ သားမောင်ပုကို၊ သျှင်ပြုပီးလှူပါက၊ နတ်တကာသျှင်လူများ၊ ကောင်းချီး ပျော်ပျော်၊ သာထုခေါ်သည်၊ နံ့ကျော်တိုင်းလုံးကြား၏။ ရှင်ပျော်ပါးလွှန်ဝမ်းသာ၊ မိတ္တာဆပွား၊ ရပ်လုံးသားရို့၊ သနားဂရုဏာနှင့်၊ ရှိညွတ်ခါရို့နှစ်ပါး၊ ချီကြွလက်ကိုင်၊ နံချင်းယှဉ်၍၊ တူပြိုင်မပြတ်လားလျှက်၊ ဥယျာဉ်တောလှည့်လည်ကာ၊ ရာမချရား၊ ပန်းစံကားသည်၊ ဆပ်သွားဇီသဝါနှင့်၊ ကြွက်နားသာပန်းထင်ရှား၊ ဒေါနအီးလှိုင်၊ မွှီးပျံ့ကြိုင်သည်၊ သီးခိုင်ပန်းများစွာကို၊ ရွှီးချယ်ငြားကြိုက်ရာရာ၊ မောင်သာကိုင်ညွတ်၊ မေကဆွတ်၍၊ မပြတ်နိတိုင်းသာလျှင်၊ ကုံးသီကာတူတကွ၊ နှမနှင့်မောင်၊ ချစ်ပန်းဆောင်၍၊ ဦးသျှောင်ဂေါင်းပြည့်မျှလျှက်၊ ဖလှဲကာဆောင်းလျှက်သား၊ ဘုံညို ညောင်းစောင်း၊ သလွန်ကောင်းမှာ၊ လဲလျောင်းတူစုံသာလျှင်၊ ဘော်များစွာခြံရံကြ၊ ဇေယျမင်္ဂလာ၊ အောင်ပွဲခံသည်၊ ဗုံသံတမြမြနှင့်၊ ဆင်ဝတ်ကြ တူတန်းဆာ၊ ကြင်ရာသက်ထား၊ သားမယားနှင့်၊ ပျော်ပါးနီခြင်းရာကို၊ မြို့ရမ္မာကျွန်းမေခ၊ ဒွါရဝတီ၊ ငါးအင်ညီသည်၊ ပူရီမြို့ခညောဟု၊ တိုင်းရက္ခ ကိုယ့်ရပ်ရွာ၊ ကြော်ငြာသတင်း၊ ပြည်လုံးချင်းသည်၊ မကွင်းကြားနှံ့ပါ၏။ မြို့ချမ်းသာနဂါရ၊ နီကြပါသည်၊ လှူဒါရှိပုညလေး။ ။

၉။ ပုညလှုဆောင်၊ မေနှင့်မောင်သည်အိုအောင်သာ၊ ဆံတမြှာမယွင်းခွ၊ သားလှသဲချာ၊ ထိုနှစ်ဖြာကို၊ ရှိကသံသရာတည်း၊ ချီလားကြ
ကြံစည်ကာ၊ ရထားဆင်မြင်း၊ ယာဉ်ခပင်းကို၊ စီးနင်းဆောင်ယူပါ၍၊ မောင့်ကြင်ရာ သက်လုံးမျှ၊ ခြောက်ပြစ်လွတ်စင်၊ နတ်အသွင်သို့၊
ငါးအင် ညီညွတ်လှသား၊ အသခနတ်မနော်၊ သူဇာမပြား၊ ပမာလားသို့၊ နထွားဆင်းရုပ်ဝါတည်း။ မေနှစ်ဖြာငယ်မျောက်သား၊
လက်ဖျားကိုင်ယူ၊ ချီကြွထူ၍၊ အတူနံပါးထားလျက်၊ သမီးသားပွားများစွာ၊ ဝန်းကာခြံရံ၊ ဖောင်လှီပျံနှင့်၊ လျှင်မြန်စီးတက်ပါ၍၊
တူရိယာစည်စောင်းညှင်း၊ သာခြင်းကပျွာ၊ မောင်းဒုပ္ပါနှင့်၊ ခရာဖုံလင်းခွင်းကို၊ ညံမကင်းတီးမှုတ်ကာ၊ နဒီမည်ရ၊ ဂင္ဂါဘကို၊
ဆန်ကြွခတ်လားပါက၊ လက်ဝဲမှာဆတ်ရိုးကျ၊ မင်းကုန်ပုလီ၊ ကျွန်းငပြီကို၊ နောက်ဆီပါယ်လွန်ခ၍၊ သုံးလုဘမြတ်မှီတော်၊ ဦးရစ်တော်ဓါတ်၊
စေတီမြတ်ကို၊ တရပ်ရှိဝယ်မျှော်ကာ၊ များပူဇော်ရှိညွတ်ခ၊ ဖြားလည်းတက်ထွေ၊ လီသင့်ပေ၍၊ ခတ်လေတုံပြီးမှလျှင်၊ ရပ်ဒေသပြားကျွန်းသာ၊
လက်ပန်ပြားမော်၊ ကျွန်းခရော်ဟု၊ ဟစ်အော်သောင်းသောင်းငြာ၍၊ မောင်းခရာ ဖုံလင်းခွင်း၊ သာခြင်းဒေသံ၊ တီးမှုတ်ပြန်သည်၊
ရွှီကျံလှိုဝင်းဝင်းနှင့်၊ လှီတက်ခြင်းဆိုကာကာ၊ ဝမ်းသာပျော်ပါး၊ ခြီရံများနှင့်၊ သောက်စားတက်လားပါက၊ လက်ဝဲမှာကုလားပုန်း၊
ကျွန်းလုံးပတ်လွန်၊ ရွာဆင်ခြံကို၊ ကျူးလွန်ပါယ်ခယ့်တုံမှ၊ တအုံးအုံးခတ်ကြခါ၊ သူငယ်တော်ကျွန်း၊ ကျွဲခြံကမ်းကို၊
ဖြောင့်တန်းခတ်လားပါလျှက်၊ မင်းကန်သာဝင်လီမြောက်၊ စိမ်းမြညိုရောင်၊ ငါးခူးတောင်ကို၊ မေ့မောင်နိချင်းရောက်က၊
ပန်းပေါက်ပေါက်စွဲကိုင်ကာ၊ ကြင်ရာမျောက်သား၊ ငယ်မယားနှင့်၊ ချီကြွတက်လားပါက၊ မြတ်သျှင်တော်ငါးခူဓါတ်၊ များများမကွာ၊
တတိုင်သာတွင်၊ ငါးတော်စေတီမြတ်ကို၊ ပူဇော်ညွတ်တုံပြီးခါ၊ သေလာတလျှောက်၊ ဖြားရီရောက်သော်၊ ဝမ်းမြောက်ရွှင်မြူးကာနှင့်၊
ရီထဲသာနဒီမြစ်၊ ကူးလိုက်ခတ်ကာ၊ ရှိပြုပွါဝယ်၊ ကျွန်းမှာဌာနဖြစ်သား၊ ဟုတ်စင်စစ်ယုဂံချောင်၊ ကျိုန်းတောင်ညိုညို၊ ရွှန်းစိုစိုသည်၊
မိုမိုထွတ်မြင့်ခေါင်၌၊ သုံးလုဘောင်နှိုင်းတုလွတ်၊ ဓမ္မသဘင်၊ ကျိုန်းတော်ရှင်သည်၊ သျှင်ပင်စေတီမြတ်ကို၊ မျှော်မြင်လတ် တုံသောခါ၊ သဒ္ဒါပီတိ၊
ဝွမ်းဆီထိသို့၊ ပီတိမြင်ကြခါမှ၊ ရှိ့နှစ်ဖြာမောင်နှမ၊ ဟတ္တဆယ်ဖြာ၊ ပဒုံကြာကို၊ ဂေါင်းမှာ တင်ထားကြလျှက်၊ ဦးနှိမ်ချရှိညွတ်ကာ၊
ကျွန်းသာလှီထက်၊ မြစ်တဖက်က၊ နှစ်သက်ရှိပူဇော်၍၊ တီးမှုတ်ကာခြီရံပေါင်း၊ ဒေသဌာနီ၊ ကျက်သရီဟု၊ ရွာမြီထိုသည်ချောင်းကို၊
တသောင်းသောင်းဟစ်ကြော်ငြာ၊ လျင်စွာခတ်မြောက်၊ အိမ်တော်ရောက်က၊ ချောက်ချောက် ကျွန်းလုံးကျော်၏။ ရွှင်ဝမ်းသာသျှင်လူများ၊
ဆွီသားညာတကာ၊ မောင့်ထံမှာ၌၊ များစွာရောက်လာငြား၍၊ သွန်းလောင်းချဘာဝနာ၊ မိတ္တာဖြောင့်မှတ်၊ ရှိခညွတ်လျှက်၊
လုပ်ဝပ်ရှိခိုးလာ၏။ ဖူးဘဏ္ဍာ ဆက်သွင်းကြ၊ ဒါနဒီနံ၊ နိမကျန်အောင်၊ ညံညံအောင်ပွဲပြုလျှက်၊ ပြည့်စုံထငါးအင်ညီ၊ ဝတီ်မည်မှန်း၊
ကျိုန်းမြို့ကျွန်းဝယ်၊ မီးပန်များစုံစီကို၊ ကြည့်တုံပြီမောင်နှမ၊ နီကြပါသည်၊ ကျိုန်းသာနာဂရလေး။ ။

၁၀။ နဂရပူရံ၊ တောင်ယုဂန်သည်နောက်မှန်သာ၊ ထိုရပ်ရွာကျိုန်းဒေသ၊ စိမ်းမြညိုရောင်၊ ကျိုန်းမြင့်တောင်သည်၊ မြင့်ခေါင်ပဗ္ဗတကို၊ ကြည့်ခိုကြ
တုံသောခါ၊ သြဇာနရွှဲ၊ ပင်ပိန္နဲနှင့်၊ ခမောင်းထောက်ကြာ၊ တောဇလာသည်၊ ဖာလာ သစ်မှင်တောင်းနှင့်၊ ကြသောင်းဝါးကြခတ်သာ၊
မညင်းမှင်းကူ၊ သီးပွင့်ဟူသည်၊ ထန်းမူပိတ္တကာတည်း။ နန္ဒြာပင်မျောက်လုပ်၊ သစ်ပုတ်နွယ်ချို၊ ဇာတိဖိုဟု၊ ရှောက်ချိုချဉ်သပြုတ်နှင့်၊
သစ်ခလုတ်လက်ပံသာ၊ တမာရင်ခတ်၊ သစ်ကဝတ်သည်၊ သပွတ်သံဘရာတည်း။ မကျည်းသားအုံးလေညှင်း၊ ဒူးရင်းသပြီ၊ ပင်ညောင်ရီနှင့်၊
များထွီသစ်အညင်းတည်း။ သစ်ပင်ချင်းစိုင်ကာကာ၊ သစ်ကနစိုး၊ သစ်ကတိုးဟု၊ ရဲရိုးပတောက်မှာလည်း၊ ပွင့်ငုံအာလွန်ဆန်းပြား၊
သျှသျှားပြိုင်းစင်၊ ပြိုင်းကန်းကျင်ဟု၊ ပီပင်သဖန်းများနှင့်၊ ပင်ဆောင်းရှားသီးချိုချဉ်၊ ညောင်ချဉ်ဗောထီး၊ ချိုလှအီးသည်၊ ဓနိရီအုံးစသား၊
(အသီးခိုင်အလွန်လှ)၊ ဝရစ်လွန်ပင်၊ နပျိုးပင်ဟု၊ ခေါ်တွင်ဝချိုင့်စသား၊ ချိုအီးမြသီးတကာ၊ သီးကပွားပုံ၊ ပင်မျိုးစုံသည်၊ ရဂုံပပ္ပတတည်း။
ရှုချိသော်စားဘွယ်တည်း၊ ပွင့်သီးတကာ၊ ပင်ရှိ့မှာလည်း၊ ယှဉ်ကာအကုန်ညှိသို့၊ သီးပွင့်ဖြာဖြာ၊ ရာသီဥတု၊ ချိန်ကိုလှ၍၊ မျှော်ရှုမငံ့ပါတည်း၊
၊ သုံးလုချာမြတ်ဘုရား၊ ကိုယ်စားဓါတ်လျှင်၊ ကျိုန်းတော်ရှင်သည်၊ သျှင်ပင်တန်းခိုးအားကြောင်၊ သီးပွင့်ငြားပင်တကာ၊ သူတော်အလောင်း၊
နီဘွယ်ကောင်းသည်၊ ချမ်းဆောင်းရိပ်သာယာနှင့်၊ မျိုးလေးဖြာသျှင်လူများ၊ ရောက်ငြားပျော်ရွှင်၊ ကိုယ့်ရပ်ခွင်ကို၊ ပြန်ချင်ပင်မဟိငြားတည်း။
လွန်ဆန်းပြားများသျှင်လူ၊ ရီမူသောက်ချိုး၊ အီးမြနိုးသည်၊ သွီးရိုးနို့နှင့်တူ၏။ နှိုင်းခိုင်းယူဂန္ဓဗ္ဗ၊ စိတ္တရကေလာ၊ ကုသိန္နာဟု၊ ပမာယွင်းခွတည်း။
ရွှင်လန်းကြလူတကာ၊ ပန်းနံ့သာလိမ်းကျံငြား၊ ဝတ်စားတန်းဆာ၊ ကြိုက်သည့်ငှာကို၊ ယူကာဆင်ဝတ်စား၍၊ လင်မယားမောင်နှံစုံ၊
သားနှင့်သမီး၊ ချစ်မညီးကို၊ ပွေ့ပြီးချီရွက်တုံလျှက်၊ များဗိုလ်ပုံတသောသော၊ လှီပွဲကျင်ကျင်၊ ပျော်မှုဆင်သည်၊ သဘင်လက်ပွဲများကို၊
ရှုကြည့်ငြားတုံသောခါ၊ ပတောက်ပန်းမှာန်၊ ထီးတန်းခွန်နှင့်၊ ကျောင်းကန် လားကြပါလျှက်၊ လူများဖျင်ရီကစား၊ သောင်းကျွန်းဇမ္ဗူ
မြရိပ်ငုဝယ်၊ ထိမ့်ဆူကျော်နှံ့ကြား၏။ ဖျိုးကြွယ်ပွါးရတနာ၊ လိုရာသမျှ၊ ချင်တိုင်းရသည်၊ မာဃဝတီ်သာသို့၊ ပြည့်စုံစွာလွန်ဆန်းပြား၊
မြောက်ခွင်ရင်မှာ၊ ပဒေသာတွင်၊ ဆွတ်ကာယူ၍စားသို့၊ ရွှင်ပျော်ပါး ကျိုန်းမြို့မြီ၊ ဘုမ္မိနက်သန်၊ မြီမျိုးမှန်သည်၊ ဂါမံကျက်သရီနှင့်၊
မျိုးကြင်ဆွီမေအလှ၊ နှမနှစ်ဖြာ၊ ဆင်းကလျာနှင့်၊ လှူဒါပီးစွန့်ငှလျှက်၊ နောက်ပုည နောင်သံသာ၊ ဆံမွှာမပြား၊ တူနှစ်ပါးသည်၊
ဖြစ်ငြားရလိုပါဟု၊ သမ္ဗုဒ္ဓါစိန္တေယျ။ လူ့ဘချစ်သျှင်၊ ကျိုန်းတော်ရှင်သည်၊ ဓါတ်လျှင်ရှိမှဒ်ဝ၌၊ ဦးနှိမ်ချ ပန်းပွင့်တင်၊ ကြည်လင်ရွှင်လန်း၊

ရှိသက်န်းကို ၊ ရက်ကန်းကပ်လှျုကျင်လျှက်၊ နိတိုင်းပင်ရက်မပြတ်၊ ဒါနကုသိုလ်၊ မင်္ဂဖိုလ်လို၍၊ ကြည်ညိုအလှူဝတ်ကို၊ ပီးစောင့်မှတ်မောင်နှံစုံ၊ ရပ်ဘုံနဂရ၊ ကျိန်းဒေသဝယ်၊ သုခလွန်ပွါးပုံနှင့်၊ ပျော်ရွှင်တုံမောင်နှမ၊ နီကြပါသည်၊ ရပ်ရွာ ကိုယ့်ဌာနလေး။ ။

၁၁။ ဌာနကျက်သရီ၊ ကျိန်းမြို့မြိုသည်အံ့ဘွယ်သာ၊ ညာတိကာမိနှင့်ဘာ၊ အလှနတ်သွင်၊ ရာသက်ကြင်သည်၊ ယင်းတွင်ဘွားမြော်ကြ၏။ ထိုဒေသ တောင်ကိုပေ၊ ကျွန့်မှာသက်ထား၊ ငယ်မျောက်သားနှင့်၊ လည်လားကြည့်ခီပါက၊ အံ့သြဘွယ်လွန်ဆန်းပြား၊ သီးကားပွားပုံ၊ ပန်းမျိုးစုံသည်၊ ရဂုံထို တောင်ဖျား၌၊ ဆပ်သွားဖူးအဝေယာ၊ ကြိုင်စွာကျက်ရုံး၊ သီးမျှော်ကုံးသည်၊ ဂမုံးကြိုင်အီးစွာနှင့်၊ ပန်းနော်နာပန်းထင်ရှား၊ ကွမ်းဖဲဆင်းဝီ၊ ငုံးရွှီ ပန်းချရားနှင့်၊ ပန်းဒေါနချပ်တရာ၊ ခဝါထိုပန်း၊ ပွင့်နီလွန်းသည်၊ ခေါက်ရမ်းဇီသဝါနှင့်၊ ပန်းရွှီကြာမိုးဇီပန်း၊ နှင်းပန်းသရဖီ၊ ဇော်ဂျီသည်ပန်းစံကား၊ ပန်းဒေါနသည်၊ ထူးစွကောက်စရီနှင့်၊ ပန်းနှင်းဇီအင်္ဂရင်း၊ ပုန်းညှင်းရွှီတူ၊ မစ္ဆူပန်းခပင်းရို့၊ အပင်ချင်းမိုကာကာ၊ ရမာငုံးပန်း၊ ကြိုင်အီးပျံးသည်၊ မွှီးလွန်းစလတ္တာနှင့်၊ ပင်မြင့်မှာသဇင်ပန်း၊ မြိုင်ပန်းလည်းဟူ၊ မအူညှာစိမ်းပန်းတည်း။ ပေါက်ပန်းပွင့် ဖြူအနီ၊ စုံစိမရီး၊ ပန်းတမျိုးသည်၊ မညှိုးပွင့်ဝီဝီနှင့်၊ ကြာနီသည်ပန်းမြစ်ကိုင်း၊ ပင်တိုင်းသာခွေ၊ ပန်းစပယ်ဟု၊ ပွင့်သည်ဖြူမှိုင်းမှိုင်းတည်း။ ပန်းမြင်တိုင်းရှုဖွယ်သာ၊ မဟာလှေကာ၊ မြတ်လေးစသည်၊ ဖြူဆွပဒုံကြာနှင့်၊ ကြွက်နားသာပန်းခဲ၊ ပန်းရင်းများဟူ၊ မွှီးပျံ့ကြူသည်၊ ကြာဖြူစွယ်တော်ပန်းတည်း။ ပွင့်လန်းလန်းပင်တကာ၊ သဲတော်ရင်ခတ်၊ သစ်ကဝတ်နှင့်၊ ပန်းမြတ်ပုန်းညှက်သာတည်း။ သင်းပုန်းခေါ် ကြိုင်အီးအီး၊ မုဂ္ဂါသနီ၊ လှမျိုးညီသည်၊ ဒန်းညီပင်ချောင်းစီး၍၊ ပွင့်တုံပြီးရှုဘွယ်သာ၊ ကြာပုဏ္ဏရိတ်၊ ကြာတံဆိတ်သည်၊ လျှံမြိတ်ရောင်ဝင်းဝါနှင့်၊ ဆူးပန်းသာကြာခေါင်းလောင်း၊ ပန်းခေါင်းခေါ်ဆို၊ အောက်မဲညိုဟု၊ ခေါ်ဆိုထိုပန်းပေါင်းရို့၊ ပွင့်တုံသျှောင်းစိမ်းညိုပြာ၊ ရွှမ်းရွှမ်းစိုသည်၊ နှစ်လိုရှုဖွယ်သာတည်း။ ရဲနီစွာတောင်ကြက်မောက်၊ ပွင့်မြောက်တုံပါ၊ ပန်းတကာသည်၊ ချိန်ခါဥတု ရောက်က၊ ပြည်ရွာများအီးကြိုင်ကြိုင်၊ ဂနိုင်သာမော၊ ကျိန်းတောင်တောဝယ်၊ ဖျင်ပွါးခက်ချင်းဆိုင်၍၊ ပင်ချင်းရိုင်ရှိမရ၊ ပွင့်ကြများစွာ၊ တောင်မြတ်သာ၌၊ သချာ်အန္တတည်း။ ကုံးသီထားနည်းအတူ၊ ရာသီပြောင်းကြွ၊ ချိန်ကာလဟု၊ မာသအားကိုယူ၍၊ ပွင့်ကြမှုထိုတောင်ပါး၊ မကွာတူပြိုင်၊ နံချင်းယှဉ်လျှက်၊ ညွှတ်ကိုင်ဆွတ်ယူပြား၍၊ မြတ်ဘုရားကျိန်းတော်သျှင်၊ သျှင်ပင်ဗုဒ္ဓ၊ ထံရင်းခသည်၊ ဂူဝထဲသို့ဝင်လျှက်၊ ဂေါင်းထက်တင်ရိုတုတ်ကွ၊ ပုညကမ္မာ၊ နောင်သံသာဝယ်၊ ကျင်လည်ရာရာဘဝ၌၊ တူတကွမောင်နှံစုံ လူ့ဘုံနတ်ရွာ၊ ဆက်များစွာဝယ်၊ ချမ်းသာသုခဘုံနှင့်၊ စံကြတုံမောင်နှမ၊ ဖြစ်ရပါလို၊ စိတ်ကြည်ညိုဖြင့်၊ ပန်ဆို ဆုတောင်းကြ၍၊ ရီစက်ချတုံပြီးခါ၊ သက်သီပြုထား၊ နတ်ရို့အားလျှင်၊ တိုင်ကြားပြုခယ့်ပါမှ၊ ခြီရုံကာဖော်ရွှေများ၊ သန်လျှားထမ်းစင်၊ မြင်းနှင့်ဆင်ကို၊ ယာဉ်ရှင်စီးတက်ငြား၍၊ ရွှင်ပျော်ပါးတီးမှုတ်ကာ၊ ဌာနရည်မှန်၊ အိမ်ဗိမာန်သို့၊ လှည့်ပြန်လာလတ်ပါလျှက်၊ ဆိုက်ရောက်ခါရွာဂါမ၊ ပျော်ဘွဲ့သဘင်၊ ပွဲကြီးဆင်၍၊ နိပင်မကင်းကြတည်း။ ဝသန္တပစ္စုန်လွန်၊ သီလစောင့်မှတ်၊ ဝါလကျွတ်သည်၊ ဆန်းထ ရောက်လတ်ပြန်က၊ ထီးတန်းခွန်မုလေးပွါး၊ ဘုရားလက်ဆောင်၊ ထမင်းထောင်နှင့်၊ များမြောင်အဖြာဖြာကို၊ ကိုင်ယူငြားလာသောခါ၊ ငယ်လင်မယား၊ သမီးသားနှင့်၊ ဝတ်စားဆင်ယင်ပါ၍၊ တူစုံသာရွှင်ပျော်ပါး၊ တရားကုသိုလ်၊ ဆည်းပူးလို၍၊ ကြည်ညိုလွန်ဆပွားကာ၊ ဆီမီးတန်းဆောင်၊ သုံးလုဘောင်ဝယ်၊ ပြောင်ပြောင်ညှိထွန်းပါလျှက်၊ သာထုခေါ်ဝါကျွတ်လ၊ သေံသီကာ၊ လသာသာတွင်၊ ကြော်ငြာလက်ခုပ်ခတ်၍၊ ညဥ့်လုံးပြတ် မအိပ်ပါ၊ သျှင်လူအများ၊ ကျိန်းမြို့သားရို့၊ သောသောရုရုဆာလျှက်၊ တူရိယာအသွယ်သွယ်၊ ဗောပွီလင်းခွင်း၊ စည်မောင်းညှင်းကို၊ တီးခြင်း အံ့သြဖွယ်တည်း။ ရခိုင်ပြည်အလယ်ဆိပ်၊ စိမ်းမြညိုရောင်၊ ကျိန်းမြင့်တောင်ဝယ်၊ ဓါတ်ရောင်လျှံမြိတ်မြိတ်နှင့်၊ ပြည်မွှန်ဆိပ်ရိပ်သာယာ၊ သူတော်သူကောင်း၊ သူမြတ်လောင်းရို့၊ ကိန်းအောင်းမွှံ့ပျော်ပါသား၊ ကျိန်းမြို့ရွာကျိန်းဒေသ၊ နာမဂါမီ၊ ကျက်သရီဟု၊ အောင်မြီတိုင်းရက္ခာတည်း။ ထိုဌာနများသျှင်လူ၊ ဆာပူကင်းပျောက်၊ ချမ်းသာရောက်သည်၊ စွဲမြောက်သီလယူ၏။ ကျွန်ုပ်မူမောင်နှမ၊ ပြည့်လှငါးအင်၊ လွန်များဖျင်သည်၊ လိုချင်တတိုင်းရ၍၊ တူတကွမြူးရွှင်စံ၊ သလွန်ဘုံထဲ၊ လိုင်ချင်းတွဲ၍၊ ရစ်နွဲ့ရာသက်နှံနှင့်၊ တပွင့်ဆံမယွင်းခွ၊ အလှကြင်ရာ၊ မေနှစ်ဖြာနှင့်၊ တပွင့်ဆံမယွင်းခွ၊ ချစ်ခင်ကြတူမကွာ၊ သဲချာနှစ်ပါး၊ သမီးသားနှင့်၊ ပျော်ပါးနီကြပါသည်၊ မြို့ရွာကျိန်းဒေသမှာတည်းလေး။ ။

(ပထမမူကြမ်း) ဆရာတော်အသျှင်ပညာထံမှ ရသောမူဖြစ်ပါသည်။
နောက်ထပ်မူပွားများနှင့်ညှိနှိုင်း၍ အမှန်ဆုံးဖြစ်အောင် တည်းဖြတ်သုတ်သင်ကြပါကုန်။
(ခိုင်ကျော်ကျော်)

# ရခိုင်ရာဇဝင်လင်္ကာ

(ရမ္မာဝတီ ဝါးကျောင်းဆရာကေတု)

(က) ရင်

၁။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿတိ။ တိရံတိဌတု

၂။ သဒ္ဓမ္မေ သဒ္ဓမ္မော၊ ဘုရားမုက္ခပါတ်၊ ပိဋကတ်သုံးပုံ၊ အလုံးစုံသော သူတော်ကောင်း

၃။ တရားသည် စီရံစီရကာလံ၊ မြင့်ရှည်စွာသော၊ သာသနာဝါးထောင်စိအောင်ပတ်လုံး၊

၄။ တိဌာတု၊ မယုတ်မပျက်၊ ထွန်းလျှက်ပတ်လည်၊ တည်ပါစီသတည်း။

၅။ မြတ်မင်္ဂလာ၊ မြတ်ကြောင်းရှာလျှက်၊ မြတ်စွာဘုရား၊ အပါးပါးရို့၊ တရားကိုကျင့်၊

၆။ သမ္မာရင့်၍၊ ညာဏ်ပွင့်ကြရာ၊ ယုဇနာမူ၊ သချ်ာသောင်းမြီ၊

၇။ ကျွန်းသပြီထက်၊ တောဟီဝန်တောင်၊ ဂနိုင်ချောင်မှ၊ ရီမြောင်ဆင်းစီး၊

(ကာ) ကြော

၁။ ခရီးဝီးဆန့်၊ ရှည်အထွန့်ဖြင့်၊ လိမ်တွန့်မော်ဖြစ်၊ ပတ်ရစ်ဆက်သွယ်၊ ကျယ်ထက်ကျယ်လျှင်၊ ပင်လယ်သို့ပေါက်၊ သမုဒ်ရောက်အောင်၊ ကမ်းလျှောက်သစ်စိုင်၊

၂။ စပ်ယှဉ်ပေါင်းမြက်၊ ချောင်းတက်ကြီးငယ်၊ ကွင်းလယ်ပြင်ဝှန်း၊ ကိုင်းကျွန်းသာလှ၊ ဂစ္ဆဘဟု၊ မြစ်မကမ်းလျှောက်၊ ရှီနန်းဆောက်လျှက်၊ မင်းမြောက်ထီးဆောင်း၊ ဘုရင်ပေါင်းရို့၊ သင့်ကြောင်းခွန်ထုပ်၊

၃။ ကောက်ခံအုပ်လျှက်၊ သိမ်းချုပ်နတ်တူ၊ စံကြမူသော်၊ ဇမ္ဗူပတ်ကုမ်း၊ လူအားလုမ်းလည်း၊ မှီသုံးစွဲစား၊ ဆန်စပါးကြောင့်၊ အခြားတိုင်းမှည်၊ ထိုထိုပြည်မှ၊ ရောက်သည်သင်္ဘော၊

၄။ ရီကြောထွက်ဝင်၊ သယ်တင်မနိုင်၊ ပုတ်ရိုင်ကျိုပြည့်၊ သွင်းထည့်ထားရာ၊ မဟာဝိပတိကာ၊ နာမသတင်း၊ ကောင်းနမ့်သင်း၍၊ ခပင်းနွယ်ရိုး၊

၅။ အမျိုးမျိုးရို့၊ မှီကိုးသီးသီး၊ ပျော်မည်းသည်၊ တိုင်းကြီးရခိုင်ပြည်လျှင်တည်း။ ။ ရခိုင်နာမည်၊ ဤရှိပြည်၌၊ ဦးတည်မည်ဟိ၊ သမုတ္တိဟု၊ ဘုမ္မိသခင်၊

၆။ တန်ခိုးထင်သည်၊ ဗုဒ္ဓင်္ဂရ၊ လောကခေါင်ချာ၊ မဟာသမတ်၊ မင်းမြတ်ပုတ္တော၊ ဝရောစခေါ်၊ သားတော်ဆက်စိုး၊ အမျိုးစိုင်ကာ၊ ကုသာနာမ၊ ဘာရာဏရို့၊ ရာဇဂြိုဟ်မည်၊

၇။ မြို့ပြည်တည်လျှက်၊ ထိုသည်ကဖြန့်၊ နယ်ခြားကန့်၍၊ ပွားဆန့်ထီးဆောင်း၊ မင်းအပေါင်းရို့၊ ရောင်မောင်းလင်းထိန်၊ နန်းရှိအိမ်ထက်၊ စည်းစိမ်ခံကြ၊ ခတ္တိယတွင်၊ ကေစကွ၊

၈။ နာမည်ပြုလျှက်၊ ပြည်ဟုမော်ကွန်း၊ တည်ထွန်းမြောက်ပြီး၊ ထိုမင်းကြီး၏၊ သမီးတော်လှ၊ ဒေဝဂမ္ဘာ၊ ရတနာသည်၊ သညာမည်ဟိ၊ အသိတဉ္စန၊ နဂရကို၊ စိုးရသနင်း

(ကာ) ရင်

၁။ ထိုသည်မင်း၏၊ သားရင်းအဟုတ်၊ ဥပ္ပသာဂရ၊ မင်းပျော်လှနှင့်၊ သင့်ကြသော်အား၊ ယောက်ျားတဆယ်၊ နှောင်းငယ်သမီး၊ ဖွား၍ပြီးသော်၊ သားကြီးညီနောင်၊ လက်ရုံးထောင်လျှက်

၂။ ကြံဆောင်ပတ်ကုမ်း၊ ဇမ္ဗူလုမ်းကို၊ ခွန်ကျုံးရလျှင်၊ တန်ခိုးထင်သား၊ မြို့ရှင်ကျော်ညာ၊ ဒွါရာဝတီ၊ ပြည်ပူရီဟု၊ ရံမှီလက်ပြ၊ ဝဲပုံနီခြင်း၊ သတင်းအလျှောက်၊ ချီလာရောက်သော်၊

၃။ မြို့ပျောက်လီက၊ စုံစမ်းကြမူ၊ တောရချမ်းမြေ၊ ရသေ့အမြွက်၊ ဆိုချက်ဝေဝုတ်၊ စကားငုတ်ကြောင့်၊ ကြံလုတ်မှတ်စွဲ၊ သံဖြင့်တွဲလျှက်၊ အမြဲလေးထောင့်၊

၄။ မြို့စောင့်နီကြ၊ ယက္ခလေးကောင်၊ တန်ခိုးထောင်အား၊ သန်းခေါင်ယံတွင်၊ စားဖွယ်ဆင်သော်၊ ပျော်ရွှင်အားကြိုက်၊ မွှဲ့ပျော်ခိုက်ကို၊ ခရိုက်အားနှိတ်၊

၅။ သံကွင်းချိတ်က၊ မြဲကြိတ်လက္ခ၊ မြို့ကိုရ၍၊ ထိုမှစသည်၊ ကာလရှည်အောင်၊ နာမည်ဖေါက်လွဲ၊ မြို့သံတွဲဟု၊ မှတ်စွဲလုခွင်၊ ခုတိုင်တွင်သည်၊
၆။ ဘုရင်ရာဇဌာနီတည်း။ ။ ရာဇဌာနီ၊ နန်းသိင်္ဂီမှ၊ ခွန်းဆီဇမ္ဗူ၊ ကျွန်းလုမ်းယူလျှက်၊ မင်းမူတော်ပြု၊ အောင်ဇေယုဖြင့်၊ ဝါသုဒေဝ၊ မင်းလှလက်ထက်၊ မြို့ပြည်ပျက်၍၊
၇။ပြီးထွက်ကြသော်၊ နမတော်ဟု၊ နတ်လျှော်ရူပ၊ အဓ္ဓနနှင့်၊ ဗြဟ္မသုန္ဒြီ၊ တူညီမကွာ၊ ဆရာပါ၏။ လမ်းမှာဘေးတွိ၊ မင်းစုတိသော်၊ နောက်ရှိယှဉ်မှီး၊ မင်းသမီးကို၊
၈။ ခရီးအတူ၊ ပုဏ္ဏားယူ၍၊ လားမူနိခြား၊ ဒလက်ဖျား၌၊ တန့်နားနီသော်၊ ထိုသရော်၌၊ တိုင်းတော်ခရိုင်၊ နန်းပိုင်သာမိ၊ ဝေသာလိတွင်၊ မဟိဖေါက်ပြန်၊ နတ်ရွာစံမူ၊

(ကိ) ကြော

၁။ ဆက်ခံမင်းလောင်း၊ သားကောင်းမဖြစ်၊ သမီးစစ်သာ၊ ကျိန်းရစ်သဖြင့်၊ ထီးနှင့်တန်သည်၊ မတန်သည်ကို၊ တိုင်းပြည်စက္ခု၊ မတ်တစုရို့၊ ကြည့်ရှုအတွင်း၊ သတင်းစကား၊ ကြားသိငြားသော်၊ ပင့်ခေါ်ထောက်လှန်း၊
၂။ စုံစမ်းကြရာ၊ ပညာမြော်မြင်၊ ဘုန်းကံသျှင်ဟု၊ နန်းတင်လီက၊ ဗြဟ္မဏလည်း၊ တူကွနောက်ပါ၊ နတ်ဆင်းဝါနှင့်၊ ဝေသာမြို့ကြီး၊ မင်းသမီးကို၊ ဆောင်သီးရာထား၊ မိဖုရားဟု၊
၃။ မြောက်စားတင့်တယ်၊ ပျော်စမွယ်၍၊ နန်းနွယ်ဆက်စိုး၊ ထိုမင်းမျိုးမူ၊ ထီးရိုးခံကြ၊ ဂန္ဓဘနဒီ၊ မြစ်ဆီလက်ယာ၊ မြို့ရာတည်ချဲ့၊ ဘုံနန်းဖွဲ့သား၊ ကိုးဆယ့်ကိုးမြို့၊ လက်ဝဲသို့လျှင်၊ မချို့လည်ကောင်း၊ မြို့အပေါင်း၌၊
၄။ ထီးဆောင်းကြိမ်ကြိမ်၊ အသမ္ဘိန်ဟု၊ ဇနိန္ဒရာဇ်၊ စိုင်ကာဖြစ်သည်၊ နွယ်သစ်ဆက်ကာဆက်ကာတည်း။ ။ နွယ်သစ်စိုင်လျှောက်၊ ဖြစ်မြောက်များမြောင်၊
၅။ ပြည်တည်ထောင်သော်၊ ထို့နောင်ဆက်မှီး၊ မြို့ကပ္ပီးမှ၊ အဇ္ဇုနသည်၊ တရားနှစ်သက်၊ တောသို့ထွက်၍၊ မြိုင်နက်စိမ်းစို၊ ရဂုံခိုလျှက်၊
၆။ ထိုထိုပြောင်းလွဲ၊ မမြဲနေရာ၊ ဤမြစ်ညာသို့၊ ရောက်လာလတ်ကျင်၊ ပြိုင်ညှောင်ပင်ကို၊ မှီကျင်နီထ၊ ထိုကာလ၌၊ ဆတ်မနှင့်မူ၊ အတူနှစ်သက်၊ ရှိအထက်က၊ မိတ်ဖက်အစစ်၊
၇။ ခင်ပွန်းဖြစ်၍၊ ကြင်ချစ်သဖြင့်၊ သင့်တင့်ခြင်းကြောင့်၊ ဆုံကြပေါင်းသော်၊ မင်းလောင်းသန္ဓေ၊ ထိုမှာတည်၏။ မိုးစွေထန်ပြင်း၊ လီခတ်ခြင်းကြောင့်၊ မြစ်ရင်းမှပြတ်၊
၈။ ပင်လုံးကျွတ်က၊ ထိုဆတ်မကြီး၊ တက်ကာစီးလျှက်၊ ခရီးရှည်စွာ၊ မျှိုးတိုင်းပါက၊ ကိုင်းမှာငြိတင်၊ ထိုတွင်သားဖွာ၊ ဘုန်းကံအားကြောင့်၊

(ကိ) ရင်

၁။ တောလားရာမှီး၊ သင်းကြီးအောင်လာ၊ မြိုတွိလာ၍၊ ယူကာပိုက်ထွီး၊ သားပြုမှီးက၊ လူရီးသတ္တိ၊ မြောက်သည်ဟိမူ၊ မိမိရင်တွင်း၊ သမီးရင်းနှင့်၊ ဆောက်နှင်းတုံပြု၊ မာရယုဟု၊ ဝန်းစုခစား၊ စွမ်းအားထင်ပေါ်၊
၂။ ပညာကျော်၏။ ထိုရော်အခါ၊ ပြည်မှာဖီးများ၊ ဘီလူးစား၍၊ ပျက်ပြားလီဘိ၊ မင်းမဟိကြောင့်၊ ဝေးရိစောင်မာန်၊ ဘီလူးရန်ကို၊ ပါယ်လှန်အောင်မြင်၊ ရှိဘုရင်၏၊
၃။ နန်းတွင်ရှိထ၊ သမီးလှနှင့်၊ ရာဇဘိသိက်၊ ဆတ်တံဆိပ်ဖြင့်၊ ဖြူရိပ်ဆောင်းကာ၊ သီရိမာ၏၊ မြစ်ညာဒေသ၊ မြို့ရာချလျှက်၊ ဥဿဝတီ၊ အောင်ခန်းချီ၍၊ သိင်္ဂီဝင်းတောက်၊ ရွှီနန်းဆောက်သည်၊
၄။ မင်းမြောက်အောင်စည်ရိုက်ခြိမ့်တည်း။ ။ အောင်စည်ထစ်ကြိုး၊ ဘုန်းတော်တိုးလျှက်၊ တန်ခိုးအနှမ့်၊ ထိုထိုပြန့်၍၊ ရန်ညွှန့်မပေါ်၊ ရွှီနန်းတော်ထက်၊ စံပျော်မင်းပြု၊
၅။ မာရယုသည်၊ ပြောင်းစုတိနောက်၊ သားမြီးလျှောက်လျှက်၊ ထီးအောက်စမွယ်၊ ငါးဆယ်မက၊ လေးယောက်ကျမှာ၊ ကံရာဇာသည်၊ ဖြစ်လှာနွယ်မြောက်၊ နှစ်ဆယ်ခြောက်တည့်။
၆။ ထို့နောက်နှမ့်သိ၊ ဘုန်းတော်ဟိသည့်၊ သီရိရာဇာ၊ မင်းမဟာ၏၊ တောင်ညာနန်းစံ၊ ကုမ္မာရံဟု၊ နာမံဒေဝီ၊ မဟေသီ၌၊ တိထီမာသ၊ ပြာသိုလ၏၊ ပြည့်ထနိတွင်၊ နီဝင်လုဆဲ၊
၇။ ရဲရဲရောင်ဖြာ၊ စန္ဒရာသည်၊ ပေါ်လာထွက်တုံ၊ လဘုံနီအိမ်၊ ထွန်းပချိန်ကို၊ ချမ်းငြိမ်လွယ်ကူ၊ ဖွားတော်မူ၍၊ သူရိယာစန္ဒ၊ အမည်ရလျှက်၊ တေဇဘုန်းလှိုင်၊ ဘရာထိုင်မူ၊ ဂနိုင်သာမော၊ ဟောဝန်တောမှ၊
၈။ ကောင်းသောငွေတူ၊ ဆင်ဖြူကိုးစီး၊ သီးသီးရောက်လာ၊ မူးမတ်မှာလည်း၊ များစွာတွက်ကိန်း၊ တသိန်းမြောက်ပေ၊ ရံခြွီရွှေတည့်၊

နန်းနေမြို့သျှင်၊ များဘုရင်ရို့၊ ခဝင်ကျိုးနွံ၊ ကျွန်တော်ခံသား၊

(ကီ) ကြော

၁။ ဘုန်းကံကြီးခြင်း၊ ထိုသည်မင်းလျှင်၊ နန်းတွင်းစံပျော်၊ မူခါသော်၌၊ ပြိုင်ဖော်မဟိ၊ သမ္ဘောမိလည်း၊ များဘိသဃ်ာ၊ ထရ်ငါးရာနှင့်၊ အာကာခရီး၊ ယာဉ်ရှင်စီးလျှက်၊ ပြည်ကြီးသမိုင်း၊ ရခိုင်တိုင်းသို့၊

၂။ ဆိုင်းဆိုင်မတ်မတ်၊ ကြွတုံလတ်၍၊ ပညတ်သညာ၊ သေလာဂီရိ၊ မည်ဟိတောင်ညွန့်၊ ကိုယ်တော်တန့်သည်၊ ရောင်ကွန့်ခြောက်သွယ်ထိန်ညီးတည်း။ ။ ညီးညီးပြောင်ပြောင်

၃။ ခြောက်မည်ရောင်ဖြင့်၊ ထိုတောင်ထိပ်ဖျား၊ ရပ်တန့်နားလျှက်၊ ဘုရားစိုင်လာ၊ ဓမ္မတာဖြင့်၊ ဒိသာဝန်းလှည့်၊ ရှုကြည့်လတ်လျှင်၊ ယခင်ရှိကျူး၊ ဖြစ်ဖူးဌာန၊ ဒေသမှိုင်းညို့၊ အရပ်ရို့ကို၊

၄။ သို့သို့ဆင်ခြင်၊ သိမြင်တူရှု၊ ပြို့တော်မူက၊ လေးဆူဒန္တ၊ စွယ်တော်မှသည်၊ တာလသဖွယ်၊ ထန်းလုံးနှယ်လျှင်၊ ရောင်သွယ်လက်လက်၊ ပြီးထွက်လတ်ခါ၊

၅။ အာနန္ဒာသည်၊ သိသာခြေငံ၊ လျှောက်တောင်းပန်က၊ မိန့်သံကျူးကျော်၊ ဤသို့ဖေါ်၏၊ ညီတော်မှတ်တည်၊ ဤတိုင်းပြည်မူ၊ ပတ်လည်ထူးဆန်း၊ ရွှီဘုံနန်းရို့၊

၆။ မြောက်ထွန်းသမိုင်း၊ ကျွန်းကိုင်းဝှန်းကျယ်၊ ကွင်းပြင်လယ်ဖြင့်၊ ဆန်းကြည်သာမော၊ စာရေပေါဒ့်၊ ရောနှောမစွက်၊ ဆန်သက်သက်ရို့၊ မြိန်ယှက်သြဇာ၊ ဖြစ်ခြင်းရာကြောင့်၊

၇။ မြတ်စွာအများ၊ ရှိဘုရားရို့၊ စကားမိန့်ညွန်း၊ ချီမွမ်းကုမ်ကြ၊ ဧညဝတီ၊ မည်ခယ့်ပြီတည်း၊ ငါ့ညီထရ်မွန်၊ သျှင်အာနန်လေ၊ ရှိလွန်သောခါ၊ ငါမြတ်စွာသည်၊ ဝေသာလိတွင်၊ ဂုဏ်တင်နမ့်သိ၊

၈။ ပရောဟိဟု၊ ပဏ္ဍိအင်ပြည့်၊ တပည့်ခြောက်သောင်း၊ ရွှေဖေါ်ပေါင်းနှင့်၊ သူကောင်းတဇစ်၊ ထိုမှာဖြစ်၍၊ ပေပြစ်ပုံစံ၊ ငါ့သဏ္ဍာန်နှင့်၊ တဆံမယုတ်၊

(ကီ) ရင်

၁။ သွန်းလုပ်ပြီးခါ၊ မဟာမုနိ၊ မည်ဟိထင်ရှား၊ ငါ့ကိုယ်စားလျှင်၊ တည်ထားလတ်အံ့။ ရပ်တန့်ခုပေ၊ ငါရို့နေသား၊ ဖျိုးဝေမောက်စွာ၊ သေလာဂီရိ၊ မြင့်ဘိညို့မှောင်၊

၂။ ဤသည်တောင်၌၊ ယခေါင်ရှိဇာတ်၊ ပန်းပွတ်သမား၊ ဖြစ်ခယ့်ငြား၍၊ နောက်ကားနိဗ္ဗာန်၊ ငါလွန်သောခါ၊ ငါ့ခန္ဓာမှ၊ ခြောက်ဖြာရောင်လွှတ်၊ ကျောက်ရိုးဓါတ်သည်၊ တည်လတ်ထင်ပေါ်၊

၃။ ကျောက်တော်ဇေတီ၊ ခေါ်ညီအနမ့်၊ တွင်လတ္တန့်ဟု၊ မိန့်ညွှန့်ဖေါ်ပြ၊ ထိုမှစ၍၊ ဒေသပတ်လည်၊ ဤတိုင်းပြည်၌၊ ကျင်လည်တော်ဖူး၊ ထူးထူးအရပ်၊ ကိန်းဝပ်အံ့သည်၊

၄။ ဓါတ်မည်မည်ကို၊ နှုတ်ခြည်စကား၊ ဗျာဒိတ်ကြားက၊ ဘုရားတန်းခိုး၊ ဘုန်းတော်တိုးလျှက်၊ ထစ်ကြိုးပဲ့တင်၊ ငယင်သိမ့်သိမ့်၊ တော်ကြိမ့်ကြိမ့်နှင့်၊ ငြိမ့်ငြိမ့်သံခြိမ်း၊

၅။ ဒိသာဟိန်းသည်၊ ကြောက်ကြီးဘနန်းဖြစ်သတည်း။ ။ ကြောက်ဖွယ်သောတိတ်၊ ထိုနမိတ်ကြောင့်၊ လန့်ထိတ်အုမ်းအုမ်း၊ တရှမ်းရှမ်းလျှင်၊ ပြည်လုမ်းရှိက၊

၆။ နရသခင်၊ ရွှီပြည်သျှင်လည်း၊ ဗေဒင်မြင်သိ၊ ပရောဟိနှင့်၊ ပဏ္ဍိမြှောက်စား၊ မူးမတ်များကို၊ ကြောင်းလျှားသိရီး၊ စီးစစ်မိန်းသော်၊ ကွာဝီးခရီး၊ နတ်ယာဉ်စီးလျှက်၊ ဘုန်းကြီးမုနိန်၊

၇။ မာရဇိန်သည်၊ မြဟိန်ညို့မှောင်၊ သေလာတောင်၌၊ များမြောင်သဃ်ာ၊ ရဟန္တာနှင့်၊ ကြွလာသောတိတ်၊ နမိတ်မှန်ကြောင်း၊ လျှောက်လီသျှောင်းသော်၊ အကြောင်းစကား၊ မြတ်ဘုရားဟု၊ ကြားသော်ခန၊

၈။ ထိုမင်းလှသည်၊ ထကြွလျှင်ပင်၊ ဖူးမြင်ချင်ကြောင့်၊ ဆင်မြင်းမစီး၊ ဖြူထီးမဆောင်း၊ မူးမတ်ပေါင်းနှင့်၊ ပန်းကောင်းနံ့သာ၊ လက်စွဲကာဖြင့်၊ လျင်စွာလှမ်းကြွား၊ ချီကြွလားသော်၊

(ကု) ကြော

၁။ ကိုယ်အားပင်ပန်း၊ ခန္ဓာနွမ်းက၊ စခန်းချရည်၊ ပွဲတော်တည်မူ၊ စားသည်ထမင်း၊ ရောက်ချင်ပြင်း၍၊ မဲဟင်းတစိ၊ မစားမိတည်း။

သတိဆောင်ကာ၊ လားသည်ခါတွင်၊ ဗိုလ်ပါချင်းစပ်၊ ထူထပ်ညံ့ညံ့၊

၂။ အသံမစဲ၊ သဲသဲအုမ်းအုမ်း၊ တရုမ်းရုမ်းနှင့်၊ ပြင်လုမ်းပြွန်းပြွန်း၊ ပြည့်တင်းကျန်းကြောင့်၊ မြို့လွှမ်းဖုမ်းအုပ်၊ မြီမှုန့်ချုပ်က၊ ကဲဆုပ်မပေါက်၊ တောင်မြောက်ဝန်းကျင်၊ မမြင်တုံက၊ လမ်းမရသော်၊ ဗုဒ္ဓသို့ရှယ်၊ ရှိကိုးကွယ်မူ၊

၃။ ဘုန်းကြွယ်ခေါင်ထွဋ်၊ ဘုရားမြတ်သည်၊ ရောင်လွှတ်ခါတုံ၊ အကုန်လင်းဘိ၊ လမ်းစမ်းသိလျှက်၊ ရှင်ဘိလျင်ပြင်း၊ လားလီလျှင်းသော်၊ ခြီရင်းတော်၌၊ ဦးဂေါင်းဆိုက်၍၊ လက်ခိုက်ရိုကျိုး၊

၄။ လွန်မြတ်နိုးလျှက်၊ ရှိခိုးဝမ်းမြောက်၊ ပန်းပေါက်ပေါက်ဖြင့်၊ ချီမြှောက်ပူဇော်၊ ပြုကြသော်လျှင်၊ မိန့်တော်မြွက်ဟ၊ တရားပြသည်၊ ဓမ္မရစီသောကြောင့်တည်း။ ။

၅။ ဓမ္မရဇေ၊ အစိန္တေလျှင်၊ ဟောပေမိန့်ကြား၊ ထိုတရားကို၊ ချမ်းနားဝင်ထ၊ ပီတိဝ၍၊ နရသခင်၊ ထိုပြည်သျှင်သည်၊ ဦးတင်တဖန်၊ လျှောက်တောင်းပန်၏။ အကျွန်ုပ်သည်၊

၆။ မြတ်သုံးမည်ကို၊ ကြည်ကြည်ညိုညို၊ ဆွမ်းလှူလို၍၊ ပုဂ္ဂိုလ်ထိပ်စု၊ သပ္ပုညသည်၊ ယခုနောက်ပါ၊ ရဟန္တာနှင့်၊ မဟာဘုန်းထွန်း၊ ကျွန်ုပ်နန်းသို့၊ ကြွမြန်းတော်မူ၊ သယမ္ဘူဟု၊ ကြည်ဖြူသောစိတ်၊ ပင့်ဖိတ်ခယ်၍ပြီး၊

၇။ မင်းကြီးအလျှင်၊ မြို့တော်ဝင်က၊ မြတ်သျှင်လူ့ထွဋ်၊ နတ်ထက်နတ်လျှင်၊ ပြသဒ်ယာဉ်ဆောင်၊ ညီးပြောင်ပြောင်နှင့်၊ ခြောက်ရောင်တော်လင်း၊ သုံးလူ့မင်းသည်၊ ဖြောင့်စင်းကြွယွန်း၊ လီသာနန်း၌၊

၈။ တောက်ထွန်းရောင်မြစ်၊ ရှိစက်ဆိုက်က၊ အလိုက်သိခြင်း၊ ပြည်သျှင်မင်းလျှင်၊ မြတ်ခြင်းနီရာ၊ ဆန်းကြည်စွာကို၊ ပျင်ကာထားပြီး၊

(ကု) ရင်

၁။ မြတ်စောထီးလည်း၊ သီးသီးထရ်ပုံ၊ အရပ်နှင့်၊ ကောင်းမွန်ဣန္ဒြေ၊ ငြိမ်သက်နေ၏။ ရှိပြည်သခင်၊ ထီးနန်းသျှင်လည်း၊ စီရင်ကောင်းမွန်၊ သလေးဆန်၌၊ နို့သွန်လောင်းဖြည့်၊ မထည့်ရီစက်၊ နို့သက်သက်တိ၊

၂။ လောင်းချက်ဂဏှာ၊ ထိုသြဇာနှင့်၊ ရသာထူးခြား၊ အပြားပြားကို၊ ရှင်အားနှစ်သက်၊ မိမိလက်ဖြင့်၊ ကပ်လျှက်မြတ်လေး၊ ဆွမ်းလုပ်ကျွေး၏။ စည်းဝေးနောက်ပါ၊ အရိယာကို၊

၃။ မတ်ရာရာရို့၊ အစို့စို့မူ၊ နှစ်လို့ကြည်ဖြူ၊ လုပ်ကျွေးလှူ၏။ နတ်လူရို့ထီး၊ ဘုန်းပီးပြီးသော်၊ မင်းကြီးကစ၊ ထိုမှုမူးမတ်၊ ပရိသတ်အား၊ လျှောက်ပတ်သာမော၊ တရားဟော၏။

၄။ မင်းစောမဟာ၊ ထိုရာဇာလည်း၊ သဒ္ဓါလွန်ကဲ၊ မရောင့်ရဲသည်၊ ဝမ်းထဲပီတိစိမ့်သတည်း။ ။ ဝမ်းထဲပီတိ၊ နှစ်သက်ဘိ၍၊

၅။ သူရိယစန္ဒာ၊ မင်းမဟာမူ၊ ထိပ်မှာလက်မြှောက်၊ ဤသို့လျှောက်၏၊ နှစ်ယောက်မတွင်၊ ဘုံသုံးခွင်ဝယ်၊ မမြင်ဖက်တု၊ သပ္ပုညုဟု၊ ယခုကျွန်ုပ်၊ မြတ်ခေါင်ချုပ်အား၊

၆။ လက်အုပ်ဖေါ်ဖေါ်၊ ပူဇော်ဝန္ဒန၊ ဖူးတွိရသည်၊ မဝမှတ်စွဲ၊ မရောင့်ရဲခယ်၊ အမ့်အဲမနိုင်၊ နိဗ္ဗာန်ပိုင်သည်၊ ခရိုင်နီငြား၊ တိုင်းတပါးသို့၊ ကြွလားပေမူ၊ သောကထူလိမ့်၊ အယူစိတ်ကြည်၊

၇။ သတိတည်အောင်၊ သုံးမည်လူ့ဖျား၊ မြတ်ဘုရားနှင့်၊ မပြားမယွင်း၊ ရုပ်တော်ဆင်းဟု၊ ခပင်းပတ်ကုမ်း၊ လူအားလုမ်းရို့၊ စုရုမ်းဦးချ၊ ကိုးကွယ်ရအောင်၊ ဗုဒ္ဓထွဋ်ခေါင်၊ ငါးမာရ်အောင်သည်၊

၈။ လူ့ဘောင်ကြီးမား၊ ကျွန်ုပ်အားကို၊ သနားသဖြင့်၊ ထားသင့်ပါကြောင်း၊ အခွင့်တောင်းသော်၊ ရောင်မောင်းလင်းထိန်၊ မာရဇိန်လည်း၊ ချင့်ချိန်ညာဏ်တော်၊ ကြည့်ရှုမျှော်မူ၊ နောင်သော်ရှည်ကြာ၊ သာသနာသည်၊

(ကူ) ကြော

၁။ မြင့်စွာအခွန့်၊ တည်လတ္တန့်ကြောင်း၊ ကောင်းအမ့်မိန့်သံ၊ ပဋိညာဏ်ဖြင့်၊ ဝန်ခံလီက၊ ရှင်ဇောဆ၍၊ နရသာမိ၊ မင်းဘုန်းဟိသည်၊ များဘိဥစ္စာ၊ ရတနာရေ၊ ကိုးကုဋေကို၊ ယူစေပြီးတုံ၊ စုပျာပုံလျှက်၊ သုံးပုံမှန်ကင်း၊

၂။ တရားမင်းအား၊ လျှောက်တင်ကြားသော်၊ ဘုရားမြတ်စွာ၊ သမ္ဗုဒ္ဓါလည်း၊ ဒေဝါမည်ခြင်း၊ သိကြားမင်းကို၊ ထံရင်းသို့ယူ၊ ခေါ်တော်မူလျှက်၊ ငါ့တူပုံပြု၊ ငါ့ရုပ်ထုလျှင်၊ ပေါင်းစုပစ္စည်း၊

၃။ ဤမှတည်းဖြင့်၊ ငါ့နည်းဖြစ်စေ၊ သွန်းလုပ်လေဟု၊ စိန္တေသျှင်ချစ်၊ ခုနှစ်လက်ခုပ်၊ ကိုင်အုပ်ကာလုမ်း၊ ယူကျုံးပြီးသော်၊ မိုးနတ်ကျော်အား၊ အပ်တော်မူက၊ ဝါသဝလည်း၊ ဝင်းပရောင်မောင်း၊

၄။ ရှိပန်းတောင်းဖြင့်၊ ညွတ်ပျောင်းခံတုံ၊ ဝိသကြုံနှင့်၊ တူစုံလွယ်ကူ၊ မြတ်ဆင်ဖြူထက်၊ တင်ယူဆင့်တိုး၊ ထီးဖြူမိုးလျှက်၊ မြတ်နိုးဒေသ၊

ရှုကုမ်ကြ၍၊ ဧညဝတီ၊ မြို့ဆီမဖြောင့်၊

၅။ ရှိတောင်ထောင့်ဝယ်၊ နတ်စောင့်ဘုမ္မိ၊ သီရိဂုတ်တောင်၊ ဗွီခေါင်ထိပ်ထက်၊ တည်ရာတွက်လျှက်၊ ပြိုးပြက်ရောင်လွှတ်၊ မဏ္ဍာပ်စီရင်၊

၆။ တန်းဆာဆင်သည်၊ ထွက်ဝင်လူပုံနတ်ပေါင်းတည်း။ ။ လူပုံနတ်ပေါင်း၊ သောင်းသောင်းသဲသဲ၊ နတ်ပွဲပြုလုပ်၊ တီးမှုတ်ငြိမ့်ငြိမ့်၊ ပဲ့တင်ထိန့်မျှ၊ ခြိမ့်ခြိမ့်အုမ်းအုမ်း၊ တရမ်းရမ်းနှင့်၊ ခြုမ်းခြုမ်းသံမြည်၊ လူနတ်စည်ရို့၊ ပတ်လည်သံထွက်၊ ခုနှစ်ရက်တိုင်၊

၇။ အဆိုင်ဆိုင်လျှင်၊ မြိုင်မြိုင်သီက၊ ငါးဝပဥ္စင်၊ တီးသံလွင်ဖြင့်၊ ပျော်ရွှင်သီးသီး၊ ပွဲကြီးခင်းခင်း၊ သွန်းစိုင်တွင်းဝယ်၊ မင်းထက်မင်းဖျား၊ မြတ်ဘုရားအား၊ လျှောက်ကြားပေလျှင်၊

၈။ သုံးလူ့သျှင်လည်း၊ ရှိရင်တော်ငွေ့၊ ယူပွေ့လက်ခုပ်၊ ထိုမှာအုပ်လျှက်၊ ငါ့ရုပ်တော်ကြီး၊ အပြီးငါ့နှယ်၊ တင့်တယ်ပြေပြစ်၊ ယခုဖြစ်၍၊ အနှစ်မြင့်ရှည်၊ တည်ရစ်ပေဟု၊ မိန့်ပေလတ်မူ၊

(ကူ) ရင်

၁။ သယမ္ဘူနှင့်၊ ပုံတူသဏ္ဍာန်၊ တဆံမယိမ်း၊ မတိမ်းညီညာ၊ စုံအင်္ဂါဖြင့်၊ ကောဇာရောက်ထ၊ တရာ့လေးဆယ်၊ စွန်းဝယ်ခုနှစ်၊ ကြိုးထစ်သံပြု၊ မိုးဥတုသည်၊ ကုန်လုခါနီး၊ ထွန်းညီးရောင်လွှတ်၊

၂။ နက္ခတ်လျှန်ပြာ၊ ကြတ္တိကာသည်၊ ရောင်ဝါတောက်ပ၊ တန်းဆောင်လ၏၊ ဆန်းစတက်သစ်၊ ခုနှစ်ရက်မှာ၊ နိဗ္ဗဝါတွင်၊ မြတ်စွာဘုရား၊ ကိုယ်စားရုပ်ကြီး၊ သွန်းလုပ်ပြီးမူ၊ ညီးညီးပြောင်ပြောင်၊ အရောင်လှပ်လှပ်၊ တန်းခိုးလွှတ်သော်၊

၃။ များနတ်ပြဟ္မာ၊ စုရုမ်းလာ၍၊ မြတ်စွာထွင့်တင်၊ ဗောဓိပင်၌၊ ညာဏ်မြင်ခါသို့၊ နတ်လူရို့မူ၊ နှစ်လို့ဖူးမျှော်၊ ပူဇော်သောင်းသဲ၊ ဖြန့်ကြဲဖြောက်ဖြောက်၊ ပေါက်ပေါက်ပြည့်လျှန်း၊ နတ်ပန်းဖြိုးဖြိုး၊ ရွာသည့်မိုးသို့၊

၄။ မှုတ်ကြိုးသံညောင်း၊ နတ်စည်စောင်းနှင့်၊ လူပေါင်းအားကြီး၊ သီးသီးထိုက်ထိုက်၊ ကျွီးကြော်ခိုက်ကို၊ သောင်းထိုက်ဖြုတ်ဖြုတ်၊ ငယင်လှုပ်သည်၊ အုပ်အုပ်ပဲ့တင်နမိတ်တည်း။ ။

၅။ နမိတ်ဦးဦး၊ ထူးထူးပြလာ၊ ဗျာဒိဟာရို့၊ ရာဇဘုရင်၊ တက်တက်မြင်က၊ မြတ်သျှင်မကိုင်၊ ခြီတော်၌ပင်၊ ဦးခိုက်ဝပ်စင်း၊ သဒ္ဓါပြင်း၍၊ ဖြစ်ခြင်းပီတိ၊

၆။ ဂွမ်းဆီထိသို့၊ ပျောင်းအိဖိန့်ဖိန့်၊ ကိုယ်လုံးစိမ့်လျှက်၊ ငြိမ့်ကာမိန့်မော၊ ဘဝင်ဇောဖြင့်၊ ဟိသောခါသည်၊ သတိတည်၍၊ စိတ်ကြည်လတ်သော်၊ ရုပ်ထုတော်ကို၊ ပူဇော်နှစ်သက်၊ ပလ္လင်ထက်သို့၊

၇။ တင်လျှက်ထားကာ၊ ရတနာရောင်၊ လင်းပြောင်ညီးညီး၊ သိမ်တော်ကြီးဟု၊ လုပ်ပြီးပြေပြစ်၊ စုလစ်မွန်းချွန်၊ စီမွန်လုမ်းချို့၊ တန်းဆာစုံလျှက်၊ ဘုံအဆင့်ဆင့်၊ လှတင့်ထူးမြတ်၊ ကျောင်းပြသဒ်နှင့်၊

၈။ လျှောက်ပတ်စီသား၊ လှူတည်ထား၍၊ ဘုရားမြတ်သျှင်၊ ကြွစီချင်ဟု၊ လျှောက်တင်ပြန်သော်၊ မြတ်ဇိနော်သည်၊ ကြွတော်မူခါ၊ မင်းရာဇာလည်း၊ တန်းဆာဆင်ပြီး၊ လမ်းခရီးဖြင့်၊ ထွန်းညီးရောင်ရွှန်း၊

(ကေ) ကြော

၁။ မြီတော်ဆန်းလျှက်၊ ဆန့်တန်းရှုမျှော်၊ ကြည့်လတ်သော်လျှင်၊ ရုပ်တော်မုနိ၊ သက်ဟိသဖွယ်၊ ဝိညာဉ်တွယ်သို့၊ ဘုန်းကြွယ်ထွင့်ထား၊ နောင်ဘုရားကို၊ လား၍ရှိဆီး၊ ခရီးဦးကြို၊ ဆိုလိုသောယောင်၊

၂။ မြတ်ဘုန်းခေါင်၏၊ ဂုဏ်ဆောင်တေဇော်၊ တန်းခိုးတော်ကြောင့်၊ ရှုမျှော်ခုခု၊ ထလုထချင်၊ ထိုအသွင်ကို၊ မြင်လတ်တုံသော်၊ စိန္တေယော်သည်၊ ခြီတော်ရပ်တန့်၊ လက်တော်ဆန့်လျှက်၊ တားဟန့်မြစ်တော်မူလတ်တည်း။ ။

၃။ တားဟန့်မြစ်တော်၊ မူလတ်သောခါ၊ ရတနာကောင်း၊ များစွာပေါင်းလျှက်၊ သွန်းလောင်းပုံစံ၊ သိကြားဖန်၍၊ ငါ့ဟန်ရုပ်တော်၊ လွန်သင့်လျှော်သည်၊ ညီတော်ရောင်ညီး၊ မြတ်မုနိဟု၊ ဂုဏ်ဟိနှမ့်ကြား၊ ငါဘုရားသည်၊

၄။ သက်အားသျှစ်ဆယ်၊ အရွယ်ရောက်လာ၊ များမကြာလျှင်၊ နိဗ္ဗာန်ဝင်လိမ့်၊ ငါ့သွင်ပုံထား၊ ငါ့ကိုယ်စားသည်၊ ထင်ရှားရောင်လွှတ်၊ လူနတ်ဆုရွှယ်၊ အကိုးကွယ်ကို၊ ငါ့နှယ်ခံကာ၊

၅။ သာသနာသည်၊ မြင့်ကြာများမြောင်၊ နှစ်ငါးထောင်သည်၊ ရှည်အောင်တည်ရစ်၊ ငါ့ညီစစ်ဟု၊ ဖွင့်လှစ်သံတော်၊ ဗျာဒိတ်ဖော်၍၊ ထိုရော်အခါ၊ သူရိယစန္ဒ၊ ဝမ်းမြောက်လှ၍၊

၆။ နရသခင်၊ ဇောရွှင်ကြည်ဖြူ၊ ဆွမ်းကပ်လှူသော်၊ နတ်လူရို့ထီး၊ ဘုန်းပီးပြီးခါ၊ မိဇ္ဈိမာဝယ်၊ သာဝတ္ထိပြည်၊ စိုးသည်ရာဇ၊ ကောသလသည်၊ ဗုဒ္ဓကိုယ်စား၊ တည်ထားသင့်ကြောင်း၊

၇။ လျှောက်တောင်းပန်မူ၊ စန္ဒကူဟု၊ မွှီးကြူနံ့ထွက်၊ သရက်ခွံသစ်၊ အနှစ်ဖြင့်ထုး၊ ရုပ်ဆင်းထုကို၊ ပြုပြီးသောခါ၊ ဒေသနာနှင့်၊ ခြင်းရာမပြား၊ ထူးမခြားပင်၊ ဘုရားသျှင်စော၊ တရားဟောက၊ နာသောလူနတ်၊ ပရိသတ်ရို့၊

၈။ အကျွတ်ဓမ္မ၊ ရကုန်ကြ၏။ များထနတ်လူ၊ တိုင်းပြည်သူလည်း၊ နှစ်ဆူဘုရား၊ ဖြစ်သည်ကားတည်း၊ ကိုယ်စားအားလျှင်၊ ဤပင်သတ္တူ၊ သပ္ပညုဟု၊ ကြည့်ရှုနိုင်းရှိ၊ မှန်းမသိအောင်၊ ညီးပြောင်ပြောင်တည့်။

(ကေ) ရင်

၁။ လူ့ဘောင်တင့်တယ်၊ အံ့ဖွယ်သူရဲ၊ မြတ်စွဲရတုံ၊ ပြောမကုမ်ဟု၊ လူပုံနှစ်သက်၊ ရွှင်အားတက်သည်၊ ဖူးလျှက်ရှုမျှော်မညီးတည်း။ ။ ရှုမျှော်မညီး၊ အသီးသီးလျှင်၊ ပြည်ကြီးအတွင်း၊ လူခပင်းရို့၊

၂။ ဝပ်စင်းဦးတင်၊ ဖူးစိုင်တွင်ဝယ်၊ များသဃ်ာပုံ၊ အရဟံနှင့်၊ ရောင်လျှံပြိုးပြက်၊ နတ်ယာဉ်ထက်သို့၊ တက်စီးပြီးခါ၊ ဘဂဝါသည်၊ ဒွါရာဝတီ၊ ပြည်ဆီသို့ဖယ်၊ ကြွတုံလေ၏။ ကြီးတေဇာသံ၊ ဘုန်းကံတော်လင်း၊ ဇမ္ဗူချင်းသား၊

၃။ မင်းဓိပတိ၊ သူရိယစန္ဒ၊ သာသနဒါယကာ၊ ထိုရာဇာသည်၊ မဟာမုနိ၊ ထွန်းညီးပြောင်လွှတ်၊ ဆင်းထုမြတ်ကို၊ ဖြည့်ဝတ်နိုည့်၊ ဓလေ့ပြုပြု၊ ကောင်းမှုထပ်လောင်း၊ ဆုတော်တောင်းလျှက်၊

၄။ အပေါင်းပြည်သား၊ ပုညပွားအောင်၊ တရားသဖြင့်၊ သင်္ဂြိုဟ်ပင့်လျှက်၊ မင်းကျင့်မမှား၊ ပျော်စံစား၍၊ ဖြောင့်သောတသီး၊ နတ်ရွာမှီးမူ၊ သားကြီးနာမ၊ သူရိယဓိပတိ၊ အမည်ဟိလျှက်၊ ဘုမ္မိပြည်ပိုင်၊

၅။ ဘရာထိုင်၍၊ ရိပ်မြိုင်စမ္ပယ်၊ သားမြီးထွေလျှက်၊ ဆက်နွယ်စိုင်လာ၊ သူရိယကေတု၊ မင်းဟုသက္ကူ၊ ခတ္တိယရို့၊ ဓညဝတီ၊ မြို့ဌာနီ၌၊ လီလီမင်းကား၊ နှစ်ဆယ်ငါးတည်း၊

၆။ စံစားရှည်ကြာ၊ ခုနှစ်ရာဆယ်၊ ခြောက်နှစ်ကယ်၏။ နောက်ဝယ်နှမ့်သိ၊ ဝေသာလိတွင်၊ သူရိယတဥ္စန္ဒရား၊ စသောအားဖြင့်၊ နောက်ကားပဲဖြူ၊ မင်းမူနောက်နှောင်း၊ ယိုးချောင်းနံယောင်၊

၇။ သပိတ်တောင်၌၊ တန်းဆောင်သမုဒ်၊ စန္ဒဂုတ်ဟု၊ မင်းလုပ်သည်ဖြစ်၊ တဆယ့်သျှစ်နှင့်၊ တွက်စစ်ရှိပြ၊ နန်းစံချမူ၊ လေးရာ့သုံးဆယ်၊ စွန်းသည်သုံးနှစ်၊ ပေါင်းဖြစ်မြို့သက်၊ မင်းဆယ်ဆက်၌၊ တလုစ်စံလျှက်၊

၈။ စမ္ပဝက်၌၊ မင်းဆက်ပြလျှင်၊ ငမင်းငတုံ၊ အစရုံလျှက်၊ နောက်တုံမည်ဟိ၊ မင်းပတိရောက်၊ ထီးအောက်စံစား၊ ဆယ့်ငါးမင်းဆက်၊ မြို့သက်မှာမူ၊ ဇရာနဝ၊ အစ်လျှင်ရ၏။ ထိုမှနန်းအိမ်၊

(ကဲ) ကြော

၁။ ပရိန်မြို့မှာ၊ လက်ယာမင်းနန်၊ အစစံ၍၊ အနန္ဒသီရိ၊ သို့ထီးသျှစ်ယောက်၊ အသက်ထောက်က၊ တရာ့ခုနှစ်ဆယ်၊ သျှစ်နှစ်ကယ်သည်၊ နန်းဝယ်စံကြမြို့သက်တည်း။ ။ စံကြစို့စို့၊

၂။ ဝေမို့မို့နှင့်၊ ခြိတ်မြို့ဦးဖျား၊ မင်းဘုန်းစားမှ၊ ပြန်ပွားနောက်ဆုံး၊ နေ့လုံးတိုင်၊ လက်ရုမ်းဆိုင်လျှက်၊ စိုးပိုင်မင်းကား၊ ဆယ့်ငါးဖြစ်ပေ၊ စံသည်နေ့ခွါ၊ မြို့ဇီဝါတည်း။ အလောမာဖြူ၊ မင်းမူတုံလျှက်၊

၃။ မြို့လောင်းကြက်တွင်၊ နန်းဆက်နောက်စံ၊ စောမွန်သို့ရောက်၊ စိုင်လျှောက်ကာဖြစ်၊ ဆယ်ခုနှစ်တည့်။ ရန်စစ်ထောင်လာ၊ မြမ္မာတလိုင်း၊ ပြည်တိုင်းကိုလု၊ စစ်မက်တုလျှက်၊

၄။ မင်းပြုခါဖြစ်၊ နှစ်ဆယ့်တစ်နှင့်၊ တွက်စစ်အတတ်ပျိည်၊ ဒွေတိည်ဤသို့၊ နှစ်ပေါင်းရို့တွင်၊ ရှိမြို့မြောက်ဦး၊ တည်ကူးသင်္ချာ၊ ကောဇာစွဲမှတ်၊ ဒွိနေ့သတ်ဖြင့်၊

၅။ ပညတ်ကာပြု၊ ယခုရောက်ဖြစ်၊ သက္ကရာဇ်တိုင်၊ သျှင်ချစ်ရောင်လင်း၊ ရုပ်တော်ဆင်းကို၊ သွန်းရင်းကောဇာ၊ ထိုသင်္ချာနှင့်၊ ရှိကာချင့်ချိန်၊

၆။ မြို့ကြိမ်ကြိမ်တွင်၊ ဇနိန္ဒဆို၊ မင်းထိုထို၏၊ ထီးကိုရိပ်ဆောင်း၊ စံလီကြောင်းဖြင့်၊ ရုံးပေါင်းသောခါ၊ သာသနာနှင့်၊ ညီလာသည်ဖြစ်၊ ဤသို့စစ်လျှက်၊ သနစ်ကြည်ဖြူ၊ နောင်သျှင်လူရို့၊ အယူမပြား၊

၇။ သတိထား၍၊ မှတ်သားစိမ့်ငှာ၊ အမြွက်မှာသည်၊ လင်္ကာသံချိုနားငြိမ့်တည်း။ ။ သံချိုငြိမ့်ငြိမ့်၊ နားကိုစိမ့်အောင်၊ ကြားပိမ့်တိလင်း၊ စကားချင်းအံ့၊ သွန်းရင်းမူလ၊ ထိုမှစ၍၊ ဓညဝတီ၊ ဝေသာလီက၊

၈။ နောက်ပြီးမြို့ကွက်၊ စမ္ပဝက်နှင့်၊ နောက်ဆက်ဘုံအိမ်၊ ပုရိန်ခြိတ်မြို့၊ မင်းရို့ပညတ်၊ လောင်းကြက်မြောက်ဦး၊ မည်ထူးနာမ၊ ခြောက်ဌာနတွင်၊ ဇီဝမြို့သက်၊ နှစ်ကိုတွက်လျှင်၊

(ကဲ) ရင်

၁။ ရောက်ထွက်ကောဇာ၊ သချိၤတွက်စစ်၊ သက္ကရာဇ်တိုင်၊ စီးစစ်ဖွေရှာ၊ သာသနာနှင့်၊ နှိုင်းကာချင့်ထောက်၊ ပို၍မောက်ခယ့်၊ နောက်သို့မဆုတ်၊ မယုတ်အလျှဉ်၊ မင်းစိုင်နန်းသက်၊

၂။ ဟိပါလျှက်ကို၊ ယွင်းကွက်အယူ၊ တချို့လူရို့၊ နည်းယူမတွိ၊ စုံစိကျမ်းတွင်၊ ရာဇဝင်က၊ ယခင်ထုံးဟောင်း၊ အကြောင်းသဘော၊ နီးနှောမဟိ၊ ပြောမိပြောရာ၊ ဝါသနာဖြင့်၊ မဟာမုနိ၊

၃။ တည်ဟိကိုယ်စား၊ ရုပ်တော်ပွားကို၊ ဘုရားနိဗ္ဗာန်၊ လွန်သည်နောက်မှ၊ သွန်းလုပ်ကြ၏၊ ဗုဒ္ဓလက်ထက်၊ သွန်းစက်မဟုတ်၊ ကေ၀ုစ်ဟု၊ ဖော်ထုတ်ပြောခါ၊ မလိမ္မာရို့၊ ခြင်းရာစကား၊ ငြင်းခုံများ၍

၄။ လေးပါးပါယ်ဘုံ၊ မယုံစိတ်နေ၊ ဖြစ်တုံပေမူ၊ ဗုဒ္ဓက်ခတိ၊ အစဟိသား၊ ပါဠိအလာ၊ ကျမ်းမှာစကား၊ ပြောင်းငါးစင်းတွင်၊ တချောင်းဝင်လိမ့်၊

၅။ အထင်ယွင်းချွတ်၊ သို့မမှတ်လင့်၊ တရားချင့်လော့၊ မသင့်စကား၊ ဤသိုကြား၍၊ ဘုရားမူထမ်း၊ မြတ်ရာလှမ်းသား၊ မဂ်လမ်းတီထွင်၊ များသဃၤာထဲ၊ ကြီးကဲဖြစ်မြောက်၊ ပါမောက္ခမည်၊

၇။ တည်ကြည်သိက္ခာ၊ ဂုဏာစရိယ၊ နာမတွင်လျှောင်း၊ သံချောင်းဟုကျော်၊ ဆရာတော်လျှင်၊ နှိုးဆော်ညှိနှိုင်း၊ အလုပ်ခိုင်း၍၊ ဆန်းဂိုဏ်းဆင်ခြင်၊ ရာဇဝင်ဖြင့်၊ နည်းဝင်ရုံးစု၊ စီကုံးပြုသည်၊ ဝေဠုဝိဟာ၊

၈။ ကျော်ဇောစွာသား၊ ဆရာလူထွက်၊ လက်ၤာဆက်သည်၊ ဝိတက်ငြိမ်းစီသောကြောင့်တည်း။ ။ မှတ်သားလူသျှင်၊ ရှိနားတင်လော့၊ သုံးခွင်ထိပ်စု၊ သပ္ပညု၏၊ ရုပ်ထုတော်ဖြစ်၊

(ကော) ကြော

၁။ သွန်းသည့်နှစ်နှင့်၊ တွက်စစ်ကြည့်ရာ၊ သာသနာနှင့်၊ များစွာမို့သက်၊ ညီပေလျှက်တည်း၊ မင်းဆက်ရို့တွင်၊ သို့ဆင်ခြင်လော့၊ အကြင်မင်းတုံ၊ ခန္ဒာကုန်အောင်၊ လုမ်းစုံနှစ်လျှောက်၊

၂။ နန်းစံမြောက်၏။ တယောက်မင်းပြု၊ ထိုခုသက္ကရာဇ်၊ အစဖြစ်ဟု၊ တွက်စစ်စုရုမ်း၊ သီဆုံးနှစ်ပင်၊ နန်းနီဝင်၏။ သီရှင်နှစ်ရပ်၊ ခုချင်းထပ်၏။ မှတ်အပ်သတိ၊ ဤသို့ဟိလော့၊ သူရိယစန္ဒ၊ မင်းဖြစ်စက၊ ဗုဒ္ဓမရောက်၊

၃။ မည်မျှလောက်မှ၊ ကြွမြောက်လာသည်၊ ရုပ်ပွားတည်ဟု၊ အရှည်အတို၊ နှစ်ကိုချင့်ရှု၊ မင်းအာယုဥ်၊ စိုင်သင့်ရာ၊ တိုင်းပြည်မှာလည်း၊ ရာဇာမင်းမြတ်၊ နှစ်လတ်ဟိသင့်၊ မဟိသင့်ဟု၊ ထောက်ချင့်စုံစမ်း၊

၄။ ဤသို့မှန်းလော့၊ ဂနန်းပေါက်လှဲ၊ နန်းသက်ထဲတွင်၊ ကွဲလွဲသတတ်၊ အရေးချွတ်လို့၊ အမှတ်ရချင်၊ ရာဇဝင်ကို၊ သိမြင်လွယ်အောင်၊ အစောင်စောင်နှင့်၊ ဖက်မျှောင်တိုက်ဆိုင်၊

၅။ စာချင်းပြိုင်လျှက်၊ မဏ္ဍိုင်အတူ၊ များရာယူလော့၊ စိတ်ခြူသောခါ၊ နည်းနာနှင့်ချင်း၊ ပညာလင်းအံ့၊ ကံငြင်းသည်ဟိတ်၊ နှလုံးပိတ်လျှက်၊ ကြည်စိတ်ဖြစ်မှ၊ ကုသိုလ်ရသည်၊

၆။ သုခရလွယ်မဂ်ဖိုလ်တည်း။ ။ မဂ်ဖိုလ်ရွယ်ရှု၊ အိုပြည်သူရို့၊ အယူသတိ၊ ဤသို့ဟိလော့၊ များဘိလူ့စည်၊ ငါရို့ပြည်၌၊ ခွန့်ရှည်မြင့်ကြာ၊ သာသနာနှင့်၊ မြတ်စွာကိုယ်စား၊ ရုပ်တော်ပွားကို၊

၇။ တည်ထားခယ့်ခြင်း၊ တရားမင်းကား၊ ခပင်းသျှင်လူ၊ ခပ်သိမ်းသူကို၊ သားတူပမာ၊ ရာဟုလာသို့၊ မိတ္တာတော်ပွား၊ လွန်သနားလျှက်၊ နောင်ကားချမ်းငြိမ်၊ လူ့စည်းစိမ်နှင့်၊ နတ်အိမ်ဗိမှာန်၊

၈။ နိဗ္ဗာန်မဂ်ဖိုလ်၊ ရစီလို၏။ ကုသိုလ်ဖြစ်မှု၊ ဤသို့ရှုလော့၊ ဆင်းထုရောင်ဖြာ၊ မဟာမုနိ၊ မည်ဟိထင်ရှား၊ ကိုယ်တော်စားကို၊ ရို့ကားကြုံကြိုက်၊ ဖူးတွိထိုက်၍၊ ဦးတိုက်ရသည်၊

(ကော) ရင်

၁။ တိုင်းပြည်အထဲ၊ အယူလွဲနှင့်၊ စိတ်စွဲမဟိ၊ သတိညန့်ပျော့၊ ပေါ့လျော့သောသူ၊ ထိုသူအားလုမ်း၊ ဘဝသျှမ်းသည်၊ ကျွန်းဆုံးမြီခြား၊ ဝီးရပ်သားလည်း၊ အင်အားမခိုင်၊

၂။ မရောက်နိုင်ခယ့်။ ကံဆိုင်၍တုံ၊ ငါရို့ကြုံဟု၊ ကြည်ယုံဇောနူး၊ (ဘုရားထူးကို၊ စိတ်ကူးဖြောင့်ဖြောင့်၊ သတိစောင့်လော့။ ကြုံခေါင့်ကြုံခဲ၊ လူ့ဘုံပွဲဝယ်၊ အမ့်အဲမနိုင်၊ နှိုင်းပြိုင်မဟိ၊ မြတ်မုနိကို၊

၃။ မျက်စိထင်ထင်၊ ဖူးမြင်ရှုမျှော်၊ ပူဇော်ရှုပြီ၊ မသီခင်၌၊ ဦးတိုက်ရကြောင်း၊ ရို့ကံကောင်းဟု၊ ဆုတောင်းဆုယူ၊ ပြုသောသူကား၊ ဤလူ့ဘဝ၊ စုတိကြသော်၊ လေးဝအပါယ်၊

၄။ မတွယ်တဆစ်၊ အရပ်ပြစ်သို့၊ မဖြစ်တုံခြင်း၊ ဖီးရန်ကင်း၍၊ သန့်ချင်းမြတ်ရာ၊ နတ်ရွာလူ့ပြည်၊ ကျင်လည်ခေါက်ခေါက်၊ ရောင်တောက်ညီးညီး၊ ဗိမ္ဗာန်ကြီး၌၊ မှုတ်တီးသောင်းသဲ၊

၅။ အောင်ပွဲခံခံ၊ မနောစံလျှက်၊ ဖန်ဖန်လီလီ၊ လောကီအာရဏ်၊ ကာမဂုဏ်ကို၊ ရိပ်မြုံပြည့်ဖျိုး၊ ဆင့်ဆင့်တိုး၍၊ ကောင်းကျိုးကြီးစွာ၊ ရပြီးခါမှ၊

၆။ နောင်လာသျှင်ပင်၊ ထံတော်တွင်၍၊ ဦးတင်ခမ္မ၊ ကြားနာရလျှင်၊ သုခေါင်အုပ်၊ မဂ်ဖိုချုပ်သား၊ လောကုတ္တရာ၊ ခေမာနိဗ္ဗာန်၊ ရှိပြည်မွန်သို့၊ ကေန်ရလွယ်၊ အဓိပ္ပါယ်သည်

၇။ ကျမ်းဝယ်ထင်ရှားဟိ၏တည်း။   ။ ဇာတိညာဏ်ရောင်၊ ထိန်လင်းပြောင်သား၊ အခေါင်မြတ်မုနိန်၊ မာရဇိန်လည်း၊ အစိန္တေယ၊ တုမရသည်၊ လောကထွင့်ထား၊ မြတ်ဘုရား၏၊ ကိုယ်စားမုန်ဘိ၊

၈။ ခြောက်ရောင်ဟိသား၊ မုနိမဟာ၊ ဗျာဒိဟာနှင့်၊ ကျမ်းလာဂုလိုင်း၊ ရက္ခတိုင်းဟု၊ သမိုင်းနာမည်၊ ဓညပြည်တွင်၊ ရီကြည်မြမြ၊ ချမ်းအီးလှသား၊ ဂစ္ဆာဘနဒီ၊ မှိုင်းရီရီလျှင်၊

(ကော်) ကြော

၁။ မြစ်ဆီလက်ယာ၊ ရှိမျက်နှာဝယ်၊ ပြည်သာမဏ္ဍိုင်၊ ချက်ခရိုင်ဟု၊ ရခိုင်ညွှန့်ဖူး၊ မြို့မြောက်ဦးတွင်၊ မည်ထူးသမုတ်၊ တီထွင်ခုတ်လျှက်၊ တည်လုပ်သည့်နှစ်၊ သက္ကရာဇ်မူ၊ ရာခုနှစ်ခု၊

၂။ ကိုးဆယ်ပြုသား၊ နှစ်ခုထင်စွန်း၊ ထီးနန်းအစ၊ ကြငှန်းချလျှက်၊ မင်းလှစောမွန်၊ သုံးနှစ်စံ၍၊ လွန်သည်နောက်တွင်၊ အလီခင်ဟု၊ ညီလျှင်ဖြစ်ထား၊ တဆယ့်ငါးတည်း၊ ကုလမသျှာ၊ ဘအရာကို၊ ပိုင်ကာတွက်ကျုံး၊ နှစ်ဆယ့်သုံးတည်း၊

၃။ သိမ်းရမ်းမားမား၊ သားဒေါလျှာမူ၊ စံစားနန်းတွင်၊ ဆယ်နှစ်ပင်တည်း၊ အလီခင်သား၊ (---ဆို)၊ ဘစောညိုသည်၊ နန်းရိုးစိုင်ကာ၊ နှစ်နှစ်ကြာက၊ ဒေါလျှာသားမောင်၊ ရှိနန်းဆောင်မှာ၊

၄။ ရန်အောင်ခုနှစ်၊ နီထွက်သစ်သို့၊ ဖြစ်ပေတုံပြီး၊ လူ့ပြည်ညီးမှ၊ ဝရီးစလင်းသူ၊ ခုနှစ်ဟူလျှက်၊ မင်းမူလွန်ခါ၊ ဘပမာသို့၊ ရာဇာပတိ၊ ဆယ့်ငါးဇိသား၊ ဖြစ်ဘိတုံပြီး၊ နန်းစိုင်မှီးလျှက်၊

၅။ စိုးကြီးသိမ်းချုပ်၊ နှစ်နှစ်အုပ်က၊ တသုတ်သည့်ပြင်၊ ခြောက်လလျှင်တည်း၊ စလင်းညီဖြူ၊ မင်းခေါင်ဟူသား၊ သီရိသုမည်၊ (ထို့နောက်သည်တုံ၊) တလေဒေါလျှာ၊

၆။ သားပုတ္တာဟု၊ သုဇတာမင်း၊ ခြောက်နှစ်လျှင်းတည်း။ စံခြင်းရိပ်ငြိမ်၊ နန်းရှိအိမ်၌၊ မွေ့သိမ်စံပျော်၊ များရံဘော်နှင့်၊ သားတော်မြီးဆက်၊ ဆယ့်တဆက်သည်၊

၇။ နွယ်လျှက်ဖြစ်ကြကုန်ဘိတည်း။   ။ နွယ်လျှက်ဖြစ်မြောက်၊ ဆယ့်တယောက်ဝယ်၊ နောက်မှတခါ၊ ဖြစ်တုံလာသည်၊ ရာဇာပတိ၊ ကျော်ကတ္တိနွယ်၊ မည်ဟိတွင်ခြင်း၊ ထိုသည်မင်း၏၊

၈။ သားရင်းမင်းပါ၊ နန်းဘုံသာဝယ်၊ တြိယာနဝ၊ အဌတွက်စစ်၊ သက္ကရာဇ်တွင်၊ တက်သစ်နီဟန်၊ ဘိသိက်ခံ၍၊ ရန်လုံပိတ်ဆို့၊ အင်မချို့အောင်၊ မြို့ကရိယာ၊ ကျောက်တိသာလျှင်၊

(ကော်) ရင်

၁။ ပတ်ကာဝိုက်ဆိုင်း၊ ညှိသမှိုင်း၍၊ တံတိုင်းကျုံးမြောင်း၊ ဂုတန်းဆောင်းနှင့်၊ သျှစ်သောင်းဘုရား၊ ကန်တွင်းများဖြင့်၊ တည်ထားယတ္တရာ၊ ထိုထိုမှာ၍၊ သင့်ရာပြုပြင်၊

၂။ ထိုဘုရင်သည်၊ စံကျင်တွက်ကျုံး၊ နှစ်ဆယ့်သုံးမှ၊ ရှိဘုန်းတောက်ပ၊ သားတိက္ခလည်း၊ နန်းရမင်းဖြစ်၊ နှစ်ဆယ့်နှစ်တည်း။ သားချစ်ပုတ္တော၊ စွယ်ခေါခေါနှင်၊ မင်းစောနန်းထိုင်၊ သျှစ်နှစ်တိုင်လျှင်၊

၃။ စိုးပိုင်နောက်ယူ၊ စက်ရာဟူသား၊ ညီဖြူဖြစ်လာ၊ နှစ်သတ္တာတွင်၊ မင်းဘာသားနှောင်း၊ မင်းဖလောင်းဟု၊ ထီးဆောင်းနှစ်ဆယ်၊ နှစ်နှစ်ဝယ်တည်း၊ လွှဲခယ့်တခါ၊ သားပုတ္တာဟု၊ မင်းရာဇာကြီး၊

၄။ နန်းစိုင်မှီးလျှက်၊ ဆောင်းထီးပျော်မွှေ့၊ ဆယ့်ကိုးစိတွင်၊ ရှိ့လီတုံသျှောင်း၊ ဘရာလောင်းလျှက်၊ ခမောင်းရှိနန်း၊

၅။ ဆယ်နှစ်မြန်း၍၊ လွန်တော်မူပြု၊ သားမျက်ရှုဟု၊ သီရိသုဓမ္မာ၊ သောဌသာတွင်၊ နတ်ရွာပျော်လည်၊ သားသက်ဝေသည်၊ စံသည်နန်းသက်၊ ဒွေးအပ်ရက်တည်း။

၆။ မင်းဆက်စိုင်လျှောက်၊ ဆယ့်ကိုးယောက်ပင်၊ မြောက်ထရှိအိမ်၊ နန်းစည်းစိမ်ကို၊ ရိပ်ငြိမ်စံကြကုန်ပြီတည်း။   ။ စံကြလေလေ၊ မင်းရို့နွယ်ကို၊

ဖြစ်ပေတုံက၊ ညာဏ်စွမ်းပြလျှက်၊

၇။ နရပတိ၊ မည်တွင်ဘိလျှက်၊ နန်းဟိသက်စစ်၊ ခုနှစ်နှစ်လျှင်၊ ဖြစ်ခယ့်တလီ၊ နန်းရိုးမှီအောင်၊ ညီညာအုပ်စိုး၊ ထီးဖြူမိုးလျှက်၊ သတိုးဓမ္မရာဇာ၊ နှစ်သတ္တာတွင်၊ ခန္ဓာကွဲပြား၊ ဘရာငြား၍၊

၈။ စန္ဒာသုတွင်၊ ထိုဘုရင်လျှင်၊ ပလ္လင်ဆန်းကြယ်၊ ဆောင်ကုန်လေ၍၊ သုံးဆယ်စိလှာ၊ သားပုတ္တာသည်၊ ဥဂါဗလ၊ လေးနှစ်မှတည်း၊ ဝရဓမ္မမည်ခေါ်၊ နှစ်နှစ်ပေါ်၍၊ လွန်သော်နောက်ဟု၊

(ကံ) ကြော

၁။ သားဆက်ပြုသည်၊ မဏိသုမင်း၊ နှစ်နှစ်တင်းတွင်၊ လွန်လျှင်သားမောင်၊ သတိုးအောင်မူ၊ ရွှိဆောင်နန်းထံ၊ နှစ်နှစ်စံမှ၊ လွန်လီသီဆုံး၊ သားငတုံးဟု၊ သူ့ဘုန်းကံမြဲ၊ ထီးဖွေးဖွေးနှင့်၊ ဆယ့်လေးစံတုံ၊ ဘရာလုံ့လျှက်၊

၂။ မရွံ့ဝိယ၊ ခြောက်နှစ်မှလျှင်၊ ကာလမန္တာတ်၊ မျိုးကိုဖြတ်၍၊ အလွတ်တိုင်လာ၊ သားပုတ္တာလည်း၊ နရာဒိပ္ပ၊ နှစ်ဆက်ကျတွင်၊ အဘခြောက်နှစ်၊ သားနှစ်နှစ်တည်း၊ ဖြစ်ခယ့်ထိုရော်၊ ဗိမှာန်ပေါ်ဝယ်၊

၃။ မင်းကျော်သိ ဂီဏိ၊ ခြောက်နှစ်ဟိက၊ စိုးဘိနောက်သည်၊ သတိုးမည်သား၊ မရှည်နန်းသက်၊ နှစ်နှစ်ထက်တွင်၊ လွန်တုံကျင်သော်၊ မြို့တွင်းနန်းသုန်း၊ ကြာမြင်မြိုးမှ၊ လက်ရမ်းထောင်ပြ၊ ဝိဇယဟု၊

၄။ ဖြစ်ထဖျိုးမောက်၊ ရွှိနန်းဆောက်လျှက်၊ ထီးအောက်ဆန်းကြယ်၊ ပလ္လင်လယ်မှာ၊ နှစ်ဆယ်မက၊ ခါလည်ရမူ၊ သူရိယာသမက်၊ သုံးနှစ်ဆက်၍၊ သမက်ဖြစ်လာ၊ သားဟုသာလျှင်၊

၅။ နရာဓိပတိ၊ ခါလည်ဟိသော်၊ ညာတိခြားက၊ ပဝရသည်၊ လွန်ခယ့်ကြွမူ၊ ကေဝသံ၊ နောက်ထလွန်တုံ၊ သားမွန်ဝိဇလာ၊ နှစ်ခွဲကြာသည်၊ ဆက်ကာညီချစ်၊ ဓမ္မရာဇ်လည်း၊ ဖြစ်လတ်သရော်၊

၆။ ပထွီးတော်ဟု၊ နန်းပေါ်ရိပ်မိုး၊ တဆယ့်ကိုးတည်း။ သတိုးအဘယ၊ လွန်ခယ့်ကြွမူ၊ ပုတ္တရင်နု၊ သီရိသုလျှင်၊ ပြုတုံနန်းထဲ၊ ဒွဲလခွဲ၌၊ လွှဲကာညီလှ၊ ပရမသည်၊ ဖြစ်ထပျော်မွှံ့၊ သုံးနှစ်စိသော်၊ နန်း၏မဟာ၊

၇။ ရာဇာဟူသား၊ ခါတပါး၌၊ စက်မက်တိုက်၍၊ ထိခိုက်စွင့်စွင့်၊ (ကိုးနှစ်နှင့်ပင်၊ ဆယ်ခွင့်ရဟု)၊ တဖန်လု၍၊ မင်းသုမန၊ သုံးနှစ်မျှပင်၊ ဝိမလက်ဆက်၊ ရွှိနန်းတက်၍၊ ရက်လေးဆယ်ဖြစ်၊ တရံနှစ်ဟု၊ ဓမ္မရာဇ်ဟိန်း၊

(ကံ) ရင်

၁။ သူ့ခိစ်ကျိန်းကြောင့်၊ ပိုင်သိမ်းဆုံဟိတ်၊ အောင်နမိတ်ဖြင့်၊ ဘိသိက်စံနန်း၊ ခြောက်နှစ်မြန်း၍၊ နတ်လမ်းကြွက၊ သမတဟု၊ ဖြစ်ထစိုးပိုင်၊ သုံးနှစ်ထိုင်လျှင်၊ မဏ္ဍိုင်မို့မို့၊ မြောက်ဦးမြို့၌၊ မင်းရို့ကိုပေါင်း၊

၂။ ရွှိတုံလျှောင်းသော်၊ ထီးဆောင်းအစစ်၊ လေးဆယ့်သျှစ်သည်၊ ဖြစ်ပြီးကေံမလွဲတည်း။ ။ အဋ္ဌစတု၊ မင်းပေါင်းစုတွင်၊ နောက်ဆုံးအစ၊ သမတဟု၊ ရာဇဘုရင်၊ လက်ထက်တွင်၌၊ တိုင်းခွင်သျှင်လူ၊ မီးသို့ပူခယ့်၊ ပြည်သူမူးမတ်၊ အကျင့်ချွတ်၍၊

၃။ သတ်ဖြတ်ရန်စစ်၊ လီလီဖြစ်ခယ့်၊ သက္ကရာဇ်ကောဇာ၊ ဆစရာနှင့်၊ ကောကေ၊ ထိုကာလဝယ်၊ ညန့်ထကိန်းခန်း၊ သိုက်နိဒါန်း ကြောင့်၊ ထီးနန်းညှိုးခိုက်၊ ထိုခါကြိုက်၍၊ ရှိ၌တရိုး၊ အာဏာမိုးသည်၊

၄။ အမျိုးမြမ္မာ၊ များဗိုလ်ပါနှင့်၊ ရက္ခာပတ်ကုမ်း၊ နိုင်ငံလုမ်းကို၊ သိမ်းရမ်းဖျက်ဆီး၊ ဘုရာကြီးကို၊ ပင့်ပြီးတုံငြား၊ ဝန်ခံထားသည်၊ ရှိဖျားအစ၊ မည်နာမကား၊ နန္ဒပကျော၊ ကိုလျှင်စေ၍၊ မနေတဖန်၊ နောက်တိုက်ဝန်လျှင်၊

၅။ လာပြန်ရိပ်ငြိမ်၊ ခေါက်တကြိမ်တည်း။ ပုသိမ်ရောက်ထ၊ မောင်ကျော်လှဟု၊ နောက်မှတိုင်းဒါး၊ ဆင့်ဆင့်ပွား၍၊ ဖွားဖွားမြစ်ယုက်၊ ညောင်လျှင်ကြက်သို့၊ ငါးဆက်ကကျူး၊ ဝန်ရာထူးနှင့်၊

၆။ စိန်ပူးလက်ထက်၊ နှစ်ကိုတွက်သော်၊ တထောင်ပေါ်၍၊ ကျော်သည်တရာ၊ ခြောက်ဆယ်မှာပင်၊ ညီညာဖြဖြ၊ ချင်းပြန်ထ၍၊ မရနိုင်ဘိ၊ (သူ့ခိစ်ဟိ၍)၊ တရိသတ္တ၊ ကေကေစ်၊ သက္ကရာဇ်တွင်၊ ဖြစ်အောင်စင်ဖြူ၊ ချင်းပြန်လူလည်း၊

၇။ ထူ၍မနိုင်၊ သံကျောက်တိုင်သို့၊ ခိုင်သည်ထိုရော်၊ တရံသော်တုံ၊ အနော်ရထာ၊ ဘွဲ့သညာနှင့်၊ မောင်ကြာရိုးဆုပ်၊ တဖန်အုပ်၍၊ တရုတ်ဝန်ရောက်၊ စိကိုးယောက်တွင်၊ အနောက်ခြားဟူ၊ သျှင်မဖြူကြောင့်၊

(ကား) ရင်

၁။ ရန်မူကြတုံ၊ ကျိန်းခိုက်ကြ၍၊ ယမ်းပုံမီးလျှို့၊ ပမာသို့လျှင်၊ ပိတ်ဆို့မမြဲ၊ ဖုံးနှင့်ကြဲသော်၊ ညောင်လဲသို့ထုံး၊ မြမ္မာသျှုမ်း၏။ သိမ်းရမ်းမြို့တွင်း၊
၂။ ကုလားမင်းလည်း၊ ခင်းသည်ကောဇာ၊ ဆအဌာနှင့်၊ ကောကော၊ တန်းခူးလတွင်၊ မိဿရာသီ၊ မကုန်မှီတည့်၊ တိုင်းဆီခရိုင်၊ ခုထက်တိုင်လျှင်၊
၃။ ပိုင်ပိုင်ကားကား၊ လေးမြို့စားဟု၊ ကုလားပညတ်၊ ပတ်တင်သတ်ကို၊ ခန့်အပ်ဟိသည်၊ ထို့ရှိပြည်မြို့၊ မျိုးမည်ကွဲသျှောင်း၊
၄။ အကြောင်းကြောင်းဖြင့်၊ ဖလောင်းမြမ္မာ၊ စီရင်ရာကို၊ ခံကာနီရ၊ ရှည်မြင့်စွတည်း။ နောက်မှမဏ္ဍိုင်၊ အုပ်စိုးပိုင်၍၊ ရခိုင်မင်းလောင်း၊
၅။ ထီးဖြူဆောင်းလျှက်၊ မင်းပေါင်းဦးနှိမ်၊ အကြိမ်ကြိမ်လျှင်၊ လုံရိန္ဒမာ၊ နတ်စက္ကျာနှင့်၊ ရာဇမင်းဖျား၊ မင်းဘုရားဟု၊ ကားကားလုံရောင်၊
၆။ မှန်ကင်းထောင်သို့၊ ကြံဆောင်ယူကျုံမ်း၊ ဇမ္ဗူလုမ်းကို၊ ရှိဘုန်းပဒေ၊ မိုးကြီးစွေသို့၊ နီနှယ်ပွင့်တူ၊ ဖြစ်လိမ့်ဟူသည်၊
၇။ သူဇာသိကြားသဖွယ်တည်း။ သက္ကရာဇ် ၁၂၄၃ခု၊ တန်းခူးလဆွန်း (၁၀)ရက်၊

နောက်(ပီခံ) အဖုံးတရွက်တွင်
၁၂၄၃ တပေါင်းလဆန်း ၂ ရက် စနီ
နီထွက်တပိုအချိန်လောက်တွင် ပြီးပြည့်စုံပါသည်။
မောင်သာစိန် လက်ရှီးဖြစ်ပါသည်ဘုရား။ ဟုပါသည်။

ဤပီစောင်သည် ရမ်းဗြဲမြို့ သရက်ချောင်းတွင်ဟိပါသည်။
၁၃၄၈ခု၊ နံယုံလပြည့်ကျော် (၁၀) ရက်၊ (၂၇၊၈၆) နံ ညဇာ (၄)ချက်တီးကျော်မှာ ကူးယူခပါသည်။
အသျှင် (ရခိုင်ပြည်)
ဤစာမူအားလည်း နောက်ထပ်မူပွားနှင့်တိုက်ဆိုင်ညှိနှိုင်း၍ အမှန်ဆုံးဖြစ်အောင် ဆောင်ရွက်ကတ်ပါလိ။
(အယ်ဒီတာ)

# မဟာဝိဟိ ကမော်ကွန်းလက်ာ အပိုဒ် (၄၈)

မဟိရန်သူ၊ ဖက်မပြုသား၊ သုံးလူထွဋ်ထား၊ မြတ်ဘုရား၏၊ ကိုယ်စားရုပ်ဝါ၊ ခြောက်ရောင်ဖြာ၍၊ မဟာမုနိ၊ ဘုရားကြီးကို၊ ညွှတ်ပြီးကော်ရော်၊ ရှိပူဇော်၍၊ ပင့်ခေါ်ပြီးမှ၊ ရက္ခပူရ၊ နန်းမဒေဝီ၊ မဟေသီနှင့်၊ အညီယသာ၊ ရုံမောင်းမကို၊ ယူကြစုပေ၊ ဆောင်ယူလေ၏၊ သင့်နိဋ္ဌာန၊ ရပ်ဒေသ၌၊ စောင့်ထပြီးခိုင်၊ လက်နက်ကိုင်ရို့၊ အနိုင်ပြုလျှင်း၊ ရဲမက်ချင်း၏၊ မြို့တွင်းမှန်သား၊ မြို့ပြင်များနှင့်၊ တိုင်းကားရပ်ဌံ၊ နာဂရံဟု၊ နိုင်ငံအပေါင်း၊ တောမြို့ကောင်း၌၊ ပုန်းအောင်းနီငြား၊ ရခိုင်သားကို၊ ယောကျ်ားမိမ္မ၊ မလွတ်ရအောင်၊ ချိုင်နှောင်တန်းလန်း၊ ကျွဲနွားဖမ်းသို့၊ လိုင်ဂုတ်ကိုဖြတ်၊ အသီသတ်၏၊ ချောမွတ်ရူပ၊ မိမ္မလှကို၊ ပဥ္စအာရုံ၊ ကာမဂုဏ်ဖြင့်၊ မြူးတူးစိမ့်ငှာ၊ ယူကြပါ၏၊ သူနာသူအို၊ ကျိုးကန်းကိုကား၊ မလိုပိတ်ထား၊ တိုက်လုပ်ငြား၍၊ သွင်းထားအပြည့်၊ ယမ်းဆီးထည့်လျှက်၊ မြေမြေညက်ကြီ၊ မီးတိုက်စီ၏၊ သီလီမကြွင်း၊ လူခပင်းရို့၊ ချင်းချင်းနှီးနှီး၊ ကနိမ္မီးသား၊ သားထွီးသားငယ်၊ နုနုငယ်ရို့၊ ပြို့ရယ်ရှင်ဘိ၊ မယ်မသိကို၊ မွီးမိထံမှ၊ ယူပြီးမှလျှင်၊ လက်နှင့်ကိုင်မြှောက်၊ ကောင်းခင်ရောက်က၊ အောက်ကတဖန်၊ လုံကိုလှန်၍၊ ခံပြန်ပြီးခါ၊ ပြုသည်မှာကြောင့်၊ ကျကာမလွဲ၊ ရဲရဲသွီးစက်၊ အအူထွက်၏၊ တချက်မြို၌၊ လုံကိုစိုက်၍၊ ခံလိုက်တံကျင်၊ ဖင်ကဝင်၏၊ နှစ်လိုပျော်ပါး၊ လင်မယားကို၊ ပေါင်းကြအတူ၊ မထားမူဘဲ၊ ဆွဲယူသတ်ဖြတ်၊ နားကြိုးတပ်လျှက်၊ ပူးပြွတ်ချိုင်နှောင်၊ ကြက်ကိုလှောင်သို့၊ ပုံဆောင်ပမာ၊ ယူကြပါ၏၊ များစွာခွတ်ထစ်၊ သတ်၍ပစ်လျှက်၊ အချစ်ဝါသနာ၊ မဟိပါငြား၊ ပျူအောက်သားသည်၊ စကားမုသာဝါဒီတည်း။ ။

ပုံဘိတောင်နှယ်၊ ကောင်ပုတ်ဝယ်ကား၊ လူငယ်တသောင်း၊ လူကြီးပေါင်းမူ၊ သျှစ်သောင်းအစွန်၊ တသိန်းလွန်၏၊ မယွင်းထိုခါ၊ သီကုမ်ပါ၏၊ သိမ်းကာယူထ၊ ပြည်အင်းဝသို့၊ ပါရလီငြား၊ လူယောကျ်ားနှင့်၊ မပြားမှန်ထ၊ လူမိမ္မကို၊ ရှိကြည့်ခီသော်၊ နှစ်သိန်းကျော်၏၊ ကြားသော်မြင်ခါ၊ ကြောက်ဖွယ်သာတည်း၊ ဒွါရာသံတွဲ၊ မြို့ရမ်းပြဲနှင့်၊ မြစ်တဲဝန်းမြောင်၊ ကျွန်းမာန်အောင်၌၊ ဖမ်းနှောင်ချိုင်လျှင်း၊ ယူလီခြင်းကို၊ သတင်းစကား၊ နားသာကြား၏၊ မှတ်သားတထစ်၊ ရှိတွက်စစ်၍၊ တစ်နှစ်သုံးလေး၊ စာနှင့်ရေးပြီး၊ ပီးသူမဟိ၊ ဖြစ်လီဘိခြင်း၊ ဇီဝိသနီ၊ ယုံမှားစွာဖြင့်၊ ဆိုရာစကား၊ ကျယ်ဝန်းများ၏၊ သီကြအကောင်၊ ဖူးဖူးရောင်၍၊ ပုတ်ပောင်နံစွာ၊ ရုပ်ခန္ဓာကို၊ ကာကာဌင်းတ၊ သိန်းစွန်မှသည်၊ ခွီးကစလျှက်၊ ကျားသစ်ဝက်ရို့၊ လုယက်ဖန်ဖန်၊ စားကြဟန်ကို၊ ကျန်လူအများ၊ မြင်လီငြားမူ၊ ဘုရားတရား၊ သံဃာများကို၊ အားကိုးပြီးခါ၊ မြည်တမ်းပါ၍၊ ငိုခါရှိရွှတ်၊ နဖူးသတ်သည်၊ ရင်ဖတ်လက်တင် ခတ်တီးတည်း။ ။

(တချို့အပိုဒ်တိကျန်ပါသိမ့်ရေ။ ယင်းချင့်တိကို မရနိုင်သိမ့်ပါ။ ကြိုးစားလို့ရှာနီပါရေ၊ လက်ထဲသိမ်းဆည်း ထားဟိသူများ၊ ရခိုင်ပြည်နှင့်နီးစပ်သူများ ကြိုးစားရယူစီချင်ပါရေ – ခိုင်ကျော်ကျော်)

# မဟာဝိဟိံက ရခိုင်ရာဇဝင်လင်္ကာ

(ဒွါရာဝတီ လမုချောင်းဆရာကျော်မဲ)

နမောတဿ ဘဂဝတော အာရဟတော သမ္မာသမ္ဗုဒ္ဓဿတိ

(၁) ဇေယျံအောင်ထွန်း၊ ဤတောင်ကျွန်း၌၊ ဦးစွန်းလုထွတ်၊ သုံးလုနတ်လျှင်၊ ကိုးရပ်နဝဂုဏ်၊ ထက်အောက်ချုံ၍၊ ဆန်တုံတက်လှစ်၊ ဇာတိခစ်ဟု၊ စင်စစ်တည်လျှောင်း၊ တိုက်တသောင်းကို၊ လင်းကြောင်းထွန်းလျှံ၊ ညာဏ်တော်သန်သား၊ ဆရံသိတော်၊ ခြောက်ရောင်ကျော်သည်၊ သျှင်တော်လုဆွေ၊ သမ္ဗုဒ္ဓေကို၊ ဖျိုးဝေပန်ဆင်၊ ဦးထိပ်တင်လျှက်၊ သုံးခွင်လုဘာ၊ မုနိန္ဒ၏၊ ဟောထဓမ္မက္ခန်၊ တရားမှန်ကို၊ မကျန်လုံးချုံ၊ ပူဇော်ကုမ်၍၊ ကြည်ယုံစေတနာ၊ ပြုကုမ်ပါ၏။ မင်္ဂဖလ၊ သဃ်ာစသည့်၊ ပွားပြည့်များစွာ၊ အရိယာသာဝါ၊ ရဟန္တာကို၊ သဂါရဝေ၊ ဝန္ဒိတေဖြင့်၊ ကြီးထွေဂရုဏာ၊ မိနှင့်ဘကို၊ ထပ်ကာပန်ထွာ၊ ရှိခိုးပါ၏။ ငယ်ခါသင်ထ၊ ဆရာစသား၊ များလှပဏ္ဍိ၊ ပညာဟိအား၊ ဦးရှိကြည်နူး၊ ပူဇော်ကျူးမှ၊ ပေါ်ဦးကျွန်းချာ၊ ဤကမ္ဘာထက်၊ ရက္ခပုရ၊ မည်နာမဖြင့်၊ ဓညဝတီ၊ လေးဌာနီနှင့်၊ ဤရခိုင်ပြည်၊ တိုင်းရပ်စည်၌၊ ဖြစ်သည်ထင်ရှား၊ မင်းအများအား၊ မှတ်သားစီချင်၊ ရာဇဝင်ကို၊ ဆင်သွယ်နိဒါန်း၊ လင်္ကာညွှန်းအံ့၊ ရဟန်းပုဏ္ဏား၊ မျိုးလေးပါးရို့၊ သင်ကြားစိမ့်ငှာ၊ ထုတ်ဆိုမှာသည်၊ နောင်လာလူရို့ တတ်လိမ့်တည်း။ ။

(၂) တတ်လိမ့်သောသူ၊ မှတ်စိမ့်ယူ၍၊ နောင်မူပဏ္ဍိ၊ သိကုမ်ဘိလော့။ အဂ္ဂိဥဒ၊ ဝါတပဟု၊ လောကသုံးပါး၊ ပျက်ဖန်များလျှက်၊ တခြားမှန်လှ၊ တေဇောတဖြင့်၊ ပဌမသုံးရွာ၊ မိုးပြဟ္မာ၏၊ ဘုံသာတိုင်းအောင်၊ မီးဖြင့်ဆောင်၍၊ လောင်သောအခါ၊ သတ္တဝါရို့၊ ကြမ္မာဖန်ထွေ၊ မိုးကြီးစွေ၍၊ ကုဋေတသိန်း၊ ကျော်လွန်ဟိန်းလျှက်၊ ရီကိန်းစကြာဠာ၊ ပေါ်သောခါ၌၊ စိုင်ကာဘုန်းကောင်း၊ ရှိတွက်လျှောင်းက၊ အပေါင်းရူပ၊ သောဠသတွင်၊ နာမပညတ်၊ အတ္ထုပ္ပတ်ဖြင့်၊ ဥပ္ပဒ်တင်ပြ၊ ဖြစ်ကုမ်ကြသော်၊ ကမ္မက္ကန္ဓိ၊ တန်ခိုးဟိ၍၊ များဘိကိုယ်ရောင်၊ တပြောင်ပြောင်လျှင်၊ မိုက်မှောင်ပျောက်ကွယ်၊ ကောင်းခင်လယ်၌၊ ငှက်နှယ်ဝဲပျံ၊ ကွန့်မြူးစံ၏။ မိုးယံထက်မှ၊ သက်လာကျမူ၊ ရှိတွက်မယွှန်း၊ သနျာမှန်းသော်၊ ခြောက်သန်းသုံးသိန်း၊ မှန်မယိမ်းလျှင်၊ တွက်ကိန်းပြဟ္မာ၊ ရောက်ကုန်လာ၏။ ဒီပါစတု၊ ကျွန်းလေးခုဝယ်၊ ခေါ်မူတွင်ညီ၊ လက်ယာနီသည်၊ သပြီဇမ္ဗူ၊ ငါးဆူလှလှ၊ ကုမုဒ္ဒကို၊ ဆွတ်ကြလျှင်စွာ၊ ယူပြီးခါမှ၊ ဖြဟ္မာသက်ရှည်၊ ဇာနည်သည်ရို့၊ မှတ်ရည်ကုန်ကြ၊ ဤကပ္ပကား၊ ဗုဒ္ဓငါးဆူ၊ ပွင့်တော်မူအံ့။ ယူတုံနမိတ်၊ တရင်းတိတ်ဖြင့်၊ တံဆိပ်ခတ်ကာ၊ ဘွဲ့နာမာမူ၊ မဟာဘဒ္ဒ၊ ကမ္ဘာမဟု၊ မှည့်ကြပြီးခါ၊ မိုးရပ်ချာသို့၊ ထွက်ခွါလုံးချုံ၊ ပြန်လျှင်းကုမ်သည်၊ လုဘုံဌာနဖြစ်စိမ့်တည်း။ ။

(၃) ဖြစ်စိမ့်ဌာန၊ အာဘဿဟု၊ မိုးဝဘုံမှ၊ သက်လာကျသည်၊ ကမ္မဥတကာ၊ သြဘာသက၊ ဥတုဇဟု၊ တိက္ခတ္တသိ၊ အမည်ဟိသား၊ ခေါ်ဘိတွင်မြောက်၊ အရောင်တောက်သည့်၊ လေးယောက်ပြဟ္မာ၊ ကျွန်းဒီပါကို၊ လေးဖြာဝီစု၊ အပိုင်ပြု၍၊ ကြီးထုမှန်စွာ၊ မြိသြဇာနှင့်၊ ရသာနှယ်ချို၊ ဆိမ့်မျိုးကိုလျှင်၊ နှစ်လိုသောတိ၊ ဖြစ်ပြန်ဘိ၍၊ သာလိပတ္တ၊ လွှရွှရွှကို၊ စားကြသော်အား၊ ရန်မက်ပွား၍၊ ကိုယ်သားရောင်ဝါ၊ ဟိသောခါ၌၊ ကမ္ဘာဦးသူ၊ မှောင်မိုက်ထုလျှက်၊ အူအူသောင်းသောင်း၊ လင်းဆုတောင်းသော်၊ လူပေါင်းပုညာ၊ ကုသလကြောင့်၊ သက္ကရာဇာ၊ သတ္တိံသာဟု၊ ဦးစွာတည်မှ၊ တပေါင်းလသည်၊ ပြည့်ထတိထီ၊ ပုဏ္ဏာမီဝယ်၊ သောရီဒိဝါ၊ နိမြတ်စွာ၌၊ ရတ္တိယာခေါ်၊ သန်းခေါင်ကျော်၍၊ စွန်းပေါ်ခါမီ၊ တရီရီသည်၊ အညီရောက်က၊ ထိုကာလ၌၊ သူရိယစန္ဒာ၊ ကြယ်တာရာရို့၊ ပေါ်လာထွန်းတက်၊ တပြိုင်နက်လျှင်၊ ပြက်ပြက်ထင်၍၊ ကောင်းခင်ထက်က၊ သက်ကျင်ကြမူ၊ ရှင်ပသာယာ၊ ဟိသောခါ၌၊ ဖြဟ္မာလေးပါး၊ လောဘအားကြောင့်၊ အများစည်းဝေး၊ ကွပ်အုပ်ကဲသော်၊ ခပဲများလူ၊ ကမ္ဘာသူရို့၊ ငြင်းမူသကန်၊ မလွတ်ပြန်ဘဲ၊ ကေန်မုက္ခ၊ နီကုမ်ရသည်၊ ခြင်းထမကျန်နှစ်သိမ့်တည်း။ ။

(၄) နှစ်သိမ့်မကျန်၊ ခိုက်ရန်ပူဆာ၊ ဖြစ်ကြရာတွင်၊ ပြဟ္မာအဘသ်၊ သရနတ်ရို့၊ ရောက်လတ်သောခါ၊ လုခန္ဓာလျှင်၊ နဝါအသစ်၊ အမှန်ဖြစ်၏။ ပြုလစ်မယွှန်း၊ တွက်စစ်ထွန်းသော်၊ တကျွန်းကိုးယောက်၊ ဆိုကုမ်မြောက်၏။ အထောက်သင့်ကြိန်၊ တ္တတ္ထိလိင်နှင့်၊ ပုလ္လိင်ပေါ်က၊ သံဝါသသည်၊ ပေါင်းကြပြုမြောက်၊ ဒွေးစုံရောက်၍၊ လေးယောက်ပြဟ္မာ၊ မျိုးလေးဖြာဟု၊ မည်သာခံကြ၊ ပြုပီးမှလျှင်၊ လှပသာယာ၊ မြို့များစွာကို၊ ကုသာဝတီ၊ ပြည်ပုရီ၌၊ အညီအညာ၊ တည်ကုမ်ပါ၏။ သစ္စာပွင့်ထန်၊ ကက္ကုသံဟု၊ ဘုန်းလျှံအလောင်း၊ နတ်မင်းကောင်းလျှင်၊ လျှင်ကြောင်းမကြာ၊ သက်တုံလာ၍၊ ကျင့်ရာစုံစီ၊ ပါရမီကို၊ အညီမှန်စွာ၊ ဖြည့်အံ့ငှာဟု၊ ရောက်လာဖြစ်ထ၊ ပုရိသရို့၊ ရာဇာဘိသေ၊ ခံတုံပေမှ၊ ညာဏ်ဝေသမ္ဘာ၊ ဘုန်းတေဇာနှင့်၊ မဟာသမတ၊ ခေါ်တွင်ကြချင့်။ မြတ်လှရသေ့၊ ကျင့်ချမ်းမြေ့စွာ၊ ဖြစ်သည့်အားဖြင့်၊ တပါးသောသူ၊ ရသေ့မူ၍၊ လူဟူသစ်ပင်၊ ဖြစ်ကြောင်းထင်နှင့်၊ ခေါ်တွင်သတ္တဝါ၊ မည်ရေမှာကို၊ ကမ္ဘာစောင့်နတ်၊ ရသေ့မြတ်က၊ ဟောရပ်သာယာ၊

ဆိုကုမ်ပါ၏။ အခါကာလ၊ ဟူသမျှလည်း၊ ဝရာဘူပတိ၊ ခေါ်တွင်ဘိသား၊ မင်းဟိတိုင်းဘောင်၊ သိကြားဆောင်၍။ ထို့နောင်တဖန်၊ စျာန်နှင့်ပျံသည်၊ ဂဝမ္ပတိ၊ ထရ်ဘုန်းဟိလျှင်၊ တ္တိသိသျှစ်သောင်း၊ လေးထောင်ပေါင်းနှင့်၊ ကျမ်းဟောင်းဗေဒင်၊ လှည့်လည်ပျင်ကာ၊ များဖျင်သူအား၊ ကျိုးစီးပွါးကို၊ လျှင်လျားဆောင်ထွေ၊ နှစ်ရှိပေသော်၊ ကုဋေကိုးသန်း၊ မကထွန်းတည်း၊ မယွန်းလှည့်လည်၊ လုသက်ပေကား၊ ကိုးကုဋေသကြစ်၊ မြင့်ကြာဖြစ်သည်၊ ကျော်လှစ်မင်းနွယ်သက်ရောက်တည်း။ ။

(၅) သက်ရောက်မင်းနွယ်၊ ထိုခါဝယ်၌၊ ဘုန်းကြွယ်သမ္ဘာ၊ မင်းသားလျှာမူ၊ မဟာဘူပတိ၊ ဖြစ်တုံဘိ၍၊ နွယ်ဟိစိုင်လာ၊ သည်နောက်မှာကား၊ သည်းချာဘူပတိ၊ ဖြစ်တုံဘိ၏။ ထွန်းညီးသာလှ၊ ကြီးတေဇဖြင့်၊ ဝရာဘူပတိ၊ စိုးအုပ်ပြီးခါ၊ ဘုန်းဟိမင်းလှ၊ သုဝဏ္ဏနှင့်၊ ဝရသုဝဏ္ဏ၊ တေဇနက၊ ဝရတေဇနာ၊ ဆက်ပြန်လာ၏။ မည်သာခေါ်ထွေ၊ သုန္ဒရေတွင်၊ ဖွားပေမျက်နှာ၊ မြင်တုံပါသား၊ ဥက္ကရာဇ်နွယ်၊ သားပုတ္တေကို၊ မဟေသရာ၊ နတ်ဒေဝါ၏၊ သည်းချာစံသီး၊ ချစ်သမီးဟု၊ ထွန်းညီးရောင်မြ၊ နာမရမူ၊ သုဝဏ္ဏသမ္ဘာ၊ နှင့်သင့်ရာဝယ်၊ တေဇာကြီးဘိ၊ တန်ခိုးဟိသည့်၊ သမုတ္တိဒေဝ၊ သားတော်လှကို၊ ဖွားထပြီးသော်၊ ပရမီသွာ၊ နတ်ရာဇာ၏၊ စိတာသမီး၊ ထိန်ညီးသာလှ၊ သုဂန္ဓကလျာ၊ မိဒေဝါနှင့်၊ ဃာရာဝါသ၊ အိမ်ထောင်ချ၍၊ များလှခြံရွေ၊ မင်းပြုပေသော်၊ မဟေသရာ၊ နတ်မြတ်စွာနှင့်၊ တေဇာထွန်းဘိ၊ ကြီးဣဒ္ဓိဖြင့်၊ ပရမီသွာ၊ နှစ်ယောက်လာ၍၊ ဒွါရာဝတီ၊ မြို့သိင်္ဂီကို၊ စုံညီပြည့်ထ၊ သမုတ်ချ၍။ ဓညဝတီ၊ ဝေသာလီဟု၊ ခေါ်ညီထင်ပေါ်၊ ဟိုးဟိုးကျော်သား၊ မြို့တော်ရမ္မာ၊ ပူရာစသည်၊ ဌာနသာစည်၊ လေးမြို့တည်၏။ ပတ်လည်တချို့၊ လေးထောင်ရို့ကား၊ ရာကိုးဆယ့်သျှစ်၊ ဖြစ်တုံလှစ်ကာ၊ တလှစ်ပြင်မြို့၊ လေးထောင်ရို့ကို၊ လုပ်ဖို့နတ်များ၊ ရောက်လာအားသည်၊ မင်းဖျားဘုန်းတော် တောက်ထွန်းတည်း။ ။

(၆) ထွန်းတောက်ဘုန်းတော်၊ တန်ခိုးကျော်သား၊ ပြိုင်ဘော်မဲ့ငြား၊ ရန်မျိုးချားသည်၊ မင်းဖျားဘူပါလ၊ သားတော်လှကား၊ ဝရာဘူပါလ၊ နရိန္ဒတည်း။ ဝရနရိန္ဒာ၊ စိုးပြန်လာမူ၊ သမ္မာရင်ထိန်၊ ချမ်းရိပ်ငြိမ်ပြီး၊ မဟိ်ပတိ၊ ဆက်ပြန်ဘိ၏။ ဘုမ္မိတွင်ထ၊ သားမင်းလှမူ၊ ဝရာဘုမ္မိဇေယျ၊ မင်းမြတ်လှတည်း။ တ္တဝလောကာ၊ ဤလုရွာ၌၊ ကမ္ဘာစောင့်နတ်၊ ရသေ့မြတ်ရို့၊ မိန့်လတ်သရော၊ ဖေါ်ထုတ်ဟော၏။ ခတ္တိယောတိ၊ အမည်ဟိသား၊ ဘုမ္မိပါလာ၊ စိုင်ဆက်ကာဖြင့်၊ နရဒိပ္ပ၊ နရိန္ဒဟု၊ ခေါ်ထထင်ချား၊ လေးမည်အားကို၊ မှတ်သားမုက္ခ၊ ခံကုန်ကြလျက်၊ ရိုကများစွာ၊ မင်းတကာရို့၊ ဒိဋ္ဌာနုဂ္ဂတိ၊ အစဟိသား၊ ကျင့်ဘိတရား၊ သင်ဆိုကြားမှ၊ တိုင်းကားပြည်ရွာ၊ ခွန်ဘဏ္ဍာမူ၊ တရွာတခု၊ ကောက်ယူမှုဖြင့်၊ ပြုစုကျွေမွီး၊ သားမြီးအသွင်၊ ချစ်ကြခင်လျှက်၊ ကျင့်စင်တရား၊ ဆယ်ပါးအားကို၊ မမှားစောင့်လျှောက်၊ ဖြစ်တုံမြောက်၏။ ထိုနောက်မှလျှင်၊ ဘိဇ္ဇောသရ၊ မင်းပြုကလည်း၊ မြတ်လှထရ်ပျံ၊ တန်းခိုးထန်သည်၊ ဂဝမ္ပတိ၊ စျာန်ဣဒ္ဓိဖြင့်၊ တ္တသိသျှစ်သောင်း၊ လေးထောင်ပေါင်းနှင့်၊ နတ်ကောင်းစန္ဒီ၊ သုန္ဒရီဟု၊ ပရမီသွာ၊ တတ်ပညာနှင့်၊ ဝိဇ္ဇာဂျော်ဂီ၊ ကျမ်းဗာဟီဖြင့်၊ ပါဒ်ဗီဇနာ၊ ပြန်ခရာလျှင်၊ ပိသာစိုက်မှောင်း၊ လုပ်တုံလျှောင်း၏။ အပေါင်းသိရစ်၊ ကောင်းခြင်းဖြစ်သည်၊ လက်သစ်အင်္ဂုလော၊ နန်းမယောတည်း။ ပြန့်ပြောထိုမှ၊ နာဂရဟု၊ မြို့ပြပစ္စင်၊ ထိုမင်းတွင်ကား၊ သတင်းညာကြီ၊ ကျွန်းသပြီ၌၊ သုန္ဒရီနတ်၊ ခေါ်တွင်မှတ်သား၊ မြတ်မိဘုရား၊ တွင်ဆပွားသည်၊ မင်းသားတကျိတ် ခြောက်ယောက်တည်း။ ။

(၇) တကျိတ်ခြောက်ယောက်၊ မင်းသားမြောက်တွင်၊ ကျော်ချောက်ဝှန့်ဝှန့်၊ ကျွန်းလုံးနှံ့သိ၊ သမုတ္တိဒေဝ၊ သားတော်လှကို၊ ရမ္မဝတီ၊ ပီးနှင်းလီ၏။ သိင်္ဂီရောင်လျှပ်၊ ဖြဟ္မဒတ်အား၊ မည်မှတ်အောင်ချာ၊ ပြည်သာယာမူ၊ ဗာရာဏသီ၊ ပီးတုံလီ၏။ ခေါ်ညီတွင်ဘိ၊ သမာဓိအား၊ နှံ့သိကြော်ငြာ၊ ထင်ရှားစွာသည်၊ ကုသဝတီ၊ ပြည်ပူရီတည်း။ နောင်ညီထွန်းလှာ၊ မင်းသားမှာကား၊ သမဝတ္တ၊ ပြည်ပူရမူ၊ သာလှနဂိုရ်၊ ရာဇဂြိုဟ်တည်း။ ဘုန်းပျိုထွန်းပ၊ သမ္ဘဝကား၊ ပြည်မိတ္ထိလာ။ သာခနောကား၊ အယုဇ္ဈပူရ၊ စိုးပိုင်သ၏။ သုဝဏ္ဏတွင်ဘိ၊ သားဘုန်းဟိကား၊ ဟတ္ထိဗလ။ သုဒ္ဓိယမူ၊ အဇ္ဈရဝတီ၊ ပြည်ပူရီကို၊ စိုးပြီးအုပ်ထ၊ သူဘာဝမူ၊ ကေစကန္ဓ၊ မှတ်ကြပြုလော့။ ပျိုနုရွယ်လှ၊ သုဂန္ဓလည်း၊ စိုးရအညီ၊ ကောသမ္ဘီတည်း။ ထိုပြီးမှန်စွာ၊ ဖလဝါကား၊ ဂန္ဓာကောဠ္ဌ။ အဌရမူ၊ ခေါ်ကြဗိုလ်လူ၊ သိနှံ့ဟူသည်၊ ရာဇပြည်သာ။ သဥ္စဘာကား၊ စမ္ပာနဂရ။ သူဘာဝမူ၊ တက္ကသီလာ။ မန္ဒပ္ပါလည်း၊ ကုသန္ဓာရ။ သူရန္ဒကား၊ သတ္တိလတည်း။ ရှိထတုံမြောက်၊ တကျိတ်ခြောက်ကို၊ တယောက်တပြည်၊ ပီးကြသည်တည်း။ ပတ်လည်ဝန်းလှည့်၊ ရှိတွက်ခယ့်သော်၊ သျှစ်ဆယ့်ငါးသွယ်၊ မြို့တို့ဝယ်နှင့်၊ ပေါင်းလွယ်ဇေဌ၊ ရောနှောကြသော်၊ တရာ့တမြို့၊ အင်မချို့သည်၊ မင်းရို့ပြည်ရွာ တည်မြောက်တည်း။ ။

(၈) တည်မြောက်ထိုသို့၊ သားများရို့တွင်၊ ပြည်မြို့အရာ၊ ပျော်ဖွယ်သာသည်၊ ရမ္မာဝတီ၊ ပြည်သိင်္ဂီကို၊ ခေါ်ညီတွင်ဘိ၊ အမည်ဟိသား၊ သမုတ္တိဒေဝ၊ ရာဇညဟု၊ မင်းလှသားကြီး၊ ဆောင်ရှိထီးနှင့်၊ စိုးပြီးထိုခါ၊ဘုမ္မိပါလ၊ ကျော်လျှက်ပြသော်၊ ဝရာဘုမ္မိပါလ၊ နရိန္ဒတည်း။ ဝရနရိန္ဒ၊ စိုးပြီးမှလျှင်၊ မဟိန္ဒပတိ၊ ရာဇတိဟု၊ ဘုန်းဟိလွှန်မှ၊ ရှိနန်းမ၌၊ ဝရမဟိန္ဒပတိ၊ စောသီရိသည်၊ ဘုန်းဟိရသေ့၊ ကျင့်ချမ်းမြေ့ဘိ၊ နတ်ကိုတ္တိသော်၊ မရှိရအောင်၊ ပင့်ချီဆောင်မှ၊ နောက်နောင်လူများ၊ မျိုးလေးပါးရို့၊ မှတ်သားဝိခြမ်း၊ ဆံခြည်နှမ်းက၊ တနန်းမယော၊ အင်္ဂုလောတိ၊ မုဒ္ဒေါအထွာ၊ အတောင်သာနှင့်၊ ရှည်စွာအလျား၊ နွားလားဥဿဘ၊ တွန်သံခသား၊ ဂေါသယုဇနာ၊ ဤသချာကို၊ ရှိကာများမြောင်၊ ချင့်တွက်ဆောင်၍၊

မင်းခေါင်နရိန္ဒ၊ ကျင့်ရိုးပြသား၊ ရှိကဖြစ်ငြား၊ မင်းအများလျှင်၊ ပုဏ္ဏားအကျင့်၊ ထိုကိုချင့်၍၊ မသင့်အပ်စွာ၊ ချောင်ပယ်ခွာလျက်၊ ဆယ်ဖြာတရား၊ စောင့်တုံငြားမှ၊ လေးပါးဂတိ၊ ဖြောင့်မတ်သိ၏။ ရာဘိယာဉ်ရှင်၊ ငါးပါးပင်တည်း၊ စိုးကျင်လီရ၊ ထိုမင်းကသည်၊ စ၍ရှိလျှင်၊ အစိုင်ပင်တည်း၊ ကျင့်အင်မြဲမြဲ၊ မချွတ်လွဲဘဲ၊ ဆကဲတထွေ၊ အသချေ်လျှင်၊ ကုဋေချင့်မှန်း၊ ကိုးသိန်းထွန်းကာ၊ ထီးနန်းစိုးမှန်၊ မင်းများလွန်သည်၊ ဆယ်ပြန်အစိုင်ရိုး၏တည်း။ ။

(၉) ရိုး၏အစိုင်၊ နန်းသက်ယှဉ်၍၊ ကောင်းယိုင်အမှန်၊ မင်းများလွန်မှ၊ ပြည်မွန်ပူရ၊ ဗာရဏဉ္စ၊ ရာဇဝံသာ၊ အနွယ်လာသည်၊ မဟာသာဝနာ၊ မင်းရာဇာလျှင်၊ ဒိပ္ပတောင်ငူ၊ ကျွန်းဇမ္ဗူနှင့်၊ ချင့်ယူမှတ်ဖွယ်၊ တွက်ကျုံးသွယ်သော်၊ ကျွန်းငယ်ငါးရာ၊ အရံပါသား၊ များစွာရပ်ရွာ၊ ဘဏ္ဍာသိမ်းယူ၊ စိုးတော်မူ၏။ ဘုန်းထူးမင်းမြတ်၊ သားသည်းပွတ်ကား၊ မည်မှတ်တွင်ထ၊ ခေါ်ဝေါ်ကြသည်၊ ဥတ္တမသာခနေ၊ ဖြစ်ပြီးမှလျှင်၊ ဝရသာခနော၊ ဆက်ပြန်လာသည်။ ဝရဖြဟ္မတ္ထ၊ သုသိလာတည်း။ ဝရသုသိလာ၊ မင်းမြတ်ခါ၌၊ မြတ်စွာဘုန်းဝှန်၊ ကကုသန်ဟု၊ လုထံကျော်ချောက်၊ ဘုရားပေါက်၍၊ မင်းမြောက်အပေါင်း၊ ရှိတွက်လျှောင်းသော်၊ သျှစ်သောင်းလေးထောင်၊ ပြန့်ပွားဆောင်၏။ ထို့နောင်ပြီးမှ၊ ကျွန်းဒီပဝယ်၊ သမန္တစက္ခု၊ နီလတုသို့၊ ပြိုင်တုမရ၊ သုဝဏ္ဏတည်း။ ဝရသုဝဏ္ဏ၊ ဩရသကား၊ ဘူပါလရာဇ၊ ဖြစ်ပြန်မှတည်း၊ ဝရဘူပါလရာဇာ၊ မင်းမြတ်စွာကို၊ ဆက်ကာစိုးဘိ၊ ဘူပတိတည်း။ ထွန်းညီးတေဇ၊ လက်ရုံးပသား၊ မဟိန္ဒရာဇာ၊ စိုးစံပါမှ၊ ဝရမိန္ဒလ၊ ဖြစ်ထွန်းပ၏။ ဝရဘူပတိ၊ သားဘုန်းဟိကား၊ ခေါ်ဘိဂန္ဓဗ္ဗ၊ ဝလျာဏနှင့်၊ ဝရဝလျာ၊ မန္ဓတ်သာလျှင်၊ စကြာလေးကျွန်းစိုး၏တည်း။ ။

(၁၀) စိုး၏လေးကျွန်း၊ နီလထွန်းသို့၊ စက်ဝန်းဒေသ၊ အုပ်ချုပ်ရသည်၊ ရန်မျိုးသွယ်သား၊ ဘုန်းစည်မန္ဓတ်၊ စောမင်းမြတ်ကား၊ ကြည်ညွတ်သဒ္ဓါ၊ သံသရာက၊ လျှုဒါစိမျိုး၊ ရှိကောင်းကျိုးကြောင့်၊ ပြည့်မျိုးများစွာ၊ရတနာသည်၊ လိုရာမတ၊ ပြည့်စုံလှ၏။ နေသဒ္ဓိ၊ ပြီးစီးဘိလျက်၊ စက်တိရတနာ၊ ရထားသာနှင့်၊ ဝေလာဟက၊ သိန္ဓဝဖြင့်၊ သာလှညက်ညော၊ ဖြူစင်ချောသည်၊ ဥပေါသထ၊ သတ္တိစသား၊ ခဂ္ဂမည်သာ၊ ဖြစ်တုံပါ၍၊ အာကာကောင်းခင်၊ ပျံနိုင်ကျင်သား၊ ဆင်မြင်းလုံခါး၊ ဤငါးပါးကို၊ နတ်များဒေဝါ၊ ဆက်သလာသော်၊ ထက်မှာဒေဝိန်၊ တာဝတိံနှင့်၊ နှိုင်းယှဉ်မှန်စွာ၊ အသူရာက၊ အောက်မှတလည်၊ နဂါးပြည်ကို၊ ဘုန်းစည်မင်းမြတ်၊ အာဏာလွှတ်သား၊ မန္ဓတ်ရာဇာ၊ မင်းမြတ်စွာလျှင်၊ လုရွှာကပ်ဆက်၊ နှစ်ကိုတွက်မူ၊အသက်သချေ်၊ နီတုံပေ၏။ များထွေကျေးဇူး၊ ဆိုသော်မူအံ့၊ အထူးမြင့်ရှည်၊ ကျယ်မြင့်တည်ကာ၊ ငြိမ်ရည်စေသား၊ ထိုမင်းများ၌၊ မိဖရားလှစွာ၊ ဂုရုသာ၏၊ ပုတ္တာဖြစ်ထ၊ ဩရသမူ၊ သူရိယသောတ၊ သားမင်းလှကို၊ မြန်စွမြင်းကောင်း၊ ပီးတုံလျှောင်းမှ၊ တသောင်းယူဇနာ၊ ကျွန်းဒီပါဝယ်၊ အဿာဓိပဓိ၊ ခေါ်ဘိမှန်စွာ၊ မဇ္ဈိမာ၌၊ ပဌမနဂိုရ်၊ ပြည်ဗဟိုရ်မူ၊ ပြောဆိုသချ်ာ၊ ယူဇနာကား၊ ကိုးရာအဝန်း၊ အကျယ်ထွန်း၏။ တခန်းထိုမှ၊ ဖေါ်ထုတ်ပြမူ၊ စန္ဒသောတာ၊ သားတော်မှာကို၊ များစွာဆင်ကောင်း၊ ပီးတုံလျှောင်းမှ၊ တသောင်းဒီပါ၊ ဇမ္ဗူချာဝယ်၊ ကြေငြာကျော်ထ၊ သမုတ်ကြသည့်၊ ဇေဌဓိပတိ၊ မင်းဘုန်းဟိကား၊ ခေါ်ဘိနာမ၊ မှည့်ပြီးမှလျှင်၊ ပဥ္စပူရာ၊ ပြည်အောင်ချာလည်း၊ ကိုးရာအဝန်း၊ ဖြစ်တုံထွန်း၏။ ထွန်းသည်ဖိတ်ဖိတ်၊ အောင်နမိတ်ဖြင့်၊ အာဒိစ္စဝင်၊ တပြည်လျှင်တည်း၊ ထိုတွင်ကျော်သိ၊ အမည်ဟိသား၊ မဏိသုဘာဝ၊ ရာဇလှကို၊ များကြလူပေါင်း၊ ပီးတုံလျှောင်းမှ၊ တသောင်းဒီပ၊ နှံမ့်သိကြသား၊ နရဓိပတိ၊ သမုတ်ဟိလျှင်၊ ခေါ်ဘိတခန်း၊ ရှိတွက်ညွှန်းကာ၊ အဝန်းကိုးရာ၊ ဖြစ်တုံပါလျက်၊ ရမ္မာပူရ၊ ကျော်ဇောကြသည့်၊ ပြည်မဌာနီ၊ ကျွန်းသပြေ၌၊ သုံးလီသုံးပါး၊ သားတော်များလျှင်၊ ပိုင်းခြားယူဇနာ၊ ခြောက်ထောင်တာကို၊ အာဏာမိုးလီစိုး၏တည်း။ ။

(၁၁) စိုး၍မိုးလီ၊ ကျွန်းသပြေကို၊ ရစ်ခွီပတ်ကြိုး၊ အာဏာဖျိုး၍၊ တန်ခိုးထန်ပြင်း၊ မန္ဓတ်မင်း၏၊ နွယ်ရင်းဝံသ၊ ဖြစ်ကုမ်ကြ သား၊ သုဝဏ္ဏပဘာ၊ သားတော်မှာကို၊ ရာဇာကံမြင်၊ မည်ပီးကျင်မှ၊ အလျှင်ဦးစ၊ ပထမမူ၊ ခေါ်ထတွင်ဘိ၊ အမည်ဟိသည်၊ သမုတ္တိဒေဝ၊ ထီးနန်းချ၍၊ ရမ္မာဝတီ၊ မြို့ဌာနီဟု၊ ခေါ်ညီပြီးမှ၊ စိုးပိုင်သသည်၊ ဝရရာဇညာ၊ မင်း၌သာလျှင်၊ သည်းချာစီတရ၊ သမီးလှမူ၊ သုဝဏ္ဏကလျာ၊ ဆင်းရုပ်ဝါနှင့်၊ မကွာစီချင့်၊ အိမ်ထောင်သင့်၍၊ ရှည်မြင့်ကာလ၊ စိုးအုပ်ရအောင်၊ ဥပရာဇာ၊ အိမ်ရှိရာကို၊ များစွာနီထ၊ တည်ပြီးမှတည်း၊ ဝရရာဇညာ၊ ထိုမင်းမှာကား၊ မဟာရာဇည၊ သားတို့မှာကို၊ ဒွါရာဝတီ၊ မြို့သိ်ဂီနှင့်၊ စုံညီပြည့်ဝ၊ ဓညဝတီ၊ ဝေသာလီဟု၊ ဌာနီရ၍၊ သုံးမြို့ခြိ၍၊ တည်ဘိအမှန်၊ မင်းမြတ်လွန်မှ၊ ဘုန်းလျှံထွန်းဖြာ၊ ဥပရာဟု၊ မည်သာခေါ်ဘိ၊ ကျော်နှံ့သိသား၊ ဘုမ္မိပါလ၊ မဟိသျှသည်၊ သာလှပြောစည်၊ ကံမြင့်ပြည်ကို၊ သက်ရှည်ဖြစ်လို၊ မင်းမြောက်ဆို၏။ ဘကိုရိပွတ်၊ တောင်းပန်လတ်သော်၊ သားမြတ်သုံးပါး၊ အခြားခြားဖြင့်၊ ပိုင်းခြားသည်မှာ၊ ဤပြည်သာလည်း၊ မှန်စွာစင်စစ်၊ လက်ဝင်ဖြစ်ဟု၊ တထစ်တရံ၊ မှတ်သားကြံမှ၊ ကျိုးနွံခယ၊ လျှောက်ပေကမူ၊ အဿကရာဇာ၊ မင်းနရာရို့၊ သချ်ာခြားပြီ၊ တသောင်းစီကို၊ အညီယူမျှ၊ ဝီကုန်ကြသော်၊ ဖြစ်ထမှန်စွာ၊ ယူဇနာမူ၊ ကိုးရာအဝန်း၊ အဖြောင့်သန်း၏။ ခြင်းမှန်အခင်း၊ သုံးရာတွင်းလျှင်၊ မယွင်းမှန်ညီ၊ ဖို့ဝီအမျှ၊ ပီးပြီးမှတည်း၊ မိုးဝတိမ်ယံ၊ စျာန်နှင့်ပျံသည်၊ ဂဝမ္ပတိ၊ ထရ်မဏိနှင့်၊ ပါရမီသွာ၊ နတ်ဝိဇ္ဇာက၊ ဒေဝါသိကြား၊ ဟူးရားများကို၊ ပိုင်းခြားတုန့်ပြိုင်၊ တုရင်းတိုင်နှင့်၊ နမိတ်တိုင်မြောက်၊ ကျောက်တိုင်ဆောက်၍၊ အံ့လောက်ကျီးကျွန်၊ ရှိထက်လွန်သည်၊ ပြည်မွန်ဆက်တတိုး၏တည်း။ ။

(၁၂) တိုး၏ဆတက်၊ ထိုမင်းထက်ဝယ်၊ သက်နှင့်ချင်းမြို၊ မစောင်းဆို၏။ သာချိုမြရိပ်၊ ချောနှင့်ကျိတ်တည်း။ မဖိတ်မှန်ပင်၊ သျှမ်းတူးလျှင်တည်း။ ဆိုလျှင်းလည်းပြု၊ မူဒုရုလေ့၊ ပျူဟုခံပြီ၊ မည်ခလီနှင့်၊ စုံစိမှတ်ဖွယ်၊ ဆက်ကာသွယ်လျှင်၊ ဇင်းမယ်ခေါ်တွင်၊ လင်းဟုကျင်သား၊ တန်းတင်သရေ၊ ဖြစ်ကျင်ပေ၏။ အမည်တွင်ပြီ၊ ဘင်္ဂလီဟု၊ အညီသည်းနောင်၊ လင်းကဲစောင်၍၊ တကြောင်းတတန်၊ ကသည်းခံ၏၊ ကမ်းယံတမူ၊ သထုံဟူသား၊ အယူရိုင်းစိုင်း၊ မြန်တလိုင်းနှင့်၊ ပည်လှိုင်းသိပ်သည်း၊ စုရုံးစည်းလျှက်၊ ကံတည်းမှန်းကြုံ၊ သည်နောက်မူက၊ ကမ်းမြို့ကမ်းတူး၊ စုံဖက်ပူး၏။ တခုတန်းတိုက်၊ မည်သမိုက်သည်၊ လဝိုက်လကွန်း၊ ခေါ်ကြမှန်း၏၊ စည်ထွန်းရပ်ရွာ၊ ရှိတွက်ပါသော်၊ ဘာသာကွဲပြား၊ နှစ်ဆယ့်ငါးလျှင်၊ မင်းဖျားညီနောင်၊ သည်နည်းအောင်၏။ လေးမြှောင်လေးမင်း၊ ပေါင်းလတ်လျှင်းက၊ တွင်ခြင်းမှန်ထ၊ မည်နာမမူ၊ တရာ့တဘာသာ၊ ဖြစ်တုံပါ၏။ အသဃကစ၊ နကရမြင်း၊ ရွာရိုးတွင်း၌၊ စည်ပင်ပြန့်ပွား၊ အခြားခြားဖြင့်၊ မင်းသားတသီး၊ မင်းသမီးကို၊ တွက်ပြီးတသိန်း၊ အိမ်ထောင်ငြိမ်း၍၊ မြို့သိမ်ဇေယျာ၊ ကျွန်းနဲ့ပါသည်၊ ထိုခါပြည့်ထမျိုးရိုးတည်း။ ။

(၁၃) မျိုးရိုးပြည့်လျှင်း၊ မြို့ခပင်းအား၊ မကြွင်းစိမ့်ငှာ၊ ဖေါ်ပြမှာအံ့။ ဂန္ဓလရာဇ်၊ ဂုရုရာဇ်ပေ၊ ဝိဒေဟရာဇ်၊ တလုစ်ပဉ္စာ၊ ကာသိန်ကာနှင့်၊ စေတာကတာ၊ သိသာတွင်စွာ၊ အာသာမေရ၊ ကုတ္တာကမ္ဗာ၊ သီလာမဇူရ၊ မတ္တရဂီ၊ ဘာသတာနှင့်၊ ဘာလာမြို့ဖြစ်၊ ကရာဇ်ထိုထို၊ တည်၏ဆိုက၊ ပေါင်းလိုနှောလုစ်၊ ဆယ်ခုနှစ်ဟု၊ ဖြစ်သည်မှန်ငြား၊ သားတော်စား၏။ မင်းဖျားထိုထက်၊ နှောစိုင်ဆက်မူ၊ တိုးတက်ပြန့်ပွား၊ ကျော်ထင်ရှားသည်၊ သားဇောကံမြင်၊ မင်းမြတ်တွင်လျှင်၊ စည်ပင်ဆကဲ၊ တသဲသဲတည်း၊ ဝဲဝဲလားလား၊ ပြန့်နှံ့ပြားလျှက်၊ ဂေါဏဂုဏ်ဘုရား၊ ဖြစ်ထွန်းငြား၍၊ ရှည်လျှားစိုင်ဆက်၊ နွယ်မပျက်တည်း၊ ကျော်ချက်ဇမ္ဗူဒီ၊ တကျွန်းခြီ၏။ လောကီစည်းစိမ်၊ အကြိမ်ကြိမ်လျှင်၊ ရိပ်ငြိမ်စိုးဆောင်၊ ရန်မျိုးအောင်၏။ မင်းခေါင်ကံမြင်၊ ဇမ္ဗူပြင်၌၊ စိုးကျင်မြို့ဝယ်၊ တွက်ကျုံးသွယ်သော်၊ တွင်ကျယ်ရမ္မာ၊ ဝတီသာတည်း၊ ပွင့်လာဗွက်ဘုန်း၊ ဖြန့်ကြုံးဖြစ်ဖြစ်၊ နှစ်ကိုစစ်သော်၊ သက္ကရာဇ်ကောဇာ၊ ဖြိုကာကာဖြင့်၊ သချာသချေ၊ ကုဋေသျှစ်သိန်း၊ မင်းများငြိမ်းမှ၊ မုနိသကျ၊ ကဿပ၏၊ တည်ထသာသနာ၊ ထွန်းသောခါ၌၊ ဥတ္တရမည်၊ ထိုသည်ပြည်ကို၊ အရှည်ဝံသ၊ စိုးအုပ်ထသည်၊ ဒေဝသာဂရ၊ လွန်ပြီးမှတည့်၊ နန်းမဘုံသာ၊ ဆက်ပြန်လာသည်၊ မဟာသာရ၊ သည်နောက်မှမူ၊ သာဂရနှင့်၊ ဥပသာဂရ၊ ဖြစ်ကုန်ကြ၏။ ခေါ်ထမှန်ဘိ၊ ရပ်သီရိမူ၊ အသိတဥ္စန၊ ထိုပြည်မ၌၊ ဒေဝက်သ၊ လွန်ပြီးမှတုံ၊ ပုတ္တမှန်စွာ၊ ဆက်ပြန်လာသည်၊ မဟာကသ်၊ ရှိနန်းရ၏။ ကသ်တွင်ထ၊ သားတော်လုနှင့်၊ ဥပကသ်၊ ဖြစ်ကုန်ကြချင့်၊ ရင်းစသဲချာ၊ နမမှာမူ၊ ဒီပါကျော်ဟိုး၊ သိန့်ကြိုး၍၊ နွယ်မျိုးမည်ရ၊ ဒေဝကမ္ဘာ၊ ခေါ်တွင်ပါသည်၊ ကလျာယောင်းလှ မိမြတ်တည်း။ ။

(၁၄) မိမြတ်ယောင်းလှ၊ နန်းသိင်္ဂဝယ်၊ များလှရုံကာ၊ စံသောခါ၌၊ ပုတ္တရမဂုရ၊ ရှိပြည်မကို၊ သာဂရမင်း၊ စိုးအုပ်လျှင်း၍၊ ညီရင်းဥပ္ပ၊ သာဂရလည်း၊ ကြောက်လှသော်အား၊ ပြီးထွက်လားသော်၊ ရပ်ခြားဘုမ္မိ၊ သာယာဘိသား၊ အသိတဥ္စန၊ ထိုပြည်မကို၊ စိုးထနိုပ်နှင်း၊ ကသ်မင်း၏၊ ထံရင်းတော်ပါး၊ ဝင်လီငြား၏။ ခစားခိုကိုး၊ နှံ့ရိုကျိုးကာ၊ နှမ်းညှိုးပူဆာ၊ ဟိသောခါ၌၊ ကြမ္မာဆော်ပန်၊ ရောက်လတ်ပြန်က၊ ကျော်ဝှန်သတင်း၊ တန်းခိုးပြင်းသည့်၊ ထိုမင်းနှမ၊ ဒေဝဂမ္ဘာ၊ မည်သာခေါ်ညီ၊ မဟေသီနှင့်၊ ကြုံလီထိုတွင်၊ အိမ်ထောင်ကျင်သော်၊ အလျှင်ဦးစ၊ ပထမမူ၊ ဘုမ္မရဒေဝီ၊ ဆင်းရှိစံသီး၊ ချစ်းသမီးကို၊ အပြီးထိုခါ၊ ဖွားမြင်ပါ၏။ သို့ပါသို့ငြား၊ သမီးအားလျှင်၊ ဖွားပြီးတုံမြောက်၊ ကံမထောက်ဘဲ၊ သီပျောက်လားသော်၊ သားတော်မျက်ရှု၊ ဘုန်းပေါင်းစုသား၊ ဝါသုဒေဝ၊ ဖွားတုံထ၏။ ဗလဒေဝ၊ သူရိယဒေဝ၊ စန္ဒာဒေဝ၊ ဆက်ကြစိုင်ဘိ၊ အဂ္ဂိဒေဝ၊ အဇ္ဇုနနှင့်၊ ဂရုဏာပေ၊ ရောဟနေယျ၊ ဃငပဏ္ဍိတ၊ အင်္ဂုရဟု၊ နာမတွင်ငြား၊ တကျိတ်သားကို၊ မခြားထိုတွင်၊ ဖွားမြင်ပြီးမှ၊ မာဂဓဖြင့်၊ ဒသဘာတိက၊ ခေါ်ကုမ်ကြ၏။ တေဇထွန်းပြောင်၊ လက်ရုံးထောင်သား၊ ညီနောင်တကျိတ်၊ ဇမ္ဗူဒိတ်မှာ၊ ဟိုးဟိုးငြာ၍၊ နောင်မှာဖွားထ၊ သမီးလှဟု၊ အဥ္စနဒေဝီ၊ ဆင်းသိင်္ဂီကို၊ ထိမ်းချီစုပြု၊ သောသောအုံသည်၊ ရှိဘုံနန်းသူခဝပ်တည်း။ ။

(၁၅) ခဝပ်နန်းသူ၊ သောသောဆူပြီး၊ ရှိတူတမျှ၊ ရောင်ထွန်းပသည်၊ အဥ္စနဒေဝီ၊ ဆင်းသိင်္ဂီကို၊ ချီချမြှတ်ခေါ်၊ ရံဘော် ခြောက်ကျိတ်၊ ဝန်းရံပိတ်လျှက်၊ ကျူးဆိတ်မည်း၊ တကြုံကြုံလျှင်၊ အသံပြိုင်ပြု၊ နန်းရတုနှင့်၊ ပျော်မှုအမြဲ၊ ယောင်လွှဲ၏။ သဲသဲရုံးစု၊ ခြံရံပြုလျှက်၊ ဝါသုဒေဝ၊ အင်္ဂုရကို၊ ဗလစွမ်းရောက်၊ အားကြီးမြောက်က၊ ပြိုင်ထောက်မမြင်၊ မိုးရပ်ခွင်ကို၊ စိုးကျင်တုံငြား၊ နတ်သိကြားလည်း၊ ဘုန်းအားလက်နက်၊ ပို့၍ဆက်၏။ ယူလျှက်ဆောင်နှင်း၊ ပီးအပ်လျှင်းသော်၊ ရန်ခင်းဟိရာ၊ ရအောင်ရှာ၍၊ မကြာကုန်အောင်၊ သတ်ပြီးနှောင်မှ၊ ပြည်ဘောင်အတွင်း၊ အမင်းမင်းကို၊ နှိပ်နှင်းပိုင်မူ၊ အခွန်ယူ၍၊ ဇမ္ဗူသောင်းပတ်၊ လားလာလတ်သော်၊ တွင်မှတ်သညာ၊ ဟိုးဟိုးငြာသည်၊ ဒွါရာဝတီ၊ လေးအင်ညီသား၊ သိင်္ဂီရောင်လျှံ၊ မြို့ရှင်ပုံကို၊ လုပ်ကြံကြိုးစား၊ တိုက်လတ်ငြားသည်၊ သျှစ်ပါးဒိသာရံပတ်တည်း။ ။

(၁၆) ရံပတ်ဒိသာ၊ သျှစ်မျက်နှာ၌၊ တပ်တာတည်ထ၊ နီကုမ်ကြပြီး၊ များလှဗိုလ်ပါ၊ တိုက်ကြရာဝယ်၊ ပြည်သာစိုးထ၊ ဘီလူးမလည်း၊ ခနမကြာ၊ မှန်ရောင်ဝါဖြင့်၊ ကောင်းခင်လမ်းသို့၊ ပျံသန်းလားလျှင်၊ လွန်ဘိကျင်မှ၊ ထက်ခွင်ပျံဝဲ၊ ပန်းဆိုင်ဆွဲသို့၊ မလွဲတူစွာ၊ နီလီပါသော်၊ ထိုခါပြိုင်ဆိုင်၊ တုမနိုင်ဘဲ၊ ဝိုင်းရိုင်ရုံးလှည့်၊ ဆုတ်ခွာခယ့်မှ၊ မြို့၏ရှိဘက်၊ နတ်မျက်စိမြော်၊ ဈာန်ယာဉ်ပျော်သား၊ မည်တော်နာမ၊ ခေါ်ဝေါ်ကြသည်၊ ဂဏ္ဍာဒီပါယန၊ မြတ်ဓမ္မနှင့်၊ သီလသည်းခံ၊ ရသေ့ပုံကို၊ ဘုန်းလျှံတေဇ၊ တန်ခိုးပသည်၊ ဒသဘာတက၊ ညီနှောင်လှရို့၊

ညွန့်ခကြောင်းရီး၊ ဖေါ်ပြီးမိန်းက၊ ပုံ့မွှီးသီလ၊ ပြည့်စုံလှသည်၊ ဂဏ္ဍာဒီပါယန၊ ရသေ့ကလည်း၊ မုသာဝါဒ၊ ဝေရာမဏီ၊ ချောင်ကြည်ဘိ၍၊ မသိသူအား၊ သိအောင်ကြားအံ့၊ မှတ်သားစီလို့၊ ဟုတ်တိုင်းဆို၏။ ရွှယ်ပျိုကျိုင်းထွား၊ မင်းသားများရို့၊ ကြိုးစားစောင့်ထ၊ ဘီလူးမကို၊ ချိုမြရသာ၊ ပျားသကာနှင့်၊ သြဇာချိုအီး၊ ကျွေးမွီးပြုစု၊ ဦးချကော်ရော်၊ တောင်းပန်သော်က၊ စည်ထသာမို့၊ ကျော်သည့်မြို့ကို၊ နှစ်လိုရှင်ပ၊ ဖေါ်၍ပြလိမ့်၊ များလှလူသျှင်၊ မြင်လီကျင်မူ၊ ခုပင်အပြီး၊ ထိုမြို့ကြီးကို၊ ခြားဆီးလှီးဖြတ်၊ သံမှိုခတ်၍၊ မချွတ်ကူးလျှက်၊ မြို့ပေါင်ဖျက်မှ၊ မြို့ချက်အမြဲ၊ သံနှင့်တွဲသော်၊ ပျံဝဲပြုကျင်၊ ထက်ကောင်းခင်သို့၊ ခုံပင်ကြွ၍၊ မပျံဝဲတည်း။ ကျန်းမြဲခိုင်ထ၊ မြို့ကိုရအံ့၊ ထွန်းပတန်းခိုး၊ လူထိပ်မိုးသား၊ ဟိုးဟိုးကျော်ကြား၊ ထိုမင်းအားလျှင်၊ မထားလျှင်စီ၊ ပြောပါလီဟု၊ မိန့်ချီသံမြ၊ ဆိုမြွက်ဟသည်၊ စောင့်ထသစ္စာ မချွတ်တည်း။ ။

(၁၇) မချွတ်သစ္စာ၊ စောင့်နီပါက၊ ဂဏ္ဍာဒီပါယန၊ တာပတလျှင်၊ မိန့်ဟစကား၊ အကြောင်းများကို၊ မထားထိုခါ၊ လျှောက်လီပါသော်၊ နာနာရှုပ၊ ဘီလူးမအား၊ ချိုလှရသာ၊ ပျားသကာကို၊ အစာသိုထဲ၊ ဝစ္စာကျွေးက၊ ပြည်ရေးစောင့်ရ၊ ဘီလူးမလည်း၊ လောဘဆိုးလျှင်၊ စားလီကျင်သော်၊ များဖျင်ဗိုလ်ပါ၊ လူတကာရို့၊ ဒွါရာဝတီ၊ မြို့သိဂီကို၊ အသိများမြောင်၊ အားကြိုးထောင်၍၊ အတောင်လိုင်ပင်း၊ တပြိုင်ချင်းဖြင့်၊ ပေါင်ရင်းကိုဖြတ်၊ တူးဖိုလတ်သော်၊ မြို့မြတ်နယ်ကွက်၊ အလယ်ချက်ကို၊ ရိုက်နှက်ဆက်ဆက်၊ သံမှိုခတ်မှ၊ မချွတ်မလွဲ၊ သံဖြင့်တွဲလျှက်၊ အမြဲစောင့်မှတ်၊ ရုံဝန်းပတ်၍၊ တားလတ်သောခါ၊ မြို့ဒွါရာလည်း၊ အာကာတိမ်ယံ၊ မပျံနိုင်ဘဲ၊ နီတိုင်းမြဲ၏။ မလွဲမှန်ထ၊ မြို့ကိုရလျှင်၊ နာမသညာ၊ သံတွယ်ရာကို၊ သိသာမည်ထင်၊ သံတွဲတွင်၏။ ဘုရင်မင်းဖျား၊ ဘုန်းတော်အားလျှင်၊ သိကြားရီနတ်၊ ဒေဝါမြတ်ရို့၊ ရိုက်ခတ်ထားကျင်၊ သံမြို့ရှင်ကို၊ မြီပြင်ကိုခွဲ၊ တောင်ကမ်းကွဲမျှ၊ မိုးထဲတိမ်ဖျား၊ လွှင့်လိုက်ငြားမူ၊ သံသားလွှင့်သံ၊ တော်လဲဟန်သို့၊ တဖန်ပုံလိုက်၊ ဂေါ်တူမြစ်တွင်၊ စင်စစ်ရောက်မှ၊ သံကြိုးကျမူ၊ မြစ်ဝကျိုက်ဆူ၊ ရီလုံးပူ၏။ ရီသူအများ၊ နီရာချား၍၊ လိပ်ငါးမေန်း၊ ရီလုံးပြွန်းမျှ၊ ပြီးသန်းကူးရ၊ ဖြစ်ပြီးမှလျှင်၊ သိကြထိုခါ၊ ကြီးအာဏာနှင့်၊ ရာဇာဒသ၊ ဘာတကရို့၊ မုချတန်းတိုက်၊ မင်းပြုရစ်သည်၊ ရန်စစ်ခပ်သိမ်းရိုညွှတ်တည်း။ ။

(၁၈) ရိုညွှတ်ခတ်သိမ်း၊ ရန်စစ်ငြိမ်း၍၊ မုဒိမ်းဒါးမြ၊ ခိုးသူစသည်၊ လန့်ထကြောက်ကျင်၊ ရန်မျိုးစင်မှ၊ သောင်းခွင်ကျော်ငြား၊ ထိုမင်းများရို့၊ ပျော်ပါးမြူးစံ၊ မြို့ရှင်ပုံ၌၊ ခြွီရံများဖျင်၊ များလူသျှင်နှင့်၊ နီကျင်ပေါင်းရုံး၊ ဇမ္ဗူလုံးကို၊ သိမ်းကျုံးဆယ်စု၊ အဖို့ပြု၏။ တခုမကြွင်း၊ တုတ်ခွန်သွင်းလျှက်၊ စံခြင်းများစွာ၊ ထိုအခါ၌၊ မည်သာခေါ်ထ၊ ကုဏ္ဍလဟု၊ အိုင်မဥ္ဇဝယ်၊ ကြောက်မက်ဖွယ်သား၊ ကြီးကျယ်သာလှ၊ ကက္ကဋကို၊ ပွပွသမ္ဘာ၊ ဖူးငုံပါ၍၊ ပွင့်သာဘုန်းဟိ၊ ဆင်ဟတ္တိလျှင်၊ နင်းဘိအင်ကိုး၊ ရွှတ်ရွှတ်ချိုးက၊ စည်ကျိုးဘိန္ဓ၊ မြစ်သို့ကျသော်၊ လက်မအစုံ၊ မျောလီတုံက၊ ကြိုက်ကြုံထိုခါ၊ အသူရာရို့၊ မဟာသမုဒ်၊ လှိုင်းခတ်ပုတ်၍၊ နစ်မြုတ်ရီကြောင်း၊ ဝင်လီလျှောင်းသော်၊ တချောင်းအကယ်၊ ဆည်ရပေ၏။ မြေထွေသာလှ၊ ဝှန်ပေါပြသား၊ စည်မစည်ကြီး၊ စည်ဘေရီးဟု၊ ပြုပြီးတုံမှ၊ ဝါသဝနှင့်၊ တွိုကြရန်မှီ၊ နတ်စစ်မြီ၌၊ ချုံးလီရကား၊ စွန့်ပစ်ငြားသော်၊ သိကြားတမူ၊ ရလီယူ၏။ ထိမ့်ဆူကျော်ကြ၊ အမ္ဗလဟု၊ တွင်ထအမည်၊ သိနားလည်လေ့။ ထိုစည်အမျိုး၊ အတူကျိုး၍၊ ရီရိုးဖလာ၊ မျိုးကြရာတွင်၊ ဂင်္ဂါမြစ်ကြောင်း၊ ပါလီလျှောင်း၏။ တချောင်းတမူ၊ ကျွန်းဇမ္ဗူဝယ်၊ ရိပ်ဖြူဆောင်းဆောင်း၊ တကျိတ်ပေါင်းသား၊ မင်းကောင်းဒသ၊ ဘာတကရို့၊ ဒွါရာဝတီ၊ မြို့တောင်ဆီဝယ်၊ နဒီမြစ်ယိုင်၊ ကမြူးစိုင်၌၊ ဝှဲရိုင်ချမ်းမြစ်၊ ဆည်ဘိလိုက်ကာ၊ ထိမ့်ရစ်မြည်လျှက်၊ မြောက်စည်ကြက်၍၊ မပျက်တီးကာ၊ သံဝှမ့်ဖြာသည်၊ ဒီပါဇမ္ဗူလွှန်ပတ်တည်း။

(၁၉) လွှန်ပတ်ဇမ္ဗူ၊ ထိမ့်ရစ်ဆူ၍၊ ခွန်ယူသိမ်းကျုံး၊ လက်ရုံးရှင်ပ၊ ပျော်ပါးကြသော်၊ ကာလလွှဲဖေါက်၊ ကိန်းခန်းရောက်မှ၊ မှီနှောက်ချောက်ချား၊ ဟိတုံငြား၍၊ တိုင်းကားပြည်ရွှာ၊ ပျက်ကိန်းသာလျှင်၊ ဖြစ်ခါနီးလတ်၊ ကပ်ဥပါဒ်ကြောင့်၊ ယွင်းချွတ်မူခါ၊ အခမ္ဘာကို၊ ကျင့်ပါတခြား၊ မင်းသားများရို့၊ တရားသိမှတ်၊ ရသေ့မြတ်ကို၊ ယွင်းချွတ်စိတ်တွင်၊ ပြစ်မှားကျင်၍၊ အကြင်ယောက်ကျား၊ သူတပါးကို၊ ဟိငြားကိုယ်ဝန်၊ ပဋိသန်လျှင်၊ အဟန်ပြုထွေ၊ ဆောင်ယူလေပြီး၊ သန္ဓေတည်ငြား၊ ထိုယောက်ျားမူ၊ လများအကယ်၊ မည်သည်နိတွင်၊ ဖွားမြင်မည်နည်း။ မိန်းလှည့်ထိုခါ၊ ပညာမြင်မြော်၊ ရသေ့ကျော်လည်း၊ လူဝယ်ဒသ၊ ဘာတကရို့၊ ကာလမရှည်၊ ပျက်လတ်မည်ကို၊ အခြေသိထင်၊ ထို့နှယ်မြင်၍၊ ဆင်ခြင်ညာဏ်ဖြာ၊ ကြည့်ရှုရာသော်၊ ကိုယ့်မှာတုံလည်း၊ ကြိုက်ကြုံပြန်ရာ၊ ဤနေ့သာဟု၊ မှန်စွာတပ်တပ်၊ စိတ်ဝယ်မှတ်၍၊ မချွတ်မမှား၊ ဤယောက်ျားလျှင်၊ ဆန့်တားရှိတွက်၊ ခုနှစ်ရက်၌၊ တချက်မမှား၊ ရှားတုံးဖွားအံ့။ ထိုရှားပျက်က၊ သာဂရဟု၊ ရာဇမင်းနွယ်၊ ဇမ္ဗူလယ်၌၊ အကယ်ကျင်းကျင်း၊ ပျက်လတ်လျှင်းအံ့။ သံညွှင်းမြွက်ဟ၊ ဆိုပေကလျှင်၊ ခနမကြာ၊ လူများစွာရို့၊ ထိုခါလက်ထောက်၊ ဒုတ်အုတ်ကျောက်ဖြင့်၊ တယောက်တချက်၊ ရိုက်ခတ်နှက်သော်၊ ညက်ညက်ကြီကြီ၊ ရသေ့သီ၏။ တလီမင်းပေါင်း၊ ကြားလတ်လျှောင်းသော်၊ လျင်ကြောင်းထိုခါ၊ သင်းဂိုလ်လာပြီး၊ မှာရေစကား၊ မိန်းလတ်ငြားမူ၊ မမှားထိုထို၊ ရသေ့ဆိုဟန်၊ လျှောက်ကြားပန်က၊ လျင်မြန်ဖမ်းငြား၊ ထိုယောက်ျားကို၊ မထားမလွှတ်၊ ခြီချင်းခတ်၍၊ ရုံပတ်ဝန်းလျား၊ လူအများနှင့်၊ ထံပါးမြဲပေ၊ စောင့်လျှောက်စေသည်၊ ကြည်ထွေညီနောင်မင်းမြတ်တည်း။ ။

(၂၀) မင်းမြတ်ညီနောင်၊ ကြိုးစားဆောင်၍၊ မျှားမြောင်ခြိရံ၊ စောင့်လျှောက်ပြန်သော်၊ အမှန်ကွက်ကွက်၊ ခုနစ်ရက်သည်၊ ရှိတွက်ကြုံခါ၊ ဤလူ့ရွာ၌၊ တခါရံထူး၊ မကြားဖူးတည်း၊ အထူးဆန်းပြား၊ လူယောက်ျားလျှင်၊ ခေါ်ငြားမရ၊ လူမိမ္မသို့၊ ဖြစ်ထလီငြား၊ ရှားတုံးဖွား၏။ လူများတကာ၊ ကြောက်လန့်ပါ၍၊ လျင်စွာပစ်ခါ၊ လှိုင်းသာလွတ်ချောက်၊ ကမ်းသို့ရောက်၍၊ မထောက်တင်ရစ်၊ ရှားပင်ဖြစ်၏။ အနှစ်များစွာ၊ မြင့်ရှည်ကြာ၍၊ ရာဇာဒသ၊ ဘာတကရို့၊ ငြိမ်းမျှသံသာ၊ ပဥ္စင်္ဂါနှင့်၊ မဟာသမဇ္ဇ၊ သဘင်ခံ၍၊ တင့်စံသာလှ၊ တပေါင်းလဝယ်၊ ရှင်ပပျော်ပါး၊ ရီကစားသော်၊ တက်ငြားထိုခါ၊ ဖြားရောက်ရာ၌၊ သီစာသောက်ထ၊ မိပျော်ကြလျှက်၊ ယစ်ဝကိုင်ငင်၊ လုံးထွီးကျင်၏။ မြူးရွှင်ကြီစား၊ စိုက်ရန်ပွားသော်၊ ယှုငြားထစ်ထစ်၊ မျှားနှင့်ပစ်က၊ စင်စစ်ကေန်၊ မျှားလင်းကန်လျှင်၊ အမှန်ထိုတွင်၊ ဖြစ်လတ်ကျင်၏။ နာကြင်မိထ၊ မာန်မာနဖြင့်၊ ရန်စခြုတ်ခြေ၊ ဒေါသသွယ်လျှက်၊ မတွယ်မညှာ၊ ထိုးခွတ်ပါသော်၊ မျှားစွာမိုက်လူ၊ ကျက်ကျက်ဆူလျှက်၊ ကွပ်မူမနိုင်၊ တိမ်းယိမ်းယိုင်၏။ တပြိုင်နက်ပင်၊ ပြုလတ်ကျင်က၊ ယှုငင်မသာ၊ သူ့ထက်ငါလျှင်၊ ရေရာမရ၊ ထိုးသတ်ကြသော်၊ မင်းကမလွတ်၊ ဒေဝီထွတ်နှင့်၊ မူးမတ်အနွယ်၊ မျိုးကိုးသွယ်ရို့၊ ထိုဝယ်ကျင်းကျင်း၊ သီတုံလျှင်းသည်၊ ပြည်တွင်းပြည်မမလွတ်တည်း။ ။

(၂၁) မလွတ်ပြည်မ၊ ပြည်တွင်းစသား၊ မျှားလုရုံးစု၊ ထိုးခွတ်ပြုသော်၊ ဝါသုဒေဝ၊ စောမင်းကလည်း၊ ဗလဒေဝ၊ ညီမင်းလှနှင့်၊ အဉ္စနဒေဝီ၊ သိင်္ဂီရှိဘော်၊ နှမတော်ကို၊ ခေါ်တော်မူပြီး၊ ပရောဟိလည်း၊ ပါဘိကိုယ်ကြပ်၊ လက်ချင်းစပ်၍၊ မြောက်ရပ်တူရူ၊ လားတော်မူ၏။ နှံ့ဆူကျော်ကြား၊ မင်းနှစ်ပါးရို့၊ ရှည်လျှားရှိခါ၊ သံသရာက၊ ကြမ္မာစိုင်ဆိုက်၊ ဝိပါက်လိုက်၍၊ ရန်ခိုက်နှင့်တွိ၊ ခန္ဓာရှိ့လျှက်၊ စုတိဘဝင်၊ ချုပ်လီကျင်မူ၊ ဆင်းအင်ပြည့်လှ၊ အဉ္စနနှင့်၊ ဖြဟ္မဏတွင်ဘိ၊ ပရောဟိရို့၊ ပေါင်းမိမသွယ်၊ လားကြပေသော်၊ ကျော်ဝယ်နှံ့သိ၊ ဝေသာလိဟု၊ ခေါ်ဘိတင်မြောက်၊ ပြည်သို့ရောက်၏။ ဘုန်းတောက်သနင်း၊ ထိုပြည်မင်းလည်း၊ ဖြစ်ခြင်းရောဂါ၊ ဝေဒနာကြောင့်၊ မကြာလျှင်လျှား၊ စုတိငြားသော်၊ သားနှင့်မြီးမြစ်၊ မကျန်ရစ်၍၊ ပြည်၌များစွာ၊ မူးမတ်ရာရို့၊ ညီညာကြိုးစား၊ ပြုသောအားဖြင့်၊ ပုဏ္ဏားသာလှ၊ ဖြဟ္မဏနှင့်၊ အဉ္စနဒေဝီ၊ ဆင်းလှရှိကို၊ သိင်္ဂီဥကင်၊ ထီးနန်းတင်၏။ သာရှင်ဝမ်းမြောက်၊ ဘိသိက်မြှောက်၍၊ ငြိမ်းလှောက်သာယာ၊ စံပြီးခါမှ၊ ပုတ္တာသားလှ၊ ဖြဟ္မသုန္ဒရာ၊ စောသတ္တာသည်၊ ဝေသာလီက၊ ပြောင်းပြီးမှလျှင်၊ မျှားဖျင်အလေး၊ ဗိုလ်စည်းဝေးနှင့်၊ ငွေးသင်းတောင်၊ မြို့တည်ထောင်၏။ ထို့နောင်စိုးထွေ၊ ခြောက်နှစ်ပေတည်း။ ရှည်ရှည်လျှားလျှား၊ မြို့စိုင်များနှင့်၊ ပုဏ္ဏားမျိုးနွယ်၊ မိုးထက် ကြယ်သို့၊ ဆက်သွယ်များစွာ၊ စိုးငြားပါသော်၊ ရီသာစိမ်းမြ၊ ဂစ္ဆပ၏၊ ဒက္ခိဏဂါမာ၊ ကမ်းပါးသာ၌၊ နဝါနဝ၊ နာမဘွဲ့မည်၊ ကိုးဆယ်ကိုးမြို့၊ မချို့အင်္ဂါ၊ ကိန်းသချာမူ၊ နှစ်ရာပြည့်လုတ်၊ နှစ်ပါးယုဂ်၏။ အဟုတ်မင်းပေါင်း၊ စိုးအုပ်လျှောင်း၍၊ ပြန်ပြောင်းတည်ထ၊ ပြုကုန်ကြလျှက်၊ နာမသမိုက်၊ ထီးနန်းစိုက်သည်၊ မှတ်ပိုက်တံဆိပ်ခတ်လတ်တည်း။ ။

(၂၂) ခတ်လတ်တံဆိပ်၊ ရန်မျိုးနှိပ်၍၊ ဘုန်းရိပ်ထွန်းပ၊ ရာဇညရို့၊ ဂစ္ဆပနဒီ၊ မြစ်ဆီလက်ယာ၊ ရှိပြဗ္ဗာက၊ တည်လာအစ၊ ပထမမူ၊ ဒွါရဝတီ၊ ဌာနီသမိုက်၊ ထီးနန်းစိုက်မှ၊ ပဏ္ဏာဝတီ၊ သဗ္ဗလီတည်း။ မင်းသမီးပြင်၊ မင်းသားပြင်နှင့်၊ သက်တင်ဝန်းချုံး၊ ဆင်ကုန်းတကြောင်း၊ ပေါင်းလောင်းပင်တိုင်၊ တိုင်ချိုင်မည်ဆောင်၊ ကာဝန်းတောင်ပြိုင်၊ စိမ်းညှင်းအိုင်ပြင်၊ ရထိန်တွင်လျှောင်း၊ ကျွန်းပေါင်းလောင်းက၊ အင်းချောင်းတည်ထောင်၊ နန္ဒင်းတောင်လျှင်၊ သောက်ရှူးပြင်ခေါင်၊ စည်ဘောင်တောင်ရဲ၊ ပုလဲတောင်လျှင်၊ ဂင်္ဂါပြင်ဟူ၊ တောင်ဖြူတောင်ပင်၊ ထီးဝန်းတင်ပေ၊ မုစ္စရေဟု၊ ဝေလုပဗ္ဗတ၊ နာမခေါ်ထူး၊ ထင်းရှူးတောင်ခန်း၊ ငန်းတောင်ဝန်းနှင့်၊ ရီချမ်းအိုင်ကောင်း၊ ရှိပန်းတောင်းသာ၊ ပဥ္စာမည်လျှောင်း၊ ကျောက်ပန်းတောင်းဟုတ်၊သီရိဂုတ်က၊ ဓညဝတီ၊ သိင်္ဂီမျိုးမြင့်၊ ကံသုံးဆင့်နှင့်၊ အဇ္ဇရဝတီ၊ သီရိမာဝတီ၊ ခေါ်ညီတွင်ဆို၊ ရာဇဂြိုဟ်က၊ ရဏ္ဏာဝတီ၊ ဝေသာလီမှ၊ တလီမုက္ခ၊ ကုမ္ဘာဝတီ၊ တချီတွင်ထ၊ ဘရဝဏ၊ သုဝဏ္ဏာဂီရိ၊ ဆိုဘိမယွင်း၊ လီညှင်းတောင်က၊ စန္ဒနနှင့်၊ ပါသိဝဆိုင်း၊ သဝင်ကိုင်းက၊ ပြိုင်းတိုင်မည်နှင်း၊ ငွေးသင်းတောင်၊ ငါးရီတောင်မှန်၊ ဆေဒ္ဒါန်ပေ၊ ကျက်သရေတောင်လျှင်၊ စည်သဘင်တောင်ကောင်း၊ ငရုံချောင်းထက်၊ စမ္ပဝက်တောင်၊ မောင်ပုံတောင်ကိုင်း၊ ပြိုင်းတိုင်တောင်ဖြူ၊ ကိန်းသာဟူပြန်၊ သလွန်တောင်ကောင်း၊ ပိန္နဲချောင်းဟူ၊ ဆင်ဖြူကျွန်းသာ၊ တခါအမှန်၊ ကာတန်တောင်ဆက်၊ ပုသင်တက်ပါ၊ သေလာတွင်ဘိ၊ ရင်ကတ္ထိသာ၊ သမ္မာဝတီ၊ စုံညီသာမို့၊ ပရိန်မြို့ထောင်၊ မာန်အောင်တဖြာ၊ ကျွန်းနံသာနှင့်၊ ပန်းနံသာက၊ ကက္ခရပဗ္ဗတ၊ နာမဂဏန်းတောင်၊ ထို့နောင်တသုံး၊ လုံရုံးသဖွယ်၊ တောင်သုံးဆယ်မှန်၊ သရာဘန်ဆိုင်၊ နဂါးအိုင်နှင့်၊ တပင်တိုင်ဟူ၊ တောင်ဖြူတောင်သာ၊ နီလာတောင်မျိုး၊ လွန်ရိုးတောင်ဟုတ်၊ ဂုတ်မြို့ခေါ်ထို၊ လင်းဟုဆိုထ၊ကမ္ဗလဝက်၊ သရက်တောင်ပြီး၊ မနီးမယွင်း၊ စစ်တလင်းထား၊ ကျောက်လှေကားဟူ၊ မှန်ကူတချို့၊ လင်းမြို့မှန်ထ၊ မြေမြို့သချည်း၊ နေရဉ္စရာ၊ ကုသဝဒီ၊ ခေါ်ညီသာယာ၊ စမ္ပာဝတီ၊ စုံညီသာစွာ၊ လက်ယာဘက်မှာ၊ ဆက်ကာစိုင်၍၊ ရှိတွက်ခယ့်သော်၊ ကိုးဆယ့်ကိုးမြို့၊ အစို့စို့ကို၊ မင်းရို့ထီးနန်း တည်လတ်တည်း။ ။

(၂၃) တည်လတ်ထီးနန်း၊ တစိုင်ထွန်း၍၊ ဆိပ်ကမ်းသာလှ၊ ဂစ္ဆပ၏၊ မဇ္ဈိမဒေသ၊ နောက်မျက်နှာမှာ၊ တည်လာအစ၊ ပထမမူ၊ ကျီးမသရေ၊ ခေါ်ပေထင်ရှား၊ ကုလားပန်းဇင်း၊ မယွင်းပြုပ္ပာ၊ ဂန္ဓာမဣ္ဆိမ၊ ပဘင်္ဂလျှင်၊ ဂဇင်ကလ၊ သန္တလရာဇ်၊ ဖြစ်သည်တဖြာ၊ စေကာကရာဇ်၊

သေတာရာဇ်မှ၊ ပပ္ပတရာဇ်၊ စုလရာဇ်သာ၊ ကာလကရာဇ်၊ တလှစ်မှန်စွာ၊ ပဋိကာလ၊ တည်ထနဒီ၊ အညီမှတ်ကြ၊ ပဠ္စကာမဝတီ၊ တလီထိုမှ၊ တဠ္စရဠ္စရာ၊ တခါဆိုဟူ၊ အစ္စန္တ၂ဘာ၊ သုဝဏ္ဏာဂီရိ၊ မည်ဟိခေါ်ပြု၊ ဝေဠုရတာ၊ နာမတွင်ဘိ၊ ပဋိကရာနာဂရ၊ လောရမ္မနှင့်၊ ပဠမနဂိရ်၊ ထိုထိုသာယာ၊ ရမ္မာပူရ၊ လောက္ကရကာ၊ သမ္မာပူရ၊ လောကွှရတာ၊ စက္ကဝဏ္ဏာ၊ သမ္မာဝါရာ၊ ဝေသာပန်းတောင်း၊ တကြောင်းထိုမှ၊ တက္ကရမှန်၊ တေန်သူရဲ၊ မလွဲတဆစ်၊ မလ္လရာဇ်က၊ ယက္ခဂန္ဓ၊ သမ္မဂီရိ၊ ခေါ်ဘိမှန်စွာ၊ ဂန္ဓဂီရိ ၊ စတုရိနှင့်၊ ပုလိန္ဒရာဇ်၊ စိုင်ဆိုက်မှတ်ကြ၊ အဝိန္ဒတ၊ ကေကကရာဇ်၊ ဖြစ်သည်မယွင်း၊ ဆားတလင်းကြုန်း၊ ခမောင်းတုန်းဆိုင်၊ သရက်အိုင်ဆောင်၊ ကြေးတောင်လျှင်၊ ဘုန်းပြင်ခေါ်ဆောင်၊ သပိတ်တောင်နှင့်၊ ယင်ပေါင်တောင်မင်း၊ အင်ကြင်းတောင်မွန်၊ ရှိစကြိန်ပေ၊ ဆင်သေတဖန်၊ ဆဒ္ဒန်အိုင်မှန်း၊ သဝင်ကျွန်းနှင့်၊ စစ်တန်းတင်ဘက်၊ သမက်ခေါ်ထ၊ ယောကွှမတည်း။ ဆံထုံးဖွဲ့ဟူ၊ သလူတောင်စပ်၊ တပ်မြို့မည်မှန်း၊ တောင်ကျွန်းခေါ်ဆောင်၊ ကျက်တောတောင်မှ၊ ကာသုရတုံ၊ ထောက်ဆုံမလွဲ၊ တဲလမုချောင်း၊ တကြောင်းသည်နောက်၊ ပီတကောက်မှန်း၊ ပီကျွန်းသမန္ဒရာဇ်၊ စစ်စစ်မှန်သော၊ ပတကောလျှင်၊ တင်တိုင်းသင်တောင်၊ ခြသေ့်တောင်နှင့်၊ မြင်းသီတောင်ဖြစ်၊ ဘန္တ ရာဇ်ဆိုင်၊ ကင်းမိအိုင်ဆုံ၊ မထုံခေါ် မြို့၊ ရဲရို့ပင်တိုင်၊ ကျန်းခိုင်မောက်မောက်၊ သီမသောက်ဆို၊ သားပျိုငိုငြား၊ ကျောက်တန်းခါးဟုတ်၊ တရုပ်ကာညီ၊ ခွီးသီမှန်လတ်၊ ဥဒေါင်းဝတ်လျှင်၊ သက်ကျမ်းပြင်က၊ ခေါ်တွင်မှန်စွာ၊ မြို့သာယာနှင့်၊ မလ္လာမည်ဝင်၊ မြင်းသီပြင်လျှင်၊ အောင်သာပြင်က၊ နီလာပြင်မြောက်၊ ကျိုင်တောက်ဟူ၊ ဆင်ဖြူတောင်ကျော်၊ ကံ့ကော်တောင်ကောင်း၊ ညောင်ချောင်းတွင်ငြား၊ စိမ်းညှင်းပြားဟူ၊ ပျားသားယူက၊ ဩရမဟု၊ စည်ကြများပေ၊ ရှိတွက်ချေသော်၊ ကိုးဆယ်ကိုးမြို့၊ အစို့စို့ကို၊ မင်းရို့တည်ထ၊ ထီးနန်းချသည်၊ နာမသမိုက်မည်လတ်တည်း။ ။

(၂၄) မည်လတ်သမိုက်၊ ထီးနန်းစိုက်၍၊ ဘုန်းမြိုက်ထွန်းပ၊ ဖြဟ္မဏ၏၊ စိုးထတိုးစည်၊ ဆက်ကာသွယ်လျှက်၊ အနွယ်များစွာ၊ ဖြစ်ခြင်းရာကို၊ ရှီးကာဖေါ်ညွှန်း၊ ပိုကျယ်ဝန်း၍၊ စိစေ့ဆိုထ၊ ရုံး၍ပြအံ့၊ တရာ့ကိုးဆယ်၊ သျှစ်မြို့ဝယ်တွင်၊ အနွယ်ပုဏ္ဏား၊ နောင်ဖျားဆုံးစွန်၊ သရာဘန်ဟု၊ ကျော်လွှန်သတင်း၊ ထိုသည်မင်းလျှင်၊ ဆင်မြင်းရထား၊ ခြီသည်များနှင့်၊ တည်ထားပြောင်းရွှို့၊ ဝေသာလိဟု၊ ဘုမ္မိနက်သန်၊ မြိုကြန်ညီညွှတ်၊ မြို့မြတ်တည်လျှက်၊ ဆယ့်ခြောက်ဆက်တွင်၊ မြောက်ဖက်ရပ်မှာ၊ ဟေဝန္တာ၏၊ ရီသာညိုမြ၊ ဂစ္ဆပတွင်၊ ပစ္စုံသျှင်မိုး၊ ရှာသွန်းဖြိုးက၊ ဟိုးဟိုးများစွာ၊ စီးကျလာလျှင်၊ ထိုတွင်နီထ၊ ဆတ်မကမူ၊ ကြောက်လှကြီးကျင်၊ ညောင်ကြပ်ပင်ကို၊ ခုံမင်ကြွကြွ၊ အရကိုးလျှက်၊ ခိုမှီတက်၏။ တချက်ထိုထို၊ မျောက်ဖိုကလည်း၊ စိမ်းမြည္ဆန့်ရှင်၊ သဖန်းပင်ဝယ်၊ ခုံမင်တက်မူ၊ နီကုန်ပြု၏။ ရီထုများလှ၊ ပြည့်လတ်ကလျှင်၊ ဆတ်မမျောက်ထီး၊ အပြီးထိုခါ၊ မျောလီပါသော်၊ သေလာဂီရိ၊ အမည်ဟိသား၊ များသိန္နံ့ဆောင်၊ ကျောက်တော်တောင်သို့၊ ရီကြောင်းပို့ကျင်၊ ရောက်လီလျှင်သော်၊ တူပင်မပြား၊ နီတုံငြားက၊ နှစ်ပါးဆုံထ၊ ပေါင်းဖေါ်ကြသည်၊ နှစ်လရက်ကြာနီလတ်တည်း။ ။

(၂၅) နှစ်လရက်ကြာ၊ နီသောခါ၌၊ တိရိစ္ဆာန၊ ထိုဆတ်မသည်၊ ပုပ္ပနမိတ်၊ အကြောင်းဟိတ်ကြောင့်၊ သုံးကျိတ်နှစ်ယောက်၊ တွက်ရှိမြောက်သား၊ အံ့လှောက်ထွေပြား၊ သားကိုဖွား၏။ ထိုသားရို့တွင်၊ တချို့သားကား၊ ငှက်ဖြစ်ငြား၍၊ ပျံလားတုံမြောက်၊ ဥပွားပေါက်၏။ တချို့သားကား၊ မှန်ငြားစင်စစ်၊ လူလျှင်ဖြစ်က၊ လူ၌ဝင်ပြီး၊ ပေါင်းဖေါ်မီး၏။ သားကြီးဖြစ်ထ၊ အားဗလနှင့်၊ နာမတွင်ပြန်၊ ဆေဒ္ဒါန်လျှင်၊ တဖန်ခေါ်ဘိ၊ ပက္ခမိနှင့်၊ ထိုပြီးတလှစ်၊ ငရဲခိုက်တည်း၊ စင်စစ်မှန်ညီ၊ ရက္ခနီဟူ၊ တူပြီးယှဉ်ထ၊ ဘီလူးမနှင့်၊ သင့်တင့်ပေါင်းမူ၊ ရေဟုတည်း၊ ဆွီစုမျိုးချည်း၊ ပေါ်းသဲလျှင်၊ နက်မဲအရုပ်၊ လေကုတ်ရို့၊ ကြမ်းကြုတ်မိုက်မူး၊ စွယ်ပြူးပြူးနှင့်၊ ဘီလူးမသား၊ ဖြစ်ငြားတုံမြောက်၊ ခုနစ်ယောက်တည်း။ မှီနောက်တုံထ၊ မောင်နှမရို့၊ ဖိုမကာမေ၊ နီကုန်ပေ၏။ ဖွေဖွေရှာရှာ၊ ရပ်ဒီသာကို၊ လှည့်ကာပတ်လျှက်၊ မိုးထက်ဆိုင်းဆာ၊ ညဆိုင်းဆာကို၊ ဝေသာလိမည်၊ ထိုသည်ပြည်၌၊ နီသည်မချား၊ လူအများကို၊ ဖမ်းငြား၍သာ၊ စားကြပါသော်၊ ပြည်သာစိုးခြင်း၊ ထိုသည်မင်းလည်း၊ ဆင်မြင်းရထား၊ ခြီသည်များနှင့်၊ လူသားစားကြူး၊ တောဘီလူးနှင့်၊ နှစ်ဦးပူးဆိုင်၊ စစ်ရေးပြိုင်သော်၊ ကြီးခိုင်အားအန်၊ ဆေဒ္ဒါန်လျှင်၊ ဆင်ဟန်ဖန်ဆင်း၊ လိုက်လီလျှင်း၍၊ အတင်းဖမ်းငြား၊ မင်းကိုစားက၊ ပုဏ္ဏားမျိုးနွယ်၊ ပျက်ကိန်းသွယ်သည်၊ ပြီးဖယ်လူများ ကြောက်ရွံ့တည်း။ ။

(၂၆) ကြောက်ရွံ့လူများ၊ ပြီးချောင်လား၍၊ ထင်ရှားခေါ်ဘိ၊ ဝေသာလိဟု၊ တွင်ဘိအမည်၊ ထိုရှိပြည်ကို၊ ပတ်လည်ရံငြား၊ ဘီလူးစား၍၊ တိုင်းကားပြည်ရွာ၊ ချောက်ချားခါ၌၊ မဟာနာဂရ၊ ကပိလကို၊ အဇ္ဇုနမင်း၊ ဖယ်ခွာလျှင်း၍၊ သီတင်းသုံးရာ၊ ရှိကြမ္မာကြောင့်၊ တောအောင်းနီထ၊ ထိုဆတ်မနှင့်၊ သံဝါကစ္စ၊ တွိဆုံကြခါ၊ ဣန္ဒမာယ၊ ခေါ်ကြပြုငြား၊ သားကိုဖွား၏။ လူလားမြောက်ခါ၊ တေဇာကြီးထု၊ မာရယုကား၊ စစ်ပြုဆိုင်တိုက်၊ ရေက္ခိုက်ဟု၊ ဝန်းဝိုက်နီငြား၊ ဘီလူးများကို၊ ထွားထွားညက်ညက်၊ အကုန်ဖျက်မှ၊ အောင်ချဌာန၊ ထိုကစ၍၊ တွင်သနွယ်ရိုး၊ ရခိုင်မျိုးဟု၊ ပတ်ဟိုးနံ့သိ၊ ကျော်ဇောဘိ၏။ မှတ်သိခေါ် ပြု၊ မာရယုဟု၊ ကြီးထုတေဇာ၊ မင်းမဟာလျှင်၊ တည်လာအစ၊ ပထမသည်၊ ဓညဝတီ၊ မြို့ဌာနီ၌၊ လောကီစျာန်ဖြစ်၊ ဆယ့်ခြောက်နှစ်တည်း။ သားချစ်သားငယ်၊ မာရဇေကား၊ ရှိပြည်စိုးလှစ်၊ သုံးဆယ့်နှစ်တည်း။ တရစ်စိုးတုံ၊ မာရအံ့ကား၊ ရှိဘုံနန်းမှာ၊ တိံပဠ္စာတည်း။ မာရရွှယ်လျှင်၊ စိုးသည်မှန်ဖြစ်၊ လေးဆယ့်သျှစ်တည်း။

သားချစ်ခေါ်တွင်၊ မာရကင်ကား၊ စံရှင်ပျော်ပါး၊ ငါးဆယ့်ငါးတည်း။ နွယ်များမတိမ်၊ မာရဇိန်မူ၊ ရှိယူတွက်ကျုံး၊ သုံးဆယ့်သုံးတည်း။ ပြိုင်နှုန်းမမြင်၊ မာရတင်ကား၊ နန်းခွင်စံငြိမ်း၊ ဒွေးတရိန်းတည်း။ စိုးသိမ်းပျော်လျှက်၊ ခုနှစ်ဆက်တွင်၊ ကျက်ကျက်ရန်ငြို၊ ဆေတ်အိုသည်၊ ကြည်ညိုမဟိ၊ ပုန်ကန်ဘိ၍၊ ကေဝိသာ၊ နှစ်သချ်ာတွင်၊ ခန္ဓာငါးတန်၊ ပြတ်လီပြန်မှ၊ နန်းရံမင်းစစ်၊ သျှစ်ဆက်ဖြစ်၏။ နှစ်ကိုပေါင်းကာ၊ တွက်ရှိပါက၊ သုံးရာသုံးဆယ်၊ ခြောက်နှစ်ဝယ်လျှင်၊ အကယ်မှန်စွာ၊ ဖြစ်လီပါသည်၊ တခါနန်းရိုးဆက်ပြန်တည်း။ ။

(၂၇) ဆက်ပြန်နန်းရိုး၊ ရှိထီးမိုး၍၊ နွယ်မျိုးသန့်စင်၊ မာရတင်ဟု၊ မည်ပင်တွင်ခြင်း၊ ထိုသည်မင်း၏၊ သားကြီးဖြစ်ထ၊ ကြီးတေဇနှင့်၊ ဒွါလစန္ဒရား၊ နန်းတက်ငြားခါ၊ နှစ်မှာလေးဆယ်၊ ချမ်းသာပေစွ၊ ဆိုကုန်ကြ၏။ သောလစန္ဒရား၊ ထိုမင်းဖျားမူ၊ တွက်ငြားရှိကျုံး၊ သုံးဆယ့်သုံးတည်း။ လက်ရုံးကြီးထ၊ နီနှင့်လသို့၊ သူရိယစန္ဒရား၊ မင်းမြတ်ကားမူ၊ စံစားသုံးဆယ်၊ ခုနှစ်ဝယ်တည်း။ ဘုန်းကြွယ်ထွန်းပ၊ တုမမျှသည်၊ ကာလစန္ဒရား၊ လေးဆယ်စား၏။ သားတဥ္စစန္ဒရား၊ ခြီရံများနှင့်၊ စံငြားတုံဖြစ်၊ သုံးဆယ့်တစ်တည်း။ တန်းထစ်ရှိမှု၊ မှတ်တော်ပြုလော့၊ မစုစန္ဒရား၊ နှစ်ဆယ်အားဖြင့်၊ စံစားပြီးမှ၊ ရန်မျိုးခ၏။ ဇေယစန္ဒရား၊ အောင်ဆုပွား၍၊ စိုးငြားအုပ်ခါ၊ လေးဆယ်သာတည်း။ မောက္ခစန္ဒရား၊ မူးမတ်များနှင့်၊ ထင်ရှားကျော်ချောက်၊ နှစ်ဆယ့်ခြောက်တည်း။ တယောက်မှန်ထ၊ သားပုတ္တမူ၊ ဂုဏစန္ဒရား၊ ရှိနန်းအားကို၊ သိမ်းငြားစိုးထ၊ ဒွါဒသတည်း၊ ဒိပ္ပကျော်ကြား၊ စန္ဒရားကို၊ မြိုမတ်သုံးယောက်၊ ပုန်ကန်မြောက်၍၊ လွဲဖေါက်လီငြား၊ မတ်သုံးပါးတွင်၊ ရှိဖျားအမတ်၊ စိုးအုပ်ကွပ်သော်၊ ရက်မှတ်သတ္တာ၊ တယောက်မှာကား၊ မှန်စွာသုံးလ၊ တယောက်ကမူ၊ သျှစ်လဟူ၏။ စိုးယူသိမ်းမြန်း၊ အောင်ခန်းထိန်လင်း၊ ကိုးဆက်မင်းရို့၊ စိုးလျှင်းသောခါ၊ နှစ်ပေါင်းမှာမူ၊ နှစ်ရာ့သျှစ်ဆယ်၊ မှန်ပေထစ်ထစ်၊ စိုင်ဆက်ဖြစ်သည်၊ ထောင်လှစ်ထီးနန်းထပ်မံတည်း။ ။

(၂၈) ထပ်မံထီးနန်း၊ တည်လတ်ထွန်း၍၊ တန်ခိုးကြီးလှ၊ နီနှယ်ပသည်၊ ဂုဏစန္ဒရား၊ ထိုမင်းဖျား၏၊ ဖွားထပုတ္တာ၊ ကံရာဇာကြီး၊ စိုးပြီးအုပ်ကာ၊ လေးဆယ်မှာဝယ်၊ စွန်းပါတနှစ်၊ ဖြစ်တုံရစ်၏။ ညီချစ်ကနိဌာ၊ လောင်းပွင့်လျှာမူ၊ ကံရာဇာငယ်၊ တင့်တယ်ထွန်းပ၊ ဆတ္တိံသတည်း။ ဣန္ဒသူရိယာ၊ ပဉ္စိံသာနှင့်၊ ဆက်ကာရိပ်ငြိမ်၊ အသူရိန္ဒ၊ သူရိယလျှင်၊ စိုးထသက္က၊ သုံးဆယ်ပြ၏။ သာရမိတ္တ၊ စိုးအုပ်ပသည်၊ အဠဝီသ၊ သူရိယမူ၊ ကေတရိန်း၊ ဖြစ်တုံပြီးမှ၊ မင်းထီးမင်းပါ၊ နှစ်ပါးမှာကား၊ ဓမ္မဝီသ၊ အညီမျှ၏။ သည်ပထိုနောင်၊ မင်းစည်ပေါင်ကား၊ တွက်ငြားရှိစစ်၊ နှစ်ဆယ့်သျှစ်တည်း။ ညီချစ်အရင်း၊ တံတိုင်းသင်းနှင့်၊ ပွင့်လင်းစည်ပင်၊ ကျော်ခေါင်စင်ဟု၊ ဖြစ်ကျင်တုံငြား၊ မင်းနှစ်ပါးရို့၊ မခြားစိုးရစ်၊ သုံးဆယ့်တစ်စီ၊ ခတ်လစ်တံဆိတ်၊ စန္ဒမိတ်ကား၊ စိုးငြားတုံရစ်၊ နှစ်ဆယ့်တစ်တည်း။ ဖြစ်သည်စိုင်လျှက်၊ ဆယ့်နှစ်ဆက်လျှင်၊ ရှိတွက်စစ်ခါ၊ နှစ်ဝါသာကား၊ သုံးရာ့ငါးဆယ်၊ ခြောက်နှစ်သွယ်သည်၊ စံပယ်ရှင်ပနတ်ဟန်တည်း။

(၂၉) နတ်ဟန်ရှင်ပ၊ အနန္ဒဟု၊ အဘယရာဇာ၊ အတ္တိံသာတည်း၊ လက်ယာစည်သူ၊ ဒွတ္တိံဟူ၏။ မြင့်မူစိုးရသီဟကလည်း၊ ရှိထမှန်ကျုံး၊ လေးဆယ့်သုံးတည်း။ ပတ်ကုန်းဝန်းရံ၊ မင်းဘုန်းသန်ကား၊ ပျော်စံတုံရစ်၊ သုံးဆယ့်တစ်တည်း။ တထစ်စံသီး၊ သက္ကမွီးက၊ နဝစတ္တာ၊ အုပ်ချုပ်ပါ၏။ ဇေယျနန္ဒသူ၊ ဘုန်းညွန့်လူသည်၊ ရိပ်ဖြူဖြန့်လှစ်၊ ငါးဆယ့်တစ်တည်း။ တလှစ်တုံမူ၊ တက္ကသူကား၊ ရှိယူချီမြောက်၊ လေးဆယ့်ခြောက်တည်း။ ကျော်ချောက်ကြေငြာ၊ လက္ခဏာကား၊ သတ္တာတရိ၊ စိုးစံဘိ၏။ မှတ်သိတုံလှစ်၊ ဂုဏရာဇ်ကား၊ သျှစ်နှစ်လေးဆယ်၊ အသိလွယ်တည်း။ နီနှယ်ထွန်းသစ်၊ သီဝရာဇ်ကား၊ အက်နှစ်တရိ၊ စိုးစံဘိ၏။ မည်ဟိကျော်ဟီး၊ မင်းလှမွီးကား၊ စံစားတုံဖြစ်၊ သုံးဆယ့်တစ်တည်း။ တလှစ်ထိုမှ၊ ပူရိန္ဒလျှင်၊ ဓမ္မဆဌ၊ စိုးပိုင်သ၏။ သိဒ္ဓတ္ထကုမ္မာ၊ ဒွေးဝိသာနှင့်၊ စိုင်ကာဆက်ပြီး၊ မင်းလှကြီးကား၊ ရှိထီးဖြန့်ထ၊ သတ္တစာလိ၊ ဖြစ်တုံဘိ၏။ ဘုန်းဟိသာစည်၊ မင်းလှငယ်ကား၊ နှစ်ဆယ့်လေးနှစ်၊ စည်းစိမ်ဖြစ်၏။ ရှိစစ်နှစ်မှာ၊ တွက်ခြစ်ပါမူ၊ ပဥ္စာနဝ၊ ပညာသတည်း။ ရာဇဘုန်းမိုး၊ ရှိနန်းစိုးသား၊ နွယ်ရိုးဝံသ၊ စိုင်၍ပြသော်၊ ဖြစ်ထတုံငြား၊ တဆယ့်ငါးသည်၊ ထင်ရှားမင်းဆက်အမှန်တည်း။

(၃၀) အမှန်မင်းဆက်၊ စိုင်မပျက်သည်၊ ထီးချက်ဖြန့်လှစ်၊ စေတရာဇ်ကား၊ အနှစ်သုံးဆယ်၊ ပျော်စံပေ၏။ ဘုန်းကြွယ်လျှံထွန်း၊ မျက်နှာဝန်းမူ၊ ရှင်လန်းစံဖြစ်၊ သုံးဆယ့်တစ်တည်း။ နှစ်ရှည်ကြာပြီး၊ လက်ရုံးကြီးကား၊ သတ်ဒွီးယူဘိ၊ မှတ်ကုန်ဘိလော့။ သီရိကမ္မသုန္ဒ၊ အတ္တိံသတည်း။ နန္ဒကောဘယ၊ စောမင်းလှမူ၊ စိုးထစံလှစ်၊ သတ်ဒွေးဖြစ်၏။ သားချစ်တမူ၊ မင်းနံ့ဖြူကား၊ နှစ်ဆယ်ဟူ၏။ မင်းနံ့လှမူ၊ အဠဝီသ၊ စံထဖြစ်ပေ၊ မင်းခေါင်ငယ်ကား၊ တဆယ့်ကိုးနှစ်။ တက်သစ်ဘုန်းရောင်၊ လက်ရုံးထောင်သား၊ လောက်ခေါင်ရာဇာ၊ လေးဆယ်သာလျှင်။ ရာဇာမင်းငယ်၊ ပျော်လှစည်ကား၊ စိုးသည်မှန်မြောက်၊ ခြောက်နှစ်ရောက်၏။ ထွန်းတောက်ဘုန်းသမ္ဘာ၊ သာယာလှသား၊ ဧညဝတီ၊ မြို့သိံဂီသည်၊ တလီကျိန်းခန်း၊ မကောင်းထွန်း၍၊ ထီးနန်းသိမ်းထ၊ ပြောင်းပြီးမှလျှင်၊ ရန္ဒဝန္ဒာ၊ မြစ်ညာဆီ၏၊ မြနီလာစက်၊ လက်ယာဘက်၌၊ အောင်ချဠာန၊ ထီးနန်းချသော်၊ နှစ်လရက်လျှင်၊ မမြင့်ခင်၌၊ တိုင်ပင်ညီငြား၊ မင်းသုံးပါးရို့၊ ပုန်စားပြီးလျှင်၊ မင်းပြုကျင်၏။ သိထင်ကျော်ချောက်၊ နှစ်နှစ်မြောက်၏။ နောက်မင်းလေးနှစ်၊ ဆက်ကာဖြစ်၏။ မကောင်းခိုက်ရန်၊ ဒေါသမာန်ဖြင့်၊ ပုန်ကန်ပြုလျှက်၊ ကျွန်သုံးဆက်ရို့၊ နှိပ်စက်လှုပ်ချား၊

မင်းပြုငြားသော်၊ စကားနုတ်ပွင့်၊ အစိုင်သင့်ဖြင့်၊ ကံသုံးဆင့်မြို့၊ သမိုက်စို့လျှက်၊ လူရို့များဖျင်၊ ခေါ်ကြကျင်သည်။ နှစ်လျှင်တွက်စစ်၊ နှစ်ရာဖြစ်လျှက်၊ စွန်းရက်ခုနှစ်ဆယ်၊ အနွယ်ရောယှက်၊ ဆယ့်သုံးဆက်လျှင်၊ အပျက်အကျပ်၊ ရောထွီးလတ်သည်၊ မှတ်လော့မကြွင်းမကျန်တည်း။ ။

(၃၁) မကျန်မကြွင်း၊ ပြည်ခပင်းကို၊ ရှန်းရင်းပြုမြောက်၊ မတ်သုံးယောက်ရို့၊ ရှိနောက်ဘယ်ညာ၊ ဖျက်ဆီးခါမှ၊ ပဥ္စာလရာဇ်၊ တိုင်းသနစ်ဟု၊ ဖြစ်သည်သာစည်၊ သင်းတွဲပြည်ကို၊ ဆက်ရှည်စိုးဘိ၊ နာမဟိသား၊ အဘိရာဇာ၊ သားသဲချာမူ၊ ကံရာဇာကြီး၊ ချီလာပြီးမှ၊ တိမ်နီမိုးဆောင်း၊ ကျောက်ပန်းတောင်း၌၊ မြို့ကောင်းတည်ခယ့်၊ ရန်မျိုးဖယ့်လျှက်၊ နှစ်ဆယ့်လေးနှစ်၊ စိုးသည်ဖြစ်မှ၊ တလှစ်ဖေါ်ထုတ်၊ သီရိဂုတ်၌၊ အဟုတ်မှန်စွာ၊ မြို့တည်ပါသော်၊ မြင့်ကြာမရ၊ လေးလမျှလျှင်၊ ခွါရတုံငြား၊ ပြောင်း၍လားသော်၊ သိကြားမာဃ၊ ညွှန်လာပြသား၊ ဓညဝတီ၊ မြို့ဌာနီကို၊ တလီတွက်စစ်၊ သက္ကရာဇ်ကောဇာ၊ ရူပကာတွင်၊ တည်လာပြုလှစ်၊ ထီးနန်းစိုက်၍၊ ဟိုးရိုက်ကျော်ထ၊ ပုတ္တိံသတည်း။ ဥပရာဇ၊ အိမ်ရှိရသား၊ သီလရာဇာ၊ ဆက်ပြန်လာ၍၊ အဌာပေတ၊ နှစ်ပေါင်းရ၏။ ဝါသုရရာဇာ၊ နန်းဘုံသာ၌၊ ကောရာမ၊ စိုးအုပ်သချင့်။ နန္ဒဝိဘူရ၊ စာလိသဖြင့်၊ ပုဏ္ဏသူရိယာ၊ ထိုမင်းမှာကား၊ ဓမ္မတရိ၊ ဖြစ်တုံဘိ၏။ သိရိနန္ဒာ၊ သဉ်ျာနှစ်တိ၊ သိလိုဘိမူ၊ တရိဝီသာ၊ စန္ဒိမာကား၊ ဆက်လာပြန်ခယ့်၊ သုံးဆယ့်ခုနှစ်၊ စိုးသည်ဖြစ်၏။ သားချစ်မည်ဟိ၊ သီရိနန္ဒာ၊ နှစ်စာလီသ၊ စံစားရ၏။ မင်းလှဘုန်းသန်၊ သီဟရံကား၊ နိုင်ငံကျော်ချောက်၊ လေးဆယ့်ခြောက်တည်း။ ထွန်းတောက်နီတု၊ သီဟနုကား၊ စိုးပြုမှန်ထ၊ နှစ်ဆယ်ပြ၍။ ပရတရာဇ၊ စိုးရတုံလစ်၊ သုံးဆယ့်တစ်လျှင်၊ ဘုန်းသစ်ပွင့်ကြုံ၊ နီလဂုဏ်ကား၊ ရောင်ဟုန်ထွန်းပ၊ ပါဒသ၌၊ ကေတိသုံ၊ သီရိဂုဏ်ကား၊ ရှိဘုံစိုးရ၊ ဇောဗီသတည်း။ နှစ်ရအစု၊ ရှိတွက်ပြုသော်၊ စတုအဌ၊ ကေပြ၏။ ရာဇဝင်ရေး၊ တဆယ့်လေးသည်၊ စည်းဝေးပိုလ်ထုများစွာတည်း။ ။

(၃၂) များစွာပိုလ်ထု၊ စည်းဝေးပြု၍၊ နိုင်တုမဲ့စွာ၊ သမ်ဇာမူ၊ ပဥ္စာတိံသ၊ စိုးအုပ်ပ၏။ သုဝဏ္ဏကုမ္မာ၊ မင်းမြတ်စွာကား၊ ဘုံသာဥကင်၊ ဆယ်နှစ်ရှင်၏။ သက်တင်ဖြူမှာ၊ လေးဆယ်လာ၏။ တေဇာဘုန်းထူး၊ သက်တင်ဦးကား၊ ရှင်မြူးစံပ၊ ဒွေးပေတတည်း။ ဇေတဝန်မင်း၊ ဆတ္တိရင်းတည်း။ မယွင်းမှန်စွာ၊ မုဥ္စယာကား၊ ပေတာရာမ၊ ရှင်စံပ၏။ ကုမ္မာရဝိသုဒ္ဓိ၊ မင်းဘုန်းဟိကား၊ ရှည်ဘိအာယု၊ သျှစ်ဆယ်ပြု၍၊ စွန်းမှုခုနှစ်၊ စိုးတုံရစ်၏။ သားချစ်သားစု၊ ပျို့ရွယ်နုသည်၊ ဝါသုမဏ္ဍာလ၊ မင်းမတ်လှမူ၊ ရှင်ပနန်းထဲ၊ သုံးဆယ့်လေးတည်း။ ရှိသဲယောင်းလှ၊ သုရိန္ဒကား၊ ကေတိံသာ၊ စိုးအုပ်ပါ၏။ ရာလမာယု၊ ပျော်မှုစံကား၊ ဒွတ္တိံသာတည်း။ နာလမာယု၊ အတ္တိံပြု၏။ ပြိုင်တုကင်းကုန်၊ ဝိရတဂုဏ်ကား၊ ရှိဘုန်နန်းစိုက်၊ နှစ်ဆယ့်နှစ်တည်း။ သားချစ်မျက်ရှူ၊ ဝိသုရာဇာ၊ အတ္တိံသာတည်း။ သီရိရာဇာ၊ စောမင်းလျှာကား၊ ပဥ္စတိံသံ၊ နန်းဘုံစံ၏။ ကုလံဝံသ၊ နရိန္ဒရို့၊ စိုးထနန်းထက်၊ ဆယ့်လေးဆက်တည်း၊ တွက်ချလီခါ၊ နှစ်ဝါသာမူ၊ လေးရာကျော်လှစ်၊ ကိုးဆယ်ဖြစ်၍၊ တထစ်မယွန်း၊ အစိုင်ထွန်းသည်၊ ရှိနန်းသိင်္ဂါ အောင်ချာတည်း။ ။

(၃၃) အောင်ချာသိင်္ဂ၊ စိုးစံပသည်၊ သူရိယစန္ဒာ၊ မင်းမြတ်စွာကား၊ မဟာမုနိ၊ ဆရံသိဖြင့်၊ ထွန်းညီးရောင်တော်၊ ရုပ်ရှင်တော်ကို၊ သုံးဘော်သနင်း၊ တရားမင်းအား၊ ဝပ်စင်းပြုထ၊ တောင်းပန်ခ၍၊ ဓညဝတီ၊ မြို့ဌာနီတွင်၊ သိံဂီမောက်မောက်၊ ကျောင်းတော်ဆောက်၍၊ ဝမ်းမြောက်စိတ်ဖြူ၊ လှူတော်မူ၏။ ဘုန်းထူးမြတ်စွာ၊ သာသနာလည်း၊ ရောင်ဝါတောက်ထွန်း၊ နိညထွန်း၏။ ပွင့်လန်းသာယာ၊ ထိုရာဇာကား၊ စိုးငြားမှန်ပေ၊ နှစ်ငါးဆယ်နှင့်၊ စွန်းဝယ်နှစ်နှစ်၊ အမှန်ဖြစ်၏။ သားချစ်ရာဇာ၊ ဥပရာမူ၊ သူရိယဓိပတိ၊ စောဘုန်းဟိကား၊ မှန်ဘိစိုးထ၊ တိပဥ္စတည်း။ သူရိယရူပ၊ ပန္နရဖြင့်၊ သူရိယာစန္ဒလ၊ ဒွေးဆတ္တနှင့်၊ သူရိယာစက္က၊ စိုးထမနေး၊ လေးဆယ့်လေးတည်း။ သူရိယာနာထ၊ သိင်္ဂ်နန်းရံ၊ လေးဆယ်စံ၏။ ပုတ္တံသားလှ၊ နာမမည်ဟိ၊ သူရိယဝံသာ၊ ကိုးနှစ်ကြာ၍၊ သူရိယာဝန္ဒ၊ ခြောက်နှစ်ပြ၏။ သူရိယကလျာ၊ ဘုန်းသမ္ဘာနှင့်၊ အဌာရသ၊ စိုးပြီးမှလျှင်၊ သူရိယမုခ၊ ဆဗ္ဗိသတည်း။ သူရိယဇေတ၊ စိုးထတုံလှစ်၊ သုံးဆယ့်တစ်တည်း။ ဖြစ်သည်စိုင်လျှက်၊ ဆယ့်နှစ်ဆက်ရို့၊ နန်းထက်စိုးကာ၊ နှစ်ပေါင်းမှာမူ၊ သုံးရာကျော်လစ်၊ ကိုးဆယ်ဖြစ်၏။ ကြွင်းရစ်စွန်းလွန်၊ သျှစ်နှစ်မှန်သည်၊ ကေန်မှတ် ကြသင့်စွာတည်း။ ။

(၃၄) သင့်စွာမှတ်ကြ၊ ထီးဖြူလှနှင့်၊ သူရိယပုညာ၊ သျှစ်နှစ်သာတည်း။ သူရိယာကုလ၊ တိံဝီသဟု၊ သူရိယပဘာ၊ ပဥ္စမွာဖြင့်၊ သူရိယာစိတြ၊ ဆယ့်သျှစ်မျှလျှင်၊ သူရိယဇေဌ၊ ဒွေးဝီသတည်း။ သူရိယာဝိမလ၊ သျှစ်နှစ်ပြ၏။ သူရိယယေနု၊ ဒွေးဒွေးပြု၏။ သူရိယကံသ၊ ဆယ့်ခြောက်ရ၏။ သူရိယသကျာ၊ သျှစ်နှစ်ကြာ၏။ သူရိယသီရိ၊ ဝီသတိတည်း။ သူရိယကေသိ၊ ကိုးနှစ်ဟိ၏။ သူရိယကုမ္မ၊ တိဓမ္မတည်း။ သူရိယကေတု၊ စိုးပြုစံပ၊ ဒွေးပေတတည်း။ ရာဇဝံသာ၊ မင်းဆက်မှာကား၊ ရှိကာတွက်ကျုံး၊ တဆယ့်သုံးတည်း။ စုရုံးနှစ်မှာ၊ ပေါင်းနှောပါသော်၊ နှစ်ရာ့လေးဆယ်၊ လေးနှစ်ပေတည်း။ အနွယ်စိုင်ထ၊ သူရိယဟု၊ ခေါ်ကြသချည်း၊ ဆက်ကာတည်းလျှင်၊ ကမ္ဘည်းသိထင်၊ မော်ကွန်းတင်သည်၊ ဝန်းကျင်သျှစ်ရပ်ဒီသာတည်း။ ။

(၃၅) ဒိသာသျှစ်ရပ်၊ ကြားနှံ့စပ်သား၊ နတ်မျိုးနွယ်လာ၊ မဟာတဥ္စစန္ဒရား၊ မည်ထင်ရှားသား၊ ကျော်ကြားဘုန်းထူး၊ အောင်စည်ကျူး၍၊ ရောင်မြူးတောက်ထွန်း၊ ရွှီဘုံနန်းကို၊ စိုးမြန်းတနှစ်၊ ပြီးတုံရစ်မှ၊ ခုနှစ်အင်္ဂါ၊ ပြည့်စုံပါသား၊ မဟာဗလ၊ နဂရဟု၊ ဧဉဝတီ၊ မြို့ဌာနီသည်၊ တလီကျိန်းခန်း၊ မကောင်းထွန်း၍၊ ထီးနန်းစိုက်သင့်၊ ကံသုံးဆင့်ကို၊ ရှည်မြင့်စိမ့်ငှာ၊ တည်လီပါလည်း၊ မကြာမတင်၊ တနှစ်တွင်ဝယ်၊ ပျက်ကျင်ပေမှ၊ ထိုမြို့ကသည်၊ ခွာထပြောင်းဘိ၊ ဝေသာလိဟု၊ တွင်သိနိုင်းဆ၊ မြို့သာလှကို၊ ရှိတွက်သချာ၊ နှစ်ကောဇာမူ၊ တရာ့ငါးဆယ်၊ နှစ်နှစ်ဝယ်တွင်၊ ဘုန်းကြွယ်မင်းမွန်၊ တည်လာပြန်၍၊ တဖန်စိုးရစ်၊ နှစ်ဆယ့်နှစ်တည်း။ တက်သစ်နီလ၊ ကောင်းခြင်းပသည်၊ သူရိယစန္ဒရား၊ မင်းဖျားကမူ၊ ဆန်းပြားအံ့ဖွယ်၊ နန်းဘုံလယ်၌၊ စံပေကေန်၊ နှစ်ဆယ်မှန်၏။ နိုင်ငံကျယ်ပြော၊ ဇမ္ဗူကြောဝယ်၊ မောလစန္ဒရား၊ လက်ရုံးအားနှင့်၊ စံစားအုပ်စိုး၊ တဆယ့်ကိုးတည်း။ ပြည့်ဖိုးပြည၊ ကုသလကြောင့်၊ ပေါလစန္ဒရား၊ ခေါင်ထွတ်ဖျားကား၊ ဝန်းလျားခြံရံ၊ တင့်စိုးစံပ၊ ဆဗ္ဗိသတည်း။ ကာလစန္ဒရား၊ ကိုးနှစ်စား၏။ မခြားဝံသ၊ စိုင်ဖြစ်ကြသည့်၊ ထူလစန္ဒရား၊ ကျော်နှံ့ကြားသား၊ မင်းဖျားပရမေ၊ စောဘုန်းကြွယ်လည်း၊ ခြီရွှေရံကာ၊ နန်းဘုံသာ၌၊ နဝါအတ္တိ၊ စံစားဘိ၏။ သီရိစန္ဒရား၊ ဥကင်ဖျားဝယ်၊ ကြယ်များရံကာ၊ လပမာသို့၊ ချမ်းသာစံရ၊ ဒွတ္တိံသတည်း။ သိင်္ဂစန္ဒရား၊ မင်းဖျားထွတ်ခေါင်၊ နန်းတောင်ညာထက်၊ သောဠသတည်း။ စူဠစန္ဒရား၊ ထိုမင်းဖျားကား၊ စိုးငြားအုပ်ကာ၊ ခြောက်နှစ်ကြာ၏။ စိုင်လာမပျက်၊ အဆက်ဆက်လျှင်၊ သောင်းကျက်ကျော်ကြား၊ စန္ဒရားရို့၊ သိကြားပီးဆက်၊ လုံလက်နက်ဖြင့်၊ အုပ်ကြက်လွှမ်းမိုး၊ ထိန်ဟိန့်ကြိုးသည်၊ လူမျိုးရိုခညွှတ်လာတည်း။ ။

(၃၆) ညွှတ်လာရိခ၊ ဘုန်းတေဇကြောင့်၊ နဝရတနာ၊ ပြည့်စုံပါသား၊ ပြည်သာပူရိ၊ ဝေသာလိ၌၊ ဆန္ဒြရူပ၊ တရိန္ဒဟု၊ ရှိထအစစ်၊ သက္ကရာဇ်သည်၊ ရောက်လစ်မှန်စွာ၊ နှစ်ကောဇာတွင်၊ စိုင်ကာခြားပြု၊ မိလက္ခဟု၊ ခေါ်မူသိတုံ၊ အမြတုံမူ၊ နန်းဘုံသတ္တ၊ စံပြီးမှတည်း၊ သားလေ့ပ်ပျူ၊ မြောက်ဦးထူ၍၊ သိမ်းယူစိုးရစ်၊ တဆယ့်နှစ်မှ၊ တလှစ်ထိုနောင်၊ သပိတ်တောင်ကို၊ တည်ထောင်ပြန်ဖြစ်၊ တဆယ့်သျှစ်တည်း။ သက္ကရာဇ်မှာ၊ တွက်ရှိပါသော်၊ သုံးရာငါးဆယ်၊ ခြောက်ခုဝယ်၌၊ စင်စစ်ထင်ရှား၊ စန္ဒရား၏၊ သားရင်းမှန်ပင်၊ သက်မည်တွင်သား၊ ငမင်းငတုန်း၊ တေဇာဘုန်းနှင့်၊ လက်ရုံးမြန်းကြက်၊ စမ္ပဝက်ကို၊ တည်လျှက်စိုးလာ၊ ဇောဗီသာတည်း။ ရှိကာပေါင်းထ၊ နှစ်အရကား၊ ကေဆဠာ၊ မင်းစိုင်မှာမူ၊ အောင်ချာနဂိုရ်၊ သုံးဆက်ဆိုသည်၊ ဗဟိုရှိစည်ရစ်မွန်းတည်း။ ။

(၃၇) ရစ်မွန်းရှိစည်၊ ဗဟိုလယ်၌၊ ငါးမည်အင်္ဂါ၊ ပြည့်စုံပါ၍၊ ပဥ္စာခေါ်ထ၊ မြို့သိင်္ဂကို၊ သက္ကရာဇ်မှာ၊ ခတ်အတ္တာနှင့်၊ တိံသာရောက်လျှင်၊ ခေတ္တာသင်သည်၊ မှန်ပင်ဆယ်နှစ်၊ စိုးသည်ဖြစ်မှ၊ ညီချစ်အရင်း၊ စန္ဒသင်းသည်၊ ပွင့်လင်းဘုံသာ၊ နန်းအောင်ချာဝယ်၊ ကောဒသ၊ စံရှင်ပ၏။ ထိုမှတမူ၊ မင်းရင်ဖြူကား၊ ခွန်ယူသိမ်းမိုး၊ ဆယ်နှစ်စိုး၏။ နွယ်ရိုးမှန်ထ၊ နာဂသူရိယ၊ သုံးနှစ်ပြ၏။ သူရိယရာဇာ၊ နှစ်နှစ်သာတည်း။ ဆက်ကာထိုမှ၊ ပုဏ္ဏကလည်း၊ စိုးထကြည်ဖြူ၊ လေးနှစ်ဟူ၏။ မင်းဖြူကြီးလျှင်၊ နှစ်နှစ်ရှင်မှ၊ စည်သဘင်အမတ်၊ တနှစ်မှတ်လေ့။ မင်းမြတ်တမူ၊ မင်းနန်းသူလျှင်၊ ရိပ်ဖြူဖြန့်ကာ၊ ငါးနှစ်ကြာ၏။ မင်းလာတော်ကား၊ ခြောက်နှစ်စား၏။ မင်းကုလားနှင့်၊ မင်းဘီလူးရို့၊ နှစ်ဦးညီကာ၊ သုံးနှစ်လာ၏။ သင်္ချာရေး၊ တဆယ့်လေးတည်း။ ပုတ္တေးမင်းသန်၊ သျှစ်နှစ်စံ၏။ တဖန်မင်းပတိ၊ တရိသုံးနှစ်၊ စိုးစံဖြစ်၏။ စင်စစ်မှန်စွာ၊ နှစ်ပေါင်းမှာကား၊ ပဥ္စာအဌ၊ သိကုန်ကြလေ့၊ ဝံသစိုင်လာ၊ မင်းဆက်မှာမူ၊ ပန္နရသာ၊ ဖြစ်ကုန်ပါသည်၊ သိင်္ဂါစံဘုန်း ရှိနန်းတည်း။ ။

(၃၈) ရှိနန်းစံဘုံ၊ စိုးအုပ်တုံ၍၊ ပြည့်စုံအင်္ဂါ၊ မင်းလက်ယာမူ၊ ပဥ္စအဌ၊ စတုကဟု၊ သက္ကရာဇ်ကောဇာ၊ ရောက်သောခါ၌၊ တည်လာအဆက်၊ မြို့လောင်းကြက်ကို၊ ဖြူရွက်ဖြန့်မိုး၊ သုံးနှစ်စိုး၏။ ကောင်းကျိုးမဟိ၊ ဖြစ်တုံဘိ၍၊ အဋ္ဌိအဌာ၊ စတုရာဟု၊ ကောဇာရောက်ချိန်၊ ပရိန်မြို့သစ်၊ တည်ထောင်လှစ်၏။ သုံးနှစ်စံကာ၊ လွန်ပြီးခါမှ၊ သီဟဗမင်း၊ တနှစ်လျှင်းတည်း။ တွင်ခြင်းကျော်ဟီး၊ ရာဇာကြီးလျှင်၊ စံပြီးဒွယာ၊ သည်နောက်မှာကား၊ သာကီဝင်ကြီး၊ တရိခါတွင်၊ သုံးနှစ်လျှင်တည်း။ သာကီဝင်ငယ်၊ ဘုံနန်းလယ်တွင်၊ တဆယ်သျှစ်နှစ်၊ စည်းစိမ်ဖြစ်၏။ တထစ်မှတ်ကြ၊ ဂေါရိလနှင့်၊ ကောလိယမူ၊ ဝီသဟူ၏။ တမူစိုးလာ၊ ဒသရာဇာကား၊ ဒွါသစိုးစံ၊ လွန်ခဲ့ပြန်သော်၊ အနန္တ သီရိ၊ စိုးဘိနှစ်နှစ်၊ တလှစ်တွက်ပြု၊ နှစ်ပေါင်းစုကား၊ စတုဆတိ၊ ဖြစ်တုံဘိ၏။ မှတ်သိတုံထ၊ နွယ်ဝံသမူ၊ အဋ္ဌမှန်စွာ၊ သျှစ်ဆက်လာသည်၊ အောင်သာမြို့မ ကြင့်နန်းတည်း။ ။

(၃၉) ကြင့်နန်းအောင်ချာ၊ ခြိတ်မြို့သာကို၊ ကောဇာနှစ်ရေ၊ ဖေါ်ပြပေအံ့၊ နောဒွေပဥ္စာ၊ ရောက်သောခါ၌၊ တေဇာတက်ဖျား၊ မင်းဘုန်းစားသည်၊ တည်ထားပြီးမှ၊ မြို့နန်းချ၍၊ စိုးထအုပ်လစ်၊ ခုနှစ်နှစ်တွင်၊ စွန့်လစ်ခန္ဓာ၊ လွန်ပြီးသော်က၊ ပဥ္စကာလ၊ သံဝစ္ဆမူ၊ ဓမ္မဖြစ်ထ၊ သိကုန်ကြလေ့။ ဂန္ဓရူပေါ်၊ သုံးနှစ်ကျော်မူ၊ မြို့တော်ကျိန်းခန်း၊ မကောင်းထွန်း၍၊ ထီးနန်းကနက်၊ အသစ်ဆက်လျှက်၊ စမ္ပဝက်မှာ၊ တည်တုံလာသော်၊ မြင့်ကြာမမြောက်၊ ခြောက်လရောက်တွင်၊ ခြိမ်းခြောက်ပြုလတ်၊ ဒေါသမှတ်၍၊ အမတ်စလင်ဗိုလ်၊ လူဝန်တိုလျှင်၊ ငြိုငြင်ထဲမှတ်၊ ပုန်ကန်လတ်၍၊ အကျပ်ပျက်ကို၊ ခြောက်လဆို၏။ နှစ်ကိုပေါင်းက၊ တေရသလျှင်၊ ရာဇဝင်မှာ၊ လေးဆယ်သာတည့်၊

စိုင်လာဖြစ်ကြ၊ ဆိုမြွက်ဟာသည်၊ ပြဟ္မာထိပ်ခေါင် ဦးစွန်းတည်း။ ။

(၄၀) ဦးစွန်းပြဟ္မာ၊ ဘုန်းညွန့်ဖြာသား၊ တေဇာထွန်းလင်း၊ မဥ္စူသင်းသည်၊ ကောင်းခြင်းသာစွာ၊ မြို့ပဥ္စာကို၊ ငါးရာကျော်လစ်၊ လေးဆယ့်နှစ်ဟု၊ သက္ကရာဇ်မှာ၊ တည်တုံပါ၍၊ ကောကော၊ စံပြီးမှလျှင်၊ သားလှရေမွန်၊ ပေုဂ္ဂံရို့၊ စိုးစံအညီ၊ နှစ်နှစ်စီတည်း။ သည်ပြီးရက္ခိုင်၊ ကြေုံဆိုင်ရို့၊ နန်းထိုင်သုံးနှစ်၊ အညီဖြစ်၏။ တလှစ်ငဆူ၊ လေးနှစ်ဟူ၏။ သိမ်းယူခွန်ဖျင်း၊ ငစွေသင်းနှင့်၊ ခေါ်ခြင်းမည်သီး၊ မင်းခေါင်ကြီးဟု၊ တွင်ပြီးတသွယ်၊ မင်းခေါင်ငယ်နှင့်၊ ဆက်နွယ်စိုင်လာ၊ ကမ္ဘာလောင်ကြီး၊ မည်သီးတဖြာ၊ ကမ္ဘာလောင်ငယ်၊ ငါးဆက်ဝယ်ကား၊ စံပယ်အညီ၊ တနှစ်စီတည်း။ တလီတွင်သီး၊ လက်ယာကြီးမူ၊ စိုးပြီးအုပ်ကာ၊ သျှစ်နှစ်ကြာ၏။ လက်ယာဝင်ငယ်၊ စိုးသည်ဆယ့်တစ်၊ တလှစ်မယွင်း၊ သနပင်းကား၊ စိုးခြင်းအကယ်၊ သုံးနှစ်ပေတည်း၊ နေယ်သိမ်မူ၊ ဒွေးချိန်မှတ်ထုံး၊ နေလုံးကား၊ သုံးနှစ်စား၏။ မှတ်သားတဖြာ၊ နှစ်ပေါင်းမှာကား၊ သတ်ပဥ္စတာ၊ သောဠသာ စစ်၊ မင်းမျိုးဖြစ်သည်၊ အသစ်မြို့ရွာကျိန်းဝပ်တည်း။ ။

(၄၁) ကျိန်းခန်းအသစ်၊ ရှာဖွေလစ်၍၊ မင်းစစ်မှန်စွာ၊ အလောမာသည်၊ ပဥ္စာတွင်ထ၊ မြို့ပူရကို၊ တေဇတက်ဖျိုး၊ နှစ်နှစ်စိုးမှ၊ ရန်မျိုးမပွက်၊ မြို့လောင်းကြက်ကို၊ ရှိတွက်သက္ကရာဇ်၊ ခြောက်ရာနှစ်တွင်၊ အသစ်တည်ထ၊ ထီးနန်းချလျှက်၊ စိုးထခြောက်နှစ်၊ လွန်ပြီးရစ်မှ၊ သားချစ်ရှိတူ၊ ရာဇသူနှင့်၊ ရှိယူနှစ်ဦး၊ မင်းစောလူးမူ၊ ရှင်မြူးပဥ္စာ၊ ဥစ္စနာသည်၊ နဝါကော်၊ ကိုးနှစ်မှန်၏။ စောမွန်အဌ၊ မင်းနန်းကျမူ၊ နာမတထူး၊ မင်းဘီလူးရို့၊ မကျူးအညီ၊ လေးနှစ်စီတည်း။ ဘုန်းရှိနန်းရပ်၊ အပျက်ကျပ်သည်၊ (မတ်စည်သဘင်၊ သုံးနှစ်ပင်တည်း။) ခေါ်တွင်အံ့ချီး၊ တန်ခိုးကြီးသား၊ မင်းထီးရာဇာ၊ မြင့်ရှည်ကြာသည်၊ တရာခြောက်နှစ်၊ နန်းစံဖြစ်၏။ သားချစ်ဥစ္စနာ၊ နှစ်နှစ်သာတည်း။ ဆက်ကာသီဝရာဇ်၊ သုံးနှစ်ဖြစ်၏။ တလှစ်သိဥ္စည်း၊ လေးနှစ်မြဲ၏။ ကျော်သဲရာဇသူ၊ တနှစ်ဟူသား။ နွယ်မူခြားကျင်၊ စည်သဘင်ကား၊ နန်းခွင်တက်ပိုင်၊ နှစ်နှစ်ဆိုင်လျှက်၊ မြင့်စိုင်ငါးလ၊ ချော၍ကျသော်၊ မင်းလှဘုန်းတူ၊ ရာဇသူလည်း၊ ထီးဖြူဆောင်းမိုး၊ လေးနှစ်စိုး၏။ နန်းရိုးဆက်ယူ၊ သိင်္ဂသူသည်၊ ရိပ်ဖြူသုံးတန်၊ မင်းစောမွန်ကား၊ အမှန်ဒွယာ၊ နှစ်ပေါင်းမှာမူ၊ တရာခြောက်ဆယ်၊ ကိုးနှစ်ပေတည်း၊ အနွယ်မျိုးစပ်၊ စိုင်မလပ်ဘဲ၊ အကျပ်အပျက်၊ ဆယ့်သျှစ်ဆက်တွင်၊ ရက္ခအောင်မြီ၊ ပျက်ကိန်းမှီသည်၊ အနီမလှ တိမ်းယွန်းတည်း။ ။

(၄၂) တိမ်းယွန်းမလှ၊ ဖြစ်လီရမူ၊ သာစွမို့မို့၊ လောင်းကြက်မြို့ကို၊ မချို့ရန်ပွား၊ တိုင်းကားနိုင်ငံ၊ ပြည်ပုဂ္ဂံက၊ နန်းစံစိုးပေ၊ မြန်မင်းဆွေလျှင်၊ ဗိုလ်ခြေများစွာ၊ ချီ၍လာလျှက်၊ ဘယ်ညာဝန်းလစ်၊ တိုက်လှန်ဖြစ်မှ၊ သက္ကရာဇ်အဌ၊ ဆသတ္တတွင်၊ မည်သာတွင်ပြား၊ မြင်စိုင်းစားနှင့်၊ စောင့်စားနီမူ၊ တနှစ်ဟူ၏။ အယူရိုင်းစိုင်း၊ တလိုင်းမောင်ခွင်၊ တနှစ်ပင်တည်း။ ရှိခွင်အောက်သား၊ ဖောင်းကစားမှာ၊ သုံးနှစ်သာတည်း။ ကျော်စွာစောင့်ထား၊ နှစ်နှစ်စား၏။ နောင်ကားငခွေး၊ ကလေးကျေးတောင်ညို၊ တလဆို၏။ နှစ်ကိုပေါင်းထ၊ ရှိတွက်ဆသော်၊ ဝီသာပြည့်ယုဂ်၊ ငါးလဆုတ်၏။ အယုတ်မုက္ခ၊ ဖြစ်ကုမ်ကြ၏။ ဆူပွချောက်ချောက်၊ ဤခြောက်ယောက်ပေ၊ အောက်သားတလိုင်း၊ အယူရိုင်းရို့၊ ပြိုင်ခိုင်းတိုက်ခါ၊ ဟိသောခါ၌၊ ရာဇာစောမွန်၊ ရောက်လာပြန်သော်၊ တဖန်လောင်းကြက်၊ တည်လာဆက်သည်၊ နီထွက်လနယ် တောက်ထွန်းတည်း။ ။

(၄၃) ထွန်းတောက်လနယ်၊ ရန်မျိုးပယ်၍၊ ဘုန်းကြွယ်ညွန့်သန်၊ မင်းစောမွန်ကား၊ အမှန်မပျက်၊ မြို့လောင်းကြက်ကို၊ ကနက်စိုက်ဆောက်၊ စိုးအုပ်မြောက်သော်၊ ထွန်းတောက်နန်းမ၊ ဥကင်သကို၊ မိုထပ်နှစ်နှစ်၊ စိုးသည်ဖြစ်မှ၊ တလှစ်ယင်းက၊ သိကြားပြသား၊ မိုးဝရောင်ရှူး၊ သော်တာမြူးသို့၊ မြောက်ဦးမည်သာ၊ မြို့အောင်ချာကို၊ တည်လာပြုလစ်၊ စိုးစံဖြစ်သည်၊ သက္ကရာဇ်မှာ၊ ဒွေးဖြစ်နဝါ၊ သတ္တသာတည်း။ စံကာလေးနှစ်၊ စိုးသည်ဖြစ်မှ၊ စင်စစ်မှန်ညီ၊ မင်းခရီကား၊ သိင်္ဂီရှိနန်း၊ စိုးစံမြန်းသည်၊ မယွန်းနှစ်မှာ၊ ပဥ္စာဝီသ၊ ဖြစ်ကြရချင့်။ တေဇဘုန်းတူ၊ ဘစောဖြူကား၊ ရှိယူတွက်ကျုံး၊ နှစ်ဆယ့်သုံးတည်း။ လက်ရုံးဖြန့်ကာ၊ မင်းဒေါလျှာမူ၊ စိုးလာဆယ်နှစ်၊ အမှန်ဖြစ်၏။ ကျစ်လစ်ရှယ်ပျို၊ ဘစောညိုကား၊ ပြည်ကိုစိုးချုပ်၊ နှစ်နှစ်ဟုတ်၏။ မယုဂ်ဘုန်းခေါင်၊ မင်းရန်အောင်မူ၊ စိုးဆောင်နီထ၊ ခြောက်လမျှတည်း။ စလင်္ကာသူ၊ သတ္တဟူ၏။ ထိန့်ဆူကျော်ငြာ၊ မင်းရာဇာမူ၊ ဓမ္မဝီသ၊ မှတ်ကုန်ကြလေ့၊ ဂဇာပတိ၊ နှစ်နှစ်ဟိ၏။ ဘုန်းတိမိုမို၊ မင်းစောအိုမှာ၊ ခြောက်လသာတည်း။ သဇာတမင်း၊ ခြောက်နှစ်လျှင်းတည်း။ ရှိခြင်းအမှန်၊ မင်းဆက်စံဖြစ်၊ တဆယ့်တစ်နှင့်။ နှစ်ကိုတွက်ဆ၊ ရှိပေကသော်၊ ကေသတ္တာ၊ ဖြစ်လီပါသည်၊ စိုင်လာမင်းဆက် အနွယ်တည်း။

(၄၄) အနွယ်မင်းဆက်၊ စိုင်မပျက်လျှင်၊ ရှိစက်ဖြန့်ကာ၊ နန်းအောင်ချာဝယ်၊ ရာဇာမင်းပင်၊ ထွန်းလင်းကျင်သော်၊ ခေါ်တွင်မည်သာ၊ နှစ်ကောဇာမူ၊ ရာမာနဝ၊ ဘသျှူးစသာ၊ သိင်္ဂါရောင်ဝင်း၊ စောမင်းစံမြဲ၊ ဒွေးဒွေးမှတ်ပါ၊ မင်းတိက္ခာလျှင်၊ ဓမ္မာဟူပြီး၊ မင်းစောကြီးမူ၊ တလူထီးနန်း၊ သုံးနှစ်မြန်း၏။ ထွန်းတောက်ရောင်ဝါ၊ မင်းစကြာမူ၊ သတ္တာလည်ကောင်း။ မင်းဖလောင်းကား၊ မစောင်းမလှစ်၊ ဆယ့်နှစ်နှစ်တည်း။ သားချစ်မှန်စွာ၊ မင်းရာဇာမူ၊ နဝါဒသ၊ စိုးစံပ၏။ တေဇကျော်သောင်း၊ မင်းခမောင်းကား၊ ထီးဆောင်းဖြန့်လှစ်၊

ဆယ့်နှစ်နှစ်တည်း။ တရစ်မှတ်လီ၊ ဟရိရာဇ၊ သောဠသနှင့်၊ စိုးထဘုန်းရှိ၊ မင်းစနီကား၊ သပြီအောင်ချာ၊ နန်းဘုံသာဝယ်၊ အဠာဝီသ၊ ရက်ဒိနနှင့်၊ ဝံသစိုင်လာ၊ ကိုးဆက်သာတည်း။ သံဝစ္ဆရ၊ နှစ်အရမူ၊ သတ္တသတ္တာ၊ မှတ်ကြပါလော့၊ ဆိုရာတခန်းတသွယ်တည်း။ ။

(၄၅) တသွယ်တခန်း၊ ဆိုပြည့်ညွှန်းအံ့၊ ရှိနန်းဘုံသာ၊ မြို့သိင်္ဂါ၌၊ ကောဇာထောင်ပြည့်၊ ရောက်တုံလှည့်မူ၊ မည်ဘွဲ့ကုသ၊ နရပတိကြီး၊ ရှိထီးဆောင်းမိုး၊ သုံးနှစ်စိုး၏။ သတိုးဓမ္မ၊ သတ္တသာတည်း။ ဆက်ကာစိုးပြု၊ စန္ဒသုကား၊ အတုမဲ့စွာ၊ ဗာဝီသာနှင့်။ ဥက္ကာဗလ၊ သားပုတ္တမူ၊ နာမတွင်ဘိ၊ သီရိသူရိယ၊ ကေတ္တတည်း။ ဝရဓမ္မရာဇာ၊ သတ္တကြာမှ၊ ဖိုလ်ပါစုံညီ၊ နန်းချလီ၏။ တချီရုံးစု၊ မဏိသုကို၊ မင်းပြုတင်ကြ၊ တခဏတည်း။ ဝရဓမ္မာ၊ မင်းကိုသာလျှင်၊ ထပ်ကာမယွင်း၊ ထီးနန်းနှင်းမူ၊ ချက်ချင်းမကြာ၊ နန်းဘုံသာက၊ ချပြီးမှတည့်၊ တေဇထွန်းရှု၊ မဏိသုကို၊ လှ၍တဖန်၊ နန်းတင်ပြန်၏။ အမှန်မှတ်သိ၊ တနှစ်ဟိမူ၊ မဏိသုအား၊ နန်းချထားမှ၊ ဝရဓမ္မာ၊ မင်းရာဇာသည်၊ ဘုံချာနန်းယံ၊ စိုးအုပ်စံ၏။ နိုင်ငံပြည်သူ၊ မကြိုက်မူက၊ မင်းဝရကို၊ နန်းမှချပြု၊ မဏိသုအား၊ နန်းတင်ထားပြီး၊ ဘွဲ့ဆောင်နာမ၊ သူရိယကို၊ တင်ကြထိုခါ၊ သုံးနှစ်သာတည်း။ ချကာနန်းမှ၊ မင်းဝရကို၊ တင်ကြတဖန်၊ သုံးနှစ်မှန်၏။ တဖန်ထိုမှ၊ သူရိယသည်၊ ဒွယမှန်စွာ၊ စိုးတုံပါ၏။ တေုံးမှာကား၊ နော်ရထာစောဟု၊ ခံပြီးသောမူ၊ ထီးဖြူနန်းထက်၊ ဆယ့်ငါးရက်တည်း။ ဖြန့်ကြက်စိုးအုပ်၊ မာရပ္ပိယ၊ တနှစ်ပြ၏။ ကာလမန္တာတ်၊ တနှစ်မှတ်လော့။ မင်္ဂလတ်ဖိုလ်လူ၊ မင်းစောဖြူကို၊ ဘွဲ့မူနရာဓိပတိ၊ တင်ဘိသုံးနှစ်၊ မကြာရစ်ခင်၊ အားအင်လည်းပြု၊ ထီးနန်းလု၍၊ စန္ဒသုဓမ္မာ၊ မင်းကိုသာလျှင်၊ တင်ပါနန်းထက်၊ ဆယ့်လေးရက်တည်း။ တချက်မကြာ၊ နရာဒိပ္ပ၊ ထိုမင်းလှအား၊ ပင့်ငြားတင်ကြ၊ နှစ်ဒွယနှင့်။ ထိုကတခါ၊ ကျော်သိင်္ဂါလျှင်၊ စန္ဒာဝိမလ၊ ဘွဲ့နာမဖြင့်၊ စိုးထခြောက်နှစ်၊ အမှန်ဖြစ်၏။ တလှစ်သတိုးလှ၊ စန္ဒသူရိယာ၊ လေးနှစ်သာချင့်။ ဓမ္မာသတ္တာ၊ နှစ်ဝသနှင့်၊ စွန်းပအကယ်၊ တဆယ်လေးရက်၊ ရှိတွက်သင်္ချာ၊ ချိန်အခါတည်း၊ အာဏာစက္က၊ တည်မကျဘဲ၊ လောကထွတ်တင်၊ ပြည်သခင်ဟု၊ အသျှင်ရာဇ၊ မင်းကိုမှုလျှင်၊ နန်းချနန်းတင်၊ ပြုလတ် ကျင်သည်၊ များဖျင်သူပုန်ထိုဝယ်တည်း။ ။

(၄၆) ထိုဝယ်သူပုန်၊ ပြည်ကိုချုံ၍၊ မှီတုံလှုပ်လျှား၊ ပြုသည်များကို၊ ယောက်ျားမှန်ထ၊ ဘုန်းတေဇနှင့်၊ တန္တဖိုလ်မင်း၊ အကုန်ခွင်းမှ၊ တွင်ခြင်းနာမ၊ ဝိဇယနှင့်၊ စိုးထအုပ်လစ်၊ သက္ကရာဇ်သည်၊ ဒွေးသတ်အာဇံ၊ နန်းစံနှစ်ကား၊ အက်နှင့်ဝီသ၊ သူရိယမူ၊ သိင်္ဂဘုံမှာ၊ သုံးနှစ်သာတည်း။ နရာဓိပတိ၊ တနှစ်ဟိက၊ နရပဝရ၊ နှစ်နှစ်ပြ၏။ ဝိဇယမင်း၊ သျှစ်နှစ်တွင်းဝယ်၊ ခေါ်ခြင်းနွှယ်ပြား၊ ဘာသာခြားသည်၊ ကုလားကုကျာ၊ ပုန်ကန်လာ၍၊ ကာလသူရတန်း၊ အမည်ဆန်းဖြင့်၊ သိမ်းမြန်းယူကာ၊ သုံးရက်သာတွင်၊ ချောင်ခွာပယ်ပစ်၊ မဒရာဇ်ကား၊ ငါးနှစ်စိုးမှ၊ နရအဘယ၊ နဝကေု၊ သီရိသုမူ၊ မင်းပြုသုံးလ၊ ပရမကား၊ စံစားတိရိ၊ ဖြစ်ပြီးမှလျှင်၊ အဘယရာဇာ၊ ကိုးနှစ်လာ၏။ စန္ဒသုမန၊ လေးနှစ်ပြ၏။ ဝိမလသည်၊ ရက်လေးဆယ်တည်း။ စမ္ပယ်ထွန်းပ၊ သတိသကား၊ နောင်မှဓမ္မရာဇ်၊ ငါးနှစ်ဖြစ်ကာ၊ မဟာသမတ၊ နာမသဘော၊ ဘွဲ့သညောမူ၊ အဂ္ဂေါပုည၊ ခေါ်ကြတမူ၊ နှစ်နှစ်ဟူ၏။ ဆက်ယူစံလျှက်၊ အပျက်အကျပ်၊ ပေါင်းယှဉ်အပ်ကာ၊ မျိုးစပ်နွယ်ခြား၊ မင်းအများကို၊ တွက်ငြားချေသော်၊ တကျိတ်ကျော်၍၊ စွန်းပေါ်ငါးယောက်၊ ဖြစ်တုံမြောက်ပြီး၊ နောက်ဆုံးနှစ်မှတ်၊ စတုသတ်တွင်၊ ပြည်မြတ်ရခိုင်၊ ထီးနန်းယိုင်သည်၊ ပယ်လှိုင်ဆိုရေးအံ့ဖွယ်တည်း။ ။

(၄၇) အံ့ဖွယ်ဆိုလိမ့်၊ ဟိတုံသိမ့်၏။ ကောင်းချိမ့်ဖိုလ်ပုံ၊ များဥသုံရို့၊ ရှိဘုံနဂရ၊ ပျက်ကိန်းကျ၍၊ သက္ကရာဇ်မှာ၊ ဆပေတာနှင့်၊ ကောကေ၊ ထိုကာလ၌၊ အင်းဝခေါ်ထ၊ ပြည်ဌာနက၊ ဒေါသရန်ပွား၊ ပျူအောက်သားရို့၊ ခိုက်ပွားရန်ရှာ၊ တိုက်ဖျက်လာ၍၊ ဖိုလ်ပါအားထု၊ ပြည်ကိုလုကာ၊ မင်းပြုအစ၊ ပထမမူ၊ နန္ဒပကျန်၊ လေးနှစ်မှန်၏။ တိုက်ဝန်မလွဲ၊ နှစ်နှစ်မြဲချင့်။ မင်းရဲသီဟသု၊ တနှစ်ပြု၍၊ အာယုဆန်ထ၊ သည်နောက်မှမူ၊ အာကာကျော်ထင်၊ နှစ်နှစ်ပင်တည်း။ လှည့်ကျင်လီက၊ မောင်ကျော်လှကို၊ မင်းလှရာဇာ၊ ခေါ်မည်သာနှင့်၊ ဆက်ကာစောင့်ပြီး၊ နှစ်ရေဒွိုးမှ၊ မင်းကြီးကျော်ထင်၊ သျှစ်နှစ်လျှင်တည်း။ နီကျင်မြင့်ကြာ၊ နော်ရထာမူ၊ ထပ်ကာအုပ်မိုး၊ ခြောက်နှစ်စိုးမှ၊ ကြာရိုးမင်းလုပ်၊ နှစ်နှစ်ဟုတ်၏။ တရပ်ဝန်ခေါ်၊ မောင်စံပျော်ကို၊ ထိုရော်တွင်ပြီး၊ မင်းကြီးကျော်စွာ၊ သုံးနှစ်သာနှင့်။ ရက္ခပူရ၊ ရှိပြည်မတွင်၊ ဌာနကွဲပြား၊ အမျိုးခြားသည့်၊ အောက်သားကိုးဆက်၊ စိုင်မပျက်ဘဲ၊ ရောယှက်ပေါင်းကာ၊ နှစ်သင်္ချာမူ၊ စတ္တာလီသ၊ ဖြစ်လီရ၍၊ နီထတုံငြား၊ ပြည်သူများကို၊ အောက်သားရို့က၊ နှိပ်စက်ကြလျှက်၊ ဒေါသပြုကာ၊ အမှုရှာသည်၊ နောင်လာ မတာမတွယ်တည်း။ ။

(၃၁၊၅၊၉၉) နိတွင် အကြမ်းတည်းဖြတ်သုတ်သင်ပြီးစီးသည်။

အပိုဒ် (၄၇)မှ ရာဇဝင်လင်္ကာများစွာကျန်ပါသိသည်။ ဆက်လက်၍ ပုံနှိပ်ကြပါရန်။ (အယ်ဒီတာ)

# သက္ကရာဇ် (၂၀၀၀)
# ရခိုင်သင်္ကြန်သံချပ်

# ရခိုင့်အတာ

အတာသင်္ကြန် နှစ်သစ်ကူးမှာ
ပဒေတာက်ပန်းနန့် ငုံးပန်းဝီဆာ
ဖူးပွင့်ဗျာယ် အပြုံ့အလှနန့်
နှလုံးအလှနန့် စောင့်လို့ကြိုဆို။

နှစ်သစ်ကိုရောက်ပါလတ်ကေ
အတာရီချေ လောင်းပါကတ်မယ်၊
ရီလောင်းဖို့ မောင်ရို့လာရေ
မရီးဘားသို့ ကြောင်းလို့လာရေ။

ရှိဆိုင်ရင်ဆိုင် လောင်းပါကတ်မယ်
လောင်းပြတ်ကုန်အောင် လောင်းပါကတ်မယ်
နီလုံးပြတ် လောင်းပါကတ်မယ်။
(လောင်းကတ်မယ်)၃ လေး။

# ရခိုင့်အတာတေးခြင်း

ပျိုနှမရို့စုရုံးပျာယ် ဝိုင်းဖွဲ့လို့ကကတ်ပါရေ၊
ပျိုနှမရို့စုပေါင်းပျာယ် ဝိုင်းဖွဲ့လိုဆိုကတ်ပါရေ။

လှပါရေ အဝတ်အစားဆင်တူညီညီ
ဆံထုံးမှာက ပဒေတာက်ပန်းကိုယ်စီကိုယ်စီ
နှခွမ်းဆို့နန့် မိတ်ကပ်နီနီ
မနှိမ်းဘဲ မကျွပ်က မောင်ရို့ကိုစောင့်ကြိုသည်။

ရိုးရာစိုင်အလာ ရခိုင့်အတာသင်္ကြန်မှာ
ရီလောင်းလို့ပျော်ပါး ချစ်စကားရို့ဖွင့်ပြော
သဘောရိုးရိုးစိတ်မဆိုးပါ။

အတာသင်္ကြန်ဆင်ယင်နှဲလို့ နှစ်သစ်ကူးလို့လာရေအခါ
မင်္ဂလာအဖြာဖြာ ဖီးဘယာဝီးကွာ အီးချမ်းဖို့ရာ
သူသူငါငါ စီးပွားဥစ္စာ တိုးပွားဖို့ရာ
မိတ္တာရီနန့် သွန်းလောင်းပီးမယ်
မယ်ရို့မောင်ရို့ ချမ်းအီးကြစီသောဝ်။ ။

# ကြောင်ကျိကြောင်ကျား

(မောင်ရို့မောင်ရို့ လေးလေးလေးလေး
လေးလေးလေးလေး မောင်ရို့မောင်ရို့)၂
မကျွှာပ်သျှင်မ လှပျို့ဖြူ။
သံကျပ်ထိုးကေ မာန်မပါကဲ့။
စေတနာထားလို့ ထိုးစွာရာ
အမျိုးကိုပါ ဆဲချင်ဆဲဖို့။
စစ်တွေမြို့ကြီး သင်္ကြန်မှာ
အဂုအခါ ရိုးရာမသိ။
အငှိုဖက်က ခိုးလို့ဝင်
သူများကိုပင်အထင်ကြီးလို့
စင်ကိုတက်ပြီး ကကတ်တေ
ကောဲ့လီကောဲ့လန် မမချေရို့။
စစ်ဗိုလ်ကြီးနန့်ရဖို့လို
ကိုယ်ရို့ဖင်ကို ကောဲ့လို့ပြယင့်။

အမြင်မကောင်းလို့ပြောစွာရာ
အရှက်ဆိုကော လုံးဝမဟိ။
ရခိုင့်ဇာတိ ဇာမှာလေ
အဂုအခါ ဝေလာဝေးလား။
အမျိုးရီရော ဇတ်ပျက်လာ
ကပျက်ဆိုစွာ သူရို့အစစ်။
မျက်စပစ်လို့ လက်တို့ခေါ်
နန္ဒဝင်ကို လားကတ်ဖို့လတ်။
မဟုတ်မဟတ် လုပ်ကတ်တေ
ဂျောင်ကိုဝင်ကော စိတ်မချရ။
ဝမ်းတလုံးကြီးမှ အားလုံးပေါ်
အမြင်မတော် လူကြားမကောင်း
ဆီးခန်းလားလို့ သားဖျက်ကော
အဝကျယ်မယ် မမှတ်ထား။
သားမဖျက်ဝံ့လို့ လျှောက်ပေါက်ကော
မွီးရေအကောင် ကြောင်ကျီကြောင်ကျား။
လျှောက်သားများများ ပေါလို့လာ
ရခိုင်ပြည်မှာ ထွက်ကုန်အသစ်။
နိုင်ငံခြားသို့ ရောင်းစီးမဝင်
လူတောမဝင် သျှင်ကြားမတိုး
ဖာမသားလို့ အခေါ်ခံ
အလွန့်အလွန် ရှက်ဖို့ကောင်းယင့်။
( မောင်ရို့မောင်ရို့ လေးလေးလေးလေး
လေးလေးလေးလေး မောင်ရို့မောင်ရို့ ) ၂

# အမင်ကူပါ အမိကယ်ကတ်

လွန်ကေကျွန်ကေ မကောင်းလေ
ဒုက္ခရောက်လိမ့်မယ်
(ကိုယ်လယ်မှာ ကိုယ်အငှား
နွားရောင်းလို့စား)၂

လွန်ကေကျွန်ကေ မကောင်းလေ
ဒုက္ခရောက်လိမ့်မယ်
(ကိုယ်ပြည်မှာ ရခိုင်သား
တောင်းရမ်းလို့စား)၂

လွန်ကေကျွန်ကေ မကောင်းလေ
ဒုက္ခရောက်လိမ့်မယ်
(သူ့အမေ စောက်ကမြင်း
နောက်မီးလုံးလင်း)၂

လွန်ကေကျွန်ကေ မကောင်းလေ
ဒုက္ခရောက်လိမ့်မယ်
(သူ့အဖေ ဆင်ပေါက်ကြီး
မြင်းလုပ်လို့စီး)၂

(မောင်ရို့မောင်ရို့ လေးလေးလေးလေး
လေးလေးလေးလေး မောင်ရို့မောင်ရို့)၂

ဒိုင်းကျီဟိလို့ ဂီဟိရေ
ဘားဘူဟိကေ ဆန်လေဟိယင့်။

ဧည၀တီလို့ နာမည်တွင်
စပါးဆိုရီ အလွန်ပေါလို့
ငါရို့ရကွ ပြည်ဧညာ
အလွန်သာယာ ရှိအခါက။
အဂုခစ်ဆိုး ကပ်ပျက်လာ
အများသူငါ မသမာကတ်။
တနပ်စားဖို့ အနိုင်နိုင်
ငါရို့ရခိုင် ပြည်မကျိုင်လတ်။
အယုတ်လတ် အမြတ်မဟူ
သူသူငါငါ ဒုက္ခဆင်းရဲ။
ငရဲတွင်းသို့ တောက်လျှောက်ဝင်
မျက်စိရှိတွင် ကျိတ်ကျက်သတ်လို့။
တယောက်မလွတ် အားလုံးလောင်
အမှောင်မဟာ ကမ္ဘာတွင်းဆုံး။
ခွက်ဖုန်းစားရို့ အုပ်စိုးရေ
အားကိုမနာ ပါကိုမကျိုး။
မအေလိုးလို့ အဆဲခံ
တယောက်မကျန် အားလုံးခံရ။
နှစ်ပိုင်းတပိုင်း ချောချောဝင်
အမင်ကူပါ အမိကယ်ကတ်။
ဖြုတ်ဖြုတ်လူးလို့ သူရို့ခေါ်
ကိုယ့်အောက်ပေါ်ကို နနိုင်ကျိတ်လို့။
ဒုံးပေါက်ဆောက်လို့ လဲမှရာ
အမိကယ်ပါ အမင်ကူကတ်။
တနပ်စားကို တသက်ထင်
ခွီးယုတ်အမြင် ငသံတွေရို့။
စံရဖွေနန့် အမျိုးတော်
အဖမပေါ် လင်းပြန်မသား။
ဖက်ခွက်စားရို့ ကောင်းစားရေ
မလွယ့်မလွယ် ဇာပိုင်လုပ်ဖို့။

အားလုံးထလို့ ညီညီညာ
တွန်းလှန်လိုက်ပါ အိုပြည်သူ့ရို့။
ကွန်ဆိုးမကို မောင်းလို့နှင်
သူရို့ဖင်ကို ဒုတ်နန့်သတ်လိုက်။
အားလုံးမလွတ် နောက်ပြန်ချိုင်
သူရို့လိုင်ကို ကြိုးကွင်းစွပ်လိုက်။
အမှိုက်အသိုး ထမင်းကျန်
ထမင်းကျန်ကေ ဝေးလို့ပစ်လိုက်။
ဂုတ်ကိုဖျစ်ညှဲ့ သွီးစုတ်ကောင်
အရီကိုလှန် ထူးခတ်ပလိုက်။ ။
(မောင်ရို့မောင်ရို့ လေးလေးလေးလေး
လေးလေးလေးလေး မောင်ရို့မောင်ရို့)၂

# အလုံးကြီးကြီး ဆို့မမျိုု

(ခြွမ်းတောက်)
မြင်ရစွာမလွယ်ပါ
ကြားရစွာမလွယ်ပါ
နခေါင်းကိုနဖားထိုး
အနောက်ဖက်က မိုးရွာ။ ။

လီသလက် ခံခီပါကေ
ပကျင်းပိုင်ဖောင်းပါလို့၊
အိုအယွေ့ မမကြီး
ထမင်းမစားဘဲ 'ဝ' လာ။

အဘာ့လေ မလွယ်ပါ
အမိလေ ကယ်ပါ

ဇာပိုင်လုပ်ပါဖို့
မောင်းမောင်ကြီးမှာ နဖူးသတ်
တခုလည်း မတတ်နိုင်။ ။

(မောင်ရို့မောင်ရို့ လေးလေးလေးလေး
လေးလေးလေးလေး မောင်ရို့မောင်ရို့)၂

တနှစ်ထက်တနှစ် ဆိုးဝါးလာ
ရခိုင်ပြည်မှာ ဇာတာမကောင်း။
ရခိုင်မင်းလောင်း မျှော်ရေဆို
ငါရို့ကိုလေ ကြိုဆိုလိုက်ကတ်။
အနှစ်မဟိ သပြာခွံ
သပြာခွံကို နန်းမတင်ကဲ့။
ဖွတ်ကမီးကျောင်း ဖြစ်လတ်ကေ
ဒုက္ခရောက်မယ် အားလုံးမှတ်ထား။
ခွီးရူးကောင်းစား တမွန်းတည့်ရာ
အများမကြာ ငါးပါးမှောက်ဖို့။
တယောက်တချက် ဝိုင်းလို့လှန်
ဇာသူအမှန် ခံနိုင်ဖို့လဲ။
မျိုလို့ဆို့လို့ မကျကေ
ထွီးအံထဲမှာ ထုတ်အံ့ပစ်လိုက်။
အံ့ဖတ်အံ့လို့ ထွက်လတ်ကေ
အရာတခါ ပြန်မမျိုကဲ့။
အဆုံးသတ်လို့ မကျီဗျာယ်
အရာရောက်မယ် ဒုက္ခမှတ်ထား။
ပြောလို့မရ ဆိုမနာ
အေပိုင်ဆွီးလာ ရခိုင်သားရို့။
ဒုတ်ပိုင်းကျမှ နာနာအော်
ယင်းခါမှရာ မှတ်ကတ်ဖို့လား။
အားလုံးဖပြား ဝပ်နီဗျာယ်

အိမ်ကိုပြန်ရော   အခွံကျန်ယင့်။
အရာလဲ့သင့်   လက်မထေ‌ောင်
အေပိုင်ဆွီးလာ   ရခိုင်သားရို့။
အရိုင်းအစိုင်း   လန့်ဆန်ခံ
ဒူးလောက်ကျွံမှ   မှတ်ကတ်ဖို့လား။
ရခိုင်သားလို့   ကြွေးလို့ကြော်
အောက်ကပေါ်စွာ   သူရို့မသိ။
အသိခေါက်ခက်   အနက်ဝင်
ဒူးလောက်ဝင်မှ   မှတ်ကတ်ဖို့လား။
ရခိုင်သားလို့   လက်မထောင်
ကိုယ့်စာကိုတောင်   ကိုယ်မတတ်ကတ်။
စာအုပ်တအုပ်   ထွက်လာရော
အားလုံးကဗျာ   မြန်မာအတိုင်း။
၏သည်မလွဲ   ခိုးချရေ
အေပိုင်တော်ရေ   ရခိုင်မသား။
ရခိုင်ဝတ္တု   တပုဒ်ဆို
ဖရားချီးတွင်းကျ   ရှာလို့မရ။
ယင်းချင့်တိနန့်   အသျှင်ခံ
ဗမာစာကို   ရခိုင်စာလတ်။
မိဘရိုးရာ   အစိုင်လာ
မလေ့မလာ   မလေးမစား။
အဖေကြီးကို   အမျိုးတော်
ယောက်ဖခေါ်စွာ   သူရို့အားလုံး။
နဖူးကျင်းလို့   ထိပ်အခွံ
သူရို့အမှန်   ပညာဟိတိ။
ဂျိဝါဂျိဝိ   ယောင်တောင်တောင်
အမောင်တောင်မှန်း   မြောက်မှန်းမသိ။
အောက်ကိုငုတ်လို့   အထက်ကပေါ်
သူ့ဂေါင်းထက်မှာ   မစင်အထုပ်။
လူသူမဟုတ်   ကုလားထိုင်

ကုလားထိုင်ကို သူ့ရို့မွှတ်ကတ်။
တခါဆောင်းပါး ဖတ်လိုက်ကေ
အားလုံးမြန်မာ ဗမာအတိုင်း။
ရက္ခိုင်ဝဏ္ဏ အက္ခရာဆို
အခုထက်တိုင် ပုံနှိပ်မထုတ်။
ကျောက်စာများရို့ ပျက်စီးလာ
နောက်တချိန်မှာ အားလုံးပျောက်ဖို့။
တယောက်တချပ် မှတ်တမ်းတင်
တနှစ်ထက်ပင် ကြာဖို့မဟုတ်။
အလုပ်မလုပ် ဘဝင်ကိုင်
ညဇာတိုင်ကေ အခြင်းပြောလို့။
ရေဒီယိုဖွင့်လို့ နားထောင်ရေ
ကြီးကြီးကျယ်ကျယ် စကားပြောလို့။
နိုင်ငံရေးသမား ယောင်ခြောက်ဆယ်
စစ်သားမြင်ကေ ကြောက်ဒူးတုန်လို့။
ဟုတ်တိပတ်တိ အကွန်ဆောင်
သူ့ရို့အမှန် တတ်ယောင်ကားတိ။
မသိလို့က မဟုတ်ပါ
ပြောကေနာမယ် မျက်နှာကြည့်လို့။
လူ့ဇာတိက မျောက်ဖြစ်တေ
ရခိုင်ပြည်မှာ မွီးရေလူမျိုး။
မုဆိတ်ဖွားဖွား ကုလားပင်
ရခိုင်ပြည်ကို အသျှင်ခံလို့။
တန်ပြန်လက်မ ထောင်လတ်တေ
လက်လွှတ်စပါယ် ကြည့်မထားကဲ့။
ရခိုင်ပြည်ထဲ ခိုးလို့ဝင်
ပြည်ကိုပင်လျှင် အသျှင်ခံလို့။
သမိုင်းတိကို သူ့ရို့လိမ်
နောင်တချိန်မှာ သွီးချောင်းစီးဖို့။
အမျိုးမစစ် ကာလနာ

နိုင်ငံတကာ ငိုလို့ပြယင့်။
စစ်အစိုးရ ပြန်လက်ခံ
နှစ်ဖက်ခွကြုံ မဟာမင်းကြီး
အလုံးကြီးကြီး ဆို့မမျို
မင်းရို့ပြည်ကို ခေါ်လို့ထားလိုက်။
ငါရို့ကတော့ လက်မခံ
ကိုယ့်နိုင်ငံကို ကိုယ်ရို့ပြန်ကတ်။
အောက်ဆီအောက်ဆတ် ဆိုလတ်တေ
လူတိုင်းမှာလေ လူ့အခွင့်အရေး။
မြေကို ရှိနေခံ
သူခိုးလက်ခံ သူရို့အစစ်။
အမှန်တရား ချစ်ကတ်ပါ
မုသားဝါဒါ မသုံးကတ်ကဲ့။
အမှန်တရား မြတ်နိုးပါ
ကာလနာကို မမွီးဇပ်ကဲ့။ ။
( မောင်ရို့မောင်ရို့ လေးလေးလေးလေး
လေးလေးလေးလေး မောင်ရို့မောင်ရို့ ) ၂

# ပကာသီး

( ခြွမ်းတောက် )
အဖိုးမှန်းလည်းမသိပါဗျာယ်
အဘောင်မှန်းလည်း မသိပါဗျာယ်
( အားလုံးကို ) ၂ အဘာခေါ်ကိန်းဆိုက်ပါလို့
ပြောက်သောက်လည်းဖြစ်ကုန်ပါဗျာယ်။

( မောင်ရို့မောင်ရို့ လေးလေးလေးလေး
လေးလေးလေးလေး မောင်ရို့မောင်ရို့ ) ၂

အရိုးသမီး   လှရေဆို
ယောက်မကိုရာ   မြင်းစီးလို့ပြု။
ဘောင်းဖီဖင်ကျပ်   ဝတ်လို့လာ
အမြင်မတော်   အလုံးကြီးကြီး။
ပကာသီးထက်   နှစ်ဆသန်
စျီးမှာရောင်းကေ   ကကောင်းစွန်ဖို့။
အရောင်ဝင်းဝင်း   တောက်လို့လာ
မြင်ရသူမှာ   လျှာရည်ယိုယင့်။
သူရို့အိုးကြီးလှုပ်လိုက်ကေ
ကမ္ဘာပင်လယ်   ငယင်လှုပ်ဖို့။
မော်တော်ဘုတ်ကြီး   ထွက်လို့လာ
ဟွန်းကမပါ   ဘဲလ်ကိုမတီး။
ကျကျိကျကျိ   တက်ပြီးကေ
လွရေဆိုစွာ   သူရို့အစစ်။
အမျိုးမစစ်   မမှန်ကန်
သူမိုက်လင်းပြန်   လျှောက်ပေါက်မသီး။
ပကာသီးကို   ရောင်းဖို့လာ
စစ်ဗိုလ်ဘားမှာ   လျှောက်လွှာတင်ယင့်။
ဗိုလ်ကြီးဒါးနှင့်   စမ်းကြည့်ရာ
အစိများစွာ   ကြဲလို့ကျယင့်။
အစိကျလို့   အပေါက်ယင်
အပေါက်ယင်ကေ   အပင်ပေါက်ဖို့။
၎ပင်ပေါက်ကြီး   နှုတ်ရေပိုင်
ကကောင်းလွယ်ရေ   ရခိုင်မသမီး။
အဆိုးအဆွီး   အမြင်ချင်
ရှိမျက်မှောက်တွင်   အံလိုက်ချင်ယင့်။
ယင်းချင့်တိနန့်   ဘဝင်ကိုင်
အောက်ကခုံးတိုင်   လှုပ်လီလှုပ်လှုပ်။
မတီးမမှုတ်   မဆိုမမြည်
စစ်တပ်အလယ်   ညအိပ်လို့စား။

ငါးပါး မှောက်လို့ ရောဂါဝင်
ရောဂါဝင်ကေ ကုလို့မရ။
အမိအဖ ဆုံးမပါ
မောင်ရို့မျက်နှာ ဇာမှာထားဖို့။
လက်ပိုက်ရပ်လို့ မကြည့်နိုင်
ပဲ့ကိုတခါ ကိုင်လို့ထိမ်းကတ်။
အေပိုင်လွှတ်လို့ ထားလိုက်ကေ
ဒုက္ခရောက်မယ် အားလုံးမှတ်ထား။
အားလုံးတားမြစ် ဆုံးမပါ
ဗရန်းဗတာ မဖြစ်စီဖို့။
ရခိုင်သားရို့ စေတနာ
နောင်တတခါ နောက်မှာရဖို့။
မာန်မပါကဲ့ မမချေ
ပြောချလိုက်တေ ထုတ်ချင်းပေါက်ကြီး။ ။
(မောင်ရို့မောင်ရို့ လေးလေးလေးလေး
လေးလေးလေးလေး မောင်ရို့မောင်ရို့)၂

# တဒေသက တကြက်တွန်

(တေးခြင်း)
ဘင်္ဂလာဒေ၌ တိုးတောင်စခန်းမှာ
ကျက်စားလာတဲ့ ဗိုလ်အောင်ကျော်ရာ
ဗမာတွေကို တွန်းလှန်ခဲ့တာ
သေနပ်တောင်မှ သံချီးကိတ်လားခယာ။ ။

(မောင်ရို့မောင်ရို့ လေးလေးလေးလေး
လေးလေးလေးလေး မောင်ရို့မောင်ရို့)၂
ညီညွတ်ရေးလို့ ကြွေးကြော်ရေ

လုပ်လိုက်ပြန်ကေ စောက်တလွဲကြီး။
တိုင်းပြည်ဦးစီး တက်မကိုင်
ထိမ်းသိမ်းမနိုင် ကရိုးငါးပါး။
ပါတီအများ ကွဲလို့ပြို
တရုပ်မျက်နှာကို ဝက်ကြည့်မရ။
တဒေသက တကြက်တွန်
သူ့ရို့အမှန် တကွဲတပြား။
သေနပ်အများ ကိုင်ထားစွာ
မျောက်လက်ထဲမှာ သပြာရလို့။
မာနကြီးလို့ လက်မထောင်
တယောက်တတောင် တတောင်တမင်း။
ကိုယ်ရို့အချင်းချင်း သတ်လို့ပင်
အားလုံးကားစင် တင်ကတ်ရဖို့။
မောင်မင်းကြီးရို့ ထုတ်ကာပြန်
စကားလွန်ကေ သီဒါ၏အပြစ်။
ကိုယ့်သွီးသားချင်း ချစ်ကတ်ပါ
အပြစ်မရှာ စေတနာထား။
ရခိုင်သားများ ချစ်ချစ်ခင်
ငါရို့မြင်ချင် အယင်ဦးဆုံး။
စကားလုံးကြီး ဆို့မနိုင်
တိုက်တိုက်ဆိုင်ဆိုင် ထန်းသီးလုံးလောက်။
အမှောက်မှောက် မှားပြီးသကာ
ပြောရေအခါ ပစ်သားမဟီ။
အသိတရား ထားကတ်ပါ
ဘုံရန်သူစွာ ဗမာအစိုးရ။
အားလုံးဆုံချက် တက်လက်ညီ
အောင်ပွဲအလီလီ ခံမယ်မလွဲ။
လွတ်လပ်ရေးသို့ ခရီးနှင်
လမ်းခုလပ်တွင် အလင်းမဝင်ကဲ့။
ယုံကြည်ချက်အပြည့် လုပ်မယ်ဆို

အောင်ပွဲထိုထို ရမယ်မုချ။
နယ်စပ်ဒေသ တချို့မှာ
ပြောရေအခါ လွတ်လပ်ရေးကြီး။
ဒေလီမြို့ကြီး ရောက်သောအခါ
လုပ်တေအခါ အရာတမျိုး။
သျှင်ကြီးကိုးလို ကျားကိုကန်
ကျားထက်ဆယ်ပြန် သျှင်ကြီးဆိုးယင့်။
အသင့်အတင့် နှလုံးသွင်းပါ
ဗရမ်းဗတာ မဖြစ်စီဖို့။
ကျနော်ရို့က မှာလိုက်ချင်
အမှားကိုမြင် အယင်ပျင်ကတ်။
ဖြစ်ကတတ်ဆန်း မလုပ်စီချင်
ငါရို့အမြင် တင်ပြပါယင့်။
ချစ်ခင်သင့်တင့် ညီညီညာ
အမှားပါကေ ခွင့်လွှတ်ပါကတ်။
အတတ်ဆန်းလို့ မလုပ်ချင်
စတန့်ထွင်ကေ အမြင်မကောင်း။
အယူမစောင်း မတိမ်းလွဲအောင်
ကြိုးစားလုပ်ဆောင် ရခိုင်သားရို့။
မြို့ကြီးပြကြီး ရောက်လတ်လျှင်
ငါရို့ဘဝင် ချလို့မကျ။
တချို့ကလည်း ပြောကတ်ပြန်
ပညာတတ်မှန် ဖောက်ပြန်ရေလတ်။
လက်ဝဲအစွန်း ချောင်ချားပါ
ပညာမတတ်ကေ ဇာလုပ်ကတ်ဖို့။
ရခိုင်သားရို့ ကျဆုံးစွာ
ရာဇဝင်မှာ ငကုသလ။
သူကစလို့ သုတ်သင်ခါ
ရခိုင်ပြည်မှာ စက္ကူအားလုံး။

အစတုန်းလို့ ပြုန်းပြုန်းစင်
ရခိုင့်ရာဇဝင် သွီးစွန်းထင်းခ။
အရာတချက် မှားကတ်ဗေ
အားလုံးမှောက်မယ် ငါးပါးမလွဲ။
တဖြည်းဖြည်း ပြုပြင်ပါ
တရားသီဆိုစွာ အမှန်မဗောင်း။
မင်းလောင်းမျှော်လို့ ကိုးကတ်ပြန်
ခစ်ကိုနောက်ပြန် မဆွဲကတ်ကဲ့။
အယူတည့်တည့် မစောင်းလို
ရာဇဝင်ကို သင်ကတ်ပါကတ်။
သမိုင်းမတတ် အမှန်မမြင်
လုပ်ခီပါလျှင် ဂွင်ကိုမကျ။
ဗဟုသုတ လေ့လာပါ
များများဖတ်ပါ စာအုပ်အများ။
ဝါးတုတ်ကိုစား အမြဲနီ
အချိန်ကိုလေ မဖြုန်းကတ်ကဲ့။
စေတနာနန့် ပြောစွာရာ
အမှားပါဗေ ခွင့်လွှတ်ပါကတ်။

( မောင်ရို့မောင်ရို့ လေးလေးလေးလေး
လေးလေးလေးလေး မောင်ရို့မောင်ရို့ ) ၂

# အမိလေ အဘာလေ

မပြောကေ မနာ
မတီးကေ မပြီးပါလို့
ပြောရခြင်း ဖြစ်စွာပါရာ။

လုပ်ခီပြန်ပါကေ
တလွဲကြီး ဖြစ်ပါလို့
နောက်ကုန်းလည်း ကွဲလီပါဗျာယ်။

တိန်းနီပြန်ပါကေ
ဘိန်းစားကြီးဖြစ်ပါဖို့
သားသမီးအဆွီးကိုလ
ဆုံးမခြင်းဖြစ်စွာပါရာ။

(အမိလေ အဘာလေ)၂
ယောက်ခမကြီး အတတ်ကြီးလို့
ကိုယ့်သမီးကို စစ်ဗိုလ်ကြီးနန့် ချပီးရေ။
(အမိလေ အဘာလေ)၂

နနထထွတ် လက်မထွတ်ကို
ငကန်သားဟင်းရည် သောက်ရရေအတိုင်း
(အမိလေ အဘာလေ)၂

ယောက်ဖကြီးက စစ်ဗိုလ်ကြီးကို
ကြဲတဲကြောက်တောက် အိမ်ထဲခန်းကို လှုပ်ပီးရေ။
(အမိလေ အဘာလေ)၂

ရခိုင်သမ အလှပမှာ
နောက်ဆုံးကျမှ ဝမ်းတလုံးနန့် ကျန်လိုက်တေ။
(အမိလေ အဘလေ)၂

ရခိုင်သားတိ ပျော်လုံးဆို့လို့
အရက်သောက်ပျာယ် ရွာစိုင်လျှောက်လို့ ကွာနှက်တေ။
(အမိလေ အဘလေ)

ရခိုင်သတ္တိ ကမ္ဘာသိအောင်
လပေါ်ကျိတ်လို့ တန်းထထက်က ခုန်ချရေ။
(အမိလေ အဘလေ)၂

ဒီဂရီတလုံး ရပါလတ်ကေ
ငါ့ပိုင်မဟီ ဘဝင်မြင့်လို့
လမ်းမထက်မှာ ခလုံးသတ်တေ။
(အမိလေ အဘလေ)၂

တိုင်းကိုမသိ ပြည်ကိုမိလို့
သူများဘားမှာ ကျွန်ခံရေ။
(အမိလေ အဘလေ)၂

လူရတတ်တိက ရန်ကုန်မြို့မှာ
နီကတ်ရလို့ ရခိုင်စကား မိလားရေ။
(အမိလေ အဘလေ)၂

နောက်ကုန်းထက်မှာ ဒုတ်ပိုင်းကျမှ
အဘလေးလို့ ထအော်ရေ။
(အမိလေ အဘလေ)၂

တချို့တိက ရည်းစားကွဲလို့
စစ်တပ်ထဲကို ဝင်ကတ်တေ။
(အမိလေ အဘလေ)၂

အေပိုင်တော်ရေ ရခိုင်မသား
မပြောလို့က မရဗျာယ်
အမှည့်လွန်ကေ စားလို့မကောင်း။
မုန့်ဆီပေါင်းကြီး ဖူးဖူးရောင်
ပုတ်လို့ဟောင်ကေ နခေါင်းရှု့ထား။
အလွန်ဆိုးဝါး မခံနိုင်
အနံ့လှိုင်ရေ မွှီးလို့ကြိုင်လို့။
ဘောက်ကတတ်တိက ပြောလိမ့်မယ်
အခြေအနေ အလိုက်အထိုက်။
ကိုယ်ကလိုက်လို့ မခေါ်ကေ
ရောက်လာလိမ့်မယ် သူရို့မဟုတ်။
ပုတ်လို့ပေါ်လို့ နံစွာရာ
အများတကာ ထိုးမချကဲ့။
ကိုယ်ရို့ဘက်က ဖုံးမလုံ
သူများကိုပုံ ရန်မရှာကဲ့။
ဝမ်းကပြည့်လို့ အစာမကြို
အယင်စားခီ ထောပတ်ထမင်း။
သက်ပြင်းချလို့ ငေးလို့မှိုင်
မောင်ကြီးဇာပိုင် လုပ်ရပါဖို့။
ဆရာများလို့ သားကသီ
ရောက်လာပြန်ပြီ ဆီးဝါးအဆန်း။
ထမင်းချမ်းကို ဆွမ်းတော်တင်
ဘုရားကိုပင် မလေးမခန့်။
အားလုံးစစန့် သီလိမ့်မယ်
ဒုက္ခပင်လယ် မျိုးကတ်ရဖို့။

စေတနာထားလို့ မှာခရေ
အမှားပါကေ ကန်တော့ပါယင့်။

( မောင်ရို့မောင်ရို့ လေးလေးလေးလေး
လေးလေးလေးလေး မောင်ရို့မောင်ရို့ )၂

မောင်ရို့ပြန်မယ် ပြန်မယ်
အားလုံးကို ရှိခိုးပါရေ
သံကျပ်လွန်ကေ ခွင့်လွှတ်ပါလေ
အမှားဟိကေ ပြုပြင်ကတ်မယ်
အဘာလေ ရခိုင်ပြည်
ကကောင်းဇာဖြစ် ယလောက်ဆိုးလေ
( ဆိုးပါရေ )၃ လေး။

မောင်ရို့ပြန်မယ် ပြန်မယ်
အားလုံးကို ရှိခိုးပါရေ
မောင်ရို့ပြန်မယ် ပြန်မယ်
အားလုံးကို ဦးညွတ်ပါရေ
လာမယ်ကြာမယ် အများမကြာခင်
မောင်ရို့ရောက်လာမယ်၊
လာမယ်ကြာမယ် နက်ဖန်ရက်မှာ
မောင်ရို့ရောက်လာမယ်။

အတာသကြ်ာန် ဆင်ယင်နွဲလို့
နှစ်သစ်ကူးလို့လာရေအခါ
မင်္ဂလာအဖြာဖြာ ဖီးဘယာဝီးကွာ အီးချမ်းဖို့ရာ
သူသူငါငါ စီးပွားဥစ္စာ တိုးပွားဖို့ရာ
မိတ္တာရီနန့် သွန်းလောင်းပီးမယ်
မယ်ရို့မောင်ရို့ ချမ်းအီးကြစီသောဝ်။ ။
-------------------------

# တီးလုံး

(ခြွမ်းတောက်)
မြတ်ဖို့လား နှင်းခံခီမှာ
နောက်ထပ်တပေါ် ယော့ပါယင့်
ကံဇာတာ မကောင်းခလို့
အရင်းအားလုံး ပြုတ်တေ။

မျောက်ပတုန်းနန့် ကျားကိုချိုင်ဗျာယ်
အဆွေခင်ပွန်း မွှမ်းပါလို့
ဂျီဟောက်သံ ကြားခါမှ
လန့်ဖြုန့်လို့ ပြီးရေ။

အချိုသွားဖြဲ ရယ်နီစွာကို
သူကအဟုတ် မှတ်ပါလို့
အစွာပိုင် ယောက်ဖကြီး
ပျော်ကောင်းထမန်း မဟုတ်ပါ။ ။

---

ကုန်ပါဗျာယ် နှစ်ပုလင်း
နောက်တပုလင်း သောက်ကတ်မယ်၊
သူငယ်ချင်း ရောင်းရင်းဂို့နန့်
အရက်ဝိုင်း ဖွဲ့ကတ်တေ။
နီခြင်းကြောင်တောင် ဂျောင်မှာမျှောင်
အမောင်ယောက်ကျား ဇာလုပ်တေ
အိမ်မှာဗိုလ်ကျ ကော်နှက်တေ
အသူလဲဝေး လာလတ်ဝေး
ပေါင်ကိုလှန်ဗျာယ် ဒါးနန့်ထိုးလို့
အဘာလေး ကကောင်းဟုတ်ပါရေ။ ။

ရှီးစပ်သူ ခိုင်ကျော်ကျော် (နယူးဒေလီ)

# မင်းသားကြီးရွှေဘန်း၏သီတန်းစာရတု

မင်းသားအမှန်၊ ငါလျှင်ကြံက
နိုင်ငံအတွက်၊ ကိုယ့်အသက်ကို
ရက်ရက်စွန့်ခွာ၊ ကုလားရွာ၌
ခန္ဓာရုပ်ဟောင်း၊ ဘဝပြောင်းလိမ့်။
ဖြစ်ကြောင်းသံသရာ၊ သတ္တဝါရို့
မှန်စွာမချွတ်၊ သူမသတ်လည်း
မလွတ်တခါ၊ သီအံ့ရာတည်း။
ကမ္ဘာတာရှည်၊ သူရို့သည်လည်း
အတည်မစိုး၊ ငါမြို့တိုးသော်
အရိုးတခါ၊ တွန်လိမ့်ရာ၏။
နောင်လာနောက်လူ၊ ရခိုင်သူရို့
အယူမစောင်း၊ ငါ့လမ်းကြောင်းကို
ကောင်းကောင်းလိုက်နာ၊ တိုင်းညာကို
တခါမှုကျွ၊ ငါရို့ရအံ့။
လုံ့လရှိခံ၊ လိုလျှင်ကြံက
နိဗ္ဗာန်မချွတ်၊ လက်ဝါးခတ်သည်
စွဲမှတ်ဤစာသီတမ်းတည်း။ ။

မင်းသားကြီးရွှေဘန်း
(ဒက္ကားထောင်၌ရှီးဖွဲ့သည်။)

# မြို့သူကြီးအောင်ကျော်ဇံရတု

ဥဒါန်းမကျီ၊ ဖြစ်ရလီခြင်း
တိုင်းရီးကိုကြံ၊ အောင်ကျော်ဇံမှာ
ကြံကာမှီနှောက်၊ တကျိုပ်ခြောက်ရို့
ယွင်းဖောက်သစ္စာ၊ သူရို့မှာကား
ဝမ်းစာစားခွက်၊ တထပ်တွက်ကို
တသက်စာထင်၊ ခွီးအမြင်ကြောင့်
တိုင်းခွင်သာစည်၊ ငါရို့ပြည်လည်း
သူ့ပြည်ဖြစ်ရ၊ ဝမ်းနည်းစွတည်း။
မိဘဆရာ၊ ပေါ်ရဏာရို့
ဝေါဟာထုံးဟောင်း၊ လူဟူးတောင်းကို
မပေါင်းဖော်ရာ၊ ဆိုတုံပါလည်း
ယွင်းကာသတိ၊ ပေါင်းဖော်မိ၍
လက်ဟိဒုက္ခ၊ ငါကြုံရ၏။

ဘဝတဇာစ်၊ လူပြန်ဖြစ်က
အသစ်ခုပင်၊ တော်လှန်ချင်သည်
ဇာတွင်မမိနိုင်သောကြောင့်။ ။

(မြို့သူကြီးအောင်ကျော်ဇံ)

# ဒေးဝန်းကြီးအောင်ကျော်ရှိရတု

နောက်သားနောင်လာ၊ နောက်ထပ်ပါရို့
ဆရာသုံးလက်၊ ရှိကံဘက်၍
အသက်ခန္ဓာ၊ လူရို့မှာကား
တခါတရံ၊ အဘိုးတန်၏။
တရံတခါ၊ ဆိုတုံပါလည်း
သူသာလာလျှက်၊ ဖိနှိပ်စက်က
အသက်တခါ၊ ဆုံးတတ်ရာ၏။
ပြည်ရွာတိုင်းဘွား၊ မျိုးလေးပါးရို့
တရားလမ်းမှန်၊ ကျင့်ကြောင်းကြံလျှက်
အမှန်မုက္ခ၊ သက်စွန့်ကြလော့။
ဓမ္မတာလမ်းမမှန်၊ ဆိုးကြောင်းကြံလျှက်
တန်စိုးကိုစား၊ လိမ်လှည့်ဖျားသော်
နောင်သားတဘန်၊ သည်းမခံနှင့်။
နိုင်ငံတကာ၊ ဟူရာရာ၌
ပညာနှင့်ဉာဏ်၊ သင့်စွာဖန်၍
တာဝန်မပျက်၊ သစ္စာရှက်လျှက်
အသက်ကိုလှီး၊ သွီးချောင်းစီးမှ
အပြီးကြံ့ခိုင်၊ နိုင်ငံတိုင်းမြို့
အစို့စို့နှင့်၊ ကိုယ့်မြို့ကိုယ့်ပြည်
ကိုယ့်ဌာနေကို၊ ရမည်မုက္ခ
ဤလောကသည်၊ အောက်ကျမခံချင်သောကြောင့်။ ။

(ဒေးဝန်းကြီးအောင်ကျော်ရှိ)

## အံကြိတ်သံ

မိုးကောင်းတုန်းခါ
ရွာရာရွာ။ ။

## ဝင့်

မချစ်သော်လည်း
ပေါင်းဖော်ရသည်
အိမ်ကပြီးစပ်ပါသောကြောင့်။ ။

(ခိုင်ကျော်ကျော်)

## တော်လှန်ရေး

ခေါင်ကမိုးယို
အိမ်ကိုစိုသည်
ခေါင်ကိုအသစ်မိုးကတ်ဖို။ ။

(ခိုင်သွီး)

## ဘဲ

ငှက်ဖြစ်ပါလျှက်
မပျံတတ်သော်
သင့်ကို သူများစားလိမ့်မည်။ ။

(ခိုင်တရှင်း)

## ဂြင်း

သံကိုမျှောင်လျှက်
သံကိုဖျက်
နိုင်ငံရေးသံချိုးတက်များ။ ။

(ခိုင်တရှင်း)

# သူ့ကျွန်ဘဝ

ရခိုင်ဖြစ်ပြီး
ရခိုင်စကား မပြောတတ်သူများ
အလွန်သနားစရာ ကောင်းလှပါ၏။

ရခိုင်ဖြစ်ပြီး
ရခိုင်စာ မဖတ်တတ်သူများ၊
အလွန်သနားစရာ ကောင်းလှပါ၏။

ရခိုင်ဖြစ်ပြီး
ရခိုင်ကဗျာတပုဒ် မရွီးတတ်သူများ
အလွန်သနားစရာ ကောင်းလှပါ၏။

ရခိုင်ဖြစ်ပြီး
ဗမာကဗျာ ရွီးစပ်သူများ
အလွန်သနားစရာ ကောင်းလှပါ၏။

ရခိုင်ဖြစ်ပြီး
ဗမာဆောင်ပါး ရွီးနီသူများ
အလွန်သနားစရာ ကောင်းလှပါ၏။

ရခိုင်ဖြစ်ပြီး
ရခိုင်ဆောင်းပါး မရွီးတတ်သူများ
အလွန်သနားစရာ ကောင်းလှပါ၏။

ရခိုင်ဖြစ်ပြီး
ဗမာဝတ္ထု ရွီးနီသူများ
အလွန်သနားစရာ ကောင်းလှပါ၏။

ရခိုင်ဖြစ်ပြီး
ရခိုင်ဝတ္ထု မရွီးတတ်သူများ
အလွန်သနားစရာ ကောင်းလှပါ၏။

ဩော် လောကဠ
သနားစရာ သတ္တဝါများ
များပြားလှပါဘိတကား။ ။

(ခိုင်လုံးဖြူ)

# အာဇာနီ

လေးရပ်ဝတီ
ရပ်ဌာနီမှ
ဇာနီအပေါင်း
သူရဲကောင်းရို့
ဇာတ်ပေါင်းဆုံကာ
ပြည်မျက်နှာကို
ထောက်ကာရှိရှု
ညီညွတ်မှုဖြင့်
ခေတ်ဦးတခေတ်
သမိုင်းသစ်ကို
မျိုးချစ်အားသန်
ဇာတိမာန်နန့်
အောင်လံကိုထမ်း
လက်ဆင့်ကမ်းလီ
အာဇာနီ ။ ။

ကမ္ဘာတခွင်
ရာဇဝင်မှာ
ဂုဏ်အင်မြင့်မား
ရခိုင်သားဟု
ဘုရားဗျာဒိတ်
ပြည်ကြီးရိပ်၏
အတိတ်သမိုင်း
မမှုန်မှိုင်းခင်
အတိုင်းအဆ
နှိုင်းမရသော
အဖပြည်ကြီး
သမိုင်းကြွီးကို
အပြီးဆပ်လီ
အာဇာနီ ။ ။

သွီးရင်းသားချင်း
ညီညွတ်ခြင်းဖြင့်
အောင်ခြင်းနမိတ်
အောင်ဘိသိက်နန့်
အောင်ဟိတ်မင်္ဂလာ
မျိုးဝံသာ၏
မဟာအောင်ပွဲ

လွှတ်လပ်ရေးလမ်း
ဗျာဒိတ်ပန်းကို
ဆင်မြန်းပါလီ
အာဇာနီ ။ ။

အာဇာနီလောင်း
သူ့ရဲကောင်းဟု
ဘွဲ့ဆောင်းသတ်မှတ်
ကမ္ဘည်းတပ်ပျာယ်
မှန်မြတ်တန်းခွန်
မျိုးအောင်လံကို
တေးသံစုံညီ
တပ်ဦးချီလျှက်
ဝတီလေးရပ်
လက်ခေါင်းခတ်ပြီး
တိုင်းရပ်တခွင်
ဂုဏ်ပြုချင်ရေ
အယင်ဇာခါ လာဖို့လဲ ။ ။

ဆရာတော် (နာလန္ဒာ)

# ကန္တာရခရီးသည်

(မိုး)
အငိုးကြီးစွာရွာသွန်း
ပြည့်လျှမ်းခပျာယ်လေ
နဒီချောင်းရိ
စီးဆင်းနိယင့်။ ။

(နှီ)
ခရီးကြမ်းရို့ပူပြင်း
ရင်တွင်းကျွမ်းမြေ့ခပျာယ်လေ
ဒေသဲကန္တာရ
ခြောက်သွိလှပါရေ။ ။

(ဆောင်း)
ကောင်းကောင်းချမ်းပျာယ်လေ
မြူနှင်းဖြောက်ဖြောက်ကျလာကေ
ဒေလောကကြီး
အီးစိမ့်လှပါရေ။ ။

(ယေဒါလဲ့)
ရီဆန်လီဆန် ထိုးဖောက်လို့
နှီကန္တာမှာ တယောက်တည်း
ဖွဲနန့်ကျော်ဖြတ်
ရှိဆက်လှော်ခတ် လားမယ်လေ။ ။

ခိုင်ကျော်ကျော် (24/10/98)

## ထလော့ရခိုင်

ဥဩရီသောက်
မုန်ပျောက်
စည်ပေါက်ထီးကျိုး
မျက်ရည်မိုး။

ဖောင်ပျက်ရခိုင်
ဆည်မနိုင်
ကစိုင်ကရောက်
လမ်းစပျောက်။

အယင်ရခိုင်
စည်တော်မြိုင်
တုပြိုင်စံချား
တိုင်းတပါး။

ပင်မြင့်သဇင်
နန်းတော်ဝင်
ရှိစင်ပန်းခက်
မျိုးမပျက်။

ငှက်မျိုးဘုရင်
လင်းယုန်သျှင်
မြီပြင်မသက်
ဝီဟင်ထက်။

ကျော်ဝင်းချေ (ချောင်းသာကြီး)
(29/1/99)

## ညကစစ်သားသုံးယောက်

ညကစစ်သားသုံးယောက်
ရွာထဲရောက်လာပြီးကေ
ဝက်တောင်း၊ ကြက်တောင်း၊ ခွီးတောင်း
အရက်လည်းတောင်း သောက်ကြူးကတ်တယ်။
နီဝင်ကေ သူသောက်ကြူးရို့
(လက်နက်အားကိုးနန့်)
တယောက်မကျန် မိမ္မချေရို့ကို
မီးပုံဖေါ်လို့ ကခိုင်းကတ်တယ်။
ညဥ့်နက်လာကေ
(လူအရိုင်းရို့)
ညီအစ်ကို မောင်နှမကိုလည်းမမှု
အားခမ္မပြုကျင့်ကတ်တယ်။ ။

ညကစစ်သားသုံးယောက်
ရွာထဲရောက်လာပြီးကေ
အဘာကို "စခန်းတခေါက်လိုက်ခဲ့ပါ" လို့
ခေါ်လားခစွာ
နောက်တရက်မှာ
လက်ပြန်ကြိုးတုတ်၊ မျက်နှာလည်းချုပ်လို့
ရွာဦးက ဇရပ်ရှိမှာ
ကျားထိုးသတ်လိုက်ကတ်တယ်။
မောင်ကြီးသျှင်ကိုလည်း
ပေါ်တာဆွဲလို့
ချောင်းဖျားခေါ်လားခစွာ
တခါလည်း ပေါ်မလာလီပျာယ်။ ။

ကျော်ဝင်းချေ (ပေါက်တော)

# နိဂုံး

"ဝက်ကိုအစာကျွေးစွာ
ချစ်လို့မဟုတ်ပါ" ။

ခြံလှောင်ခြိုင့်အထဲက
ဝက်ကို
ပိုးမွှီးဇပ်တေပိုင်
တယုတယမွှီး
နိစိုင်အစာကျွေးကတ်တယ်။ ။

ဝက်ကြီးက
တနိထက်တနိ
ကြီးကြီးလာရယ်။ ။

ရီချိုးပျာယ်
ခါးသပ်ပီးကေ
ဝက်ကြီးက
အကျေနပ်ကြီး ကျေနပ်နီရယ်။ ။

သံဝေဂရစရာ
များမကြာခင်
ဝက်ကြီးကို လုံနန့်ထိုးခါ
အော်လိုက်တေ ဝက်သံ
ဘဝက်ညံမတတ်အောင်ပါ။ ။

ပြီးကေ
အသွီးကိုထုတ်
မီးတိုက်ကြပ်တင်
ဝက်ကြီးခြီကားရား လက်ကားရား
ဇိဝိန်ကြွီရပါပျာယ်ကား။ ။

နောက်ဆုံးကျ
လူတိက
ဝက်သားကိုချက်စားပျာယ်
ဝက်ဂေါင်းကို
စွပ်ပြုတ်ရည်သောက်လိုက်ကတ်တယ်။ ။

ဝက်ကြီး
ဇာချင့်လည်းမတတ်နိုင်ပျာယ်လေ။ ။

ခိုင်ကျော်ကျော် (17/3/99)

## မပူပါကဲ့

စိုးရိမ်သောကတိနန့်
ပြည်သူရို့
မပူပါကဲ့ ။
အာဏာသျှင်ဆိုစွာ
ကမ္ဘာမှာ

တည်မြဲရိုး ထုံးစိုင်မဟိပါ။ ။

အဖန်ရည်ကျက်ကျက်တခွက်သောက်လို့
တေးခြင်းတပုဒ်ဆိုလိုက်ပါ၊
ကောက်လှိုင်းစည်းကိုထမ်းယင်း
ပန်းပန်ထားလိုက်ပါ။ ။

ပရံလူတိယူလားလို့
စားဖို့မဟိကေလဲ့
ပြည်သူရို့
မပူပါကဲ့။
လူဆိုစွာ
ထမင်းစားဖို့
အသက်ရှင်လာစွာမဟုတ်တေပိုင်
ထမင်းစားရတိုင်းလည်း
အသက်ရှင်စွာမဟုတ်။ ။

ပြည်သူရို့
မပူပါကဲ့ ။
သစ်ပင်ရိပ်အောက်
ခိုနားလို့
တဖွာလောက်
ဆီးလိပ်သောက်လိုက်ပါ။
အနားက အမြစ်မှာ
ဂေါင်းအုံးလို့
တအောင့်အိပ်လိုက်ပါ။ ။

မပူပါကဲ့
အာဏာသျှင်ဆိုစွာ
ကမ္ဘာမှာ
တည်မြဲရိုး ထုံးစိုင်မဟိပါ ။ ။

ပြည်သူရို့
မပူပါကဲ့၊
နဖူးက ချွေးစချေကိုအသာသုတ်လို့
ရီအီးအီးတခွက်သောက်လိုက်ပါ။
အိမ်သျှင်မဘားကပီးရေ
ကွမ်းတယာကို
တမြုံ့မြုံ့ဝါးလို့
စားလိုက်ပါ။ ။

အာဏာသျှင်ဆိုစွာ
ကမ္ဘာမှာ
တည်မြဲရိုး ထုံးစိုင်မဟိပါ။ ။

ခိုင်ကျော်ကျော်
(1/1/99)

# လူပျက်မင်းသား

မျက်လှည့်ဆရာ၏လိမ်ကွက်ကို
သူများသိလားပျာယ်ဆိုကေ
မျက်လှည့်ဆရာရေ
ဟာသဖြစ်လားပါရေ။

မျက်လှည့်ဆရာစွာ
တခါတလီမှာ
မျောက်ကိုလည်း ကခိုင်းပါရေ။

တခါတလီမှာ
ဘဲရုပ်က
ကြက်ဥ ဥခိုင်းပါရေ။

ဖဲကိုသုံးခေါက်ချိုးပျာယ်
ကုလားဖန်ထိုးလိုက်တိုင်း
အားလုံးကုလားရုပ်တိထွက်လာရေ။

တခါတလီမှာ
သူစွာ
ပုလီကိုမှုတ်
ဂါထာတိလည်း မန်းမှုတ်ပါရေ။

အရာဝတ္ထုတခုကို
လက်ကိုင်ပုဝါချုပ်ပျာယ်
ပြန်ရုတ်လိုက်ကေ
ငှက်ရုပ်ချေ ဖြစ်လားပါရေ။

ပုဝါကို ပြန်အုပ်ပြီးကေ
ပြန်ရုတ်လိုက်ခါ
ငှက်ရုပ်ချေ ပျောက်လားပါရေ။

ပုဝါကိုတဖန်
ပြန်ချုပ် ပြန်ရုတ်လိုက်ကေ
လိပ်ရုပ်ချေ ထွက်လာပါရေ။

ယင်းခါ ပုရိသတ်က
တအံ့တသြ သဘောကျပျာယ်
လက်ခုပ်တီတီး
ဒဂ်ါးတိ ပီးကတ်ပါရေ။

(ယကေလဲ့)
မျက်လှည့်ဆရာ၏လိမ်ကွက်ကို
သူများသိလားပျာယ်ဆိုကေ
မျက်လှည့်ဆရာရေ
ဟာသဖြစ်လားပါရေ။

ပုရိသတ်က ကျောက်ခဲပစ်လို့
ထန်းခေါက်ဖါကို
အသာပိုက်ပျာယ်
နောက်ဖေးပေါက်က
ထွက်ပြီးရလီပါရေ။ ။

ခိုင်ကျော်ကျော် (11/1/99)

# စောင့်မျှော်ခြင်း

လူ့ဦးနှောက်ကို
ရီရောခံလိုက်ရရေအခါ
သကြားမပါရေ
လဖက်ရည်တခွက်ပိုင်
အရသာပေ့ါပျက်လားရေ။ ။

အသားကျနီရေ
ပိတ်ကြမ်းအင်္ကျီတထည်စွာ
စီးကြီးကြီးပီးဝယ်ရရေ
ပိုးသားထည်အသစ်တစုံထက်
ပိုကောင်းရေ။ ။

အဝီးကရှုမျှော်ခင်းကို

လှမ်းမျှော်ကြည့်လိုက်တေအချိန်မှာ
သူ့တဲအိုဟောင်းစွာ
အရုပ်ဆိုး အကျည်းတန်လားရေ။ ။

သွားမဟိရေ
ခါးကုန်းကုန်းမိခင်အို၏
ရှုံ့တွနီရေ မျက်နှာထက်က
ယော့ရိရိ အပြုံ့လှလှတပွင့်စွာ
သူ့အတွက် အဓိပ္ပါယ်မဟိလိုက်တေပိုင်။ ။

ငါးမပါရေ
ငရုပ်သီး ငပိထောင်းတခွက်စွာ
သူ့အာသီသကို
မဖြည့်စီးပီးနိုင်ပျာယ်လေ။ ။

သူ့စိတ်ကူးယိုင် အိမ်မက်တိစွာ
ကြွီလွင့်နီရေ နွီရွက်ဝါချေတရွက်ပိုင်
တွားလားနီရေ မြွီတကောင်ပိုင်
တဖြတ်ဖြတ် လူးလွန့်လို့
လွင့်မျောနီလီယင့်။ ။

သူဖတ်နီကျ
ဓမ္မသစ်ကျမ်းပိုဒ်ရို့၏
လိုရင်းအနက်တိလည်း
အဓိပ္ပါယ် မပီပြင်နိုင်ပျာယ်လေ။ ။

ပြီးကေ သူစွာ
မိခင်အိုကို နောက်ခိုင်းလို့
နှုတ်မဆက်ဘဲ ထွက်ခွာလားရေ။ ။

အေနိထက်ထိ မိခင်အို
သူပြန်လမ်းကို မျှော်မှန်းလို့
တမ်းတစောင့်စားလျှက်ပါ။ ။

ခိုင်ကျော်ကျော် (20/5/99)

# ဘဝဒဿန

ဆိတ်ငြိမ်အီးချမ်းလှရေ
ရွာချေတရွာကြားက
ဖြတ်စီးလားရေ
စမ်းချောင်းချေနားမှာ
ငါးရှာနီရေ ကုလချေတယောက်၏
ငါးမျှားတံပိုင်
ကျနော်ရေ ရိုးဖြောင့်သူတဦးပါ။ ။

ဝမ်းရေးအတွက်
ရှာကြံစားသောက်ယင်း
ဘဝပယိုင့်ကို ဇလွယ်သိုင်းလို့
အရိုင်းတောနက်ထဲ
ကျင်လည်ကျက်စားခရရေ လူတယောက်ပါ။ ။

ဗုဒ္ဓဘာသာဆိုကေလဲ့
သူတပါးအသက်ကိုသတ်ဖြတ်လို့
ပါဏာငို့ပါဌာကံကိုလည်း
ကျူးလွန်ဖူးခပါရေ။ ။

မုသာဝါဒါကို
အမိပွါယ် မဖွင့်တတ်ကေလဲ့
လိမ်ဝါရေဆိုစွာ
ကျနော်နားလည်ပါရေ။

အချစ်မှာ ခြိုက်ျွံလို့
အပြစ်တိ ဗလဗ္ဗိ ဗလပ္ဗနန့်
ဓမ္မဂါထာရို့ကိုလည်း
ရွတ်ဖူးပါရေ။

နားလည်၏
နားမလည်၏
ကျနော်မသိပါ၊
ဝိပဿနာရှုစားစွာမဟုတ်ကေလဲ့
ဥပေက္ခာပွားများလို့
ကျနော်အိမ်က
ထွက်ခွာလားသူပါ။ ။

နီမကောင်းလို့
စွပ်ပြုတ်ရည်ပူပူတခွက်သောက်ချင်မှ
ကျနော်
အမိကို သတိရရေ။ ။

တော်လှန်ရေးဆိုရေ
အကွေ့အကောက်များရေ
မက္ခရာနယ်မြေထဲသို့ဝင်ရောက်
လမ်းစလည်းပျောက်ဖူးပါရေ။ ။

အမှန်တရားအတွက် တိုက်ပွဲဝင်ယင်း
တရားအမှန်ကို ကျနော်မသိခပါ။ ။

ပျောက်ယင်းရှာ
ရှာယင်းပျောက်
အမှောက်မှောက် အမှားမှား
ပြောက်ကျားတယောက်လည်းဖြစ်ဖူးပါရေ။ ။

(Non-Violence)ကို
ကျင့်သုံးရေဆိုခါမှ
ပေါက်ကွဲခါနီး
မီးတောင် (Volcano) တခုပိုင်
ကျနော့်ရင်ထဲ
ဒေါသတိ ပိုများလာရေ။ ။

တိုက်ရဖို့ရန်သူက
အင်အားကောင်းပြီး
ကျနော့်မှာ
အပ်တချောင်းတောင်မဟိပါ။ ။

နိုင်ငံရေးပုစ္ဆာကို
ဖြေရှာဖို့ကြိုးစားယင်း
ဝမ်းရေးပြဿနာကို
မဖြေချင်းနိုင်သူ တယောက်ပါ။ ။

ပငိုပက္ခနန့်ဝိရောဓိ
အခုထက်ထိ မသေးကွဲ
ကျနော် ဘွဲ့ရဖူးခပါရေ။ ။

သူများမကောင်းစွာတိ အခြင်းပြော

ကျနော်စွာ
အချင်းချင်း စကားများသူပါ။ ။

သူများကို ဝေဖန်လို့
ကိုယ့်ကိုကျတော့ မခံ
တန်ပြန် လျှာလုံနန့်ထိုးသူပါ။ ။

"သတ္တဝါရို့သည်
သူတပါးရို့၏အကျာမြူမျှသော အပြစ်ကို
မြင်လွယ်၏၊
မိမိ၏များစွာသော အပြစ်ကို
မြင်နိုင်ခဲ၏" ဆိုရေ
ဓမ္မပဒ ဂါထာကို
အဖန်ဖန် အထပ်ထပ်
ရွတ်ဖတ်ကေလဲ့သင့်
အဂုထက်ထိ နှုတ်ကျက်
မရသိမ့်ရေလူပါ။ ။

ယကေလဲ့ ကျနော်
ဇွဲမလျှော့ပါသိမ့်၊
ဆက်တိုက်ရဖို့တိုက်ပွဲအတွက်
အားသစ်တဖန် ပြန်မွီး
ဓါးသွီးလျှက်ပါ။ ။

ခိုင်ကျော်ကျော် (23/2/99)

# မိုးထမင်္ဂလာ

အိုပြည်သူရို့
"ထကတ်ထကတ်"
အရှိဖက်မှာ
ရောင်ဖြူလာပျာယ်လေ။

ခြိုကိုထွင်လို့
ကွင်းကိုချင်းကတ်
ထွန်ကိုင်ငင်လို့
တလင်းကိုဆင်းကတ်။

ရှောက်ပနီငှက်ချေ

နီဆာလှုံလို့
အကိုင်းဖျားမှာ နားနီပျာယ်။

စာချေတရှို
ညီညီညွတ်ညွတ်၊ တအုပ်ပြီးတအုပ်
တသုတ်ပြီးတသုတ်
လှည့်ပျံလားခပျာယ်။

အလယ်တရိုး
ဝက်မတိုးရအောင်
ခြံထိုးလို့ကာကွယ်ရဖို့၊
ကျီးကျလို့ မပျက်ရအောင်
မီးထလို့ ဖော်ကတ်ရဖို့။

ရွာဦးကျောင်းက
ခတက်ခေါက်ပျာယ်
မချေလားလို့ ဆွမ်းပို့ခီ။

မောင်ချေပျိုးကြဲ
အကိုကြီးလယ်ထွန်
အကိုလတ်ငါးရှာ လားကတ်လီ။

မကြီးဆန့်ဖွတ်
အမိဆန်ပြာ
အဘာတောသို့ လားပတ်စီ။

"မောင်တထမ်း မယ်တပါ"
ဘင်းထမ်းကိုတင်
ပင်းတွမ်းဆင်လို့
ရွက်ဖျင်လီပြင်း တိုက်ကတ်မယ်။

စုန်လီလက်ယာ
ဆန်လီလက်ဝဲ
ဖွဲနန့်လှော်လို့ လားကတ်မယ်။

ခရီးတထောက်
လှမ်းလို့ရောက်ဖို့
တယောက်တတက် ခတ်ကတ်မယ်။

တက်ညီလက်ညီ

ရှိကြိုင်မြမြ၊ ဂန္ဓပနဒိ
နှင်းဝီဝီမှာ။ ။

(ခိုင်ကျော်ကျော်)

# လွှတ်လပ်ရေးနို

“ရကေရ၊ မရကေချ”
“ပီးကေပီး၊ မပီးကေတိုက်”
တိုက်ယင်းနန့်သီ
အာဇာနီ။

ဒေတခါ
နောက်ဆုံးတိုက်ပွဲ
ရဲဝန့်စွန့်စား
ပိုင်းဖြတ်စီရင်
ငါရို့သည်ဘုရင်။

သွီးပွက်ပွက်ဆူ
နီပူရဲရဲ
ချွေးတပြစ်ပြစ်
လွှတ်လပ်ရေး တေးခြင်းသစ်ကို
သံပြိုင်ဟစ်သီဆို
အောင်လံကိုထမ်း
တလှမ်းချင်းချီတက်။

မိစ္ဆာဘီလူး
အာဏာရူးကို
တယောက်မလွှတ်
သံခြီချင်းခတ်
လက်ပြန်ကြိုးတုတ်
ဖမ်းချုပ်ချိုင်နှောင်။

ဘုရားရှိဒူးထောက်
ကြောက်ကြီးဘနန်း
ဂယောင်ဂယမ်း
ပုတီးစိတ်လက်များ
တဖြတ်ဖြတ်
တဆတ်ဆတ် တုန်ယင်
အသင်လူသား

ဘဝနောက်ဆုံး
နိဂုံးမဟုတ်
လွန်ကျူးအပြစ်
ဦးခိုက်ကန်တော့
ခွင့်လွှတ်ပါယင့်။

လူတိုင်းကိုယ်စီ
ကြိုးတပင်စီယူခ
သူ့ရို့အတွက်
နောက်ဆုံးလက်ဆောင်
ပို့ဆောင်နှုတ်ဆက်
ကြွမြန်းရာလမ်း။

ငါရို့အတွက်
နောက်ဆုံးတိုက်ပွဲ
လွတ်လပ်ရေးလမ်း
လျှောက်လှမ်းခရီး
အခုရောက်ပျာယ်
ဂေါင်းဝင့်ဝါလိုက်။

အာရဏ်မိုးထ
ကောင်းခြင်းမင်္ဂလာ
ချမ်းအီးသာစွ။

နီခြည်အလင်းတန်း
ဖူးပွင့်ဝီဆာ
လှပပါယင့်။

ခိုင်ကျော်ကျော် (2/1/2000)

# အကြမ်းမဖက်သော နိုင်ငံရေးစစ်ဗျူဟာ
# (သို့မဟုတ်)
# သူရဲကောင်းရို့၏ဝိညာဉ်

တောင်ကိုဖြိုရေဆိုမှ
ဆောက်နန့်ထွင်းနီလို့
ဇာဖြစ်ဖို့လဲ။

ဘူဒိုဇာနန့်တိုက်
ဒိုင်းနမိုင်းနန့်
ဖောက်ခွဲပစ်ရမယ်။

ရန်သူကို အထင်ကြီးနီကေ
ဇာပိုင်လုပ်
"ရန်–ငါ စည်း" ကို
ခြားနိုင်ဖို့သိလဲ။

ရန်သူကို ချီမွမ်းနီကေ
ဇာပိုင်လုပ် သူ့ကို
မိတ်ဆွေလို့သတ်မှတ်
ပိုင်းဖြတ်နိုင်ဖို့သိမ့်လဲ။

ရန်သူစွာ
ငါရို့ကျောင်းသားတိ၏
သွီးနန့်ချယ်မှုန်း
သီကုံးပန်းကို
ဘုရားတင် ပူဇော်နီလီယင့်။

ရန်သူစွာ
ပြည်သူရို့၏ မျက်ရည်စကို
မသထာရည်စာ သောက်သုံး
ရှင်ပြုံးနီကတ်လီယင့်။

ရန်သူစွာ
ဆယ်နှစ်ကြိုးပိုင်
တဆီစုန်းမတကောင်ပိုင်
ငါရို့၏ဝိညာဉ်တိကို ယူနှုတ်လို့
တဖြုတ်ဖြုတ် ကျကြွီလားခရေ
သူရဲကောင်းတိ

မရှိတွက်နိုင်ပျာယ်လေ။ ။

(ခိုင်ကျော်ကျော်)

# မိခင်မြန်မာအို

အနာပြည်ပုတ်တိကို
ဖုန်းအုပ်ထားလို့မရ
ရဲရဲကြီးခွဲထုတ်
ဆီးကြောသန့်စင်ပစ်ရမယ်။

ချစ်ကြည်ရေးဆိုရေ
Sugar-coated စကားတိနန့်
အတွင်းကပြည်နာ လှောင်စား
မခံချိမခံသာ
ခံစားနီရစွာက ပြည်သူ။

တနိကျ
အောင့်အည်းမရဘဲ
ပြည်ပုတ်တိ
မီးတောင်ပိုင်ပေါက်ကွဲ
မြန်မာပြည်မှာ
ပြည်တွင်းစစ်ဖြစ်တေ။

အခုလည်း
အကြွင်းအကျန် ဟိနီသိမ့်ရေ
အနာပြည်ပုတ်တိကို
လုံးဝသန့်စင် ဆီးကြောပစ်ဖို့
မြန်မာပြည်မှာ
ဆရာဝန်ကောင်းတိ
အများကြီးလိုရေ။

အေနေရာမှာ
(ကြောင်ချီး)တိမပါ။

သကာရည်လူးထားရေ
"ချစ်ကြည်ရေး" ဆိုရေ
အပေါ်ယံစကားတိနန့်
အနာကိုဖုန်းအုပ်

ကြိုးစားအားထုတ်သူများစွာ
လက်တွဲကျ
ယောက်ခမကား အငှားစီးပျာယ်
စိန်နားကပ်နန့်ပါးပြောင်
အယောင်ဆောင်တိရာဖြစ်တော။

ထိုသို့ဤသို့ဖြင့်
မိခင်မြန်မာအိုကြီးသည်
နာတာရှည်ရောဂါကို ကုမရ
ဒုက္ခိတဘာဝဖြင့်
တမလွန်ဘဝ ပြောင်းကြွရလီ၏။ ။

(ခိုင်ကျော်ကျော်)

# လူ

နွားတိကို
သနားစွာလည်းလူ
စားစွာလည်းလူ။

လူရေ
ကောင်းမှုကို ပြုသူ
မကောင်းမှုကို ကျူးလွန်သူ။

ဆင်ခြီဆင်လက်တိ ပီးပျာယ်
အမှန်ကိုအမှား
အမှားကို အမှန်
လုပ်ကြံသူ။

ငြိမ်းချမ်းရေးတရားကိုဝှေါပျာယ်
စစ်တိုက်တေလူ။

လူရေ
အညမည သဘောတရားကို
လက်ကိုင်ထားပျာယ်
ပဋိပက္ခနန့်မိတ်ဖွဲ့သူ။

လူရေ

သူများကို "တရားပြ" ပျာယ်
ကိုယ်တိုင်ကျ "ဘုရားတ" သူ။

လူရေ
"ရယူပိုင်ဆိုင်လိုခြင်း" ကို
ချစ်မြတ်နိုးပျာယ်
"စွန့်လွှတ်အနစ်နာခံခြင်း" ကို
မုန်းတီးသူ။

လူရေ
တရားသူကြီးဖြစ်ပျာယ်
ကိုယ်တိုင်ကျ လာဘ်စားသူ။

လူရေ
ငရဲနန့်ခြောက်ပျာယ်
ငရဲသို့ရောက်သူ။

လူရေ
အာဏာသျှင်ဖြစ်ပျာယ်
အာဏာသျှင်ကို ပုန်ကန်သူ။

လူရေ
တိရိစ္ဆာန် မဟုတ်တေလူ
သူရေ
ကဗျာလည်းဖွဲ့စပ်သူ
စာလည်း ရှိုးတတ်သူ။

ယိုင်ကျေးရေလူတိက
ပိုရိုင်းပြီးကေ
လူရိုင်းတိက
ပိုယိုင်ကျေးရေဆိုစွာ
အေနိ ကမ္ဘာကြီးက
လက်မခံနိုင်သိမ့်ကေလဲ့
နက်ဖန်ခါ
လက်ခံလာနိုင်ကတ်လိမ့်မယ်။

အမှန်မှာ လူ
သူစွာ
ဘာသာစကားတတ်တေ
သတ္တဝါတမျိုး

ဆိုရိုးစကား ဟိရေ။

ခိုင်ကျော်ကျော် (31/12/98)

# နိုင်ငံရေးကြိုးဝိုင်း

(၁)
ဗမာကိုလိုနီခစ်ဆိုးအောက်မှာ
ရခိုင်ပြည်က ထွက်ကုန်ဆိုလို့
ပျက်မတိနန့်
ဖားတပိုင်းငါးတပိုင်း
သွီးရောခံလိုက်ရရေ
ဒုဗလကမ်းတင်
ကပျက် ကလေကချေတိရာဖြစ်တေ။

မယုံနိုင်စရာ
ပုံပြင်ဝတ္ထုချေတပုဒ်ပိုင်
ရခိုင်ပြည်သူတိရေ
စစ်တွေပင်လယ်ဆိပ်ကမ်းဝက
တရှိုရှိုနန့် ဆင်ပေါင်ကြီးတိပိုင်
နုတ်ဆက်ထွက်ခွါလားခကတ်တေ
နိုင်ငံခြားဆန်တင်သင်္ဘောတိကို ငေးယင်း
ထမင်းငတ်နီကတ်လီယင့်။

ယင်းချင့်အတွက်နန့်
အကျိုးဆက်ပြသနာ
ဩဂုတ် (၁၃) အရေးအခင်းမှာ
ရခိုင်ပြည်သူတိ
အတုံးအရုန်း ကျဆုံးခကတ်တေ။

အေရာဇဝင်
ကမ္ဘာတည်သရွှီ
ပျောက်ပျက်မလားအောင်
ရခိုင်ပြည်သူရို့
နှလုံးသားမှာ
ကျောက်ထက်အက္ခရာတင်ပြီး
သားစိုင်မြီးဆက်
လက်ဆင့်ကမ်းသယ်ဆောင်လားကတ်။

ကမ္ဘာအဆက်ဆက်
Generation အဆက်ဆက်တိုင်အောင်
ဆက်လက်ဆောင်ယူလားကတ်။

(၂)
စိုင်းတင်ရီအား
အားကောင်းမောင်းသန်
စီးဆင်နီချိန်
ရခိုင်ပြည်က
ညစ်နွမ်းနွမ်း ကျောင်းစိမ်းဖြူရို့
ဆီမီးခွက် မလင်းတလင်းနန့်
အမှောင်ခန်းထဲ
စာကျက်နီကတ်ရလီယင့်။

ကျောက်ကြမ်းမြေသားလမ်းထက်မှာ
တွားလားနီရေ
လူခရုတကောင်စွာ
ပေတရာလမ်းမထက်မှာ
ဒုန်းစိုင်းနီရေ
မာရုတီးမြင်းတကောင်ကို
ဇာပိုင်လုပ်
အပြိုင်နိုင်ဖို့သိမ့်လဲ။

ရခိုင်လူငယ်ချေတိ
ထိုင်းဝလက် ငါးဖမ်းဘုတ်တိမှာ
ကူလီလုပ်နီကတ်ရရေဘဝ
ကျောင်းဆရာမချေတယောက်
တလဝင်ငွေ
ထပိန်တထည်ဝယ်ဖို့ မလောက်တေဘဝ
ယင်းချင့်အတွက်နန့်
Self-determination ဆိုရေဝေါဟာရ
ပေါ်ပေါက်လာရရေ။

(၃)
အခြားတဖက်မှာလည်း
မိစ္ဆာ ရှိဟင်ဂျာကုလားတိက
ရခိုင်ပြည်ကို အသျှင်ခံ
တန်ပြန်လက်မ ထောင်နီကတ်တေ။

လူ့အခွင့်အရေးဆိုစွာ ဇာလဲ

ပျော့စိစိနန့်
ပေါင်မုန့်တုန်းကြီးလား။

ကိုယ့်နိုင်ငံမှာ
ကိုယ်ကျွန်ဖြစ်ရဖို့ဘဝ
တွေးကြည့်တိုင်း
ရင်နာစရာကောင်းရေ။

“မီများမီးနိုင်
ရှိများရှိနိုင်” ဆိုရေစကား
နှစ်ဆယ်ရာစု
လူ့ယိုင်ကျေးမှုသမိုင်း၏
မှတ်တိုင်တိလား။

အရှိတိမောပိုင်
ငါရှိ့နိုင်ငံ
အဖြစ်မခံနိုင်။

ချစ်ကြည်ရေးကို
လူတိုင်းလိုချင်ပါရေ
ယေဖူးနန့်
တို့တာဝန်အရေးသုံးပါး
တချက်ဘေးချိတ်ထား
သတ္တိဟိကေ
ရှိဆိုင်ဖြေချင်းကတ်မယ်။

ခိုင်ကျော်ကျော် (1/2/99)

# မိုးမျှော်တမ်းလွမ်းခြင်း

(၁)
တက်သီးတချက်
ပြင်းပြင်းခေါက်လိုက်မိသည်။

ရင်ထဲမှာ မကျေနပ်ချက်တိ မွန်းကျပ်
အသက်လျှို၍မဝ။

လက်သီးကို နောင်းနောင်းဆုပ်
(အကြောင်းမဲ့) ကြမ်းပြင်ကို ထုလိုက်မိရေ။

ပါးစိကို တင်းတင်းကိုက်ထား
မေးရိုးများ ကားထွက်လာ၏။

ဂေါင်းထဲမှာ ထိုအတွေး ဒေအတွေး
အတွေးပေါင်းများစွာ ယောက်ယက်ခတ်
ချုပ်ထွီးလျှက်ဟိရေ။

မျက်စိကို စစိမှိတ်
ထွက်သက်ကို နခေါင်းထဲက
မှုတ်ထုတ်ပစ်လိုက်တေ။

ဒေါသအငွေ့ကြောင့်
ထွက်လီ၏အပူရသ
ကြောင်းလို့ ခံစားလိုက်ရရေ။

နားရှိနှစ်ဖက်က
စမုတ်ကြောများ ထောင်တက်တင်းမာ
သံချောင်းများပမာ။

ကုတ်ထားသည့် မျက်မှုန်
ရှုန့်တက်လာရေ တွန့်ကြောင်း
အပေါင်းများစွာ။

ခံစားချက်များ ပြင်းထန်
အောင့်အည်းသည်းမခံနိုင်ရေအဆုံး
မချိပြုံး ပြုံးလိုက်မိရေ။

(၂)

နီရာတကာ မသမာမှုတိက ကြီးစိုး
လွန်စွာ အရုပ်ဆိုး၏။

ဒုက္ခကို ငြင့်ခါးသီးပိုင်
ချိုမြိန်စွာ စွဲလမ်း
တမ်းတမ်းတတ လောဘရမက်
သက်ပြင်းချရ အခါခါ။

မကောင်းမှုကို ချိုမြိန်စွာ သောက်သုံး
ယစ်မူးနီကြသူများ
ဝင့်ကြွားမင်းမူ
အောင်လံထူလျှက်။

အဆိုးအညှက် အမှိုက်သရိုက်တိကို
တိုက်စားပစ်ဖို့
တော်လှန်ရေးမြစ်ရီခမ်းခြောက်
မျက်တွင်းဟောက်ပေါက် လူမမာ။

နာရီစက်ဝန်း၏ မိနစ်စက္ကန့်ရှိသည်
အခိုက်အတန့်လိုက်ကုန်ဆုံး
နီလုံးညိုညို ညရိပ်ခို။

အတ္တအတ္တ
အတ္တအမှောင်ထု တွင်းနက်အောက်
တယောက်ပြီးတယောက်
ဒိုးယိုပေါက် တောက်လျှောက်ကြီးဆင်း
ခွါသံပြင်းပြင်း။

(၃)
နောက်ကျိကျိ အမှောင်အတိပြီးသော
ငရဲအိုင်ကြီးထဲက
လွတ်လမ်းမဲ့ ငါးချေတိပိုင်
ကျုပ်ပုပ်ရည် ညစ်ညမ်းသည့်သာ
အသက်ရှင်ရာလား၊ လွတ်မြောက်ရာလား။

အရောင်နှမ်းနှမ်း မွဲခြောက်ခြောက်
လိုင်တံတို ဗျိုင်းအိုတချို့ကလည်း
ပွက်သည့်ငါးကို အလိုက်ချောင်း
အကြောင်းအားလျော်စွာ။

ဘုရားသခင် ဖန်တီးထားသည့်
ဤကမ္ဘာမြေကြီးသည်ကား
ဒုက္ခအတိပြွန်း ဆိုးသွန်းလှပါတကား၊
ပူလောင်ထန်ပြင်း ဆင်းရဲလှပါတကား။

အပူမီးများချုပ်ငြိမ်း
အီးချမ်းသော အနာဂါတ် မိုးထက်ကောင်းခင်
စကြ္ဝာဝဋ္ဋာတခွင်လုံး
လှပသာယာကြည်လင်လာဖို့
ရတနာမိုး ပေါက္ခရဝသမိုး
ထိန့်ကြိုးရွာသွန်း လောင်းဖြန်းပီးပါဖိလေ့။ ။

ခိုင်ကျော်ကျော် (29/5/2000)

# မိုးကြိုးစစ်ဆင်ရေး

(၁)
ပြောက်ကျားလို့ခေါ်ရေ တော်လှန်စစ်သားသုံးယောက်
တယောက်တလက် လက်နက်ကိုယ်စီကိုင်လျှက်
တယောက်က AK47၊ တယောက်က M16
တယောက်က ရန်သူ့သေနပ် G3
ကြောပိုးအိပ်ကိုယ်စီလွယ်
Equipment ကို ခါးပတ်
ရီပူးကိုခါးချိတ်၊ ဒါးကိုခါးထိုး
ကျားပြောက်အင်္ကျီနန့်
သတင်းအရ ရန်သူ့စခန်းသို့ချီတက်
ညဥ့်နက်သန်းခေါင် မှောင်မှောင်မဲမဲ
မိုးရိပ်ခဲခဲ။
ဖြောက်စိပ်ကြယ်ချေတချို့ မလင်းတလင်း
မှိတ်တုံလင်းတုံ
"ဘုရားဝါ"စခန်းကထွက်ခွါ
ညတိုက်ပွဲဆင်ဖို့ခရီးနှင်
မြောင်ကိုကျော် တောင်ကိုပတ်
ချောင်းကိုကွေ့ချောင်၊ ခြုံကိုဖောက်
တောက်လျှောက်ချီတက်လားကတ်တေ။
ခြင်ကကိုက်၊ ဖြုတ်ကလည်းကိုက်
ကြွတ်ကလည်းတွယ်
ဂရုမစိုက်နိုင်အား၊ စကားမပြောနိုင်အား
အချက်ပြသင်္ကေတနန့်

အရေးပေါ်လမ်းကွဲခသော်
စုရပ်ကို ‘‘သမင်တောင်ထိပ်’’ကိုသတ်မှတ်တော့။
စစ်ဆင်ရေးနာမည်က ‘‘မိုးကြိုး’’
တဟုန်ထိုးစစ်ခင်းလို့
ရန်သူကိုဖြိုခွင်းဖို့ ပြင်းပြင်းကြီးချီတက်
စကားဝှက်ကို ‘‘ကြောင်နက်’’ လို့ သုံးရေ။
ရိက္ခာအတွက် မသိုးထမင်း မသိုးဟင်း
ထမင်းခြောက်ကို ပျားနန့်နှယ်လို့
ဂျီသားခြောက်ကို
တယောက်တသိုက်ခွဲလောက်
တပတ်စာအတွက် ထည့်ပြီးလိုက်ကတ်တော့။

(၂)

ညဥ့်အမှောင်မှာ ရန်သူမမြင်ရအောင်
လကွယ်ညကို အဖော်ပြု
ဝတ္ထုထဲက ဇတ်ကောင်များသဖွယ်။
လမ်းခုလတ်မှာ ရည်းစားကိုလွမ်း ရွာကိုတမ်း
တေးခြင်းတပုဒ်ကို လီသသွတ်ချေနန့်
ရွာလည်ရေအခါမျိုးပိုင် တောင်ကုန်းထက်က
ဇကုန်အော်လို့ ဆိုလိုက်ချင်ရေ။
အချစ်နန့်စစ်မှာ အပြစ်ကအသူလဲ၊
ကြားလူဖျက်လို့ ပျက်ရရေအချစ်
မချစ်မနှစ်သက်သောသူနန့်
ပေါင်းသင်းရရေအချစ်
ချစ်ယင့်သားနန့် သီကွဲကွဲရရေအချစ်
ချစ်ယင့်သားနန့် ရှင်ကွဲကွဲရရေအချစ်
အချစ်အဘိဓမ္မာ မဖွင့်ချင်ပါ။
အပြစ်ပြုသူကိုရှာ
ချစ်ကတ်သူတိုင်း ပေါင်းရဖို့ရာ
မိတ္တာပန်းခင်း ပေါင်းချင်းပီးချင်သူက
စူး အစူးခံကာ အနစ်နာခံကာ ကြိတ်မှိတ်ခံကာ
တခါတခါ အံကြိတ်ပနာ
အချစ်နန့်စစ် စစ်နှစ်ပွဲကို
တပြိုင်တည်း တိုက်ခိုက်နီရသူပါ။
‘‘မောင်းမောင်ပြန်လာလတ်ပါပလင်’’ ဆိုရေ
တေးခြင်းသံကို ကြားတိုင်းမျက်ရည်ကျ
ပျော့ညံ့ရေလို့ ဆိုချင်ဆို
ယောက်ျားလည်း ငိုတတ်ပါရေ၊
တော်လှန်နှလုံးသားတိုင်း မမာပါ။

(၃)
ခုနစ်စဉ်ကြယ် ခြီထောင်လို့ မိုးလင်းစပြုချိန်
တောင်ကုန်းချေ တခုထက်မှာ
သုံးယောက်သား ကင်းစောင့်မနီအား
ညောင်းညောင်းနန့် အိပ်ချလိုက်ကတ်တေ။
ဝါးတောနန့် ပြိုင်းတောကိုကွယ်
ဖင်ကိုနီထိုးမှ နိုးရေ။
မိုးလင်းချိန်ခါ ရောင်နီလာလို့
အဝီးတနေရာက ခမောင်းပင်ထိပ်ချေမှာ
ဂြိုးချေကကြူ ငှက်ဝါချေ တွန်မြည်လတ်က
ရွာကအချစ်ကို အတွက်ရရေ။
စမ်းချောင်းချေက တောင်စောင်းနားက စီးဆင်းလို့
ခြီမျက်စိလောက်ရာ နက်တေရီမှာ
မိုးထမျက်နှာသစ်လိုက်ကတ်တေ။
ကြိုင်အီးရေရီကို လက်ခုပ်ချေနန့်ယူသောက်
တယောက်က ကင်းစောင့်တာဝန်ယူရေ။
တတောကိုကျော် တမော်ကိုသန်း
တစခန်းရောက်ဖို့ တထောက်ခရီးမနား
နိခြင်းထမင်း မစားသိမ့်ခင် အပြင်းနှင်
တက်နီကစူး ဂေါင်းကမူး ချွေးကပြစ်ပြစ်
နောက်ကုန်းချောင်းဖြစ်လားရေ။
ထမင်းကယညင် ဝမ်းကယညင် လွင်ပြင်ခရီး
အပြီးတခါ အမှောက်တလှည့် အထောက်တဖန်
ရန်သူကို သတိမူလို့
ရိုကကင်းထောက် နောက်လှည့်လို့ခေါ်ခါ
အရောက်အမြန် ချီတက်ရပြန်ပါရေ။
ကြောပိုးအိပ်ထဲက အိပ်ရာခင်းပါးပါး
တာလပတ်ချာပါးပါး ခါးမှာချိတ်ထားရေဒါး
အသေးအမွှားတိက
လားယင်းလားယင်း တအိအိ
ပိယင်းနန့်ပိ ကြားဖူးနားဝဟိအောင်
ပြောလိုက်ချင်ရေ
စတ္တန့်နန့်အမျှ ကမ္ဘာထက်လီးရေ။

(၄)
ယင်းပိုင်နန့် နှစ်ရက်ခရီးအပြင်းနှင်လို့
သုံးရက်မြောက်ည
“ပိချောင်းရွာ” ကို ရောက်တေ။
ဗမာစစ်တပ်က ရွာ၏မြောက်ဖက်
ဗျူဟာကျရေ တောင်ကုန်းအမြင့်မှာ

နေရာယူထားရေ။
ကျောက်ပေါက်မြှာနန့် အရုပ်ဆိုးဆိုး
အသားမဲမဲ အညာသားစစ်ဗိုလ်က
ရိုတန်းကို ဦးစီး
မြောက်ကြွမြောက်ကြွ မျောက်မှာသပြာရရေအတိုင်း
ရိုင်းစိုင်းယုတ်မာ
ထမင်းတောင်းစား ဟင်းတောင်းစား
မစားဖူး မသောက်ဖူး အစားကြူး အသောက်ကြူး
မူးရူးယမ်းကားပေတေ
ယုတ်မာလွန်းလှရေ။
ရွာက အလှပလှ မိမ္မချောတိကို
ထိုအကြောင်းပြ ဒေအကြောင်းပြ
နိမအား ညမအား အလုပ်ခိုင်း
ရိုင်းစိုင်းယုတ်ညံ့ အောက်တန်းကျလွန်းရေ။
ညကျကေ မတော်မတရား ခြိတော်တင်လို့
အပျိုရည်ပျက်လို့
မျက်ရည်စက်လက်နန့် ရွာပြန်အဝင်
မောင်ကြီးမြင်ယောင်ပါသိမ့်ရေ။
ရွာသားတိကိုလည်း
နောက်ပြန်ကြိုးတုတ် နိပူလှန်း
ကျောက်လိုကျောက် ဆောင့်လိုဆောင့်
မှောက်လိုမှောက် လှန်လိုလှန်
သေနပ်ပေါင်နန့် ထောင်းခါထောင်း
ဝါးရင်းဒုတ်နန့် သတ်ခါသတ်
ရက်စက်နည်းပေါင်းမျိုးစုံ
ယုတ်မာမှုပေါင်းမျိုးစုံ
လက်နက်အားကိုးနန့် အနိုင်ကျင့်
ခွီးထက်ညှက်တေအမျိုး
ကျားထိုးလို့သတ်၊ ဂေါင်းဖြတ်လို့သတ်
အရှင်လတ်လတ် ထုးခတ်လို့သတ်
မီးမြှုပ်လို့သတ်၊ ခြိတွဲလက်တွဲလို့သတ်
သွီးရဲသံရဲ ရွာလုံးပြတ်တန်းစီပစ်သတ်
အမိတကွဲ အဖတကွဲ သားတကွဲ မယားတကွဲ
ကြီကွဲစရာ မြင်ကွင်း
ခံစားချက် ပြင်းထန်လွန်းလို့
တော်လှန်ရေးထဲ ရောက်လာရစွာပါ။
ကျည်းမြောင်းရေ အမျိုးသားရေးအမြင်နန့်
မြေလှန်မျိုးဖျောက် စစ်ခင်းနီကတ်လို့
ကိုယ့်ပြည်ကိုယ့်ရွာအလှ မပျက်ရလီအောင်
ဆောင်ရွက်ဖို့

မောင်ကြီးမှာ တာဝန်ဟီပါရေ။

(၅)
ရွာသားများ အကူအညီနန့် ပြောက်ကျားသုံးယောက်
တန်းဆောင်ဘုန်း လဆုတ်(၁၄)ရက်
တလင်းဂုန္ဓိနိ ညဥ့်သုံးချက်တီးကျော်လောက်မှာ
ရွာကိုဝိုင်းထားလိုက်ကတ်တေ။
ခွီးဟောင်သံတချက်နှစ်ချက်ကြားရရေ။
တယောက်ကကင်းစောင့် တယောက်ကတန်းခါးခေါက်
သတင်းအရ တက်အိပ်နီရေအိမ်၏
အရှိဖက် တန်းပျင်းထက်မှာ
ဗမာစစ်တပ်က အညာသားစစ်ဗိုလ်ကို
နဖူးတည့်တည့် ပစ်သတ်လိုက်ကတ်တေ။
"အယုတ်တမာရို့၏ အဆုံးစွန်လမ်းသည်ကား
ကျဆုံးခန်းသာတည်း"

x x x x x

နောက်တနိ ပီချောင်းရွာက
တလိပ်လိပ်တက်နီရေ မီးခိုးရို့ရေ
တစုံတခုသော ရင်ဆို့နင့်ဖွယ် ဝတ္ထုတပုဒ်ကို
ပြောပြလျှက်ဟီရေ။
ဗမာစစ်တပ်က
ရွာသူကြီးနန့် အိမ်သျှင်ဝါဂျီးကိုခေါ်လို့
စစ်တပ်စခန်းနား ပီချောင်းကမ်းထောင့်မှာ
နိခြင်းကြောင်တောင် ပစ်သတ်လိုက်ကတ်တေ။
နှစ်ယောက်စလုံး ဒူးထောက်လဲမှောက်
ရုပ်ပျက်ဆင်းပျက်။
ရီစီးပြင်းရေ ပီချောင်းတရိုး
သွီးအတိ စီးဆင်းလျှက်။ ။

ခိုင်ကျော်ကျော် (4/6/2000)
(ဖြစ်ရပ်မှန်ဇတ်လမ်းကို ကဗျာဝတ္ထုအဖြစ် ရွီးဖွဲ့ပါသည်။)

## အငတ်

ဗမာကိုလိုနီ ခစ်ယုတ်မှာ
သမုဒ္ဒရာ ဝမ်းတထွာတွက်
ရှာဖွေမှီနှောက်
အူမလည်း ပျောက်လားခပျာယ်။ ။

ကျော်ဝင်းချေ (ချောင်းသာကြီး)
7/7/2000

## တန်ဖိုး

ကိုလိုနီတိမ်လိပ်
ကျွန်ရိပ်မှောင်မဲ
ဆင်းရဲမှုန်တိုင်း
ညအရိုင်းကို
မီးဆိုင်းများဖြင့် လင်းစီသူ။ ။

(သိန်းကျော့ဝေ)

## သဂြိုဟ်ခြင်း

လေးဟပ်စပ်
ပျိုင်ချပ်တိုက်တာနန့်
ပိတ်ဟပ်ချုပ်
ငါ့ကို မြီမြှုတ်လိုက်ကတ်တယ်။ ။

ကျော်ဝင်းချေ (ချောင်းသာကြီး)
7/7/2000

## အတ္တလွန်ရိပ်

ငါ……
ခရီးစထွက်ချိန်က ညဉ့်
ဝိသမမြို့မိုးရိပ်များ
အုံကြက်မှုကြောင့်
ရောင်ပြန်မဟပ်
သမုဒ္ဒယ လမ်းကြောင်းထက်မှာ
အနံ့မသင်း ကျုပ်အိုင်ကိုနင်း
စူးဝင်ခလုန့်တိုက်

ယီးတီးယိုင်တိုင်ဖြစ်ပျာယ်
ခရီးဆက်နီတုန်း။ ။

ကျော်မြ
25/ 9/ 2000

# ရလာဒ်

ဟင်းလင်းပြင်ထဲ၊ မြူမှုန့်ကွဲများ
ဖြူမဲရောင်စုံ၊ သဏ္ဍာန်စုံနန့်
မဖြုံဟန်ထား၊ စွမ်းအားများကို
လှိုင်းအားတခု၊ တိုက်ဆိုင်ပြုက
အံ့တုရင်ဆိုင်၊ မကျော်နိုင်လို့
ထိုစိုင်ဒေရောက်၊ ထပ်ကြီလှောက်ပျာယ်
လွင့်မြောက်ခရီး၊ ဆက်တိုးမွီးယင်း။ ။

ကမ္ဘာကြီးထဲ၊ ရုပ်ဒြပ်ခဲများ
ကွဲလွဲရောင်စုံ၊ အသွင်စုံနန့်
မတုန်ဟန်ထား၊ စွမ်းအားများကို
လှိုင်းအားများစု၊ တိုက်ခိုက်ပြုလည်း
ဖက်တုပြိုင်ဆိုင်၊ ဖြိုခွင်းနိုင်ယင့်
တည်နိုင်စွမ်းနိုင်၊ ဂုဏ်ရောင်ယှဉ်လျှက်
မဏ္ဍိုင်ထည်ရှိး၊ ဆက်တိုးပျိုးယင်း။ ။

ကျော်မြ
27/ 06/ 2000

# ဇာနီပီသ ဥတ္တမ

ဇမ္ဗူတောင်ကျွန်း လက်ယာကမ်း
ပြောင်ထွန်းဝီဆာ အဇူဇာ
စိုင်လာထွန်းပြောင် မျိုးဂုဏ်ရောင်
ဘဇောင်လန်းဆန်း ဗျာဒိတ်ပန်း။

သမိုင်းတခွင် မော်ကွန်းတင်
ဂုဏ်အင်မြင့်မား ရခိုင်သား
စွမ်းအားသတ္တိ ကမ္ဘာသိ
ယုတ္တိစိုင်လာ မျိုးမဟာ
ဇာခါမကြောက် ဒူးမထောက်။

အာသျှနီဝန်း သျှင်ရဟန်း

မော်ကွန်းဂုဏ်ရောင် ထွန်းလင်းပြောင်
ဘဇောင်ထွန်းလီ မျိုးသာကီ
ဇာနီပီသ ဥတ္တမ။

နယ်ချဲ့လက်အောက် ကျွန်သဘောက်
ဒူးထောက်မခံ ဇာတိမာန်
တော်လှန်လီခ ဥတ္တမ
အာသျှတခွင် လွတ်စီချင်
အမြင်ကြီးမား သူ့စိတ်ထား
လေးစားလီခ ကမ္ဘာက။

ဆရာမိန့်ကြား လမ်းစိုင်များ
မှတ်သားဂုဏ်ယူ စံနမူ
အယူမလွဲ ဦးနှောက်ထဲ
ခိုင်မြဲသစ္စာ ကျိန်ဆိုကာ
ဇာခါမကြောက် ဒူးမထောက်။ ။

(အသျှင်သစ္စာဝံသ)

# တိုက်ပွဲခေါ်သံ

တွက်လီတွက်လီ၊ ဖျက်ဖြိုမရ
လွမ်းစတောင်တန်း၊ ဝမ်းနည်းမှုပင်လယ်
စီးသွယ်ရစ်ယင့်၊ ပွားဆင့်ရင်မှာ
ခံစားလာရ၊ မာနရီစီး
ဒေါသမီးနန့်၊ ကြက်သီးထတုန်
မာန်ဟုန်ထန်ပြင်း၊ သွီးချင်းချင်းနီ
မကျီဥဒါန်း၊ လောင်ကျွမ်းမွှိ့မွှိ့
တမြှိုမြှိုတည်း၊ မိ၍မရ
သောကမျက်ရည်၊ ရစ်ဝဲလည်သည်
ဤမြီကမ္ဘာဆုံးစမထင်။ ။

ရခိုင်ရို့၏ထီးနန်း၊ ပန်းဆင့်ဘုံသွယ်
နဂါးနွယ်လိမ်ရစ်၊ ခုနှစ်ဆင့်သောပြသဒ်
အထပ်ထပ်သောမြို့ရိုး၊ တန်ဖိုးမဖြတ်နိုင်စရာ
သုခမလက်ရာ၊ အဖြာဖြာသည်
ပြာကျလောင်ကျွမ်း၊ ယမ်းငွေ့တလူလူ
သူသူငါငါ၊ "ကူပါကယ်ပါ"
တဇာဇာ၊ ခိုကိုးရာနတ္ထိ
အပြစ်မဟိသောပြည်သူ၊ လူပေါင်းရာပေါင်း
သိန်းသောင်းများစွာ၊ မြင်မကောင်းရှုမကောင်း

အလောင်းတောင်ပုံယာပုံ၊ မယုံကြည်နိုင်စရာ
တစသုသသန်ပမာ၊ "ဂေါင်းပုံပြင်"သည်
ရာဇဝင်သမိုင်းထက်ကစာမျက်နှာ။ ။

ဩော် .....
တွေးလီတွေးလီ၊ အတိတ်တေက
မပီဝိုးဝါး၊ ပန်းချီကားချပ်
ပြတ်သားပီပြင်၊ တွဲမြင်လာရ
သောကအပူမီး၊ ဒေါသသွီးမာန်
ဇာတိမာန်ရို့၊ တောင်ဖံရိုက်ခတ်
သည်းပြတ်ကျွီးကြော်၊ တိုက်ပွဲခေါ်သည်
တော်လှန်ဥဒါန်းကျူးရင့်ချိန်။ ။

(နရသီဟ)

# အားမငယ်ကဲ့

အရှိဖက်ရောက်
ရိုးတလျှောက်ရောက်
ပြောက်ပြောက်ဆူညံ
သေနတ်သံနန့်
ရဲမာန်ဝင့်ကြွား
ဇာနီများသည်
စွန့်စားတမန်
ဖက်ဆစ်ရန်ကို
ဖြိုခွဲတိုက်ခိုက်
လုံးလအားစိုက်
အမြစ်မကျန်
တော်လှန်လျှက်။

အနောက်ကမ်းခြီ
ရိုးမမြီက
ဇာနီစိတ်ထား
သူရဲကောင်းများလည်း
ကြိုးစားရှန်းကန်
နယ်ချဲ့ရန်ကို
ခုခံတိုက်ခိုက်
ဇွဲစစ်စစ်ဖြင့်
နှိမ်နှင်းပစ်ရန်
နည်းသစ်ကြံလျှက်
ထက်ထက်မြမြ

ဝိရိယနန့်
တိုက်ခိုက်နီကတ်လီပျာယ်တကာ။ ။

(မင်းခေညှ)

# ကုလားတန်သက်သီ

ရခိုင်ရိုးမကိုလည်း
အနောက်ရိုးမဆိုပြီးကေ
အပိုင်စီးဖို့ကြိုးစားနီကတ်တယ်…။
ရခိုင်သားရို့
ထကြွနိုးကြား အချိန်တန်ပျာယ်…။

ရခိုင်သမိုင်းကို
ပြောင်းပြန်လှန် မှောက်ခုံမှောက်
အနောက်တရန်
ရခိုင်သားရို
ထကြွနိုးကြား အချိန်တန်ပျာယ်…။

ရခိုင်ပြည်ကို
မုန့်လပ္ပိုပိုင်
ထိုကကိုက်ဖွဲ့စား ဒေကကိုက်ဖွဲ့စား
ရခိုင်သားရို့
ထကြွနိုးကြား အချိန်တန်ပျာယ်…။

သူများဘားမှာ ကျွန်ခံ
ကျွန်ခံမှဝမ်းဝရေ ရခိုင်သား
အောက်တန်းစားစိတ်
ကျွန်သဘောက်စိတ်ခါတ်
ခဝါချွတ်ဆီးကြော
အမျိုသားကောင်းစားရေး
အမျိုးသားတည်တံ့ရေး
ရခိုင်ပြည်လွတ်လပ်ရေးအတွက်
ရရာလက်နက်ဆွဲကိုင်
ရန်သူကို ရက်ရက်စက်စက် သုတ်သင်
အမှုန့်မှုန့်အဖွဲ့ဖွဲ့ စိုင်းသီ
ရဲရဲနီသောရခိုင်သွီးကို
မိုးရီစက်ပိုင်သွန်းလောင်း
ကုလားတန်မြစ်ရီစီးကြောင်းနန့်အတူ
ရခိုင့်တော်လှန်ရေးခရီးဆက်ကတ်မယ်…။

"အရှိတရန်၊ အနောက်တရန်၊ ဘေးတရန်
ဝိုင်းညှပ်ခံရ
ရခိုင်သားများ ညီညွတ်ကြ..."

(ခိုင်သွီး)

# ရှိရုပ်ထု

ကြီးဖြစ်ဖြစ်
ကျောက်ဖြစ်ဖြစ်
ကြိုက်စွာအရောင်နန့်ဆီးသုတ်
(ထိုပုဂ္ဂိုလ်ဆိုစွာ)
ကာလာဘာလိုင်းမဟုတ်။

ပန်းခြံဆိုဆို
ပေါင်းခြံဆိုဆို
အလိုကျရာသမုတ်
(ထိုပုဂ္ဂိုလ်ဆိုစွာ)
ပန်းခူးရေ ဥယိုင်မှူးမဟုတ်။

ငွေင်းတနားနား
ဂြိုးနားနား
အားမနာလို့ပင် ခြီနန့်ကုတ်
(ထိုပုဂ္ဂိုလ်ဆိုစွာ)
ဗုဒ္ဓတရားနန့် မတုန်လှုပ်။

အမှန်ကတော့ခါ
စစ်တွေမြို့က ရုပ်ထု
ရန်ကုန်မြို့က ရုပ်ထု
အားလုံးအတုတိပါရာ။

ဂရက်ဒေါက် ဂတ်အောက်
ရာဇဝင်မြောက် ဘာရာဘိုကို
နှယ်ချိုရိုးမ
မိုးမခထိပ်
ထိုး– တိမ်လိပ်တိကြား
(ရှိသားအစစ်နန့်)
ငါရို့ခစ်မှာ ထုကတ်မယ်။ ။

ပြည်အေး (သံတွဲ)

# အမိုက်နောင်တ

အနှစ်နှစ်ရာကျော်
တိုင်းတပါးလက်အောက်
ပြားပြားမှောက်နီရရေ
ဓညဝတီ ရခိုင်ပြည်ကြီး။

ရာဇပလ္လင်ထိုင်ဖို့အရေး
ဖျက်ဆီးလို သူများအရိပ်ကိုခို
ရန်ငြိုးက ပျားသကာပိုင်ချို
သွီးစိမ့်စို ရှိုးမယိုမခမ်း
ငသံတွေရို့ ခင်းရေလမ်း။

မင်းသားဂေါင်းစွပ် သွီးစုပ်ဖုတ်ကောင်
"နန်းတင်ပီးမေ" ဆိုရေစကားနန့်
အမျိုးဖြုတ်သတ်ဖြတ်
ယုတ်ညံ့ရေ ဇာတ်လမ်းက
ထီးနန်းပြာကျ အမျိုးပြုတ်ခါမှ
"တ" လိုက်တေနောင်တ။ ။

ခိုင်စိုးဝင်း (26/ 8/ 2000)
(လက်သစ် ငသံတွေရို့အတွက်)

# ကြီးနန်းစာအမှတ် (၅၉)

ဆရာတော်ဥတ္တမ
အမှတ်တရ (၅၉) နှစ်မြောက်ပျာယ်။

မြန်မာဆိုရေ ပြည်ထောင်စုသစ်
စစ်သွီးနန့်တည်ဆောက်
ရှိရတုနှစ်လဲမြောက်ခပျာယ်။

ယေကေလှဲ့ – တိုင်းရင်းသားထုဆန္ဒ
ပြည်ထောင်စုမဖြစ်၊ ပြည်တွင်းစစ်မီးကသက်သီ
လူ့ဘောင်သစ်စီးပွား၊ အားလုံးကမီးစိမ်း
မအီးပြည်ရွာ၊ ကမ္ဘာမီးလောင်နီစွာကြာပျာယ်။

အမျိုးသားညီညွတ်ရေး —
ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး —

တိုင်းရင်းသားများချစ်ကြည်ရေး —
အရေးသုံးပါးအဓိကလို့၊ အာဇာနည်ချုပ်တို့အဆက်ဆက်
နခေါင်းငှားပျာယ်ပြောကတတ်၊ ဝိရောဓိစိတ်ဓါတ်ဆိုစွာ
ပြည်လုံးကျွတ်သဘောပေါက်တယ်။

ခစ်သစ်သမိုင်း လူရိုင်းတစု
မဖွံ့ဖြိုးမှုကိုဖန်းပြ၊ နယ်စပ်ဒေသနီရာတိုင်း
အရိုင်းအစိုင်းသဘောထား၊ လက်နက်အားနန့်ကာမမှုပြု
ဘာသာယိုင်ကျေးမှုအားလုံး၊ ဗမာမှုပြုနီကတတ်တယ်။

အို .... ကြီးမားကရုဏာသျှင်
ဆရာတော်အသျှင်ဥတ္တမ၊ ရှိရတုနှစ်ကြာပြည်တွင်းစစ်မီး
ငြိမ်းသတ်ပီးပါ။
သာယာရေပြည်ထောင်စုသစ်၊ ခစ်မှီစနစ်နန့်
တည်ဆောက်ပီးပါ။ ။

(မိုင်မောင်)

# ဇာတ်လမ်းကိုအဆုံးသတ်ခန်း

သဘာပတိများကြွလာကေ
ရပ်စောက်ရပ်အလေးပြုရ
ကျွန်တော့်မှာ တော်လှန်ရေးအတွက်
ပင်ပန်းလှပါပျာယ်။

သက်တန်းကုန် ဝန်ကြီးတိနန့်တွိတိုင်း
ခါးကိုင်းဦးညွတ် အရိုအသေပီးရ
ကျွန်တော့်မှာ တော်လှန်ရေးအတွက်
ပင်ပန်းလှပါပျာယ်။

ပြက္ခဒိန်မှာ ဆီးမှင်အနီကွက်ကျား
ရက်တိကများလှပါသပ
ညိတိုင်းညိတိုင်း ဆန္ဒပြရဖို့အတိုင်း
အခန်းအနားတိကလည်းများ
ကျွန်တော့်မှာ တော်လှန်ရေးအတွက်
ပင်ပန်းလှပါပျာယ်။

အစည်းအဝေးတက်တိုင်း
ငွေရေကြေးရေးနန့် ပတ်သက်ပြီးစကားများရ
ကျွန်တော့်မှာ တော်လှန်ရေးအတွက်
ပင်ပန်းလှပါပျာယ်။

ကျိုင်းမြောင်းရေ အမျိုးသားရေးဝါဒကို
ဇောင်းပီးရှိုးသား ဆောင်းပါးများကို
လက်မလည်နိုင်လောက်အောင်ဖတ်ရ
ကျွန်တော့်မှာ တော်လှန်ရေးအတွက်
ပင်ပန်းလှပါပျာယ်။

အချိန်တန်ကေ အချိန်မှန်ထုတ်ပြန်ရေ
လုပ်ကြံသတင်းတိကို
ရေဒီယိုဖွင့်တိုင်းကြားနာရ
ကျွန်တော့်မှာ တော်လှန်ရေးအတွက်
ပင်ပန်းလှပါပျာယ်။

မမြင်ချင် မကြည့်ချင်အဆုံး
မျက်နှာတိကို
မြင်ရပြို့ပြရ ဘဝဒုက္ခများစွာနန့်
ကျွန်တော့်မှာ တော်လှန်ရေးအတွက်
ပင်ပန်းလှပါပျာယ်။

စေတနာမမှန်ရေ လူတိက
"ပြည်ထောင်စုနီ" ပွဲ ကျိတ်ကျိတ်တိုးကျင့်ပ
ကျွန်တော့်မှာ တော်လှန်ရေးအတွက်
ပင်ပန်းလှပါပျာယ်။

ရန်သူကို တော်လှန်ဖို့အချိန်မရ
ရွှေလဒများကိုကျည်း တိုက်ခိုက်နီရ
ကျွန်တော့်မှာ တော်လှန်ရေးအတွက်
ပင်ပန်းလှပါပျာယ်။ ။

ခိုင်ကျော်ကျော်
(27/6/2000)

# အတ္တဝါဒီများ၏ကျဆုံးခန်း

ထိုအယင်တခစ်ကပိုင်
ကချင်ဝတ်စုံဝတ်လိုက်
သျှမ်းဘောင်းဘီဝတ်လိုက်နန့်
တိုင်းရင်းသားတိကို
လိမ်ဖို့မကြိုးစားကတ်ပါကဲ့ဖိ...။

အဂုခစ်ရေ

သျှစ်လေးလုံး တော်လှန်ရေးခစ်ဖြစ်တယ်...။
မတော်မတရားရေ စနစ်ဆိုးကို
တော်လှန်တိုက်ထုတ်နီရေ ခစ်ဖြစ်တယ်...။

အမှန်တရားကို လမ်းခင်း
တရားမျှတမှု မြက်ခင်းထက်မှာ
လျှောက်လှမ်းနီရေ ခစ်ဖြစ်တယ်...။

မှန်ကန်ရေ နှလုံးသားနန့်
သစ္စာတရားကို အောက်ခြေပြု
သမိုင်းသစ်ကို ထုဆစ်နီစွာဖြစ်တယ်...။

ဤအရာသည်ကား
ကျိုင်းမြောင်းရေ
ဗမာလူမျိုးရေးဝါဒရို့၏
မြက်ခင်းသစ်မဟုတ်...။

နွားစားကွက်မဟုတ်...။

ရတနာသိုက်တူးကတ်တေ
ရာဇဝင်ပျက်လည်းမဟုတ်...။

ပေါက်တူးနန့်လိပ်တိခစ်စားပျာယ်
စောက်ရူးနန့်ငပေါတိအုပ်ချုပ်ဖို့
ခစ်လည်းမဟုတ်...။

မတရားရေ လောက်ကောင်တိ
ဘေးကိုဖယ်ပါ...။

တော်လှန်ရေး အတုအယောင်တိ
နောက်ပြန်ဆုတ်ပါ...။

မသထီရည်စာတိအားလုံး
ပုတ်သိုးလားခပျာယ်...။

အမှိုက်ခရင်းထဲ ဝေးပစ်လိုက်ပါ...။
ရဲရဲတောက် စွန့်ပစ်လိုက်ကတ်ပါ...။

ဤအရာသည်ကား
တော်လှန်ရေးဖြစ်တယ်...။

ချိုင်ပုတ်နီရေ နို့ရည်တိကို
မသောက်စို့ကတ်ပါကဲ့ဖိ...။

၄င်းအရာသည်ကား
ဘဝ၏အဆိပ်အတောက်တိဖြစ်တယ်...။

မတရားရေမျိုးစိတ်ကို
စိုက်ပျိုးနီကတ်တေ အသင်ရို့တိအားလုံး
တိုင်းပြည်၏သစ္စာဖောက်
တရားခံတိဖြစ်တယ်...။

သူခိုးဇာတ်လမ်းကို
မရှိုးကတ်ပါကဲ့ဖိ...။

သူခိုးပြဇာတ်ကို
မကကတ်ပါကဲ့ဖိ...။

ကျွန်ဘဝအမွီဆိုးတိကို
လက်ဆင့်ကမ်း မဆောင်ယူကတ်ပါကဲ့ဖိ...။

အားလုံးခဝါချလိုက်ပါ
သဘုံမှုန့်အများကြီးထည့်ပျာယ်
ကောင်းကောင်းဖွတ်ဆီးလိုက်ကတ်ပါ...။

မီးကိုက်ပြားပြားတိုက်ပျာယ်
သန့်သန့်ပြန့်ပြန့် ဝတ်ဆင်လိုက်ကတ်ပါ...။

ရီများများချိုးပျာယ်
လောင်းချလိုက်ကတ်ပါ...။

ဂေါင်းလိမ်းဆီယွဲ့ယွဲ့လိမ်းပျာယ်
အာရဏ်မိုးထက်ကို
ကြိုဆိုလိုက်ကတ်ပါ...။

မင်္ဂလာဟိရေ အချိန်ခါမှာ
မင်္ဂလာတေးခြင်းကို
သီဆိုလိုက်ကတ်ပါ...။

ဤအရာသည်ကား
တော်လှန်ရေးဖြစ်တယ်...။

တော်လှန်ရေးနိသစ်ရေ
တမိုးသောက်ခပျာယ်...။

တော်လှန်ရေးမုန်တိုင်းက

တိုက်ခတ်နီတုန်းဖြစ်တယ်…။

မယိမ်းမယိုင်ရေ စိတ်ဓါတ်
မဖောက်ပြန်ရေ သံမိဌာန်နန့်
နက်ဖန်ရက်ကို
ကြိုဆိုလိုက်ကတ်ပါ…။

သင်ရို့၏အပြုအမူကို
သင်ရို့ရှက်ကတ်ပါဖိ…။

အသင်ရို့ရေ
လွလီလွလွ အရှက်မဟိရေ
တော်လှန်ရေး ဖာသယ်မတိဖြစ်တယ်…။

အသင်ရို့ရေ
တိုင်းပြည်၏ရင်သွီးငယ်တိကို
ဖျက်ဆီးနီကတ်တေ
တိုင်းပြည်၏ရတနာတိကို
ခိုးရောင်းစားနီကတ်တေ
တိုင်းပြည်၏ရာဇဝတ်ကောင်တိဖြစ်တယ်…။

တော်လှန်ရေး ဝရမ်းပြီးတိဖြစ်တယ်…။

ပြည်သူ့ရှိမှောက်မှာ
အားလုံးကားစင်တင်ကတ်ရဖို့
တရားခံတိဖြစ်တယ်…။

အသင်ရို့ရေ
တိုင်းပြည်၏ကုရာနတ္ထိဆီးမဟိ
ကုဋ္ဌနူနာတိဖြစ်တယ်…။

ကူးစက်ပြန့်ပွား
ကောင်းကျိုးမပီးရေ
ဗိုင်းရပ်စ်ရောဂါပိုးမွှားဖြစ်တယ်…။

ကောက်သစ်ခြင်းတိကို
ဖျက်ဆီးပစ်နီကတ်တေ
ကျိုင်းကောင်ပိုးတိဖြစ်တယ်…။

လိမ်ညာရေအတတ်ကို
တဖက်ကမ်းခတ်တတ်ပျာယ်
အလုပ်မလုပ်စားချင်ကတ်တေ
လူပျင်းတိဖြစ်တယ်…။

လူဖျင်းလူအ, တိဖြစ်တယ်...။

အလဟဿ ဆန်ကုန်မြေလေး
ဘောက်သာဆွီးတိဖြစ်တယ်...။

ကမ္ဘာမြေပြင်မှာ
လီထုညစ်ညမ်းနီစွာ
သင်ရို့တိကြောင့်ဖြစ်တယ်...။

သစ်ပင်များများစိုက်ပျာယ်
စိုက်တေသစ်ပင်တိကို ရှင်သန်အောင်
ပြုစုပျိုးထောင်ပီးကတ်ပါ...။

ကမ္ဘာပေါ်မှာ ရာသီဥတု
ဖောက်လွှဲဖောက်ပြန်ဖြစ်ရခြင်းအကြောင်း၏
အရင်းခံဇစ်မြစ်ရေ
သင်ရို့တိကြောင့်ဖြစ်တယ်...။

ကမ္ဘာပေါ်မှာမိုးခေါင်ရီချားဖြစ်နီရစွာ
သင်ရို့တိအားလုံး
ဖောက်ပြန်နီကတ်လို့ဖြစ်တယ်...။

အသင်ရို့တိရေ
ကမ္ဘာကြီးကိုဖျက်ဆီးဖို့
ညှုကလီးယားဗုံးကို တီထွင်ခကတ်တေ
ညှုကလီးယားဗုံးကို စမ်းသပ်ခကတ်တေ
ညှုကလီးယားဗုံးကို ပိုင်ဆိုင်နီကတ်တေ
လူတိထက် ပိုကြောက်ဖို့ကောင်းရေ...။

တဆီသူရဲ ဖုတ်ကောင်တိထက်
ပိုမုန်းဖို့ကောင်းရေ...။

လူသီအလောင်းတိထက်
ပိုရွံဖို့ကောင်းရေ...။

သင်ရို့၏အပုပ်နံ့ကို
သင်ရို့ခံနိုင်ကတ်ပါယင့်လား...။

မတရားရေအကျင့်ဆိုးတိကို
သင်းဂြိုဟ်လိုက်ကတ်ပါ...။

အနာရောဂါအကျိတ်အခဲကို

မျက်စိမှိတ်ခဲ့ထုတ်လိုက်ကတ်ပါ...။

ဤအရာသည်ကား
တော်လှန်ရေးဖြစ်တယ်...။

ဤအရာသည်ကား
အိမ်ထောင်ရေးဇာတ်လမ်းမဟုတ်
ဗစ်စကုဇာတ်ကားမဟုတ်...။
စိတ်ကူးယိုင်ပုံဝတ္ထုမဟုတ်...။
အပြာဇာတ်ခန်းမဟုတ်...။
ပဂျီကားတချပ်မဟုတ်...။
ကျောက်ထွင်းရုပ်ထုမဟုတ်...။
ကဗျာတပုဒ်မဟုတ်...။
တေးခြင်းတပုဒ်မဟုတ်...။
ဂီတာတလက်မဟုတ်...။
အမှန်တရားနန့်သွီးခင်း
အမှန်တရားနန့်ရှီးထွင်းထားရေ
တော်လှန်ရေးစင်စစ်ဖြစ်တယ်...။

နတ်သမီးချေတယောက်ပိုင်
ပျို့နုလှပရေ
ကောင်းသောမိုးထက်မင်္ဂလာကို
ကြိုဆိုလိုက်ကတ်ပါ...။

စမ်းချောင်းရီကြိုင်စီးဆင်းရေပိုင်
ကမ္ဘာကြီးကို ကျက်သရေဟိစီပါ...။

ပန်းပွင့်ချေတိဖူးပွင့်ရေပိုင်
လောကကြီးကို အလှဆင်လိုက်ကတ်ပါ...။

မိုးကြယ်ပွင့်ချေတိတောင်က
မလင်းတလင်း မှိတ်တုံလင်းတုံနန့်
အမှောင်ခွင်းဖို့ကြိုးစားနီကတ်ပျာယ်လေ
အို့ဏ်ဏ်ဏ် အသင်လမင်း

အသျှင် ပုန်းအောင်းမနီပါကဲ့ဖိ...။
အသင်ရေ
ကမ္ဘာကြီး၏တင့်တယ်ကျက်သရေဆောင်
ကွမ်းတောင်ကိုင် အမျိုးသမီးဖြစ်တယ်...။

အသင်ရေ
လွမ်းဆွတ်ဖွယ်သံစိုင်တီးလုံးနန့်
စည်းကျဝါးကျ နွဲ့ပျောင်းကတတ်တေ

လုလင်ပျိုမလည်းဖြစ်တယ်...။

အသင်ရေ
လျှပ်ပါးပါး ပန်းနုရောင်
ပန်းသီးပိုင်သျှင်လည်းဖြစ်တယ်...။

အသင်ရေ
နီရဲရဲ နှခွမ်းအစုံ
ပိုင်ဆိုင်သူလည်းဖြစ်တယ်...။

အသင်ရေ
ရှက်ကွန့်တကို့
ပြုံ့တတ်သူတဦးလည်းဖြစ်တယ်...။

အသင်ရေ
စကြ္ကာဝဠာလောကဓါတ်တခွင်လုံး၏
တပင်တိုင် မင်းသမီးတပါးဖြစ်တယ်...။

ဒဏ္ဍာရီပုံပြင်ထဲက
ရာဇဝင်မြောက်
မင်းသားတဆူလည်းဖြစ်တယ်...။

ဇာခါမဆို အသင်ရေ
ကမ္ဘာကြီးကို စိုးမိုးအုပ်ချုပ်တော
အမှန်တရား ဘာသာတရားဖြစ်တယ်...။

အခြားတဖက်မှာ အသင်ရေ
ခြိုသံပြင်းပြင်း
လမ်းလျှောက်တတ်သူတယောက်လည်းဖြစ်တယ်...။

တခါတခါ အသင်ရေ
မကျေနပ်ချက်တိနန့်အံကြိတ်
တက်သီးခေါက်တတ်သူတယောက်လည်းဖြစ်တယ်...။

တခါတခါ အသင်ရေ
နာနာကျိန်းကျိန်း
ငိုကြွီးတတ်သူတယောက်လည်းဖြစ်တယ်...။

တခါတခါ အသင်ရေ
အရာရာကို
ဥပက္ခာပြုနိုင်သူတဦးလည်းဖြစ်တယ်...။

တခါတခါ အသင်ရေ

ရာဇဝင်ကိုထုဆစ်
ဘုရင်ဧကရာဇ်တဆူဖြစ်တယ်...။

တခါတခါ အသင်ရေ
ရင်နာစရာကောင်းရေ သမိုင်းကြောင်းကို
ပြန်ပြောင်းပြောပြသူတဦးလည်းဖြစ်တယ်...။

တခါတခါ အသင်ရေ
စိတ်နာနာနန့်ဒါဏ်ရာရ
ခြသေ့်တကောင်လည်းဖြစ်တယ်...။

ယကေလဲ့ ဇာခါမဆို
အသင်ရေ
ကမ္ဘာကြီး၏ဒါဏ်ရာဒါဏ်ချက်တိကို
ကုစားတတ်တေ
သမားတော်ကြီးတဆူဖြစ်တေဆိုစွာ
ဇာသူလာငြင်းချက်ထုတ်ဖို့လဲ...။

လူသူအားလုံး
ကောင်းသောကြွေးကြော်သံတိနန့်
သာယာရေ မိုးထက်မင်္ဂလာမှာ
ပြိုင်တူခေါင်းလောင်းတီးလိုက်ပါ...။

အဖြူရောင် ဆင်တူညီညာ
အဝတ်အစားဝတ်ပျာယ်
ပြိုင်တူတေးခြင်းတပုဒ်
ဆိုလိုက်ကတ်ရအောင်...။

မိုးထက်ကောင်းခင်ပြင်ကို
ဂေါင်းမော့ပျာယ်
သန့်ချင်းရေ စုံလီညှင်းညှင်းကို
တဝကြီးလျှုလျှိုက်လိုက်ကတ်မယ်လေ...။

အတောင်ဖံပါရေ ငှက်ချေတိပိုင်
လွတ်လပ်တေ အပြာရောင်ကောင်းခင်ထဲမှာ
ကျူးယင့်ပျံသန်းလိုက်ကတ်မယ်...။

ဤအချိန်အခါသည်ကား
တော်လှန်ရေး မိုးထက်မင်္ဂလာဖြစ်တယ်...။

တော်လှန်ရေးအောင်ပွဲ
ဆင်နွှဲချိန်လည်းဖြစ်တယ်...။

အမှန်တရား၏လျှောက်လှမ်းရာ
ပန်းတိုင်ရောက်ခါအနီး
အခါသမယလည်းဖြစ်တယ်...။

အကျိုင်းချုပ်နှောင်ဖွဲ့ခံ
ပြည်သူအပေါင်း၏
အောင်စည်အောင်မောင်း
တီးခတ်ဆော်ဩသံလည်းဖြစ်တယ်...။

အခြားတဖက်မှာ
မိစ္ဆာကောင်တိ၏ကျဆုံးခန်းဖြစ်တယ်...။

ဖောက်ပြန်သူအပေါင်း၏နိဂုံးချုပ်ဖြစ်တယ်...။
အတ္တဝါဒီများ၏တစသုသာန်လည်းဖြစ်တယ်...။

ဇာကြာဖို့လဲ
တယောက်တချက် ဝိုင်းတီးလိုက်ကတ်ကေ...။

ဇာခံနိုင်ဖို့လဲ
တယောက်တလက် ဝိုင်းသမလိုက်ဖို့ဆိုကေ...။ ။

ခိုင်ကျော်ကျော် (မြောက်ဦး)

(12) နှစ်မြောက် 8.8.88 (သျှစ်လေးလုံး) အထိမ်းအမှတ်

# အာဇာတဆီ၏စျာပနည

(၁)
ငြိမ်ဆိတ်တေ ပတ်ဝန်းကျင်တခုလုံး
သင့်အားပြုံ့ပြုံ့ပြနီရေ...။

ကြိမ်သီးပြောက်ရောင် ဇီးကွက်ငှက်တကောင်စွာ
အစာရှာထွက်လာရေ...။

သီမင်း၏အီးစက်တေ လက်ချောင်းများစွာရှိ
သော့မဲ့သင့်တန်းခါးကို လာခေါက်နီလီယင့်...။

သြော်... မှောင်မဲမဲည အခါသမယ
အကာလ သန်းခေါင်ယံမှာ
မျက်ရည်ပူရှိုပါးပြင်ထက်သို့ တလိမ့်လိမ့်စီးဆင်း
သီမင်း၏ခေါ်သံ

နာခံရ ခက်နီပျာယ်လား အသင်...။

"ပိုင်ဆိုင်မှုအားလုံး စွန့်လွှတ်လိုက်...
နှောင်ဖွဲ့မှုကြိုး ဖြီလျှော့လိုက်...
ကံကြမ္မာအလှည့်အပြောင်း
ယွဲ့စောင်းစောင်း သမိုင်းကြောင်းဝင်ရိုး
နောက်ပြန်လှည့်ဖို့ နောက်ထပ်မကြိုးစားကဲ့ဖို..."

(၂)
ဘဝနာရီမျက်နှာကြက်က
နီညိုညို ပန်းချီကား
ဆီးသားမှိုင်းမှုန်ယွင်းပျက်၊
သံသရာညှာတံရိုးအစွန်ဖျား
နှီဦးရှက်ခြောက်ပိုင်လေလား
ရင့်ရော်ကြွေသက်ဆင်းခပျာယ်...။

(၃)
ယစ်မူးမှုရာဇပလ္လင်အပေါ်
ဝိညာဉ်မဲ့ရုပ်ခန္ဓာကိုယ်
သံယောဇဉ်ဆိုရေ ငိုယိုသံစကား
နားဝင်ချိုနိုင်ဖို့သိမ့်လား...။

ဘဝရိပ္ပက်စမ်းရို့ ခြောက်ခမ်း
မီးတောက်ပိုင်ပူပြင်းရေ နွှီလမ်းမှာ
အဖော်မပါ တကာယ
အို ကန္တာရငှက်ပျင်း
(တကောင်တည်း) အမှောင်ထဲ
လျှောက်မြဲလျှောက်ရခန်သိမ့်လား...။

သောကမီးရို့တငွိမ့်ငွိမ့်လောင်ကျွမ်း
ညောင်းနွမ်းလျှက် အိမ်မပြန်နိုင်ပါသော
ဖုန်းဆိုးပြင် ကမူချေနားက
အတောင်ဖံကျိုး ငှက်ချေတကောင်ပိုင်
ဇရာအို သစ်ငုတ်အိုထက်မှာ
အဖော်မဲ့ကင်း နီပျာယ်လာ...။

ဝေဒနာတိ ရင်နစ်အောင်ခံစား
ဂေါင်းမမော့နိုင်ပျာယ်လား ငှက်ချေ
ဇာနီရာ ဇာဒေသ ဇာတောဇာတောင် ဇာစခန်းသို့ပျံသန်း
ဇာဇာခြီလှမ်း လှမ်းဖို့သိမ့်လဲ...။

ဩော်... အဂုကျမှ အတောင်ညောင်းလို့ ရှက်ကြွေတောမှာ
တချက်အညောင်းဖြေစွာလာ...။

(၄)
လောကဇာတ်ခုံပြင်မှာ
အစရှာမရနိုင်ရေ ခြည်ခင်အချုတ်ပိုင်
ရုပ်မျိုးခြောက်ဆယ် သရုပ်ဆောင်ခဲ့ပျာယ်...။
ခါးတူးတူး နာကျိန်းချက်
စွဲမက်စရာ စကားလုံးများစွာ
ချိုမြိန်အချစ်
ဝေဒနာတခါးဖိုက်နန့်
ပေတေယစ်မူး
ညစ်ညူးနီပျာယ်လာ...။

သားငါးပေါ်ရာ စားကွက်ရှာယင်း
ရှင်သန်ကျက်စားလှည့်လည်ခရ
ဘဝအလှကို ဖွေရှာ
ဘဝအဘိဓမ္မာ တွိပါလီလား...။

(၅)
အရက်ပြင်းပြင်း တကျိုတ်မော့လိုက်
ဂေါင်းငိုက်စိုက်နန့် ကမ္ဘာကြီးဂျွန်းပြန်လန်လား
ဒါဏ်ရာအနာများ သက်သာလားပ...။

ယိုင်တိုင်တိုင် ခြီလှမ်းတိနန့်
ရွာအဝင်လမ်းထိပ်မှာ
တေးခြင်းတကျော်ကျော် နင်းအော်
အသင်ပျော်ပါလီလား....။

သြော်... အကြင်နာအလွန်တရာခေါင်းပါးရေ
ကမ္ဘာသောင်ပြင် ကမ်းနားမှာ
ရင်နာစရာမိုးက နှိပ်စက်
အိပ်ရေးလည်းပျက်ခပျာယ်...။

ရန်းယင်းကန်ယင်း
မြုတ်ယင်းမြုတ်
အရင်းအမြတ် အားလုံးပြုတ်တေကိန်းဆိုက်
အပြစ်၏ခါးသီးဒါဏ်ရာ
အကြိမ်ရှိမရ ခံစား
အသင် ရူးနှမ်းလားပျာယ်...။

(၆)
ဖြမ္မာစိုရ်တရား ရှာယင်းရှာယင်း
မျက်စိမှားရွာလည် လမ်းကြောင်းမှားလားခရေ
(အလမ္ပိုင်ဆရာ)

လမ်းမမြင်ကမ်းမတွဲ့ ကဝိကန္တာရမြိုင်လယ်
ဝေဒနာ စေတနာ ကရုဏာ မိတ္တာ
ဗုဒ္ဓအဘိဓမ္မာနန့်
ဆင်ခြင်တုံတရားမဲ့ လျှောက်လှမ်း
မဇ္ဈိမပဋိပဒာကျမ်းကိုး
ကြက်ကန်း ငရဲအိုးတိုးလီပျာယ်...။

(၇)
"ဩော်.....
အဝတ်ဗလာနန့်မိမ္မချေတယောက်
ဒူးထောက်ခစား အသနားခံနီပါယင့်နန့်
(သူ့လောင်းရိပ်အောက်)
အမှောင်တံတိုင်း အနိဋ္ဌာရုံ ကုလကာရိုင်းနောက်မှာ
ရီကြိုင်နောက်လားရလီပျာယ်...။

တိရိစ္ဆာန်ကျည်ဖူး
ခြီခူးရက်စက် ခံလားရရေပန်းငယ်
လွှမ်းဖွယ်အဝှမ်းကျယ်ရေ
သွီးပင်လယ် လှိုင်းလုံးကြီးတိအောက်မှာ
မြုတ်နစ်လားခပျာယ်လာ...။

တယောက်တည်းကြိတ်မှိတ် ချိတ်ချိတ်ငိုသံမစဲ
တောလည်မှုဆိုး၏ကျော့ကွင်းထဲမှာ ....။

(၈)
အင်း .... မိစ္ဆာကောင်တိ၏ရှုံစရာသမိုင်းကြီး
သွီးနန့်ပီးဆပ်ကတ်ရမယ်...။

ပြည်သူရို့လုစ်ကျွီးသံ
တန်ပြန်တော်လှန်ရေးအောက်မှာ
ကြောက်စရာနဂါးမင်း
ရီမြွီသာသာ အဆိပ်မပြင်းနိုင်ပျာယ်... ။
မီးတောက်မီးလျှံ အာဏာစက်
မာန်စွယ်ကျိုးပျက်လားခပျာယ်...။

လှောင်ခြိုင့်ထဲက ကျားနာအို
ဝါးမျိုလွှမ်းအုပ်နိုင်ခန့်သိမ့်လား
တရားသီလနန့်မွိ့ချော်
သီပျော်ချိန်ပ...။

ဘုရားကျောင်းက ခတက်ခေါက်သံ
တောင်ဘယံက နွားခလောက်သံ
သဘာဝနာရီသံတိရပ်နား

နီစောင်းလားခပျာယ်...။

သို့ခြောက်ခြောက် မြို့ကမ္ဘလာမှိ့ရာထက်
သံဝေဂ ကန္တာရင့်ရက်ပျင်း
ထာဝရ အိပ်စင်းလားခပျာယ်...။

(၉)
သီသူ၏ဝိသေသ
ပကာသန မာန
ခဝါချ ဖွတ်ဆီး
လူတိ ချီကျူးစကားပြောယင်း
မြို့နီလမ်းအတိုင်း
ဒုံးစိုင်းမောင်းနှင် အိမ်ပြန်လာကတ်...။

ထို... အစီး တောတန်းများဖက်သို့
ငှက်သင်းအုပ်ရို့
တရှုတ်ရှုတ် ပျံသန်းလားကတ်...။

အုံးခွံရောင် မြေနီတောလမ်းအတိုင်း
နွားအုပ်ကျွဲအုပ်
တသုတ်ပြီးတသုတ် အိမ်ဝင်လာကတ်...။

ဇရပ်ပြို ခေါင်အိုအထက်က
လိုင်တံရှည် ငှင်းတငှက်ရို့
အချို့ချို့ ပျောက်ကွယ်လားခ...။

ဇရာမရဏာ မြစ်ရိုစီးကြမ်း
သောကပရိဒေဝ ကမ်းပါးရိုင်းအောက်
ဒုက္ခလှိုင်းရို့ ရိုက်ပုတ်
ပဋိစ္စသမုပ္ပါဒ် ဝဲဂယက်ထဲက “ဗေဒါပင်”
(အရာတခါ) ရှင်ပြန်လာဖို့သိမ့်လား...။

ဆူးကြမ်းခရောင်းလမ်းအတိုင်း
လျှောက်လှမ်းဆဲ ကာလပြက္ခဒိန်ရထား
တရှိရှိနှုတ်ဆက် လက်ပြထွက်ခွာလားခပျာယ်...။

ညဉ့်ကောင်းခင်ယံအောက်
သင်္ချိုင်းကုန်းအနောက်ဖက်က
သာဓုအနုမောဓနခေါ်သံ
ဘဝဂ်ညံခလီပျာယ်လေ...။ ။

ခိုင်ကျော်ကျော် (မြောက်ဦး)

# ရခိုင့်တပ်မတော်ချီလာပျာယ်

E E E E

(ချီလာပျာယ်***ချီလာပျာယ်***ရခိုင့်တပ်မတော်***ချီလာပျာယ်)၂

A E E E E

ပုန်းဆိုးပေါင်းချင်း***သွီးရင်းသားရို့***တစမကျန်***နယ်ချဲ့ရန် (ပြည်ပရန်) အမြစ်ပြုတ်တော်လှန်မယ်***

E E E E B

နယ်ချဲ့ရန် (ပြည်ပရန်)***တစမကျန်***မြီလှန်လို့***တိုက်ထုတ်မယ်***

E E E E/B B B

ဒွါရဝတီ***ဓညဝတီ***မေဃဝတီ***ရမ္မာဝတီ***

ဝေသာလီ***ပုရိမ်လောင်းကြက်***မြောက်ဦးမြို့***ရာဇာဝင်မှာ***ထွန်းကားလီ***

A E E B E

လောင်းကြက်မြို့***မြောက်ဦးမြို့***ရာဇာဝင်ရို့***ထွန်းကားလီ

Chorus

E E E E

(ချီလာပျာယ်***ချီလာပျာယ်***ရခိုင့်တပ်မတော်***ချီလာပျာယ်)၂

A A A/B

(အာဇာနီ***ရာဇာနီ***ရက္ခအာဇာနီ)၂

A A E E

ရာဇဝင်သမိုင်း***အကြွီးပီးဆပ်ဖို့***စုရုံးလို့ချီလာပျာယ်***

E A E E

ရာဇဝင်မော်ကွန်း***တခစ်ဆန်းသစ်ဖို့***စုရုံးလို့ချီလာပျာယ်***

E

(ဘယ်***ညာ***ဘယ်***ညာ***)၂

ကျော်ဝင်းချေ (ချောင်းသာကြီး)

8/ 8/2000

# စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုအရေးနန့် လူမျိုးစုပြဿနာများ

အားလုံးကိုလေးစားပါရေ။

အေနိအေနီရာမှာ ရောက်ဟိလာကတ်တေ အကျွနုပ်ရို့အား လုံးရေ ရာစုတခု၊ နှစ်ခုလောက်စောပြီး လူဖြစ်ခကတ်မေဆိုပါကေ အစ်ကိုရို့အားလုံးစွာ ရခိုင်မင်းနီပြည်တော်က မြို့တော်သူမြို့တော်သား များဖြစ်ကြပြီး အကျွနုပ်လည်းချင်းပြည်ကလာရေ နိုင်ငံခြားသားအာဂန္တု တယောက်ဖြစ်နီခပါလိမ့်မေ။ သို့သော် အေနိ အကျွနုပ်ရို့စွာ စနစ်တခု၏ ဖိနှိပ်ချုပ်ချယ်ကျွန်ပြုခံနီရရေ ဘဝကလွတ်မြောက်ဖို့ အတူတကွလက်တွဲ တိုက်ပွဲဝင်ရန် ဆုံစည်းနီကတ်ပါရေ။

ယင်းကြောင့် ကနိ အကျွနုပ်ရို့ဆင်နွှဲနီရေ ဒီမိုကရေစီအရေး တော်ပုံကြီးစွာ မင်းဆိုးမင်းညစ်တပါးကို ဖြုတ်ချပြီး၊ လူထုကြိုက်နှစ်သက် တေ မင်းတပါးကို ပြောင်းလဲတင်မြှောက်ရုံနန့်မပြီးပါ။ အကျွနုပ်ရို့တိုက်ပွဲစွာ မင်းပြောင်းလွှဲလုပ်တေ သာမန်နိုင်ငံရေးတိုက်ပွဲမဟုတ်ပါ။ လူပုဂ္ဂိုလ်ကို တော်လှန်ဖြုတ်ချရေ တိုက်ပွဲမဟုတ်ပါ။ အာဏာသျှင်စနစ်ကို တော်လှန်ဖြုတ်ချဖို့ တိုက်ပွဲဆင်နွှဲနီစွာဖြစ်တယ်။ စနစ်တခုလုံးကို တော်လှန်ပြောင်း လဲပစ်တေ တိုက်ပွဲဖြစ်တယ်။

အေပိုင် စနစ်တခုလုံးကို တော်လှန်ပြောင်းလဲပစ်တေတိုက်ပွဲမှာ အကျွနုပ်ရို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်၏ တိုက်ပွဲကြွေးကြော်သံစွာ ဒီမိုကရေစီအရေးနန့်အတူ တိုင်းရင်းသားလူမျိုးအားလုံး နိုင်ငံရေးအရတန်းတူရည်တူအခွင့်အရေး ရဟိရေးကို တပြိုင်နက် တည်း တိုက်ပွဲဝင်လားမေလို့ ကြွေးကြော်ထားပါရေ။ ဒီမိုကရေစီမဟိရေစနစ်က ဒီမိုကရေစီထွန်းကားရေးစနစ်၊ တိုင်းရင်းသားလူမျိုးများ တန်းတူ ရည်တူ အခွင့်အရေးမဟိရေစနစ်က တန်းတူရည်တူအခွင့်အရေး ရဟိရေးစနစ်မျိုးကိုရဟိဖို့ ဆင်နွှဲနီရေတိုက်ပွဲဖြစ်ပါရေ။ အေတိုက်ပွဲမှာ ဒီမိုကရစီ ရဟိရေး တခုတည်းမဟုတ်ပါ။ တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရတန်းတူရေးကိုပါတပြိုင်နက်တည်း ဖော်ဆောင်ကတ်ရဖို့ဖြစ်ပါရေ။ ဇာဖြစ်လို့လဲ ဆိုကေ တိုင်းရင်းသားလူမျိုးပေါင်းစုံ ရောနှောနီထိုင်ရေ နိုင်ငံမှာ ဒီမိုကရေစီရေးနန့်တန်းတူရည်တူရေးစွာ ခွဲမရအောင် ဆက်စပ်လို့နီပါရေ။ ဒင်္ဂါးတပြားမှာ ဝေါင်းနန့်ပန်းပိုင်ဆက်စပ်နီပါရေ။ ယင်းဒီမိုကရေစီရေးနန့်တန်းတူရေးကို ပထမတာဝန်၊ ဒုတိယတာဝန် ခွဲခြားမထားဘဲ တပြိုင်နက် တည်း လုပ်ဆောင်ရဖို့ အမျိုးသားတာဝန်ဖြစ်တေလို့ အကျွနုပ်ရို့ခံယူထားပါရေ။

တချို့ပါတီများမှာ ဒီမိုကရေစီရေးရာ ပထမ၊ ဒီမိုကရေစီရေးရာ ဒုတိယ၊ ဒီမိုကရေစီရေးရာ တတိယဆိုပြီး ကြွေးကြော်နီကတ်ပါရေ။ ဒီမိုကရေစီ ရပြီးမှ တန်းတူရေးပြဿနာဖြစ်တေ လူမျိုးစုပြဿနာ၊ တိုင်းရင်းသားလူမျိုးများအရေးကို စိုင်းစားမေဆိုပြီး ပြောနီကတ်ပါရေ။ တိုင်းရင်းသားပေါင်းစုံ ရောနှောနီထိုင်ရေတိုင်းပြည်မှာ အေပိုင်လုပ်လို့ မရဆိုစွာ သမိုင်းသင်ခန်းစာဟိပါရေ။ လွတ်လပ်ရေးအကြိုကာလက လွတ်လပ်ရေးရာ ပထမ၊ လွတ်လပ်ရေးရာ ဒုတိယ၊ လွတ်လပ်ရေးရာ တတိယဆိုပြီးကြွေးကြော်ခပါရေ။ လွတ်လပ်ရေးရပြီးမှ ညီအစ်ကိုအချင်းချင်း တိုင်းရင်းသား လူမျိုးများ၏ အရေးအရာကို စိုင်းစားကတ်မေလို့ ဖဆပလဝေါင်းဆောင်များကပြောခကတ်တယ်။ အေချင့်ကို အကျွနုပ်ရို့ လူမျိုးစု ဝေါင်းဆောင်များ ကလည်း ယုံကြည်လက်ခံခကတ်တယ်။ လွတ်လပ်ရေးရာရရေ အကျွနုပ်ရို့တိုင်းရင်းသားများ နိုင်ငံရေးအရ တန်းတူအခွင့်အရေးရဟိလာ။ ကိုယ့်ကိုယ်ကိုရာ ဆန်းစစ်ကြည့်ပါ။ အကျွနုပ်ရို့တိုင်းရင်းသားများ နိုင်ငံရေးအရတန်းတူအခွင့်အရေး မရဟိခလို့၊ လူမျိုးစုပြဿနာကို ပြေလည်အောင်မဖြေချင်းနိုင်ခလို့ မြန်မာနိုင်ငံမှာ အနှစ် (၄၀) ပြည်တွင်း စစ်နန့်ရင်ဆိုင်နီရရေ။ ယင်းကြောင်း သမိုင်းသင်ခန်းစာအရ အဂု ဆင်နွှဲနီရေ ဒီမိုကရေစီ တိုက်ပွဲ ကာလမှာလည်း ဒီမိုကရေစီရေးသတ်သတ်နန့်မလုံလောက်ပါ။ တန်းတူရေးကိုပါ တပြိုင်နက်တည်းဖော်ဆောင်ရလိမ့်မယ်လို့ အကျွနုပ်ရို့ ခံယူထား ပါရေ။

မြန်မာနိုင်ငံမှာ ဒီမိုကရေစီရေးသတ်သတ်နန့်ရာလုံလောက်ကေ နိုင်ငံတော်၏အချုပ်အချာအာဏာ မူလပိုင်သျှင်ဖြစ်တေ ပြည်သူလူထုက မိမိရို့ကိုယ်စား နိုင်ငံတော်အာဏာအသုံးပြုခွင့်ပီးရေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနန့် ပြည်သူ့အစိုးရကို ဖွဲ့စည်းစွာနန့် ပန်းတိုင် ရောက်ပျာယ်လို့ ဆိုရလိမ့်မယ်။ တနည်းပြောရကေ ပါတီစုံဒီမိုကရေစီ အထွေထွေရွီးကောက်ပွဲမှာ အနိုင်ရရေပါတီက အစိုးရဖွဲ့စည်းရေအချိန်စွာ ပန်းတိုင်ရောက်တေအချိန်လို့ဆိုရလိမ့်မယ်။ ရွီးကောက်ပွဲမှာ အနိုင်ရရေပါတီကဖွဲ့စည်းရေအစိုးရကို နဝတအစိုးရက အာဏာလွှဲပြောင်းပီးရေနိစွာ အောင်ပွဲခံရေနိလို့ဆိုရဖို့ဖြစ်တယ်။ သို့သော် လာဖို့ရွေးကောက်ပွဲရေ အကျွနုပ်ရို့ပန်းတိုင်မဟုတ်သိမ့်ဆိုစွာ အလေးအနက်ထားပြီး ပြောလိုပါရေ။ လာဖို့ မေလ (၂၇) ရက်နိရေ အောင်ပွဲခံဖို့နိမဟုတ်သိမ့်ပါ။ ဇာဖြစ်လို့လေးဆိုကေ အေနိုင်ငံမှာ ဒီမိုကရေစီတခုတည်းနန့် မလုံလောက် မပြည့်စုံရေ အတွက်ကြောင့်ဖြစ်ပါရေ။ ဒီမိုကရေစီနည်းနန့်အတူ တဆက်တည်းဆောင်ရွက်ရမည့် တန်းတူရေးပြဿနာကို ပြေလည်အောင် မဆောင်ရွက်နိုင်သရွှေ့ အကျွနုပ်ရို့ပန်းတိုင်မရောက်သိမ့်ဆိုစွာ

စွဲစွဲမြဲမြဲ မှတ်ထားကတ်စီချင်ပါရေ။

ဒီမိုကရေစီရေးကို အာဏာသျှင်စနစ်ဖြုတ်ချလိုက်စွာနန့် တပြိုင်နက်တည်း အကောင်အထည်ဖော်လို့ရပါရေ။ ယေကေလဲ့ တန်းတူရေး ပြဿနာက နိုင်ငံတော်ဖွဲ့စည်းပုံဥပဒေနန့် သက်ဆိုင်နီပါရေ။ ဒီမိုကရေစီကို မည်သည့်ဥပဒေနန့်မဆို ပြဌာန်းကာကွယ်အကောင်အထည် ဖော်လို့ရပါရေ။ အကျွန်ုပ်ဆိုလိုစွာက ဒီမိုကရေစီစနစ်ကို ပြည်ထောင်စုစနစ်နန့်ယော၊ တပြည်ထောင်စနစ်နန့်ပါ ပြဌာန်းကာကွယ် လို့ရပါရေ။ ဥပမာ ပြောရကေ အမေရိကန်ပြည်ထောင်စုပိုင်ပြည်ထောင်စု စနစ်နန့်လည်း ပြဌာန်းကာကွယ်နိုင်ရေပိုင်၊ အင်္ဂလန် ပြင်သစ်စရေ တပြည်ထောင်စနစ်ကို ကျင့်သုံးရေနိုင်ငံမှာလည်း ဒီမိုကရေစီထွန်းကား အောင်ဖော်ဆောင်နိုင်ပါရေ။ ယေကေလဲ့သွင့် တန်းတူရေးကိုကမရပါ။ တိုင်းရင်းသားလူမျိုးပေါင်းစုံ နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေးရဟိရေးကို တပြည်ထောင်စနစ်နန့် အကောင်အထည်မဖော်နိုင်ပါ။ တန်းတူရေးပြဿနာကို တပြည်ထောင်စနစ် (Unitary) နန့် ဖြေချင်းလို့မရပါ။ အထူးသဖြင့် မြန်မာနိုင်ငံ၏တန်းတူရေးပြဿနာ၊ လူမျိုးစုပြဿနာကို (Unitary) စနစ်နန့် လုံးဝဖြေချင်းလို့မရပါ။ စစ်မှန်ရေ ပြည်ထောင်စုစနစ်၊ ဖက်ဒရယ်စနစ်နန့်ရာ ဖြေချင်းနိုင်မယ်လို့၊ အကောင်အထည်ဖော်နိုင်လိမ့်မယ်လို့ယုံကြည်ပါရေ။ ယင်းအတွက်နန့် အကျွန်ုပ်ရို့ တန်းတူရေးပန်းတိုင်စွာ စစ်မှန်ရေပြည်ထောင်စုစနစ်နန့် နိုင်ငံတော်ကို ဖွဲ့စည်းထူထောင်ရေးရာဖြစ်ပါရေ။

အေနီရာမှာ မီးခွန်းတခုမီးနိုင်ပါရေ။ မီးလည်းမီးခကတ်ပါရေ။ အစ်ကိုယ်ရို့ပြောနီရေ ပြည်ထောင်စုစွာ ဇာပိုင်ပြည်ထောင်စုလဲ။ မြန်မာနိုင်ငံစွာ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပြည်ထောင်စု စနစ်နန့်ရာ ဖွဲ့စည်းထူထောင်ခကတ်တေမဟုတ်လားဆိုပြီး မီးခွန်းထုတ်နီ ကတ်ပါရေ။ မှန်ပါရေ။ မြန်မာနိုင်ငံမှာ နာမည်ဝေါဟာရအားဖြင့် "ပြည်ထောင်စု" ကို ဖွဲ့စည်းထူထောင်ခပါရေ။ ယေကေလဲ့သွင့် အကျွန်ုပ်ရို့နိုင်ငံမှာ ဖွဲ့စည်းခရေ ပြည်ထောင်စုစွာ အတုအယောင်ပြည်ထောင်စု၊ အလိမ်အညာပြည်ထောင်စုရာဖြစ်ပါရေ။ ဇာဖြစ်လို့လဲဆိုကေ ပြည်ထောင်စုစနစ်၏ အင်္ဂါရပ်နန့် ပြည်ထောင်စုအစိုးရအာဏာ ခွဲဝီရာမှာလည်း လုံးထွီးနီပါရေ။ ပြည်ထောင်စုစနစ်အရ အကျွန်ုပ်ရို့တိုင်းရင်းသားလူမျိုးများ ခံစားထိုက်စံစားထိုက်တေ ကိုယ်ပိုင်ပြဌာန်းခွင့်၊ ကိုယ့်ကံကြမ္မာကို လွတ်လပ်စွာဖန်တီးခွင့်မရဟိခပါ။ ချင်းချင်းပြောရကေ တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူရည်တူ အခွင့်အရေးမရဟိခပါ။ တန်းတူရေး မဟိရေပြည်ထောင်စုစွာ စစ်မှန်ရေပြည်ထောင်စုမဖြစ်နိုင်ပါ။

အေနီရာမှာ အလိုက်သင့်လို့ အကျွန်ုပ်ရို့တိုင်းရင်းသားလူမျိုးများ ဇာဖြစ်လို့ တန်းတူရည်တူအခွင့်အရေး ရဟိသင့်ရေလဲဆိုစွာ တစိချေ ပြောချင်ပါရေ။ အေနိ မြန်မာနိုင်ငံအတွင်း မှီတင်းနီထိုင်ကတ်တေ တိုင်းရင်းသားလူမျိုးများမှာ နယ်ချဲ့အင်္ဂလိပ်လက်အောက်သို့ မကျရောက်ခင် သီးခြားလွတ်လပ်တေ လူမျိုးများရာဖြစ်ကတ်ပါရေ။ အစ်ကိုယ်ရို့ ရခိုင်လူမျိုးနန့် မွန်လူမျိုးရို့စွာလည်း ဗမာဘုရင်လက်အောက်သို့ မကျရောက်ခင် ကိုယ့်ထီးကိုယ်နန်းနန့် သီးခြားလွတ်လပ်တေ လူမျိုးများဖြစ်ကတ်ပါရေ။ အေပိုင် သီးခြားလွတ်လပ်တေလူမျိုးစွာ နယ်ချဲ့အင်္ဂလိပ်လက်အောက်မှာ အတူတကွ ကျွန်ခံကြပြီး၊ ကျွန်ဘဝက လွတ်မြောက်ရေးအတွက်လည်း အတူတကွ လက်တွဲတိုက်ပွဲဝင်ခကတ် တေမဟုတ်ပါလား။ လွတ်လပ်ရေး တိုက်ပွဲကာလမှာ အောင်ဆန်းက နယ်ချဲ့အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်လားရေအခါ သီးခြားနိုင်ငံတိ မထူထောင်ဘဲ၊ တန်းတူရည်တူ ပူးပေါင်းရေ ပြည်ထောင်စုကို အတူတကွ ထူထောင်ဖွဲ့စည်းကတ်ဖို့ အကျွန်ုပ်ရို့တိုင်းရင်းသားလူမျိုးများကို ဖိတ်ခေါ်ကမ်းလှမ်းခရေ။ အောင်ဆန်း ဖိတ်ခေါ်ကမ်းလှမ်းချက်ကို တိုင်းရင်းသားလူမျိုးများကလက်ခံယုံကြည်ပြီးကေ ပင်လုံစာချုပ်ကို လက်မှတ်ရွီးထိုး ထားခကတ်လို့ရာ အကျွန်ုပ်ရို့တိ အေနိုင်ငံတွင်းမှာအတူတကွ စုပေါင်းနီထိုင်ခြင်းဖြစ်တယ်။ မည်သည့်လူမျိုး၊ မည်သည့်ပုဂ္ဂိုလ်ကမျှလက်နက်နန့် တိုက်ခိုက်သိမ်းပိုက် ကျွန်ပြုလို့ အေနိုင်ငံနယ်နမိတ်အတွင်းမှာ အကျွန်ုပ်ရို့ နီထိုင်ခြင်းကားမဟုတ်။ အကျွန်ုပ်ရို့ဖိုးဖွားပိုင်နယ်မြီ အသီးသီးကို မိမိရို့ဆန္ဒအလျှောက် ပူးပေါင်းပြီး အေပြည်ထောင်စုကြီးကို ဖွဲ့စည်းထူထောင်ခခြင်းဖြစ်တယ်။ ယင်းအတွက်ကြောင့် အေပြည်ထောင်စုကြီး အချုပ်အချာအာဏာတည်မြဲရေး၊ လွတ်လပ်ရေး အစွန့်ရှည် တည်တံ့ခိုင်မြဲရေးစရေ နိုင်ငံတော်တာဝန်စွာ လူမျိုးတမျိုးလူတန်းစား တခုက ဆောင်ရွက်ရဖို့အလုပ်မဟုတ်ပါ။ အကျွန်ုပ်ရို့ အားလုံး၏မွီးရာပါ တာဝန်ဖြစ်တယ်။ တိုင်းရင်းသားလူမျိုးအားလုံး တန်းတူရည်တူ ဆောင်ရွက်ရဖို့တာဝန်ဖြစ်တယ်။ အေပြည်ထောင်စုတွင်းမှာ ဟိနီရေ တိုင်းရင်းသားအားလုံးစွာ အခွင့်အရေးအရရာမက၊ တာဝန်ယူမှုအပိုင်း မှာလည်း တန်းတူရည်တူဖြစ်ရဖို့။ ယင်းပိုင်တန်းတူရေးကို အကျွန်ုပ်ရို့ လိုချင်နီပါရေ။ အခွင့်အရေးလည်းမဟိ တာဝန်ယူပိုင်ခွင့်လည်းမဟိရေ ဘဝရေ ကျွန်ဘဝစစ်စစ်ပါ။

အောင်ဆန်းပြောရေအချိန်က အစ်ကိုယ်ရို့တောင်ပေါ်သားတိကို အင်္ဂလိပ်ကျွန်ဘဝမှာ မနီစီချင်ရေပိုင်၊ ဗမာလူမျိုးရို့၏ကျွန်ဘဝမှာလည်း မနီစီချင်ပါ။ တန်းတူရည်တူဆက်ဆံပါ့မယ်။ ဗမာတပြားရကေ သျှမ်းလည်း တပြားရစီရမယ်လို့ပြောခရေ။ ဗမာတပြားရကေ သျှမ်းလည်းတပြား ရစီရမေဆိုရေ အောင်ဆန်း၏စကားကို ယုံခမိလို့ ပင်လုံစာချုပ်ကို လက်မှတ်ရွီးထိုးပြီး

အေပြည်ထောင်စုကို ဖွဲ့စည်းခြင်းဖြစ်တယ်။ ယေကေလဲ့သွင့် အမှန်လွတ်လပ်ရေးရရေအခါ အောင်ဆန်းပြောရေ ဗမာတပြား၊ သျှမ်းတပြား "မှု" စွာ ဇာပိုင်ဖြစ်လားလေဆိုကေ ဗမာတပြား သျှမ်းတပြား၊ ဗမာတပြား ချင်းတပြား၊ ဗမာတပြား ရခိုင်တပြား ဖြစ်လားပါရေ။ ဗမာ (၇) ပြားရရေအခါ အခြားတိုင်းရင်းသားလူမျိုး (၇) မျိုးက တပြားစီရာရပါရေ။ ယင်းအတွက်ကြောင့် မြန်မာနိုင်ငံမှာ လူမျိုးရေး တန်းတူမှု၊ နိုင်ငံရေးတန်းတူမှုဆိုစွာ မဟိပါ။ ပြည်ထောင်စုနိမှာ ဗမာအက တမျိုးတည်း ကပြပြီး၊ အခြားတိုင်းရင်းသားလူမျိုးအသီးသီးက အက တမျိုးစီကပြခွင့်ရစွာကိုရာ တန်းတူရေးအစစ်အမှန်လို့ ထင်နီကတ်ပါရေ။

အေပိုင်မျိုး တန်းတူရေးကို အကျွန်ုပ်ရို့လိုချင်နီစွာမဟုတ်။ ယိုင်ကျေးမှုတန်းတူရေး၊ လူမှုရေးတန်းတူရေးကို အကျွန်ုပ်ရို့ပြောနီစွာ မဟုတ်ပါ။ သမိုင်းအစိုင်အလာမတူရေ လူမျိုးနှစ်မျိုး၊ ဘာသာစကားနန့် ကိုးကွယ်မှုနောက်ခံချင်းမတူရေ လူမျိုးနှစ်စွာ ဇာပိုင်နည်းနန့်မျှ ယိုင်ကျေးမှုအရင်း၊ လူမှုရေးအရင်း တန်းတူမဖြစ်နိုင်ပါ။ ထပ်တူလည်းမကျနိုင်။ ဟားခါးမြို့နန့်ရန်ကုန်မြို့ ဇာပိုင်နည်းနန့်မျှ ထပ်တူမကျနိုင်ပါ၊ အေချင့်ကို အကျွန်ုပ်ရို့နားလည်ပါရေ။ သို့သော် ဗမာလူမျိုးနန့်ချင်းလူမျိုး နိုင်ငံရေးအရတန်းတူရဖို့၊ တရားဥပဒေရှိမှောက်မှာ တန်းတူရဖို့။ နိုင်ငံရေးအရ တန်းတူရေးကိုရာ အကျွန်ုပ်ရို့ပြောနီခြင်းဖြစ်တယ်။ နိုင်ငံရေးအရတန်းတူရေးအခွင့်ကို အကျွန်ုပ်ရို့တောင်းဆိုနီခြင်းဖြစ်တယ်။

နိုင်ငံရေးအရ ဇာပိုင်တန်းတူရဖို့ဆိုစွာ မပြောခင်၊ ဇာလောက် တန်းတူရည်တူ မဖြစ်ခလဲဆိုစွာကို အယင်ပြောချင်ပါရေ။ ပထမဆုံး ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေ အားနည်းချက်ကိုပြောပါမယ်။ ၁၉၄၇ ဖွဲ့စည်း အုပ်ချုပ်ပုံဥပဒေ အဓိကအားနည်းချက် သုံးချက်ဟိရေလို့ သုံးသပ်မိပါရေ။ ပထမအားနည်းချက်က ပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နိုင်ငံရေး အာဏာအပြည့်အဝမပီးရေအချက်ဖြစ်ပါရေ။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝဟိရေ နိုင်ငံရေးအာဏာဆိုစွာ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေး အာဏာနန့် တရားစီရင်ရေးအာဏာရို့ရာဖြစ်တယ်။ အေအာဏာသုံးရပ် စလုံးမဟိကေ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်ဆိုစွာ မပြည့်စုံနိုင်ပါ။ နှစ်ပေါင်းလေးဆယ်ကျော် အကျွန်ုပ်ရို့တိုင်းရင်းသား လူမျိုးများ ဇာပိုင်အလိမ်ခံခရေလဲဆိုကေ အုပ်ချုပ်ရေးအာဏာကို နိုင်ငံရေးအာဏာလို့အလိမ်ခံခရပါရေ။ သျှမ်းပြည်နယ်မှာ သျှမ်းတယောက် က အုပ်ရေးအရာဟိလုပ်ပြီးအုပ်ချုပ်စွာနန့်၊ ရခိုင်ပြည်နယ်မှာ ရခိုင်တယောက်အုပ်ချုပ်စွာနန့်၊ နိုင်ငံရေးအာဏာပီးထားရေ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပီးထားရေလို့ လိမ်ညာခပါရေ။ အမှန်မှာ အုပ်ချုပ်ရေးအာဏာဆိုစွာ နိုင်ငံရေးအာဏာ၏အစိတ်အပိုင်း တခုမျှရာဖြစ်တယ်။ နိုင်ငံရေးအာဏာ မှာအရေးအကြီးဆုံးက ဥပဒေပြုအာဏာရာဖြစ်တယ်။ အုပ်ချုပ်ရေးအာဏာဆိုစွာ ရှိုးဆွဲပြဋ္ဌာန်းပြီးသားဥပဒေအတိုင်း တခုမလွဲလိုက်နာ စီမံခြင်းရာ ဖြစ်တယ်။ တရားစီရင်ရေးအာဏာလည်း အေအတိုင်းရာဖြစ်ပါရေ။ အတည်ပြုပြဋ္ဌာန်းပြီးသားဥပဒေတိုင်းရာ တရားစီရင်ရရေ။ ယင်းအတွက်နန့် ဥပဒေပြုအာဏာစွာအကျွရာရာ၊ ဥပဒေပြုအာဏာ မဟိရေလူမျိုး၊ ဥပဒေပြုအာဏာမဟိရေပြည်နယ်စွာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာမဟိရေ လူမျိုး၊ ပြည်နယ်ရာဖြစ်တယ်။

၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအရ နိုင်ငံရေးအာဏာ အပြည့်အဝမဟိကတ်ပါ။ ပြည်နယ်များ နိုင်ငံရေးအာဏာအပြည့်အဝ မရရေအပြင်၊ အကျွန်ုပ်ရို့ချင်းလူမျိုးများ ပြည်နယ်တောင်မရဘဲ ချင်းဝိသေသတိုင်းဆိုပြီးကေ အထူးတိုင်းအဖြစ်သတ်မှတ်ခြင်းခံရပါရေ။ အကျွန်ုပ်ရို့ကိုပီးထားရေ ထူးခြားရေဝိသေသများက အထူးအနှိမ်ခံရခြင်း၊ အထူးခစ်နောက်ကျစီခြင်း၊ အခွင့်အရေးများ အထူးပိတ်ပင်ခြင်း ခံရခြင်းရာဖြစ်ပါရေ။ အစ်ကိုယ်ရို့ရခိုင်က ဇာလောက်အခွင့်အရေး ရခရေလဲဆိုစွာမသိပါ။ ပြည်နယ်ရသင့်ပါလျှက်နန့်မရဘဲ ရခိုင်တိုင်းအဖြစ်နန့် ကျေနပ်ခရရေလို့သိရပါရေ။ အလှပလှချေ ဆန်းစစ်ကြည့်ဖို့ဆိုပါကေ တိုင်းဘဲခေါ်ခေါ်၊ ဝိသေသဘဲခေါ်ခေါ်၊ ပြည်နယ်ဘဲခေါ်ခေါ်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာ မဟိရေ ပြည်နယ်ရို့။ တိုင်းရို့ဆိုစွာ ဝေါဟာရရာ ကွဲပြားရေ၊ အနှစ်သာရကအတူတူပါ။ အဲ... ပီးကမ်းစွန့်ကြဲခံရရေနီရာမှာ နည်းနည်းပါးပါး ကွာဟခြားမှု ဟိကောင်းဟိနိုင်ပါမယ်။ ဇာပင်ဖြစ်ဖြစ် သူများပီးမှကမ်းမှစားရရေ နိုင်ငံရေးသူတောင်းစား ဘဝပါရာ။ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်မဟိရေ နိုင်ငံရေးသူတောင်းစားဘဝကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အားနည်းချက်ကြောင့် အကျွန်ုပ်ရို့ ရောက်လားခရခြင်း ဖြစ်ပါရေ။

၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ဒုတိယအားနည်းချက်က တိုင်းရင်းသားလူမျိုးတမျိုးဖြစ်တေ ဗမာလူမျိုးတိကို ပြည်နယ်ဖွဲ့စည်းစီခြင်း မဟိဘဲ၊ ပြည်မကြီးလို့ခေါ်စီပြီး ပြည်ထောင်စုအာဏာတခုလုံးကို ပုံအပ်ပီးလိုက်ခြင်းဘဲဖြစ်ပါရေ။ အေပိုင်ဗမာလူမျိုးများက ပြည်ထောင်စုကြီး၏ ဗဟိုအစိုးရအာဏာကို ချုပ်ကိုင်ထားပြီး၊ အခြား တိုင်းရင်းသားလူမျိုးများအား ဇာအာဏာလည့်မဟိဘဲ တိုင်းရို့ပြည်နယ်ရို့ကို ဖွဲ့စည်းရေအခါ ဇာဖြစ်လားရေလဲ။ အကျွန်ုပ်ရို့ရေ ဗမာလူမျိုးရို့၏ကိုလိုနီနယ်၊ ကိုလိုနီကျွန်ဘဝကို ရောက်လားခရရေမဟုတ်လား။ အကျွန်ုပ် အေပိုင်ပြောလိုက်ကေ ဗမာနိုင်ငံရေးသမားတိ လက်မခံချင်ကတ်ပါ။ ဇာဖြစ်လို့လက်မခံချင်လဲဆိုကေ အကျွန်ုပ်စိုင်းစားလို့မရပါ။ အမှန်တရားကိုလက်ခံရဲဖို့ သူရို့မှာ ကောင်းကောင်းဝန်လီးကတ်ပါရေ၊ ကောင်းကောင်းသတ္တိနည်းကတ်ပါရေ။ ပြည်ထောင်စုဆိုပြီး လူမျိုးတမျိုးကဗဟိုအစိုးရဟိ အာဏာတခုလုံးကို ချုပ်ကိုင်ထားရေ။ ကျန်ရေ

လူမျိုးတိစွာ ဗဟိုအစိုးရမှာ ဇာအာဏာမှမဟိပါ။ ပြည်နယ်များဖွဲ့စည်းရေ ခါလည်း နိုင်ငံရေးအာဏာအပြည့်အဝမဟိရေ ပြည်နယ်မျှရာဖြစ်ပြန်ပါရေ။ အေပိုင် အခြားတိုင်းရင်းသားလူမျိုးတိစွာ ပြည်နယ်မှာလည်း ကိုယ်ပိုင်ပြဌာန်းခွင့် နိုင်ငံရေးအာဏာမဟိ၊ ဗဟိုအစိုးရကိုလည်း ဗမာလူမျိုးတမျိုးတည်းကရာ ချုပ်ကိုင်ထားရေဆိုကေ ကျန်ရေလူမျိုးတိရေ ကိုလိုနီအစစ်အမှန်ရာဖြစ်လားပါရေ။ အေချင့် အမှန်တရားပါ။ အမှန်တရားကို သတ္တိဟိဟိလက်ခံရဲမှ အကောင်းဆုံးကိုဖန်တီးနိုင်မယ်။ ယင်းကြောင့် မြန်မာနိုင်ငံ၏အနာဂါတ်ကံကြမ္မာကို အကောင်းဆုံး ဖန်တီးချင်ကေ အတိတ်သမိုင်းကို အမှန်အတိုင်းလက်ခံရဲရဖို့ဖြစ်တယ်။ အေပိုင် အမှန်တရားကို လက်ခံရဲရေသတ္တိမဟိဆိုကေ မြန်မာနိုင်၏ အနာဂါတ်အတွက် အကောင်းဆုံးမျှော်လင့်လို့မရသိမ့်ဆိုစွာ ကောင်းကောင်းပြောရဲပါရေ။

၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေ တတိယအားနည်းချက်က လူမျိုးစုလွှတ်တော်ကို ပြည်ထောင်စုစနစ်အတိုင်းမဟုတ်ဘဲ တပြည်ထောင် စနစ်ကျင့်သုံးရေ အင်္ဂလန်နိုင်ငံက House of Lord ကို ပုံတူကူးချ ထားစွာဖြစ်တယ်။ ပြည်ထောင်စုစနစ်အရ အထက်လွှတ်တော်လို့ခေါ်ရေ လူမျိုးစု လွှတ်တော်မှာ ပြည်နယ်အလိုက်အမတ်ဦးရေ အညီအမျှ စီလွှတ်ကတ်ရဖို့ဖြစ်တယ်။ ယေကေလဲ့သွင့် ၁၉၄၇ ဖွဲ့စည်းပုံအရ လူမျိုးစုလွှတ်တော်ကို ပြည်သူ့လွှတ်တော်ပိုင် လူဦးရေအချိုးအစား အလိုက် လွှတ်တော်အမတ်ဦးရေ ရွေးချယ်စီလွှတ်တေအခါ လူဦးရေအဆမတန်များပြားရေ ဗမာတိက ပြည်သူ့လွှတ်တော်မှာယော၊ လူမျိုးစုလွှတ်တော်မှာပါ လွှမ်းမိုးချယ်လှယ်လို့ရလားရေ။ အေပိုင် ဗမာလူမျိုးတမျိုးတည်းက လွှမ်းမိုးချင်တိုင်း လွှမ်းမိုး၊ ချယ်လှယ်ချင်တိုင်း ချယ်လှယ်လို့ရဖို့အတူတူ ဇာဖြစ်လို့ပြည်ထောင်စုခေါ်နီသိမ့်လဲ။ ဗမာပြည်ထောင်စုဆိုပြီး တပြည်ထောင်စနစ်လုပ်ပါလား။

အဲ....ယင်းပိုင် တပြည်ထောင်စနစ်ဘဲဖြစ်ဖြစ်၊ ပြည်ထောင်စုစနစ်နန့် တပြည်ထောင်စနစ်ရောထားရေ အတုအယောင် ပြည်ထောင်စုနန့်ရာ ဖြစ်ဖြစ်၊ အေတိုင်းပြည်ကို ဖွဲ့စည်းအုပ်ချုပ်နီသမျှ အကျွန်ုပ်ရို့တိုင်းရင်းသားလူမျိုးများ ဇာနည်းနန့်မျှ တန်းတူအခွင့်အရေး မရနိုင်ဆိုစွာ ကောင်းကောင်းမှတ်ထားပါ။ ကိုယ်ပိုင်ပြဌာန်းခွင့်၊ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့် မရနိုင်ဆိုစွာမှတ်ထားပါ။ အကျွန်ုပ်ရို့ဘဝ အာမခံချက် လုံးဝမဟိ ဆိုစွာကိုလည်းမှတ်ထားပါ။ အေပိုင် ဥပဒေပြုအဖွဲ့ကြီးဖြစ်တေ ပြည်ထောင်စုလွှတ်တော်မှာ လူမျိုးတမျိုးတည်းကရာ လွှမ်းမိုးချယ်လှယ်နီဖို့ဆိုကေ ဇာပိုင်လုပ်လို့ အကျွန်ုပ်ရို့ဘဝ အာမခံချက်ဟိနိုင်ဖို့လဲ။ အကျွန်ုပ်ရို့ကောင်းကောင်းကံကောင်းခရေ။ မြန်မာနိုင်ငံမှာ ဟိုင်တလာပိုင် အာဏာသျှင် တယောက်ပေါ်ပေါက်ခကေ ဟိုင်တလာက ဂျူးလူမျိုးအားလုံးကိုသတ်စေဆိုပြီး၊ ဒုတိယကမ္ဘာစစ် အတွင်း ဂျူးလူမျိုး (၆) သန်း အသတ်ခံရရေပိုင် မြန်မာနိုင်ငံမှာဟိရေချင်းလူမျိုး အားလုံးကို သတ်စေဆိုပြီး၊ လွှတ်တော်မှာ တရားဝင်အဆိုတင်သွင်းခကေ အကျွန်ုပ်ရို့ဇာနည်းနန့်ကာကွယ်ဖို့လဲ။ ပြည်သူ့လွှတ်တော်မှာယော၊ လူမျိုးစုလွှတ်တော်မှာပါ သုံးပုံနှစ်ပုံမဲစွာ ဗမာမဲဖြစ်နီရေအတွက် အကျွန်ုပ်ရို့ချင်းလူမျိုး လွှတ်တော်ကိုယ်စားလှယ် အားလုံးတက်ပြီး မဲပီးကန့်ကွက်ကေလဲ့ အလကားရာဖြစ်တယ်။ ညီအစ်ကို တိုင်းရင်းသား ကချင်၊ ကရင်၊ ရခိုင်၊ သျှမ်းစရေ တိုင်းရင်းသား လူမျိုးများချင်း ဖက်ကကာကွယ်မဲပီးကေလဲ့ အလကား၊ အရာမရောက်ပါ။ ဇာဖြစ်လို့ဆိုကေ ပြည်ထောင်စုလွှတ်တော်တခုလုံး၏ သုံးပုံနှစ်ပုံမဲကို ဗမာလူမျိုးတမျိုးတည်းကရာ ပိုင်ဆိုင်ထားရေအတွက် သူရို့ကြိုက်စွာ ဇာမဆိုလုပ်နိုင်ရေ။ အကျွန်ုပ်ရို့မှာ ဥပဒေအရ ဇာအာမခံချက်လည်း မဟိပါ။ နိုင်ငံတော်ဖွဲ့စည်းပုံအုပ်ချုပ်ပုံဥပဒေက အကျွန်ုပ်ရို့ကိုအကာအကွယ် မပီးနိုင်ပါ။ အပြဌာန်းခံဘဝမှာ အကျွန်ုပ်ရို့ရောက်လားခရပါရေ။

အကျွန်ုပ်ဟိုင်တလာကို ဥပမာပီးပြီး အေပိုင်ပြောရေအခါ ဗမာ့နိုင်ငံရေးသမားအချို့က ဗမာပြည်မှာအေပိုင်မဖြစ်နိုင်လို့ ချယ်ပပြောဆို ကတ်ပါရေ။ ကောင်းကောင်းဖြစ်နိုင်ရေ၊ ဖြစ်လည်းဖြစ်ခပြီးပျာယ်။ ပါလီမန်ဒီမိုကရေစီခစ်လို့ခေါ်ရေ ဦးနုခစ်မှာဖြစ်ခပြီးပျာယ်။ ဦးနုက ဇာလုပ်လေဆိုကေ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် လွှတ်တော်မှာ ဥပဒေနန့်ပြဌာန်းခရေ။ ယင်းအချိန်က အကျွန်ုပ်ရို့ပြည်နယ်သားတိ ဗုဒ္ဓဘာသာဝင် မဟုတ်တေ ပြည်နယ်သားတိက ဇာပိုင်ပင်ကန့်ကွက်မဲပီးပီး၊ ပင်လယ်ထဲကို ရီတစက်ကျသလောက်တောင်အရာမထင်ခပါ။ လူဦးရေနည်းပါးရေ အကျွန်ုပ်ရို့တိုင်းရင်းသားလူမျိုးတိကို ဗမာလူမျိုးကြီးတိက အနိုင်ကျင့်ခရေ။ အေပိုင်တိုင်းရင်းသားလူမျိုးတိကို နိုင်ငံရေးအရတန်းတူရည်တူ အခွင့်အရေးမပီးဘဲ လူဦးရေပိုများရေ ဗမာလူမျိုးတိကို ပြည်ထောင်စုအာဏာတခုလုံး ပုံအောပီးထားခစွာရေ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေ၏ အဓိကအားနည်းချက်ဖြစ်တယ်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအုပ်ချုပ်ပုံဥပဒေ အားနည်းချက်ကို အထူးမပြောလိုပါ။ ဇာဖြစ်လို့လဲဆိုကေ ၁၉၇၄ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေစွာ အရင်းအမြစ်အားဖြင့် ပြည်ထောင်စုစနစ်မဟုတ်ဘဲ တပြည်ထောင်စနစ်ရာ ဖြစ်တယ်။ တပြည်ထောင်စနစ်၏အနှစ်သာရ The essential Quality of Unitary State ၏ပထမအချက်မှာ The Supremacy of the Central Parliament ဖြစ်ပြီး၊ ဒုတိယအချက်က The Absence of Subsidiary Sovereign Bodies ဖြစ်တယ်။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေစွာ အထက်ပါအချက် (၂) ချက်စလုံးနန့် ပြည့်စုံပါရေ။ ယင်းအတွက်ကြောင့် တပြည်ထောင်စနစ် Unitary

စစ်စစ် ဖြစ်တယ်။ နာမည်ဝေါဟာရအားဖြင့် ဇာပိုင်ပင် ပြည်ထောင်စုပြောပြော လိမ်ညာမှုသတ်သတ်ရာဖြစ်တယ်။ သို့အတွက်ကြောင့် ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေအရဖွဲ့စည်းထားရေ ပြည်ထောင်စုစွာ အတုအယောင် ပြည်ထောင်စုဖြစ်ပြီး၊ ၁၉၇၄ ဖွဲ့စည်းပုံဥပဒေအရ ဖွဲ့စည်းထားရေ ပြည်ထောင်စုစွာ အလိမ်အညာပြည်ထောင်စု ကြီးဖြစ်တယ်။ အကျွန်ုပ်ရို့ နှစ်ကြိမ်တိုင်တိုင်အလိမ်ခံရပါပျာယ်။ အဂု တတိယအကြိမ် အလိမ်ခံရကေတောခါ လိမ်ရေလူအပြစ်မဟုတ်၊ အလိမ်ခံရသူ အကျွန်ုပ်ရို့ တိုင်းရင်းသားတိအပြစ်ရာဖြစ်ပါလိမ့်မယ်။ ယေဇူးနန့် အကျွန်ုပ်ရို့ တိုင်းရင်းသားတိ သမိုင်းတရားခံမဖြစ်ဖို့ အများကြီးသတိထားကတ်ရဖို့။ ကြိုးစားကတ်ရဖို့၊ ဇွဲဟိရဖို့၊ သတ္တိဟိရဖို့၊ ပန်းတိုင်ကို မရောက်ရောက်အောင် ချီတက်ကတ်ရဖို့ဖြစ်တယ်။ အကျွန်ုပ်ရို့ ပန်းတိုင်စွာဇာလဲ။ မြန်မာနိုင်ငံအတွင်းဟိ တိုင်းရင်းသားလူမျိုးများအားလုံး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝဟိပြီး နိုင်ငံရေးအရ တန်းတူရည်တူအခွင့် အရေးရဟိရေးကို အာမခံချက်ပီးနိုင်မည့် ပြည်ထောင်စုစနစ်တည်ဆောက် ရေးရာဖြစ်ပါရေ။ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို စစ်မှန်ရေ ပြည်ထောင်စုစနစ်နန့် ရှီးဆွဲပြဋ္ဌာန်းရေးရာဖြစ်ပါရေ။

အကျွန်ုပ်ရို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်က လက်ခံထားရေ ပြည်ထောင်စုစစ်စစ်မှုထဲက အဓိကကျရေ အချက်တချို့ကို တင်ပြလိုက်ပါမယ်။ အကျွန်ုပ်ရို့လက်ခံထားရေ ပြည်ထောင်စုစစ်စစ်မှု ပထမအချက်က တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာအပြည့် အဝအပ်နှံထားရေ "မူ" ဖြစ်တယ်။ ဆိုလိုစွာက အမျိုးသားပြည်နယ်များ ကို ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနန့် တရားစီရင်ရေးအာဏာတိ ကို အပြည့်အဝအပ်နှံထားရဖို့ဖြစ်တယ်။ ပြီးကေ တနိုင်ငံလုံးအတိုင်းအတာ အရဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရကိုလွှဲအပ်ထားရေ နိုင်ငံတော် ကာကွယ်ရေး၊ ငွေစက္ကူနန့်ငွေဒင်္ဂါးထုတ်လုပ်ရေး၊ နိုင်ငံခြားဆက်သွယ်ရေး နန့် အခြားယာယီလွှဲအပ်ထားရေ လုပ်ပိုင်ခွင့်အာဏာများမှအပ ကြွင်းကျန်ရေ လုပ်ပိုင်ခွင့်အာဏာ Residual Power များကို ပြည်နယ်အစိုးရထံ အပ်နှံထားရဖို့ဖြစ်တယ်။

ဒုတိယအချက်က ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ဖွဲ့စည်းရေအခါ ပထဝီအနီအထားအပေါ် အောက်ခြီခံ၍ ဖွဲ့စည်းခြင်း မဖြစ်စီဘဲ၊ လူမျိုးကိုအောက်ခြီခံရေ ပြည်နယ်တိရာဖြစ်ရမယ်။ ဇာဖြစ် လို့လဲဆိုကေ အေ "မူ" ကို ချမှတ်ရရေလဲဆိုကေ အဂု ဒီမိုကရေစီ လှုပ်လျှားမှုကာလမှာ တချို့ဖောက်ပြန်ရေ အလွန်အောက်တန်းကျ လူမျိုးရေးဝါဒသမားများက ဇာပြောရေလဲဆိုကေ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး အကြောင်းပြချက်ဖြင့် ပြည်နယ်များကိုလူမျိုးကိုအောက်ခြီ မခံဘဲ၊ ပထဝီအနီအထားကို အောက်ခြီခံပျာယ် ဟားခါးပြည်နယ်၊ စစ်တွေပြည်နယ်၊ တောင်ကြီးပြည်နယ်စသည်အားဖြင့် နာမည်ကိုပါ ပြောင်းလဲပစ်ဖို့ကြံစိုင်နီကတ်တယ်။ အေချင့်ရေ အကျွန်ုပ်ရို့အမျိုးသားရေး လက္ခဏာ National Identity နန့် သီးခြားလူမျိုးတမျိုးအဖြစ် ရပ်တည်ခြင်းကို ပြောင်ပြောင်တင်းတင်း သတ်ချိုးခြင်းရာဖြစ်တယ်။ ဗမာလွှမ်းမိုးရေးဝါဒ Burmanization ယင်းပိုင်မှမဟုတ်ကေ အောက်တန်းကျမြန်မာလွှမ်းမိုးရေး Myanmarnization လုပ်ဖို့ ကြိုးစားခြင်းဖြစ်တယ်။ အေနီ မြန်မာနိုင်ငံမှာလူမျိုးရေးအတွက် လူမျိုးဆိုင်ရာ အခွင့်အရေးအတွက်ရာမက အမျိုးသားလက္ခဏာ National Identity ကိုဖော်ထုတ်ဖို့ လက်နက်ကိုင်တော်လှန်ရေး လုပ်နီရေ အဖွဲ့အစည်းအများကြီးဟိနီပါရေ။ အေသူရို့ကြောင့် ပြည်တွင်းစစ်မီးကြီးတောက်လောင်နီရေဆိုစွာ မိနီကတ်တေထင်ရေ။ အကျွန်ုပ်ရို့စွာ မိမိရို့အမျိုးသားလက္ခဏာ National Identity ကို ထိန်းသိမ်းကာကွယ်ဖို့ နောက်ဆုံးထွက်သက်အထိ တိုက်ပွဲဝင်လားကတ်ရဖို့ ဖြစ်တယ်။ အကျွန်ုပ်ရို့ကို လူမျိုးတမျိုးအဖြစ် အသိအမှတ်မပြုရေ အောက်တန်းကျလူမျိုးရေးဝါဒီများကို နံပါတ်တစ်ရန်သူအဖြစ် သတ်မှတ်တိုက်ခိုက် လားကတ် ရဖို့ဖြစ်တယ်။

အကျွန်ုပ်ရို့ တတိယ "မူ" က ပြည်ထောင်စုအစိုးရကို အမျိုးသားပြည်နယ်များ တန်းတူရည်တူပူးပေါင်းပြီးမှ ဖွဲ့စည်းရေးဖြစ်ပါရေ။ အေပိုင် ဖွဲ့စည်းရေအခါ ပြည်ထောင်စုလွှတ်တော်မှာ လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်) နန့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ဆိုပြီး လွှတ်တော်နှစ်ရပ် ထားဟိရမယ်။ လူမျိုးစုလွှတ်တော်မှာ အမျိုးသားပြည်နယ်များက လွှတ်တော်အမတ်ဦးရေ အညီအမျှစီလွှတ်ကတ်ရမယ်။ ပြည်နယ်ဇာလောက်ကြီးကြီး၊ ဇာလောက်ငယ်ငယ်၊ လူဦးရေဇာလောက်များများ၊ ဇာလောက်နည်းနည်း လွှတ်တော်အမတ်ဦးရေ အညီအမျှစီ လွှတ်ကတ်ရမယ်။ ယေမှရာ အမျိုးသားပြည်နယ်များ တန်းတူရည်တူပူးပေါင်းရေ ပြည်ထောင်စုစနစ်ဆိုရေ အနှစ်သာရ ပေါ်လွင်ဖို့ဖြစ်တယ်။ ပြည်သူ့လွှတ်တော်ကျကေ လူဦးရေအချိုးအစား အလိုက် လွှတ်တော်ကိုယ်စားလှယ်များကို စီလွှတ်ကတ်ရဖို့ဖြစ်တယ်။ အေပိုင် အင်္ဂါရပ်နန့်ပြည့်စုံရေ ပြည်ထောင်စုစနစ်တည်ဆောက်ရေးစွာ အကျွန်ုပ်ရို့ပန်းတိုင်ဖြစ်တယ်။

အေပန်းတိုင်ကို အရောက်ချီတက်ဖို့ အကျွန်ုပ်ရို့စွာ ဒီမိုကရေစီဖက်တော်သားများပီပီ လူထုအင်အားကို အသုံးပြုလားကတ်ရဖို့ဖြစ်တယ်။ ကိုယ့်လူမျိုးကိုကိုယ်အားကိုးကတ်ရဖို့။ ကိုယ့်ပြည်သူကို ယုံကြည်ကတ်ရဖို့ဖြစ်တယ်။ အေနီရာမှာ အကျွန်ုပ်ရို့ပြည်နယ်သားများ အယူအဆ လွဲမှားနီစွာတခုကို သတိထားမိရေ။ ဇာလဲဆိုကေ ကိုယ့်လူမျိုး ကိုယ့်ပြည်သူကိုအားမကိုးဘဲ

လူမျိုးခြားဂေါင်းဆောင်လုပ်တေ ပါတီကိုမှ အားကိုးရေလူ၊ အထင်ကြီးရေလူ၊ အများကြီးလည်းတွိနီရပါရေ။ ရိုးမတဖက်က ရန်ကုန်မြို့ပေါ်မှာ ဌာနချုပ်ဖွင့်လှစ်တေပါတီကိုမှ အထင်ကြီးကတ်တယ်။ အေချင့်တိရေ အမြင်မချင်းလို့ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ စစ်မှန်ရေပြည်ထောင်စုစနစ်အရ ပြည်နယ်များနိုင်ငံရေးအာဏာအပြည့်အဝဟိပျာယ် ရခိုင်လူမျိုးများ အတွက် ရခိုင်ပြည်နယ်အစိုးရဖွဲ့စည်းဖို့၊ ချင်းလူမျိုးများအတွက် ချင်းပြည်နယ်အစိုးရဖွဲ့စည်းဖို့၊ ကိုယ့်ပြည်နယ်ကိုယ့်လူမျိုးကို အောက်ခြီခံရေ အမျိုးသားပါတီများလိုအပ်တယ်။ အေပိုင် ပြည်နယ်များပူးပေါင်းရေ အချိန်ကျခါမှ အင်အားတောင့်တင်းရေ ပြည်ထောင်စုအစိုးရကို ဖွဲ့စည်း ထူထောင်နိုင်ဖို့ဆိုစွာ သဘောပေါက်ထားဖို့လိုအပ်တယ်။ တချို့တချို့ ပုဂ္ဂိုလ်တိမှာသိယင့်သားနန့် အခွင့်အရေးအတွက်ကိုယ့်လူမျိုးကို ပစ်ပယ်ပြီးကေ ရိုးမတဖက်ကဗမာပါတီကို လားပြီးဖူးမျှော်နီကတ်တယ်။ "အေပိုင်ဖောက်ပြန်ရေအချောင်သမားတိကို ခစ်သစ်သေန်တွေလို့ အကျွန်ုပ်က နာမည် ပီးလိုက်ချင်ပါရေ။" ရခိုင့်သမိုင်းမှာဟိခပါရေ။ မြောက်ဦးခစ် မဟာသမတမင်းလက်ထက်မှာ ရခိုင်ပြည်တွင်းရေး ပြဿနာဖြေချင်းဖို့ သေန်တွေ ဆိုရေပုဂ္ဂိုလ်စွာ ကိုယ့်ရခိုင်ပြည်သူအင်အားကိုအားမကိုးဘဲ ဗမာဘုရင်မောင်ဝိုင်းကိုလားလို့အကူအညီ တောင်း ပင့်ဖိတ်ခရေ။ ဗမာဘုရင်မောင်ဝိုင်းက ကုန်းတပ်ရီတပ်နန့် ရခိုင်ပြည်ကိုစစ်ချီလာရေအခါ ဇာဖြစ်လားရေလဲ၊ ရခိုင်လူမျိုးရို့ရေ ကျွန်ဘဝကိုရောက်လားခရရေ။ အဂုလည်း ခစ်သစ်သေန်တွေ တိကြောင့် အကျွန်ုပ်ရို့ပြည်နယ်သားများကျွန်သက်ရှည်နိုင်ရေ။ အေပိုင် အတွင်းဖောက်ပြန်ရေး အင်အားစုတိစွာ အပြင်ရန်သူထက် ပိုဆိုးပြီးကေ ပိုလည်းကြောက်ဖို့ ကောင်းပါရေ။ ယေဇူးနန့် ခစ်သစ်သေန်တွေတိကို အထူးသတိထားကတ်ပါလို့ အကျွန်ုပ်တိုက်တွန်းလိုပါရေ။

အကျွန်ုပ်ရို့တိုက်ပွဲစွာ ရန်သူအမျိုးမျိုးနန့်တွိကြုံပြီးကေ အခက်အခဲအမျိုးမျိုးနန့် ရင်ဆိုင်ရဖို့ဖြစ်တယ်။ ယေကေလဲ့သွင့် ကနိအကျွန်ုပ်ရို့ ဆင်နွဲနီရေတော်လှန်ရေးစွာ မြင့်မြတ်မှန်ကန်ရေ တော်လှန်ရေးဖြစ်တယ်။ ဒီမိုကရေစီနန့်တန်းတူရေးစွာ လူသားတိုင်း၏ မွီးရာပါအခွင့်အရေးဖြစ်တယ်။ ယေဇူးနန့် လူသားတိုင်းရဟိခံစားသင့်ရေ။ အေချင့်ရေ အမှန်တရားဖြစ်တယ်။ သစ္စာတရားလည်းဖြစ်တယ်။ အကျွန်ုပ်ရို့တိစွာ အမှန်တရား၏ ဘက်တော်သားများဖြစ်တယ်။ အမှန်တရား၏ဘက်တော်သားများက အနာဂါတ်ကိုပိုင်ဆိုင်ရဖို့ဖြစ်တယ်။ အနာဂါတ်ကိုပိုင်ဆိုင်ရေအတွက် အကျွန်ုပ်ရို့ တော်လှန်ရေးစွာ မုက္ခ အောင်ပွဲခံရဖို့လို့ ပြောကြားယင်းနိဂုံးချုပ်အပ်ပါရေ။

ကောင်းကောင်းအများကြီးကျေးဇူးတင်ပါရေ။

(ဆလိုင်းလျှန်မှုန်းဆာခေါင်)
၁၉၉၀ ပြည့် မတ်လ (၁၄) ရက်နိ မြောက်ဦးမြို့၌ဟောပြောချက်၊
ရခိုင်ဘာသာပြန် ကျော်ဝင်းချေ (ပေါက်တော)

# အသျှင်ဥတ္တမ၏နိုင်ငံရေးအကြမ်းမဖက်လှုပ်လျှားမှု

အသျှနီဝန်သျှင်ရဟန်းပျံလွန်ခစွာ (၆၁) နှစ်ပြည့်လာပျာ၊ အာဇာနီအသျှင်ဥတ္တမ ပျံလွန်ခကေလဲ့ အာဇာနီ၏ဘွဲ့နာမည်ကား မပျံလွန် သိမ့်ပေ။ အာဇာနီ၏ဝိညာန်ရေ ရခိုင်ပြည်သူပြည်သားနန့် မြန်မာပြည်သူပြည်သားရို့၏နှလုံးသား၌ အမြဲထာဝရ ကိမ်းအောင်းလျက်ပင်၊ သတိရ လျက်ပင် ဟိကတ်ပါရေ။ ပြောမကုန်ဟောမကုန်၊ ရှီးမကုန် ဖတ်မကုန် အာဇာနီ၏ဂုဏ်ကျေးဇူးကား မြင်းမိုရ်မကကြီးမားပါရေ။

ဆရာတော်ရေ မြန်မာတနိုင်ငံလုံး အင်္ဂလိပ်နယ်ချဲ့ ကျွန်သဘောက်ဘဝရောက်နီစိုင် နယ်ချဲ့ဆန့်ကျင်ရေးနန့် ကိုလိုနီကျွန်ပြုဆန့်ကျင်ရေး တိုက်ပွဲ၏တပ်ဦးဂေါင်းဆောင်ကြီး ပုဂ္ဂိုလ်တပါးပင်ဖြစ်ပါရေ။ မြန်မာ့လွတ်လပ်ရေးသမိုင်းမှာ အင်္ဂလိပ်နယ်ချဲ့ ဘုရင်ခံဆာရီဂျီနယ်(လ်) ကရက်ဒေါက်ကို **(Creddock, Get out of Burma)** မြန်မာပြည်က ထွက်လားရန် ပထမဆုံး ရဲရဲတောက် စိန်ခေါ်ခသူဖြစ်ပါရေ။ ဆရာတော်ရေ အင်္ဂလိပ်ဘုရင်မပါးက အာသျှတိုက်တခုလုံးကို ကျွန်ဘဝကလွတ်မြောက်ရန် အလျှုံခံဖူးခရေလို့ လူကြီးမိဖတိပြောစကားကိုကြားဖူးပါရေ။ ဆရာတော်ကို မြန်မာ တမျိုးသား လုံး၏ကျေးဇူးသျှင်ဆရာတော်ကြီးအဖြစ်၄င်း၊ မျိုးချစ်အာဇာနီ ရခိုင်သားကောင်းအဖြစ်၄င်း၊ ကိုလိုနီနယ်ချဲ့ကျွန်ပြုဆန့်ကျင်ရေးနန့် တနိုင်ငံလုံး အမျိုးသားလွတ်မြောက်ရေးရှိဆောင်လမ်းပြ မီးရှူးတန်းဆောင်အဖြစ်၄င်း၊ မြန်မာ၊ အာသျှနန့် ကမ္ဘာတဝှန်း ကမ္ပည်းတင်ရှီးထိုး မှတ်တမ်းတင်ခ ကတ်ပါရေ။ ယင်းအချိန်က ဆရာတော်ကြွလားရေနယ်မြီများမှာ ဆရာတော်ကို သောင်းသောင်းဖြဖြ ကြိုဆိုတီးမှုတ် ကခုန်ညည်ခံကတ်ပါရေ။ အချို့ နီရာများမှာ ဆရာတော်ကြီး ကြွချီရာလမ်းတလျှောက် အမျိုးသမီးများက သူရို့၏ဆံပင်များကို ဖြန့်လျက်၄င်း၊ အဖိုးထိုက်တန်ရေပိုးကတ္တီပါများ၊ ကိုယ်ရုံပုဆိုးပိုင်းများ၊ မျက်နှာသုတ် (တောက်လျှာပိုင်း) များဖြန့်ချလျှက်၄င်း၊ လူကိုယ်တိုင် လမ်းထက်၌လဲယောင်း၍၄င်း၊ ဆရာတော်ကြီးကို လမ်းခင်းပီးကတ်ပါရေ။ ဆရာတော်တရားဟောတိုင်း လူကြီးလူငယ်၊ လူလတ် ရဟန်းသံဃာ ကျောင်းသား၊ နိုင်ငံရေးသမားများနှင့် ယောကျ်ားမိန်းမ၊ သက်ကြီးရွယ်အို မကျန် စည်ကားသစ်မြိုက် အားပီးထောက်ခံကတ်ပါရေ။

မြန်မာနိုင်ငံရေ နယ်ချဲ့အင်္ဂလိပ်လက်အောက်မှာ ကျွန်ဘဝဖြင့် ခိုကိုးရာကင်းမဲ့နီစိုင် နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ လူမှုရေးအစစအရာ ရာမှာ မျက်စိပိတ်နားပိတ်ခံနီရပါရေ။ မြန်မာတနိုင်ငံလုံးဟိ ထွက်ကုန်သယံဇာတတိကို နယ်ချဲ့အစိုးရနန့်စီးပွားရေးသမားတိ၏ အမြတ်ထုတ် သွီးစုတ်ခြင်းခံနီရပါရေ။ ပြည်သူပြည်သားတိလည်း ရက်စက်ညှင်းပန်းခြင်း ခံနီကတ်ရပါရေ။ အင်္ဂလိပ်တိကို အသျှင်သခင်အဖြစ် မော်မကြည့်ဝံ့အောင် ယုတ်မာစွာ ပြုလုပ်အုပ်ချုပ်ထားပါရေ။ ယင်းအချိန်မှာ မြန်မာတနိုင်ငံတည်းမဟုတ်၊ အာသျှတိုက်ကြီးတခုလုံးပင် ဥရောပတိုက်သားတိကို စစ်ဘုရင် အဖြစ် အမှတ်ထင်နီကတ်ပါရေ။ ခစ်မှီလက်နက်ကိုင်ဆောင်ထားရေ ဥရောပနယ်ချဲ့စစ်ဘီလူးတိရေ တနိုင်ငံလုံးမှာ နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေး ဂေါင်းမမော့စီရန် ဖိနှိပ်ချုပ်ချယ်ထားပါရေ။ ပြင်းပြင်းထန်ထန် နှိပ်စက်ခြင်းလည်းခံနီကတ်ရပါရေ။ အေအပြုအမူတိကို ဆရာတော်ရေ ကကောင်း မုန်းတီးပါရေ။ ယင်းအတွက်နန့် ဆရာတော်ရေ အေနယ်ချဲ့မိစ္ဆာကောင်တိကို ဇာပိုင်တော်လှန်နှင်ထုတ်ရဖို့လဲဆိုစွာကို အထူးဝိသေသပြု စိုင်းစား ကြံဆလာပါရေ။ ဆရာတော်၏အထူးဝိသေသမှာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရဖြေချင်းရန်ပင်ဖြစ်ပါရေ။ တနည်းပြောရကေ နိုင်ငံရေး အကြမ်း မဖက်မှု လမ်းစိုင်ပင်ဖြစ်ပါရေ။

ယင်းကြောင့် ဆရာတော်ရေမြန်မာတနိုင်ငံလုံးကို နိုင်ငံရေး နိုးကြားလာစီရန် တပြည်လုံးစည်းလုံးညီညွတ်လာစီရန် အနယ်နယ် အရပ်ရပ်ကို လားရောက်ကြွချီခပါရေ။ တော်လှန်တိုက်ပွဲမဝင်ရဲသူရို့ကို တော်လှန်တိုက်ပွဲဝင်ရန် ရဲစိတ်တင်ပီးခရေ။ “ကြောက်မှီးပါ ဇာဂနာနန့် နှုတ်လို့ပစ်” ရဲစိတ်တင်လို့ဆော်ခပါရေ။ ယင်းပိုင် တနိုင်ငံလုံးကို လားရောက်ယင်း ပြည်သူလူထုရို့ကိုစည်းရုံးယင်း အကျိုးသင့်အကြောင်းသင့် နိုင်ငံရေးတရား များကို ဟောပြောလှုံ့ဆော်ခပါရေ။

ဆရာတော်ရေ ရဟန်းသံဃာအခန်းကဏ္ဍနန့် ပြည်သူရို့၏လွတ်လပ်ရေးဆက်စပ်နီပုံကို မိန့်ကြားခပါသိမ့်ရေ။ “နိုင်ငံခြားလူမျိုးရို့ တရားမဝင် အုပ်ချုပ်မှုအောက်မှာ အသျှင်ဘုရားရို့ ရဟန်းသံဃာတိရေ နိဗ္ဗာန်လမ်းကြောင်းကိုလည်း လျှောက်လှမ်းခြင်းမရနိုင်။ (ဝါ) နိဗ္ဗာန်လမ်း ကိုရဟိရန် မိမိရို့၏မှန်ကန်ရေကျင့်ဝတ်ကို ဖြောင့်ဖြောင့်တန်းတန်း ငြိမ်းချမ်းစွာ ကျင့်ဆောင်ရန်လည်းမဖြစ်နိုင်။ ကိုလိုနီအုပ်ချုပ်ခံဘဝမှာ ရဟန်းသံဃာရို့၏ အီးမြရေ အရိပ်အာဝါသရေ လုံးဝမဟိနိုင်။ ယင်းကြောင့် ကိုလိုနီလက်အောက်ခံဘဝမှာ ကိုးကွယ်သူတကာ တကာမ ပြည်သူရို့၏ဒုရေးသုရေး၊ ကိုးကွယ်ခံ ရဟန်းသံဃာရို့၏အခန်းကဏ္ဍ ခွဲခြားမရနိုင်။” စသည်ဖြင့် ဆရာတော်ဟောပြောစည်းရုံးခပါရေ။

ယင်းပိုင် ပြည်သူလူထုကိုလည်း စည်းရုံးရေးတရားဟောရာမှာ ဆရာတော်ရေ ပြည်သူရို့စိတ်အားတက်ကြွစီရန်၊ သတ္တိပြည့်ဝလာစီရန် လူထုအစည်းအဝေးကြီးတခုမှာ “ရဲဝံ့သတ္တိ တရားနန့်ကင်းဝီးနီပါက ခွန်အားသျှင်နန့်မဟာမိတ်မည်သို့ပင်

ပြုလုပ်ထားသည်ဖြစ်စီ နောက်ဆုံး မုက္ခ မြီကြီးလက်ဝါးခတ်မလွဲ ဆုံးချုံးမှုနန့်ရင်ဆိုင်ရဖို့ရာဖြစ်တယ်။ သတ္တိကြောင်သူရို့ရေ ဗျူရိုကရက်အသျှင်သခင်ရို့၏အမိန့်အာဏာတိကို ဝေါင်းညွှတ် လိုက်နာ ကောင်အထည်ဖော်ကတ်တယ်။ သူရို့၌ စိတ်ကူးစိတ်သန်းကောင်းလည်းမဟိ။ သူရို့၏နှလုံးသား၌ ဝံသာနုမျိုးချစ်စိတ် (ဝါ) အမှန်တရား အတွက် နီရာလည်းမဟိ။ သူရို့မှာကား လူမှုရေးအပယ်ခံ အညစ်အကြေးတိ လူမစင်များရာဖြစ်တယ်။ ဒီမိုကရေစီတိုင်းပြည်မှာ အုပ်ချုပ်သူရို့၏ မှားယွင်းရေအုပ်ချုပ်မှုကိုဝေဖန်ရန် (သို့မဟုတ်) ဆန့်ကျင်တိုက်ခိုက်ရန် အခွင့်အရေးအပြည့်အဝ လူထုမှာရာဟိရေ” စသည်ဖြင့် နိုင်ငံရေးတရားများ ဟောပြောခပါရေ။

ဆရာတော်ရေ မြန်မာတနိုင်ငံလုံးမှာ တရားဟောယင်း၊စည်းရုံးယင်း၊ နိုင်ငံရေးလှုံ့ဆော်ယင်း၊ နီရာအနှံ့အပြားကို မညောင်းမညာ လားရောက်ခပါရေ။ ဘဝတူအဖိနှိပ်ခံပြည်သူတိလည်း သဘောပေါက်နားလည် ထောက်ခံအားပီးကတ်ပါရေ။ နိုင်ငံရေးနိုးကြားသူတိလည်း ဆရာတော်၏နောက်လိုက်အဖြစ်တပည့်ခံကတ်ပါရေ။ စည်းရုံးရေးအင်အားပိုမိုကောင်းမွန်လာရေခါ ဆရာတော်ကို ဘုရားတဆူ ဂုတလုံးပိုင် တနိုင်ငံလုံးက ကိုးကွယ်လာကတ်ပါရေ။ ရခိုင့်အာဇာနီ အသျှင် ဥတ္တမအဖြစ်၄င်း၊ မြန်မာ့လွတ်လပ်ရေးအလင်းရောင်၊ မြန်မာ့လွတ်လပ်ရေးဖိသုကာ အဖြစ်၄င်း တနိုင်ငံလုံးက ထောက်ခံလာကတ်ပါရေ။ ဆရာတော်ရေ ကမ္ဘာ့နိုင်ငံအသီးသီးကိုကြွရောက်ပနာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတိကို လေ့လာပြီးကေ ဘဝတူကိုလိုနီအာသျှနိုင်ငံတိကိုလည်း လွတ်လပ်ရေးရောင်ခြည်တိ ပီးကမ်းခပါသိမ့်ရေ။ ၁၉ဝ၇ ခု ဖေဖော်ဝါရီလမှာ ဂျပန်ပြည်မှာ ကျင့်ပရေ အဖိနှိပ်ခံနိုင်ငံပေါင်းစုံညီလာခံသို့လည်း ဆရာတော်တက်ရောက်ခပါရေ။ ယင်းညီလာခံမှာ ကိုလိုနီစနစ် ဆန့်ကျင်ရေးမဟာဗျူဟာအဖြစ် အာသျှနိုင်ငံတိ သွီးစည်းညီညွတ်ရေး (Asia Unification) စီမံကိန်းတရပ်ကို ဆရာတော် ဦးဆောင်တင်သွင်းခပါရေ။ ယင်းညီလာခံမှာ ဆရာတော်ကို နိုင်ငံအရပ်ရပ်က တက်ရောက်လာကတ်တေ ကိုယ်စားလှယ်တိရေ ချစ်ခင်လေးစားစွာနန့် အာသျှနီဝန်းကြီး (Sun of Asia) လို့ ခေါ်ဝေါ်သမုတ် ခကတ်ပါရေ။

၁၉ဝ၅ ခု အာသျှနိုင်ငံသားဖြစ်တေ ဂျပန်ရေ ရုသျှားကို အပြတ်အသတ် စစ်နိုင်လိုက်တေအခါ ဆရာတော်ရေဂျပန်ကို အထင်မကြီးဘဲ မနီနိုင်ပါပျာယ်။ ယင်းအတူ အာသျှတိုက်သားရို့လည်း ဂျပန်ကို စိတ်မဝင်စားဘဲမနီနိုင်ပါပျာယ်။ ဥရောပတိုက်သား အင်္ဂလိပ်ကို အာသျှတိုက်သား တိလည်း စစ်တိုက်နိုင်ရေကာလို့ စိတ်မှာစွဲမှတ်စပြုလာကတ်ပါရေ။ စိတ်ဓါတ်လည်းနိုးကြားလာကတ်ပါရေ။ ဆရာတော်ကိုယ်တိုင် ဂျပန်လူမျိုး အကြောင်း ဂျပန်ရို့၏စိတ်စွမ်းရေသတ္တိကို လေ့လာဆည်းပူးချင် ရေစိတ် ပေါ်ပေါက်ခလီပါရေ။ ယင်းကြောင့် ဆရာတော်ရေ ၁၉ဝ၇ ခုနှစ်က ရခိုင်ပြည်က ဂျပန်သို့ ထွက်လားခပါရေ။ ဂျပန်တိုကျိုတက္ကသိုလ်မှာ ပါဠိနန့် သသ်ကရစ်ဘာသာကထိကအဖြစ် နှစ်နှစ်တာဝန်ယူပနာ ဂျပန်လူမျိုးရို့၏ နိုင်ငံရေး၊ စစ်ရေးအပြင် ကမ္ဘာ့နိုင်ငံရို့၏လှုပ်လျှားပြောင်းလဲဆောင်ရွက်မှုစသည်များကို အချိန်ယူပျာလေ့လာခပါရေ။

ဆရာတော်ရေ ၁၉၁ဝ ခုနှစ် ဂျပန်ပြည်က ထွက်လားပြီးကေ အာသျှတခွင်ကိုလားရောက်ခပါရေ။ နိုင်ငံရေးဝေါင်းဆောင်တိနန့်လည်း တွိဆုံ ဆွေးနွေးခပါရေ။ အာသျှတခုလုံးလွတ်မြောက်ရေးနန့် နယ်ချဲ့ ဗြိတိသျှရို့ကို အာသျှတိုက်မှ အပြီးအပိုင်နှင်ထုတ်နိုင်ရေးတိကို အိန္ဒိယဝေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ၊ တရုပ်ပြည်ဝေါင်းဆောင်ကြီး ဒေါက်တာ ဆွမ်ယက်ဆင်ရို့နန့် တွိဆုံဆွေးနွေးခပါရေ။

ဆရာတော်ရေ ရခိုင်ပြည်ပြန်ရောက်ပြီးနောက် ဗမာပြည်နန့် ရခိုင်ပြည်ရို့ လက်ဟိအနီအထားတိကို သုံးသတ်ပါရေ။ ထို့အပြင် အာသျှ နိုင်ငံတိရေ ဗြိတိသျှနယ်ချဲ့ကို စစ်ရေးအရ အပြတ်အသတ် အနိုင်ယူနိုင်မည် ဟိမဟိကို အပြန်အလှန်စစ်တမ်းထုတ်ပါရေ။ အထူးသဖြင့် မိမိရို့ ရခိုင်ပြည်နန့်ဗမာပြည်မှာ ဗြိတိသျှကိုတိုက်ထုတ်ဖို့ နှိုင်းယှဉ်ကြည့်ရေခါ ဂျပန်ရေစက်မှုလက်မှု အင်တန်အားကောင်းနီပျာယ်။ ရခိုင်နန့်ဗမာရို့မှာ ဓါးကောင်းကောင်းတချောင်းမဟိကတ်စွာကို ဆရာတော် ကောင်းကောင်း သဘောပေါက်လာပါရေ။ မြန်မာတိုင်းရင်းသားရို့ဖြစ်တေ ကချင်၊ ကရင်၊ ချင်း၊ မွန်၊ သျှမ်းရို့မှာလည်း စည်းရုံးရေးအင်အား ဖရိုဖရဲဖြစ်နီကတ်တယ်။ စစ်တိုက်ရန်မလွယ်ကူ။ ယင်းကြောင့် ဆရာတော်ရေ တနိုင်ငံလုံး လွတ်မြောက်နိုင်ရန် လူထုအင်အားနန့်စည်းရုံးတိုက်ခိုက်ခြင်းကို ရွီးချယ်လိုက်ပါရေ။ တနည်းအားဖြင့်ဆိုကေ နိုင်ငံရေးအကြမ်းမဖက်မှု တိုက်ပွဲ သဏ္ဍာန်ကို ရွီးချယ်လိုက်ခြင်းပင်ဖြစ်ပါရေ။

ဆရာတော်ရေ မြို့ကြီးမြို့ငယ်တိမှာ နိုင်ငံရေးတရား စတင် မဟောဘဲ (မုန့်လပွီကို အလယ်ကဖောက်စားလို့မရ အစကစားမှရာ ရရေ။) စကားနန့်အညီ တောရွာချေတိကို စတင်လှည့်လည်ပနာ နိုင်ငံရေးတရားဟောပါရေ။ ၁၉၂၂ ခုနှစ်မှာ ဒေးဒရဲမြို့နယ် ဆုပ်ကလပ်ရွာမှာ နိုင်ငံရေး လှုံ့ဆော်စတင်တရားဟောရာ ဖျာပုံအရေးပိုင်ကတရားစွဲဆိုပါရေ။ ယင်းကြောင့် ကျောင်းကုန်းမြို့မှာတရားဟောနီစိုင် အဖမ်းခံရပါရေ။ ရခိုင် အမျိုးသား တရားရေးဝန်ကြီးအခင်မဲအောင်မှာ ၁၉၂၂ ခုနှစ် (High Court) တရားလွှတ်တော်မှာ တရားရေးဝန်ကြီးအဖြစ် ဗြိတိသျှအစိုးရ၏ ခန့်အပ်ခြင်းခံရပါရေ။ ဆရာတော်အသျှင်ဥတ္တမရေ ဗြိတိသျှအစိုးရကို ဆန့်ကျင့်တိုက်ခိုက်နီရေ ရခိုင့်ဗုဒ္ဓဘာသာရဟန်းတပါးဖြစ်တယ်။ ဗြိတိသျှ အစိုးရကို အကြည်အညိပျက်အောင်တိုက်ခိုက်နီရေလို့

အကြောင်းပြကာ ဗြိတိသျှအစိုးရက ဆရာတော်ကိုဖမ်းဆီးလိုက်ပါရေ။ တရားရေးဝန်ကြီး အခင်မဲအောင်ကို တရားစီရင်ပီးရန် ဗြိတိသျှအစိုးရကခိုင်းစီပါရေ။ တရားရေးဝန်ကြီးအခင်မဲအောင်မှာ ဗြိတိသျှအစိုးရဝန်ထမ်းဖြစ်နီရေ ဆရာတော်မှာ လည်း မိမိနန့်ဆွေမကင်းမျိုးမကင်းဖြစ်တယ်။ ကကောင်း ရင်းနှီးရေ ဆရာတကာလည်းဖြစ်တယ်။ ယင်းအတွက်နန့် တရားမစီရင်လိုဘဲ အခက်အခဲ ကြုံတွီနီရေအခါ ဗြိတိသျှအစိုးရပါးမှာ တခါတည်း နှုတ်ထွက်စာတင်လိုက်တေလို့သိရပါရေ။

အခင်မဲအောင် တရားရေးဝန်ကြီးအဖြစ်က နှုတ်ထွက် လိုက်ကေလဲ့ ဆရာတော်မှာထောင်ကျမပျက်ပါ။ ဆရာတော်ရေထောင် (၄) နှစ် အပြစ်ပီးခြင်းခံရပါရေ။ ထောင်ကလွတ်စွာနန့်နိုင်ငံရေးသမားပီပီ ဂတိမတည်ရေ နယ်ချဲ့ဗြိတိသျှကို စိတ်နာကျိန်းလွန်း၍ ပြင်းပြင်းထန်ထန် ပြောဆို တိုက်ခိုက်လာရေအတွက် ဆရာတော်မှာ ကောင်းကောင်းနာမည် ကျော်ကြားလာပါရေ။ ဆရာတော်၏တရားဟောပွဲတိုင်းမှာ ကျိတ်ကျိတ်တိုး စည်ကားလာပါရေ။ ဆရာတော်၏နိုင်ငံရေးတရား ဟောပြောမှုကြောင့် မြန်မာပြည်သူပြည်သားရို့မှာ နိုင်ငံရေးအသိတရား ကြွယ်ဝလာပြီးကေ မြန်မာပြည်မှာမထဆုံးအကြိမ်အဖြစ် မြန်မာတိုင်းရင်းသား ကိုယ်စားလှယ် များပါဝင်ရေ အုပ်ချုပ်ရေးကို ကျင့်သုံးလာရပါရေ။ ၁၉၂၃ ခုနှစ်က ဘုရင်ခံ "ဆာရီဂျိနယ်(လ်) ကရက်ဒေါက် မြန်မာပြည်ကထွက်လားလီ" ဆိုရေ ကြွေးကြော်သံရေ မြန်မာနိုင်ငံကိုလွတ်လပ်ရေးပန်းတိုင်သို့ ပို့ဆောင်ပီးခ ပါရေ။ ဆရာတော်ကို မြန်မာနိုင်ငံမှာ နိုင်ငံရေးပုဒ်မ ၁၂၄ (က) နန့် မအူပင်ထောင်မှာ ၁၉၂၁ ခုနှစ် မတ်လ (၂၁) ရက်က ထောင်ဒဏ် (၁) နှစ် အပြစ် ပီးပါရေ။ ယင်းပိုင် အင်္ဂလိပ်အစိုးက ဆရာတော်ကို ချိုးနှိမ်သော် လည်း ဆရာတော်တပည့်များနန့်နိုင်ငံရေးသမားများရို့ရေ ဆရာတော် ချမှတ်ခရေ လမ်းစိုင်အတိုင်း မညောင်းမညာကြိုးပမ်း၍ မြန်မာနိုင်ငံ၏လွတ်လပ်ရေးကို အရယူနိုင်ခပါရေ။

ဆရာတော်ကို ဇာပိုင်ပင်ထောင်ချစီကာမှု မည်သည့်အခါမှ အလျှော့မပီး။ ထောင်ပေါက်ဝကထွက်လီတိုင်း နိုင်ငံရေးစကား၊ လွတ်လပ် ရေး တရားရို့ရေ ဆရာတော်နှုတ်ဖျားက ပိုလို့ပိုလို့ထွက်လာပါရေ။ ဆရာ တော်ရေ ၁၉၂၄ ခုနှစ် ဩဂုတ်လ (၆) ရက်နီ မန္တလေးမှာ နိုင်ငံရေးတရား ဟောနီစိုင် နောက်လိုက်သဃ်တော်များနန့်အတူ ဖမ်းဆီးချုပ်နှောင်ခြင်း ခံရပါရေ။ အင်္ဂလိပ်လက်ပါးစေခွီးတိက အဓိကရုဏ်းဖန်တီးရေဆိုပြီးကေ တုတ်၊ ဓါးများကိုအသုံးပြုနိုပ်ကွပ်သဖြင့် အသျှင်စန္ဒိမာပျံလွန်တော်မူခပါရေ။ ထိုအမှုကို ဆရာတော်၏ညာလက်ရုံးတဆူဖြစ်တေ အခင်လှထွန်းဖြူ ကိုယ်တိုင် လားရောက်ကူညီ ရှိနီလိုက်ပီးခပါရေ။ ယေဇူးနန့် မြန်မာတနိုင်ငံလုံး ဝံသာနုအသင်းများပြန့်နှံ့လာပါရေ။ တနိုင်ငံလုံးက ဆရာတော်ကိုလွှတ်ပီးဖို့ ဆန္ဒပြတောင်းဆိုလာကတ်ပါရေ။

ဆရာတော်ရေ မန္တလေးထောင်မှ ရန်ကုန်ထောင်သို့ပြောင်း၍ ထောင်ချခံရပြန်ပါရေ။ ရန်ကုန်ထောင်မှာ ထောင်အဝတ်အစားနန့်နီခရပါရေ။ ဆရာတော်ရေ ဂျူဗလီဟောခန်းမဆောင်မှာ နိုင်ငံရေးတရားဟောဖို့ စင်မြင့်ထက်ကိုရောက်စွာနန့် ရုံလာရေသက်န်းကိုလှစ်လို့ ထောင်ဝတ်စုံကို လူထုအားပြလိုက်ပါရေ။ ထောင်ဝတ်စုံနန့် ဆရာတော်ကိုဖူးမျှော်ရရေအခါ ပြည်သူလူထုတိမှာ မျက်ရည်ကျသူကျ ငိုသူငို ဖြစ်ကတ်ရပါရေ။

မြန်မာ့နိုင်ငံရေးရှိဆောင်လမ်းပြပုဂ္ဂိုလ် ဆရာတော်အသျှင် ဥတ္တမရေ ၁၉၃၄ ခုနှစ်မှာ အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ဝံသာနု အဖွဲ့ချုပ်၏ ဥက္ကဋ္ဌ အဖြစ် ရွီးချယ်တင်မြှောက်ခြင်းခံရပါရေ။ ဆရာတော်ရေ မြန်မာလွတ်လပ်ရေး၏ရှိဆောင်လမ်းပြဖြစ်ရုံမက အာသျှနိုင်ငံတိမှာလည်း နိုင်ငံရေးမျက်စိ ဖွင့်ပီးသူ တယောက်လည်းဖြစ်ပါရေ။

ဆရာတော်အသျှင်ဥတ္တမရေ တိုင်းရင်းသားများကို မျိုးချစ်စိတ်ဓါတ်နိုးကြားအောင်လှုံ့ဆော်ယင်း၊ ဝံသာနုအသင်းများကို ကူညီ အားပီးယင်း၊ ကိုလိုနီနယ်ချဲ့အင်္ဂလိပ်ရို့၏ဖိနှိပ်ချုပ်ချယ်မှုကိုတော်လှန်ယင်း၊ ၁၉၃၉ ခုနှစ်သက်တော် (၆၀) ပြည့် ရန်ကုန်အရှိုပိုင်း ညောင်တုံး ကျောင်းတိုက်မှာ ပျံလွန်တော်မူခလီပါရေ။ ဆရာတော်ကြီးမပျံလွန်ခင် ပြုစုဖို့လူကင်းကာ (၆) လခန့် ဝေဒနာခံစားခရပါရေ။ ကျေးဇူးကန်းရေ မြန်မာနိုင်ငံရေးသမား ဂေါင်းဆောင်တိရေ ဆရာတော်၏ဈာပနကို လှည့်တောင်မကြည့်ခကတ်ပါ။ ဆရာတော်မှာ အညတရ ကွယ်လွန်တော် မူခရပါရေ။ အဂုလည်း ဆရာတော်၏အောက်မိဖွယ်အခန်းအနားကို ကျေးဇူးကန်းရေ မြန်မာနိုင်ငံရေးသမားတိ လုပ်ရကောင်းမှန်းတောင် မသိကတ်ပါ။ ရန်ကုန်မှာ ဆရာတော်ဥတ္တမပန်းခြံကိုလည်း ဖျက်သိမ်းလိုက်ကတ်တယ်။ ဗမာပြည်လွတ်လပ်ရေးရစွာ ဗမာတိတခုတည်း တော်လှန်တိုက်ပွဲဝင်ခလို့ ရခစွာ မဟုတ်ပါ။ တိုင်းရင်းသားတိလည်း ရှိတန်းတပ်ဦးက မားမားမတ်မတ် တိုက်ပွဲဝင်ခရေဆိုစွာကို ဗမာ့နိုင်ငံရေးသမားတိ သိကတ်စီချင်ပါရေ။ ရခိုင် လူမျိုးသည်လည်း လွတ်လပ်ရေးနန့် ထိုက်တန်ရေ လူမျိုးတမျိုးဖြစ်ပါရေ။ ယင်းအတွက်ကြောင့် ရခိုင်လူမျိုး၏လွတ်လပ်ရေးတိုက်ပွဲရေ တရားမျှတ ပါရေ။ ရခိုင်လူမျိုးရို့၏လွတ်လပ်ရေးတိုက်ပွဲကို မနာလိုမရှုစိမ့်ရေလူတိစွာ ခစ်နောက်ပြန်ဆွဲ ဖောက်ပြန်ရေးသမားတိ ရာဖြစ်ကတ်ပါရေ။ ဇာပိုင်ပင်ဆိုဆို ဆရာတော်ရေအဂုလက်ဟိ မြန်မာနိုင်ငံကို ကြည့်ပနာ နိဗ္ဗာန်ဖုံက ဝမ်းနည်းနီလီဖို့စွာအမှန်ပင်ဖြစ်ပါရေ။

ကျော်ဝင်းချေ (ချောင်းသာကြီး)

# ဘာသာရေးဆိတ်သုန်မှုနှင့်ဗမာမှုပြုခံနီရသောရခိုင်စာပေ

သမုဒ္ဒရာ၊ တောတောင်ရှီမြီ၊ လီ၊ ဩကာသလောကဖြစ်ပေါ်ခပြီး သက်ဟိသတ္တဝါ၊ လူတရှိစ္ဆာန် အစဟိသည်ဖြင့် ပေါ်ထွန်းခသည့် သတ္တလောကကြီးကို သင်္ခါရလောက၏ ပြုပြင်ပြောင်းလဲ စီမံဖန်တီးမှုမှာ နှစ်ပရိစ္ဆေဒ အသင်္ချေအသချာ ကြာမြင့်ခပါသည်။ အသိညာဏ်ဟိသော လူသတ္တာဝါရို့ လောကသုံးပါးကိုစိုးမိုးခကာ လူသားရို့၏ယိုင်ကျေးမှုကို တည်ဆောက်ခပါသည်။ ခေါမ၊ ရောမခစ်များမှ အနောက်တိုင်းယိုင်ကျေးမှု၊ အရှိတိုင်း ယိုင်ကျေးမှုများ ဖြစ်ထွန်းရန် ကျောက်ခစ်၊ သံခစ်စသဖြင့် ခစ်ပေါင်းများစွာကို ဖြတ်သန်းလာခရပါသည်။ ထိုသို့ ဖြတ်သန်းလာခရာ၌ လွန်ခရေ နှစ်ထောင်စုကာလအတွင်းများမှာ လူ့ယိုင်ကျေးမှုရေ သိသာထင်ရှားစွာ တိုးတက်ခပါသည်။

ဗုဒ္ဓပွင့်တော်မူခြင်း၊ ခရစ်တော်မွီးဖွားခြင်း၊ မိုဟာမက်တရားသိမြင်ခြင်းစသော ဘာသာအယူဝါဒများ သာမက လူမှုရေး၊ နိုင်ငံရေး၊ ဘာသာရေး၊ စာပီယိုင်ကျေးမှုများလည်း လွန်ခရေထောင်စုနှစ်များကာလအတွင်း အောက်ခြီ တည်ခပေသည်။ ယင်းအောက်ခြီစတည်ခသည်နန့်အတူ ရခိုင်နိုင်ငံ သည်လည်း ကျောက်ခစ်မှသည် လူသားရို့ စိုက်ပျိုးခြင်း၊ ချက်ပြုတ်စားသောက်ခြင်း၊ ကိုးကွယ်ယုံကြည်ခြင်းအထိ ယိုင်ကျေးနီကြသည့် အထောက်အထားများကို တွိရပါသည်။ ဒွါရဝတီသံတွဲပင်ဖြစ်ပါသည်။ လွန်ခရေ နှစ်ထောင်စုများစွာကပင် ရခိုင့်နိုင်ငံသားရို့ မြို့ပြကျွန်းရွာများ ဖွဲ့စည်းကာ ဘုရင်များကအုပ်ချုပ်တေနိုင်ငံ တည်ထောင်ခပါသည်။

ရခိုင့်နိုင်ငံအဖို့ကား ဗုဒ္ဓဘုရားသက်တော်ထင်ရှားဟိစိုင်က ဓညဝတီခစ်၊ စန္ဒသူရိယမင်းလက်ထက်၌ ဘုရားသျှင်အားပင့်ဖိတ်၍ ဗုဒ္ဓဘုရားသျှင်ရေ ရခိုင်ပြည်သို့ ကြွရောက်ကာ မဟာမုနိရုပ်ထုတော်အားသွန်းလုပ်ရန် ခွင့်ပြုတော်မူခလီပါသည်။ သင်္ခါရမတည်မြဲခြင်းတရား၊ ဗုဒ္ဓ၏အဘိ ဓမ္မာကိုနာယူကာ ကနိအထိတိုင် ခိုင်လုံသော ဗုဒ္ဓဘာသာ ယိုင်ကျေးမှုကို ရဟိခပါသည်။ ဗုဒ္ဓဘာသာနှင့်အတူ စာပီယိုင်ကျေးမှုမှသည် ပိသုကာအတတ် ပညာရပ်များအထိ တိုးတက်ဖွံ့ဖြိုးခပါသည်။ စန္ဒသူရိယခစ်မှ စတင်ကာ ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦးခစ်အထိ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စာပီယိုင်ကျေးမှုရေ အထွဋ်ထိပ်သို့ ရောက်ဟိခပါသည်၊ ၊ သို့သော် မြောက်ဦးခစ်နှောင်းပိုင်းမှာကား တိုင်းတပါး၏ ယုတ်မာမှုကြောင့် ပျက်စီးခြင်းမလှ ပျက်စီးခရပါသည်။

ရခိုင်နိုင်ငံတော်၌ ဤကဲ့သို့ သမိုင်းအမွိအနှစ်များနန့်အတူ တခစ်ပြီးတခစ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပီယိုင်ကျေးမှုရို့ ဖွံ့ဖြိုးတိုးတက်ခသည်ကို ရခိုင်ပြည်သူပြည်သားများအားလုံး အသိပင်ဖြစ်ပါသည်။ ကမ္ဘာ့ပြည်သူများ လည်းသိကြပါသည်။ ကနိ ကမ္ဘာ့အလယ်တွင် လူမျိုးတမျိုးရေ လွတ်လပ်တေလူမျိုးတမျိုးအဖြစ် ဆက်လက်တည်တံ့ ခိုင်မြဲလိုလျှင် မိမိရို့၏ဘာသာတရား၊ နောက်ခံသမိုင်း၊ စာပီယိုင်ကျေးမှုတိကို မိမိရို့ ဆင့်ပွားသိဟိနားလည် ချစ်မြတ်နိုးရန် လိုပါသည်။ သိဟိနားလည်နိုင်အောင်လည်း ကြိုးစားအားထုတ် ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် လူရို့၌ မိမိရို့၏စာပီ၊ ဘာသာတရား၊ ယိုင်ကျေးမှုသမိုင်းများကို သိနားလည် ချစ်မြတ်နိုးရန်မှာ အလွန်အရေးကြီးသော တာဝန်ကြီးတရပ် ဖြစ်ပါသည်။

ရခိုင်လူမျိုးရို့မှာလည်း ရခိုင်နိုင်ငံတော်နန့် ရခိုင်လူမျိုးကို ကမ္ဘာ့အလယ်တွင် တင့်တယ်ထည်ဝါစွာ ဟိနီလိုပါလျှင်၊ မြင်လိုကြားလိုပါလျှင် မိမိရို့၏စာပီ၊ ဘာသာတရား၊ ယိုင်ကျေးမှုသမိုင်းကို ရခိုင်သူရခိုင်သားရို့ ထုတ်ဖော်ရှီးသားကြရန်၊ သိနားလည်ရန် ကြိုးစားအားထုတ်ကြရန် လိုအပ်ပေသည်။ ထိုသို့ ဖြစ်ပေါ်လာစီရန်လည်း ရခိုင့်စာပီ ပညာသျှင်များနှင့် ရခိုင့်တော်လှန်ရေးဂေါင်းဆောင်ကြီးများ (ဝါ) ရခိုင့်မျိုးချစ်ပြည်ချစ်များမှာ ပို၍တာဝန်ဟိပါသည်။

ရခိုင်စာပီယိုင်ကျေးမှုကိုမှ ရခိုင်မျိုးချစ်ပြည်ချစ် ဂေါင်းဆောင်ကြီးများက တန်ဘိုးမထား၊ မချစ်မမြတ်နိုးလျှင် ဇာပိုင် မျိုးချစ်ပြည်ချစ် ဂေါင်းဆောင်ဟု အကျွန်ုပ်ရို့ ခေါ်ဆိုနိုင်ပါမည်နည်း။ "အမျိုးသားစည်းလုံးညီညွတ်မှု" ဆိုဗျာ စကားလုံးအလှပလှချေသုံးပြီးကေ မိုးဦးကျဖားချေတိပိုင် လိုင်ကြောတင်းအောင်၊ အာပေါက်အောင် ငြင်းခုံနီကတ်တေ ရခိုင်အမျိုးသားတော်လှန်ရေးဂေါင်းဆောင် တချို့ကိုလည်း တွိဖူးပါသည်။ သူရို့သည် ရီမချိုးဘဲ သနပ်ခါးနှိမ်းထားရေ တလင်ကွာ "မဆမ" နန့် ထပ်တူဖြစ်၏။ ယင်းပိုင် အရည်အချင်းညံ့ဖျင်းပြီးကေ ဂေါင်းဆောင်မွတ်တေ ဂေါင်းဆောင်တိ၏ ဦးဆောင်မှုနန့် ဇာပိုင်အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်၍ ရနိုင်ပါမည်နည်း။ ရခိုင်စာပီ မထွန်းကားသမျှ ကာလပတ်လုံး ရခိုင်အမျိုးသားစည်းလုံးညီညွတ်မှုကို ဇာခါလဲ့ တည်ဆောက်၍ ရနိုင်လိမ့်မည်မဟုတ်ပါ။ အေနီရာမှာ စာရှီးသူ တစ့်ချေ တင်ပြချင်ပါသည်။ စာရှီးသူရေ အိန္ဒိယနိုင်ငံ မဇ္ဈူရမ်ပြည်နယ်သို့ ၁၉၉၄ ခုနှစ် ရခိုင်ဒုက္ခသည်များအရေး ကိစ္စကြောင့် လားရောက်ခီပါသည်။ ဗာကိစ္စရီ ဘုန်းကြီးကျောင်း၌ တည်ခို့တည်းခိုနီရာတွင် စောင်တည်တောင်ကျောင်း ဆရာတော် အသျှင်ကြီးကေသရအပါအဝင် တခြားမိတ်ဆွေ ပဥ္စင်းပျိုများနန့် စကားလက်ဆုံ ကျဖူးခပါသည်။ စကားဝိုင်း၌ ရခိုင်ပြည်ရေ အင်္ဂလိပ် လက်အောက်၌၄င်း၊ ဗမာလက်အောက်၌၄င်း၊ ဇာကြောင့် လွတ်လပ်ရေး မရပါသနည်း။ ရခိုင်သူ

ရခိုင်သားရို့သည့်၄င်း၊ ရခိုင်တော်လှန်ရေးသည့်၄င်း၊ ဇာကြောင့် စည်းလုံးညီညွတ်မှု ပျက်ပြားနီရပါသနည်း။ စကားရပ်နှစ်ခု ထွက်လာပါသည်။ သူ့အမြင်ကိုယ့်အမြင် ပြောဆိုဆွေးနွေး ယင်းနန့်ပင် အဖြေမရဖြစ်နီပါသည်။။ စာရွီးသူရေ ရခိုင်ပြည်၌ ဘာသာတရားဆိတ်သုန်နီမှု၊ ရခိုင်စာပီမထွန်းကားမှုကြောင့် ရခိုင်သားက ရခိုင်သားကို အသိအမှတ်မပြုမှု၊ အပြန်အလှန် မလေးစားမှုများကြောင့်၊ ရခိုင်ပြည်သူ ပြည်သားများ၊ ရခိုင့်တော်လှန်ရေး သမားရို့ရေ စာရိတ္တပျက်ပြား၍ စည်းလုံးညီညွတ်မှုကို မရဟိခြင်းဖြစ်ပါသည်။ စည်းလုံးညီညွတ်မှု မရဟိခြင်းကြောင့် အင်္ဂလိပ်လက်အောက်ကသော်၄င်း၊ ဗမာလက်အောက်ကသော်၄င်း၊ လွတ်လပ်ရေးကို မရနိုင်ကြခြင်းသာဖြစ်သည်။ ရခိုင်သားက ရခိုင်သားကို အသိအမှတ်မပြုမှု အဓိကဗီဇလက္ခဏာရေ ရခိုင်စာပီမှာ မူတည်နီပါသည်။ ရခိုင်စာပီနန့်ဘာသာတရား ထွန်းကားခလျှင် ရခိုင်ရို့ စည်းလုံးညီညွတ်ကာ လွတ်လပ်ရေးဆိုရေ အရသာကို ခံစားစံစားရစွာ ကောင်းကောင်း ကြာလားခဗျာဖြစ်ပါသည်။ ဤသည်ကို ဘာကိစ္စရီ ဆရာတော်ကြီးကလွဲလို့ အရာတဦးတယောက်၏ လက်ခံမှုကိုမရဟိခပါ။

ဘာသာရေးဆိတ်သုန်မှု

ဘာသာရေးဆိတ်သုန်မှုနန့်ပတ်သက်၍ စာရွီးသူကိုယ်တွိတချို့ကို တင်ပြလိုက်ပါမည်။ စာရွီးသူရို့ရွာ ဘုန်းကြီးကျောင်း၌ အမြင့်တမိုက်ခန့်ဟိ ရွှီဘုရား (၁၅) ပါး၊ ငွေဘုရား (၂၅) ပါးကို ငယ်စိုင်ခါကပင် သင်္ကြန်ကျတိုင်း ရွှီအုပ်ထဲကယူပြီးကေ ဘုရားရီချိုးရာတွင် မြင်ဖူးလေ့ဟိပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ဘုန်းတော်ကြီး ကျောင်းတွင် ဘုန်းကြီးမြဲလေ့မဟိပါ။ တရက်နိတွင် ဘုန်းကြီးတပါးရေ ကျောင်းလာထိုင်ပါသည်။ များမကြာခင် ရွှီဘုရားတပါးနန့် ငွေဘုရားသုံးပါး စပျောက်လားပါသည်။။ ရွာသားရို့ရေ သင်္ကြန်ဘုရားရီချိုးရာတွင် သိရပါသည်။ ထိုကဲ့သို့ ဘုရား ပျောက်မှုကိုသိတိုင်း ရွာထဲက မသင်ခါရေလူတိကို ရဲကိုခေါ်ပြီး သတ်ပုတ်စစ်ဆေးလေ့ဟိပါသည်။ လက်ပူးလက်တွဲကား မမိပါ။ နှစ်များမကြာခင် ဘုန်းကြီးကျောင်းဟိ ဘုရားပလ္လင်ခုန်တန်းမှာတင်ထားရေ ရွှီအုပ်ထဲက ရွှီဘုရား (၁၅) ပါး၊ ငွေဘုရား (၂၅) ပါးရို့ ဒေသစာရီ ကြွလားပုံပေါ်ပါသည်။ ဘုရားတပါးလဲ့ ကိမ်းဝပ်ခြင်း မဟိပါဗျာ။။

ယင်းနှစ်မိုးရာသီ တညဥ့်မှာ ဘုန်ကြီးကျောင်းနားဟိ စေတီ (၅) လုံးအနက် ပျက်စီးနီရေ စေတီတလုံးကို မီးလက်လက်နန့် ဖောက်ထွင်း နီသည်ကို ရွာသားများ မြင်ကြရပါသည်။ ရွာသားများဝိုင်းဝန်းလိုက်ကြရာ လူကိုကား မမိလိုက်ပါ။ သို့သော် စေတီဟိဌာပနာကား တခုလဲ့ မကျန်လိုက်ပါ။ ဌာပနာအစအနတစ်ချေကို တွိရပါသည်။ ၄င်းကျန်ဟိခရေ ဌာပနာများကို ဘုန်းကြီးကျောင်းသို့တင်ထားရန် ရွာသားများ ဆုံးဖြတ်ကြပါသည်။ ဘုန်းကြီးကိုကား ကျောင်း၌မတွိရပါပျာယ်။ ကျောင်းသား၊ မောင်သျှင်များကို မိန်းစမ်းကြည့်ရာ ဆရာတော် ညဇာက လူစိမ်း နှစ်ယောက်သုံးယောက်နန့် တိုက်ခန်းထဲမှာ စကားတိုးတိုးပြောပနာ မဆမဂေါင်းချ ကြက်တွန်ချိန်ကပင် ပျောက်လား ခပါရေဟု ပြောပြကြပါသည်။ ယင်းနိ ညဥ့်ခါကပင် ရွာကဘုန်းကြီး ကျောင်းထိုင်ဖို့ကျောင်းကို တခါလဲ့ မကြွခလီပါဗျာ။ ရွှီဘုရား၊ ငွေဘုရား၊ စေတီဌာပနာများနန့်အတူ နိဗ္ဗာန်ဖုံသို့ ကြွလှမ်းလားပုံပေါ်ပါသည်။

နောက်တနှစ် ဆောင်းရာသီမှာ ချောင်းသာအလယ်ကျွန်း ရွာဟောင်းဘုန်းကြီးကျောင်းကို ဓမြ တိုက်ပါသည်။ ရွှီဘုရား၊ ငွေဘုရား တပါးမကျန်ပါလားခပါသည်။ ရွှီရောင်ကွပ်ထားသော ပီစောင်တအုပ်လဲ့ ပါလားခပါသည်။ ဓမြတိုက်မှုနန့်အများမကြာ သားလွန်းတောင်ထိပ် ကံဆိပ်ရွာအနီးဟိ တောကျောင်းဘုန်းကြီး ကျောင်းရှာနားက စေတီကို ဖောက်ထွင်းသံကြားရပါသည်။ တဆက်တည်း တောင်ပုတ်ကေရွာနားက သားလွန်း တောင်ဖျားမှာ တည်ထားရေ ဘုရားနောက်ပြန် ဘုရားကို ဖောက်ကြပြန်ပါသည်။ မိုးရာသီနား ရောက်ခါနီးမှာ ပုဏ္ဏားကြီး ဘုန်းကြီးကျောင်းက ရွှီပရပိုက်ပီစောင်ကို ဓမြတိုက်ကြပါသည်။ နောက်တနှစ်တွင် ရခိုင်ပြည်တွင်း နာမည်ကြီးဘုရားတပါးဖြစ်တေ မျောက်ကြိမ်ဘုရားကို ဓမြတိုက်ကြပါသည်။

စာရွီးသူသည် အိန္ဒိယနိုင်ငံကို မထွက်ရောက်မီ နှီရာသီများတွင် ခရီးလားလေ့ဟိပါသည်။ ၁၉၈၇–ခုနှစ် မြောက်ဦးမြို့နယ် ဆရစ်ချောင်းဘုန်းကြီးကျောင်းက မြဘုရား၊ စိန်ဘုရား၊ မဟာကျန်ဘုရားသုံးပါးကို ဓမြ အတိုက်ခံရပါသည်။ မြဘုရားမှာ မီးခံတိုက်တာကိုထမ်းမပါ၍ ကျန်ခပါသည်။ ကျန်ဘုရားနှစ်ပါးကား ကံဆိုး မိုးမှောင်ကျ ခိုးသားငါးရာနောက် တကောက်ကောက်ပါအောင် လိုက်လားရပါသည်။ လက်နက်ကိုင် ဓမြများမှာ အယောက် (၂၀) ကျော်ပြီး၊ သူရို့၌ စက်ထိုင်ဘုတ်ပါပါသည်။ စာရွီးသူသည် ဆရစ်ချောင်းဇရပ်ဆိပ်တွင် ညဥ့်အိပ်လျက်ဟိပါသည်။ ခုနှစ်ရက်တပတ် အဖမ်းခံရပါသည်။ စစ်ဆေးသတ်ပုတ်ခံရပါသည်။ ရွာထဲမှ အသိမိတ်ဆွေ မိသားစုတစုက ထောက်ခံ၍ လွတ်မြောက်လာရပါသည်။ လွတ်မြောက်ပြီးနောက် မြောက်ဦးမြို့တွင် ငပိရောင်းနီစိုင် မြောက်ဦးမြို့နယ် ခမွီးရွာတရွာဖြစ်တေ အကြီးတော်မရွာ ရွာသူကြီးနန့် ဘုန်းကြီးကျောင်းကို ဓမြအတိုက်ခံရပါသည်။ ရွှီဘုရားများပါလားပါသည်။ ရွာသူကြီးထံမှ ရွှီငွေရတနာများ၊ ဒင်္ဂါးများ သိန်းနှစ်ဆယ်ခန့် ပါလားခပါသည်။ ဤသည်ကို ကျားထောက်နောက်ခံပြုသူများမှာ အုပ်ချုပ်သူအာဏာပိုင်များရို့ ဖြစ်နိုင်ဖွယ်ဟိပါသည်။ ရခိုင်ပြည်တွင်း တူးဖေါ်ရဟိရေ တန်ဖိုးမဖြတ်နိုင်ရေ

သမိုင်းဝင်ရတနာများ၊ ခိုးယူတူးဖော်မှုများ၊ ခမြတိုက်မှုများမှရဟိရေ သမိုင်းဝင်ပစ္စည်းများကို ရခိုင်ပြည် အာဏာပိုင်များမှတဆင့် ဗမာပြည်အာဏာပိုင် မှောင်ခိုစီးကွက်သို့ တင်ပို့ ရောင်းချကြပါသည်။ ၄င်းမှောင်ခိုစီးကွက်သို့ တင်ပို့ရောင်းချမှုမှ တန်ဖိုးမဖြတ်နိုင်ရေ ရတနာတချို့ကို စစ်ထောက်လှမ်းရေး ဗိုလ်ချုပ်ကြီးရို့က သူရို့၏ကိုယ်ကျိုးစီးပွါးအဖြစ် တဖန်နိုင်ငံခြားသို့ တင်ပို့ရောင်းချ ကြပြန်ပါသည်။ ၁၉၈၇ ခုနှစ် မြောက်ဦးမြို့နယ် ဆရစ်ချောင်းဘုန်းကြီးကျောင်း ခမြတိုက်မှုမှ စိန်ဘုရားတပါးနန့် မဟာကျန်ဘုရားတပါးကို စစ်တွေရန်ကုန်သင်္ဘောမှာ စစ်ထောက်လှမ်းရေးများဖမ်းမိကြောင်း သတင်းထွက်ပေါ် ခပါသည်။ သို့သော် မူရင်းနီရာ ဆရစ်ချောင်းရွာ ဘုန်းကြီးကျောင်းကိုကား ပြန်အပ်သံမကြားရပါ။ စစ်ထောက်လှမ်းရေး ဗိုလ်ချုပ်ကြီးများလက်သို့ အပ်လိုက်ရကြောင်းကြားဖူးခပါသည်။ ပိုမိုထင်ချားလာစွာက ယခုလက်ဟိအုပ်ချုပ်နီရေ စစ်အုပ်စုခစ်ပင်ဖြစ်ပါသည်။ စစ်အုပ်စုများ တိုင်းပြည်အာဏာသိမ်းယူပြီးသည်နန့် တပြိုင်နက် ရခိုင်ပြည်ဟိ ရှိဟောင်းသယံဇာတများကို မြီလှန်တူးဖေါ်နီကြပါသည်။

စစ်အုပ်စုများသည် ၁၉၉၆ ခုနှစ် ရခိုင်ပြည် မြောက်ဦးဟိ နန်းရာကုန်းကို သုံးလတိုင်တိုင် တူးဖေါ် ခပါသည်။ စိန်၊ ရွှီ၊ နီလာ၊ ပတ္တမြား အဖိုးတန် ရတနာများ ကို (နဝတ၊ နအဖ) ရို့ အားလုံးသိမ်းယူလားခပါသည်။ နန်းရာကုန်း၏ အောင်မြီများကိုလည့် ရွှီကျင်ရေပိုင် ကျင်ကြပြန်ပါသိမ့်သည်။ မြောက်ဦးနီ ရခိုင်ပြည်သူများကို လက်နက်နန့် ခြောက်ပြီးကေ အစားထိုးမရ၊ တန်ဖိုး မဖြတ်နိုင်ရေ ရှိဟောင်းပစ္စည်းများကို သိမ်းယူကြပါသည်။ ဥဿသလင်းတိုင်း (ပလက်ဝမြို့နယ်) ဥဿလင်းစေတီကို ၁၉၉၆ ခု နှစ်ဆန်းပိုင်းတွင် သရော်အိုင်ဗမာစစ်စခန်းက ဖောက်ထွင်း ကြပါသည်။ ရွှီဘုရား၊ ငွေဘုရား၊ စိန်ဘုရား၊ မြဘုရား တပါးမကျန်သိမ်းယူလားခပါသည်။ ယင်းနှစ် နိုဝင်ဘာလ ကူတောင်ကျွန်းရွာဟိ ရခိုင်ဘုရင်မင်းဘာကြီး တည်ထားကိုးကွယ်ခရေ ဘုရားပြိုဘုရားကိုတူးဖေါ် ကြပြန်ပါသည်။ ဥဏ်တော် (၂) လက္မ စိန်သားအစစ်ဖြင့် ထုလုပ် ထားရေ ဘုရားတဆူ၊ မြအစစ်ဖြင့် ထုလုပ်ထားရေ ဘုရားတဆူနန့် စစ်တွေရသေ့တောင် ကားလမ်းနားဟိရေ ဂူလေးဝဘုရား တူးဖော်မှုမှရဟိရေ စိန်လေးလုံး၊ ရွှီပန်းခိုင်၊ ငွေပန်းခိုင်များ၊ အတွင်းဌာပနာများကို ဗမာစစ်ဘုရင် ခင်ညွှန့်ကိုယ်တိုင် ရန်ကုန်သို့ သိမ်းယူလားခပါသည်။

ယင်းကဲ့သို့ ရခိုင်ပြည်တွင် ဘုန်ကြီးကျောင်းခမြတိုက်မှု၊ ဘုရားစေတီဖောက်ထွင်းမှု၊ ရှိဟောင်းပစ္စည်း ခိုးယူတိုက်ခိုက်မှုများနန့် ရှိဟောင်းပစ္စည်း တူးဖေါ်လုယူမှုရို့ရေ ရခိုင်ပြည်အနှံ့ဖြစ်ပွားနီပါသည်။ ကနိထိပင် ပေါ်ပျူလာဖြစ် ရီဗန်းစားနီပါသည်။ ဘာသာတရားဆိတ်သုန်မှုရေ ရခိုင်ပြည်ထဲ တခုတည်းကားမဟုတ်ပါ၊ ရခိုင့် တော်လှန်ရေးလောကထဲမှာလည်း ထိုနည်းလည်ကောင်းပင်ဖြစ်ပါသည်။ စာရွီးသူသည် (၈၈၈၈) အရေးအခင်း ဖြစ်ပြီးနောက် အိန္ဒိယနိုင်ငံသို့ ထွက်ပြီးလွတ်မြောက်လာပါသည်။ အိန္ဒိယနိုင်ငံ မဇ္ဈူရမ်ပြည်နယ် သက်ဒိစတြိတ်၌ နှစ်နှစ်နီးပါး နီခရပါသည်။ ရခိုင်ပြည် တော်လှန်ရေးသမားတိကို တွိဖူးရေပိုင် ရခိုင်ရှိဟောင်း ဘုရားများကိုရောင်း၍ ရခိုင့်တော်လှန်ရေးကိုတည်ဆောက်မည့် ရခိုင်မျိုးချစ်ပြည်ချစ် ဂေါင်းဆောင်တချို့ကိုလည်း တွိဖူးပါသည်။ ထို ပုဂ္ဂိုလ်များမှာ ဘုန်းကြီးကျောင်း၌ ကပ်ခိုမှီခို နီကြရသူများဖြစ်ပါသည်။ စာရွီးသူအံ့သြမိပါသည်။ ရခိုင်ပြည်ကို ရှိဆောင်လမ်းပြလုပ်မည့် ရခိုင်မျိုးချစ် တော်လှန်ရေးသမားများ ရှိဟောင်းရခိုင်ဘုရားများကိုရောင်း၍ ရခိုင်တော်လှန်ရေးကို တည်ဆောက်ဖို့ဆိုစွာမှာ အလွန်အံ့သြဖွယ် ထူးဆန်းနီပါသည်။ အံချင်စရာလည်းကောင်းပါသည်။ ဤ အယူအဆကား ရခိုင်ပြည်သူ ပြည်သားများအား ငရဲပြိတ္တာဘဝမှ အကျွတ်တရားရလာအောင် ကယ်တင်မည့်အစား အဝိစိငရဲကြီးသို့ ကျောက်ဟုက်ကြိုးဖြတ် ပစ်ချလိုက်သည်နန့် တူနီပါသည်။

ဗမာမှုပြုခံနီရသောရခိုင်စာပေ

"စာပေပျောက်က လူမျိုးပျောက်သည်။ စာပေမြင့်မှ လူမျိုးမြင့်သည်" ဆိုသည့်စကားနန့်အတူ ရခိုင်စာပေနန့် ပတ်သက်၍ မိန်းခွန်း ထွက်လာပါသည်။ ရခိုင်လူမျိုးများ၏အတိတ်သမိုင်းကို မည်သည့်အက္ခရာစာပေဖြင့် မှတ်တမ်းတင်ထား ခပါသနည်း။ ရတု၊ လင်္ကာ၊ အရှဲ့၊ ကဗျာ စသည့်များကို မည်သည့်အက္ခရာစာပေဖြင့် မှတ်တမ်းတင် ထားခပါသနည်း။ အဖြေမှာချင်းချင်းချေပါ။ ရခိုင်စာပေအက္ခရာနန့် မှတ်တမ်းတင်ထား ခကတ်တေ မဟုတ်ပါလား။ ငြင်းမည့်သူလည်း ဟိမည်မထင်ပါ။ ယင်းပိုင်ဆိုကေ ခစ်ကြီး (၄) ခစ်နန့်အတူ ဆင်းသက်လာသော ရခိုင့်စာပေ ဇာကြောင့် ပျောက်ကွယ်နီရပါသနည်း။ ဇာကြောင့် ဗမာမှုပြုခံနီကြရပါသနည်း။

ရခိုင်လူမျိုးရို့၏နိုင်ငံတော်၌ မာရယုမင်းအစ မဟာသမ္မတမင်းအဆုံး မင်းပေါင်း (၂၅၀) ကျော် နန်းစံနှစ်ပေါင်း (၅၀၀၀) ကျော် ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦး ခစ်ကြီး (၄) ခစ်ဖြင့် နီထိုင်လာကြရာ စာပေယိုင်ကျေးမှု အနုပညာရေ မြောက်ဦးခစ်တွင် အထွဋ်အထိပ်သို့ ရောက်ဟိခပါသည်။ ယေကေလဲ့သွင့် မဟာသမ္မတရာဇာ မင်းမတိုင်မီကပင် ရခိုင်ရို့သည် ဖောင်ပျက်ဝါးပိုင် စည်းလုံးညီညွတ်မှုမဟိသောကြောင့် မဟာသမ္မတရာဇာ မင်းလက်ထက်၌ သူတပါး လောင်းရိပ်အောက် ရောက်ခြင်းမလှ ကျရောက်ခကတ်ရသည်မှာကား ကနိအထိပင် ဖြစ်ပါသည်။ ကနိဆိုလျှင် ရခိုင်နိုင်ငံတော်သည် သူတပါးလက်အောက်၌ နှစ်ပေါင်း (၂၁၅)

နှစ် ပြည့်လားခဗျာ ဖြစ်ပါသည်။ ဗမာပဒေသရာဇ်နယ်ချဲ့၊ အင်္ဂလိပ်နယ်ချဲ့၊ ဗမာဖက်ဆစ် ဝါဒီရို့၏လောင်းရိပ်အောက်၌ ရခိုင်စာပေ ပျောက်ကွယ်နီရခြင်းမှာလည်း ကနိထိပင်မဟုတ်ပါလား။

ရခိုင်နိုင်ငံတော်သည် သူတပါးလက်အောက် ကျရောက်မှုနန့်အတူ ရခိုင်စာပေ၊ ယိုင်ကျေးမှု၊ သမိုင်းအမွိ အနှစ် အားလုံးပင် ဗမာမှုပြုခြင်းခံကြရပါသည်။ သို့ဖြစ်ပါသော်လည်း မည်သူတစုံတယောက်ကမှ ရခိုင့် စာပေမူရင်းများကို ထုတ်ဖော်ရှီးသားခြင်းမဟိကြပေ။ အထူးသဖြင့် လွတ်လပ်နယ်မြေရောက် ရခိုင့်စာပေ ပညာသျှင်များပင် ပို၍ဆိုးကြပါသည်။ ဗမာစာပေများ၊ ဗမာလီသံလွှမ်းမိုးနီသော စာပေများ၊ “ဗမာတဝက် ရခိုင်တဝက်” စာပေများကိုရာ ရခိုင့်စာပေ ပညာသျှင်များက မှင်ယောင်လိုက် ရှီးသားနီကြပါသည်။ တော်လှန်ရေးလောကတွင် အများအပြား တွိရပါသည်။

၄င်းဗမာမှုပြုခံရရေ ရခိုင်စာပေကို၊ ကနိမြန်မာ စာပေအဖြစ် သုံးစွဲနီရေစာပေကို ဗမာက ဗမာစာပေဟု ပြောလိုပြော၊ ရခိုင်က ရခိုင်စာပေကို ခိုးယူရေလို့ ဆိုလိုဆို။ ဇာပိုင်ပင်ဆိုဆို ကနိမြန်မာစာပေရေ ဗမာအသုံးအနှုံး၊ ဝေါဟာရများဖြင့် ရှီးသားထားခြင်းဖြစ်ပါသည်။ မြန်မာစာကို ရခိုင်ကဆင်းသက်လာသည်ကို သက်သီ သာဓကပြချင်လျှင် ရခိုင့်စာပေ မူရင်းများကိုရာ ဖော်ထုတ်ကတ်ရမည်ဖြစ်ပါသည်။ ဗမာမှာ စကားပုံတခု ဟိပါသည်။ (အိမ်မြှောင်ကို ကျောင်း၌တွိရေအခါ ကျောင်းမြှောင်၊ လက်၌ကိုင်ထားရေအခါ လက်မြှောင်လို့ခေါ်သည်) ဟူ၍ဖြစ်ပါသည်။ ဗမာများအတွက်ကား သွီးထွက်အောင်မှန်ပါသည်။

ဗမာအသုံးအနှုံး၊ ဝေါဟာရများဖြင့် ရှီးသားထားရေ ကနိခစ်မြန်မာစာပေကို ရခိုင်စာပေပညာသျှင်များ၊ မျိုးချစ်ပြည်ချစ်ရို့က မူရင်းစာပေကို ပြန်မလှန်ဘဲ မှင်ယောင် လိုက် ဗမာအတိုင်း ရှီးသားနီကတ်သိမ့်ရေအပြင်၊ ကျန်ဟိနီ သိမ့်ရေ မူရင်းရခိုင်စာပေ ရတု၊ လင်္ကာ၊ အရွှဲ့၊ ကဗျာ၊ ကျောက်စာ၊ ပီစာများကိုပါ ရက်ရက်စက်စက် လက်မတွန့်ဘဲ ဗမာမှုပြု ဂုဏ်ယူရှီးသားနီကတ်စွာကို ရောမဝမ်းနည်းဖွယ် တွိမြင်နီရပါသည်။ ကောင်းကောင်း ဝမ်းနည်းဖို့ ကောင်းစွာမှာ ရခိုင့်တော်လှန်ရေး နယ်မြေကထုတ်နီကတ်တေ စာစောင်မဂ္ဂဇိန်းရို့ပင်ဖြစ်ပါသည်။

ဥပမာ ရခိုင်ကံကြမ္မာနှစ် (၂၀၀)၊ ရခိုင်အားမာန် စာစောင်၊ ရခိုင့်ဘဝ၊ ဓညဝတီစာစောင်၊ လမ်းပြကြယ် စာစောင်ရို့ဖြစ်ပါသည်။ ရခိုင်ကံကြမ္မာ နှစ် (၂၀၀) ၁၃၄၆–ခုနှစ် ပြာသိုလပြည့်ကျော် (၇) ရက်နိထုတ်တွင် ဝတီခိုင် (ရခိုင်ပြည်လွတ်မြောက်ရေးပါတီ) သည် သုဝဏ္ဏာဒေဝီ၏ ရွှန်းလိုက် ရတုပိုဒ်စုံကို ဗမာမှုပြုထားသည်ကို ဝမ်းနည်း ဖွယ်တွိရပါသည်။ ယင်းပိုင် ရခိုင်စာပေမူရင်းကို ဗမာမှုပြုခြင်းရေ ရခိုင်စာပေကို ဖျက်လိုဖျက်ဆီး ဖြစ်စီခြင်း၊ ရခိုင်သမိုင်းကို မထိမဲ့မြင်ပြုခြင်း၊ နောင်လာမည့် ရခိုင်သူရခိုင်သားရို့ကို ရခိုင့်စာပေနှင့် မျက်ခြည်ပြတ်စီခြင်းသို့ ပို့ဆောင်ခြင်း ဖြစ်ပါသည်။ မူရင်း သုဝဏ္ဏာဒေဝီ၏ရွှန်းလိုက်ရတုနန့် ရခိုင်ကံကြမ္မာနှစ် (၂၀၀) ပါ ဗမာမှု ပြုထားရေ သုဝဏ္ဏာဒေဝီ၏ ရွှန်းလိုက်ရတုကို တိုက်ဆိုင်ကြည့်လိုက်ပါကေ ဇာလောက် ကွာဟမှုဟိစွာကို တွိမြင်ကတ်ရဖို့ ဖြစ်ပါသည်။

(၁) သိန်ကန်မိန်တွင်၊ ဆယ့်နှစ်ခွင်ကို၊ လွှမ်းပင်မြင့်စည်၊ ကြာရှည်တာအကူး၊ တပေါင်းမင်းလွင်၊ ရွှက်ကျင်တောင်လေမြူးက၊ ပြိုက်သွယ်နူးစီးသွယ်ဖြာ၊ မတတ်သာချေ၊ ဤထွေထွေကို၊ ကြည့်လေသမျှသာတည်း။ ပင်တိုင်းမှာညှာရွက်ကြွေ၊ လေပြင်ခတ်လိုက်၊ ပရစ်ဝေဝေနှင့်၊ ငှက်ရွှေမောင်နှံစုံ၊ ပန်းနှစ်ခက်ကို၊ ယူလျက်နူတ်ဝယ်ငုံ၍၊ စာခွံတုံရွှေနှစ်လို့၊ တထူးထွေလာ၊ ဘာသာလူလို့၊ မကိုနူတ်ဖြင့်တို့၍၊ ဤသို့ချစ်ဘွယ်ဆင်၊ ရာသီခွင်ဆယ့်နှစ်လမ်း၊ ငြမ်းလို့အညီ၊ မိဂသီပင်၊ ရှေ့ဆီမြင်သော်၊ စက်ခွင်မှာယောင်ယမ်းခွဲ၊ ထောက်လှမ်းမစာနာ၊ ပညာအထု၊ မြတ်သူ့ကြည့်မှန်၊ ကြာလေဟန်မူ၊ သူရတန်မင်း၏ရင်သွေး၊ ဒန်ရမာဇာလီ၊ ဒုရာဘီနှင့်၊ ချစ်ညီတူကြရေးကို၊ နောက်မေးမလျှောက်လို၊ နေလည်းနှစ်စင်း၊ နှစ်ပွင့်စုံညီ၊ မဒ္ဒီရှေ့အဟိုတို့၊ တောင်ကျွန်းညိုလောကဓါတ်၊ တိုင်းမဇ္ဈိမာ၊ ယင်းကဖြာသည်၊ ရာဇာမျိုးရိုးမြတ်၏။ ဆက်မပြတ်သိမ်းယူပြန်၊ သာဂီအဆက်၊ နွယ်မပျက်သည်၊ ကနက်ဖြန့်ကာစံ၏။ ရှစ်တန်ပလ္လင်ရိုး၊ ဘိုးကဆက်ခံ၊ ဘနန်းစံသည်၊ နန်းရံတို့အမျိုးတည်း။ ကတိုးအနံလို၊ သင်းပျံမွှေးကြိုင်၊ ရှစ်ရပ်လှိုင်သည်၊ မဏ္ဍိုင်ချက်မြှုတ်သိုထက်၊ နဂိုပြည်ဝေသာလီ၊ ဓညနှစ်ခန်း၊ နှစ်ပြည်မှန်းသည်၊ ထီးနန်းအစီရီတည့်။ မျိုးသာကီစဉ်မပျက်၊ နှစ်ပေါင်းရှည်ကြာ၊ မဟာနွယ်ရိုးတက်၏။ မယုက်မနှောပြီ၊ ရှစ်သောင်းအချာ၊ ဆက်ကာစိုးစံ၊ နန်းရံမယ့်ဌာနီသို့၊ ရာသီမစွန်းခင်၊ အောင်စည်ယွမ်း၍၊ စက်ပန်းဖြန့်စေချင်သည်၊ နောက်ခွင်ကြာလွန်းစွတကားလည်။

(နှိုင်းယှဉ်ကြည့်ရန် သုဝဏ္ဏာဒေဝီ၏ရွှန်းလိုက်ရတုမူရင်း)

(၁) သိန်ကန်မိန်တွင်၊ ဆယ့်နှစ်ခွင်ကို၊ လွှန်ပင်မြင့်စည်၊ ကြာရှည်တာအကူး၊ တပေါင်းမင်လွင်၊ ရွှက်ကျင်တောင်လီမြူးက၊ ပြစ်သွယ်နူးစီးသွယ်ဖြာ၊ မတတ်သာပြီ၊ မှိုင်းလို့ရီကေ၊ ကြည့်လီသမျှသာတည်း။ ပင်တိုင်မှာညှာရွက်ကြွီ၊ လီပြင်းခတ်လိုက်၊ ပရစ်ဝီဝီနယ့်၊ ငှက်ရွှီမောင်နှံစုံ၊ လိုင်ချင်းတွဲယှက်၊ ပန်းနခက်ကို၊ ယူလျက် နူတ်ဝယ်မုံရယ့်၊ စာခွန့်တုံရွှင်နှစ်လို၊ တထူးထွေလာ၊ ဘာသာလူလို၊ မကိုနူတ်ဖြင့်တို့ရယ့်၊ ဇေးယ်သို့ချစ်ဖွယ်ဆင်၊ ရာသီခွင်ဆယ့်နှစ်လမ်း၊ ငြမ်းနှင့်အညီ၊ မိဂသီပင်၊ ရှိယ့်ကမြင်သော်၊ စက်ခွင်မှာယောင်ယမ်းခယ့်၊

ထောက်လှမ်းမစာနာ၊ ပညာအထု၊ မြတ်သူ့ကြည့်မှန်၊ ကြာလီဟန်မူ၊ သူရတန်ရင်သွီး၊ ဒန်ရမာဇာလီ၊ ဒူရာဘီနယ့်၊ ချစ်ညီတူခရီးကို၊ နောက်မီးမလျှောက်လို၊ နီလဲ့နှစ်ဆင့်၊ နှစ်ပွင့်စုံညီ၊ မဒ္ဒီရှိယ့်အဟိုရို့၊ တောင်ကျွန်းညိုလောကဓါတ်၊ တိုင်းမဇ္ဈိမာ၊ ယင်းကဖြာကော၊ ရာဇာအမျိုး မြတ်အယ့်။ ဆက်မပြတ်သိမ်းယူပြန်၊ သာကီအဆက်၊ နွယ်မပျက်ကော၊ ကနက်ဖြန့်ကာစံအယ့်။ သျှစ်တန်ပလ္လင်ရိုး၊ ဘိုးကဆက်ခံ၊ ဘနန်းစံကော၊ နန်းရံကိုယ့်အမျိုးတည်း။ ကတိုးအနံ့ဥဒဟို၊ သင်းပုံ့မွှီးကြိုင်၊ သျှစ်ရပ်လိုင်ကော၊ မဏ္ဍိုင်ချက်မြုပ်သိုထက်၊ ပြည်နဂိုရ်ဝေသာလီ၊ ဓညနှစ်ခန်း၊ နှစ်ပြည်လွှမ်းကော၊ ထီးနန်းအစီရီတည်း။ မျိုးသာကီ စိုင်မပျက်၊ နှစ်ပေါင်းရှည်ကြာ၊ မဟာနွယ်မျိုးတက်အယ့်။ မယုက်မနှောပြီ၊ သျှစ်သောင်းအချာ၊ ဆက်ကာစိုးစံ၊ နန်းရံမယ့်ဌာနီသို့၊ ရာသီခွင်မစွန်းခင်၊ အောင်စည်ရွှန်းလို့၊ စက်ပန်းဖြန်စီချင်ရေ၊ နောက်ခွင်ကြာလွှန်းစွတကားလည်။

ဤစာအုပ်တွင် ဝတီခိုင်က (ကြည့်လီသမျှ) ကို (ကြည့်လေသမျှ) ဟူ၍၄င်း၊ (ညှာရွက်ကြီ) ကို (ညှာရွက်ကြွေ) ဟူ၍၄င်း၊ (လီပြင်းခတ်လိုက်) ကို (လေပြင်းခတ်လိုက်) ဟူ၍၄င်း၊ (ပရစ်ဝီဝီ) ကို (ပရစ်ဝေဝေ) ဟူ၍၄င်း၊ (မင်း၏ရင်သွီး) ကို (မင်း၏ရင်သွေး) ဟူ၍၄င်း၊ (နီ) ကို (နေ) ဟူ၍၄င်း၊ (နောက်မီး) ကို (နောက်မေး) ဟူ၍၄င်း အရက်တရား ကင်းမဲ့စွာ ဗမာမှုပြုထားသည်ကို အကျွန်ုပ်ရို့ ဝမ်းနည်းဖွယ် တွိမြင်ရပါသည်။ ဤနေရာတွင် စာရွိုးသူအနေဖြင့်လည်း ရခိုင် (နောက်မီး) ကို ဗမာကလည်း (နောက်မီး) အဖြစ် အတူတူ သုံးစွဲသည်ကိုရာ မှတ်သားဖူးပါသည်။ ရခိုင် (မီး) ကို ဗမာက (မေး) ဟူ၍ မသုံးစွဲပါ။ ဝတီခိုင်၏အတတ်ဆန်း၍ (နောက်မေး) ဟူ၍ ဗမာလွှန်ကျွန်မှုဝါဒသည်ကား ကကောင်းရယ်ဖွယ် ရှက်ဖွယ် ကောင်းလှပါ၏။

မှတ်ချက်။ ။ ရခိုင့်ကံကြမ္မာနှစ် (၂၀၀) ပါ သုဝဏ္ဏဒေဝီ၏ ရှွန်းလိုက်ရတုပိုဒ်စုံနှင့် မူရင်းသုဏ္ဏဒေဝီ၏ ရှွန်းလိုက်ရတု ပိုဒ်စုံကို ဆုံးခန်းတိုင်အောင် နှိုင်းယှဉ်ကြည့်ချင်လိုပါက ရခိုင့် ကံကြမ္မာနှစ် (၂၀၀) နှင့် ဗျာဒိတ်ပန်းမဂ္ဂဇင်း အမှတ် (၁) ရို့ကို နှိုင်းယှဉ်ဖတ်ကြည့်ကြပါ။

ရခိုင်အားမာန်စာစောင် (၁) အဖွင့်ကဗျာအဖြစ် ဖဒူမင်းညိုရွိုးစပ်ခရေ မှောက်တော် ခြေင်း (၁) ကို "ပေါ်ဦးကမ္ဘာ၊ ကြာငါးပွင့်လိုက်၊ ရောင်မြိုက်ဥာဏ်ဖြူ၊ ငါးဆူရှင်နည်း၊ ပွင့်မည်ချည်းတွင်။ မိတ္တည်းမရောက်၊ လေးပါးနောက်ဝယ်၊ ငါးထောင်ထောက်တာ၊ သာသနာတွင်၊ ငါးစင်းအမြတ်၊ နဝတ်ရေကျ။ ငါးရာရသား၊ ဂစ္ဆပနဒီ၊ ဤသည်ညာမွှန်၊ ယဉ်ထန်တဘက်၊ ပင်လယ်ထွက်သော်၊ နှစ်ဘက်ကမ်းခြီ၊ ဖြားရေမှီဝယ်၊ ရှေ့ဆီပြုဗ္ဗာ၊ အာကာမှီခိုင်း၊ တောင်ပြိုင်းပြိုင်း၌၊ ဆိုင်းဆိုင်းမဏ္ဍိုင်၊ ရခိုင်ညွှန့်ဖူး၊ မွန်ကြည်မြူးသို့၊ မြောက်ဥရွှေနန်း၊ တည်လတ်ထွန်းသည်၊ ဤကျွန်းဇမ္ဗူ ထူးတည်လေ" ဟူ၍ ရွိုးသားထားသည်ကို တွိရပါသည်။

ဤနီရာမှာ ရခိုင်စာပီကို ဗမာမှုပြုထားသည်ကို တွိရပါသည်။ ( ငါးဆူရှင်နည်း ) ဆိုရေ အဓိပ္ပါယ်ဖွင့်ဆို ချက်မှာ ဘုရားငါးဆူကို ညွှန်းဆိုခြင်း ဖြစ်ပါလိမ့်မည်။ (ငါးဆူရှင်နည်း) ကို ဗမာရို့ရာ (ငါးဆူသျှင်နည်း) ဟု အသံထွက်ကြပါသည်။ ရခိုင်ရို့ကား (ရှင်) ဆိုရေဝေါဟာရကို (သျှင်) ဟု အသံမထွက်ပါ။ (သျှင်) ကို ရခိုင်ရို့က ဘုရားတရား၌ အများသုံးစွဲကြပါသည်။ (အရှင်ဘုရား) ဟူ၍ မဟိပါ။ (အသျှင်ဘုရား) ဟူ၍ရာ ဟိပါသည်။ ထိုသို့ပြောဆို ရွိုးသားကြသည်မှာ ဗမာ (မြန်မာ) များသာဖြစ်သည်။ ရခိုင်ရို့ မှာကား (အသျှင်ဘုရား) ဟူ၍သုံးနှုံးခေါ်ဝေါ် ကြပါသည်။ (ရှင်) ကို ရခိုင်ရို့က (ရှင်ရှင်တော်မဟာမုနိ၊ ဆံတော်ရှင်ဘုရား) စသည့်နီရာများ၌ သုံးစွဲခေါ်ဝေါ် ကြပါသည်။ (ရှင်) ဟူသည်မှာ (အသက် ရှင်သည်) ဟူ၍ အဓိပ္ပါယ်ရပါသည်။ (အရှင်၊ အသီ) ဟူ၍ ရခိုင်ရို့ကသုံးနှုံးပါသည်။ (ဖြားရေမှီဝယ်) အသုံးအနှုံးမှာလည်း ရခိုင်သားများက ရခိုင်စာပီကို ဗမာမှု ပြုထားခြင်းဖြစ်ပါသည်။ (ရေ) ကို ဗမာရို့က (ယေ) လို့အသံထွက် ကြသည်။ (ရေ) ကို ရခိုင်ရို့က (လားရေ၊ လာရေ၊ စားရေ၊ တွို့ခရေ၊ မြင်ခရေ၊ နီခရေ) လို့ရာ သုံးလေ့ဟိပါသည်။ ထို (ရေ) ကို (ရီ) ဟူ၍ ရခိုင်စာပီ၌ ပြောဆိုရွိုးသားကြပါသည်။ (ရီကြိုင်ချောင်း၊ သောက်ရီ၊ သုံးရီ၊ ဖြားရီ၊ ကန်ရီ၊ တွင်းရီ၊ ချောင်းရီ၊ ရီအိုင်) စသည်ဖြင့် သုံးစွဲခေါ်ဝေါ်ကြပါသည်။ (ရှေ့ဆီပြုဗ္ဗာ) ဆိုသည့် အပိုဒ်၌လည်း (ရှေ့) စကားလုံးမှာ ဗမာမှုပြုခံနီရရေ ရခိုင်စာပီပင်ဖြစ်ပါသည်။ (ရှေ့) ကို မူရင်း ရခိုင်စာပီ၌ကား (ရှိ) သို့မဟုတ် (ရှိယ့်) လို့ရာ တွိရပါသည်။ ရခိုင်သားများသည်လည်း အဂုထက်ထိ အရှိ၊ အနောက်ဟူ၍ သုံးစဲလျှက်ဟိကြပါသိမ့်သည်။ (သုဝဏ္ဏဒေဝီ၏ ရှွန်းလိုက်ရတု၊ ဓညဝတီနိဂုံးရွာများသမိုင်းသာခြင်းများ၌ ဖတ်ကြည့်ကြပါရန်။)

၄င်းရခိုင့်အားမာန်စာစောင် (၁) အဖွင့်ကဗျာ (၂) အဖြစ်တော်လှန်ရေးစာဆို မင်းသားကြီးရွှီဗန်းရွိုးသားခရေ ကဗျာကိုတဖန် ရခိုင်သားများက ဗမာမှုပြုထားကြပါသည်။ (မင်းသားအမှန်၊ ငါလျှင်ကြံ့က၊ နိုင်ငံရပ်စည်၊ တိုင်းပြည် အတွက်၊ ကိုယ့်အသက်ကို၊ ရက်ရက်စွန့်ခွာ၊ ကုလားရွာ၌၊ ခန္ဓာရုပ်ဟောင်း၊ ဘဝပြောင်းခဲ့၊ ဖြစ်ကြောင်းသံသာ၊ သတ္တာဝါတို့၊ မှန်စွာမချွတ်၊ သူမသတ်လည်း၊ မလွတ်တခါ၊ သေအံ့ရာတည်း။ ကမ္ဘာမကြေ၊ သူတို့တွေလည်၊ အနေမစိုး၊ ငါမြေတိုးသော်၊ အရိုးတခါ၊ တွန်လိမ့်ရာ၏။ နောင်လာ နောင်လူ၊ ရခိုင်သူတို့၊ အယူမပြောင်း၊ ငဲ့လမ်းကြောင်းကို၊ ကောင်းကောင်းလိုက်လာ၊ တိုင်းဓညာကို၊ တခါမုချ၊ ငါရို့ရအံ့၊ လုံးလရှေ့သန်၊ လိုလျှင်ကြံ့က၊ နိဗ္ဗာန်မချွတ်၊ လက်ဝါးခတ်သည်၊ စွဲမှတ်ဤစာသေတမ်းစာတည်း) ဟူ၍ ဖြစ်ပါသည်။

(သေအံ့ရာတည်း၊ လုံးလရှေ့သန်၊ စွဲမှတ်ဤစာသေတမ်းတည်း) စသောအပိုဒ်များတွင် (သေ၊ ရှေ့) ဆိုသည့် ဝေါဟာရများမှာ

ဗမာမှုပြုခံရရေ ရခိုင်စာပင်ဖြစ်ပါရေ။ (သေ၊ ရှေ) ဟူ၍ ရခိုင်ရို့က သုံးစွဲခြင်းမဟုတ်ပါ။ ရခိုင့်စာပီဩ (သီ၊ ရှိ) ဟူ၍ရာ သုံးစွဲပါသည်။ စကားပြောရာတွင်လည်း ဤအတိုင်းပင် ပြောဆိုသုံးစွဲကြပါသည်။ (သူတို့တွေလည်း) ဆိုသည့်အပိုဒ်၌လည်း (တွေ) ဆိုရေ ဝေါဟာရကို ရခိုင်၌ လုံးဝမတွိရပါ။ (တွေ) သည် ဗမာစာ၊ ဗမာစကား စစ်စစ်ရာ ဖြစ်ပါသည်။ ဗမာမှုအပြုမခံရသိမ့်ရေ (ဓညဝတီနိဂုံးရှာများ သမိုင်းသာခြင်း၊ မူရင်းသုဝဏ္ဏဒေဝီ၏ ရွှန်းလိုက်ရတု) များကို ဖတ်ကြည့်၊ လေ့လာကြည့်ကြလျှင် ရခိုင်စာပီ အရှီးအသားစစ်စစ်များကို တွိမြင်ကြရပါမည်။ (ဗျာဒိတ်ပန်းမဂ္ဂဇိင်း အမှတ် (၁) တွင် ဖတ်ကြည့်ကြပါ။ (ရွှန်း) ဆိုရေ ဝေါဟာရကိုလဲ့ (ရွှန်း) လား (သွန်း) လား သုတေသနပြု ခွဲခြမ်းရဖို့ ကျန်ပါသိမ့်သည်။

အမြင်

အမျိုးသီလကို စောင်ထိမ်းရေဆိုရေ ရခိုင်ကြီးရို့ ကနိ အမျိုးသီလကို ဖျက်ဆီးနီရေဆိုလျှင် မှားဖွယ်မဟုတ်ပါ။ ရခိုင့်ကံကြမ္မာနှစ် (၂၀၀)၊ ရခိုင်အားမန်စာစောင်၊ ရခိုင်ဘဝ၊ ဓညဝတီစာစောင်၊ လမ်းပြကြယ်စာစောင်ရို့ရေ ရခိုင့်တော်လှန်ရေးနယ်မြေကထွက်တေ စာအုပ်စာစောင်များ ဖြစ်ကတ်ကေလဲ့ ရခိုင်စာပီကိုကား တလုံးတပါဒမှ မတွိရပါ။ အထက်ဖေါ်ပြပါစာစောင်ပါ ဆောင်းပါး၊ ကဗျာများရေ ရခိုင်စာပီလောကထဲသို့ လုံးဝသွင်းမရရေ ဗမာစစ်စစ် ဗမာစာပီတိရာဖြစ်ကတ်ပါရေ။ ဒေပိုင်ဗမာစာပီတိကို ရခိုင်လူငယ်ထုအတွင်းသို့ ရခိုင့်မျိုးချစ်ကြီးများက အရာဆက်လို့ အားမမွသွတ်သွင်းပုံသွင်း နီကတ်ဖို့ဆိုပါကေ ရခိုင်ပြည်လွတ်လပ်ရေး ရသိမ့်တိုင်အောင် ရခိုင်နိုင်ငံ ဖြစ်မလာဘဲ အဂုလက်ဟိ မြန်မာနိုင်ငံက ခွဲထွက်လာရေ လက်သစ်ဗမာနိုင်ငံချေတနိုင်ငံရာ ဖြစ်လာပါလိမ့်မည်။ အေစာပီများရေ ရခိုင့်အကြောင်း အရာများကို ရှီးသားဖေါ်ပြထားရေ ဗမာစာပီများရာဖြစ်ကတ်ပါရေ။ ရခိုင်စာပီကို လျစ်လျူရှု အမှုမဲ့အမှတ်မဲ့ အေပိုင် ပစ္စက်လက္ခတ် ပစ်ထားကတ်တေအပြင် မူရင်းရခိုင်စာပီများကိုလည်း တတ်နိုင်သမျှ ဗမာမှုပြုရှီးသားနီကတ်တေ ရခိုင်မျိုးချစ်ကြီးများကို အမျိုးကိုချစ်တေလို့ အကျွန်ုပ်ရို့ ဇာပိုင်ဆိုနိုင်ပါဖို့လဲ။ မိမိရို့မှာ ရခိုင်စာပီအကျွရာ၊ ရခိုင်စကား၊ ရခိုင်ဘာသာ ဟိပါလျှက်နန့် သူများစာပီ၊ သူများစကား၊ သူများဝေါဟာရများကို အငှါးယူပနာ ရခိုင်အကြောင်းအရာများကို ရှီးသားဖေါ်ပြနီကတ်ခြင်းရေ ရခိုင့်စာပီကို ရခိုင့်လူ့အဖွဲ့စည်းက ပျောက်ထက်မက ပျောက်ကွယ်လားအောင် လုပ်ဆောင်နီကတ်ခြင်းရာဖြစ်ပါရေ။ ရခိုင်စာပီကို ရခိုင်စကားကို နှိမ့်ချစော်ကားခြင်းရာဖြစ်ပါရေ။ ယင်းပိုင် သူတပါးစာပီကို အငှါးယူရှီးသားနီခြင်းရေ ရခိုင့်တော်လှန်ရေးမှာ သဘာဝစရိုက် **(Nature and Character)** တခုဖြစ်နီပါရေ။ တခါတရံမှာ ရခိုင်တော်လှန်ရေး ခေါင်းဆောင်ကြီးများ အချင်းချင်း ဗမာစကားကို ဂုဏ်ယူဝင့်ကြွားစွာ အရှက်မဟိ ပြောဆိုနီကတ်ပါသိမ့်ရေ။ အချင်းချင်းစာရှီးသားကတ်တေ အခါမှာလည်း ဗမာပိုင် (နေကောင်းရဲ့လား၊ ဘယ်သွားမလဲ၊ ကျနော်စာရေးလိုက်ပါတယ်) စသည်ဖြင့် ရှီးသားနီကတ်စွာကို မျက်မြင်ကိုယ်တွိလက်တွိ မျက်မှောက်ဒိဋ္ဌ တွိမြင်နီရစွာမှာက ကကောင်း ရှုံ့ဖို့ကောင်းပါရေ။ နောက်လိုက်ရခိုင်လူငယ်တချို့လည်း ဗမာတခွန်း၊ ရခိုင်တခွန်း မပီကလာ၊ ပီကလာ ပြောဆိုရှီးသား နီကတ်စွာတိကိုလည်း မကြားချင်မမြင်ချင်အဆုံး ကြားနီမြင်နီရပါရေ။ မိမိရို့ ရခိုင့်စာပီ ပျောက်ကွယ်နီစွာကို သိယင်းသားနန့် ဗမာစာပီ ထွန်းကားတိုးတက်ရေးကို နိညဉ့်မပြတ် ကြိုးစားအားထုတ် ရှီးသားနီကတ်တေ ဗမာကပ်ဖားကပ်စား ကဗျာဆရာ၊ စာရှီးဆရာတိကို ရခိုင့်တော်လှန်ရေးလောကမှာ ဖုတ်စားလို့မကုန်အောင် အများကြီးတွိမြင်နီရပါရေ။ အဘာကျွေးရေထမင်းကိုစားလို့ ယောက်ဖခွားကို အငှားကျောင်းနီကတ်တေ၊ ရခိုင်သားထမင်းကိုစားလို့ ဗမာအတွက် အလုပ်အကျွေးပြုချင်ရေ ရခိုင်မသားရခိုင်သား တော်လှန်ရေးကပျက်တိက အားလုံးနားလည်းနိုင်အောင်၊ ဖတ်နိုင်အောင်လို့ ဗမာပိုင်ရှီးရခြင်းဖြစ်ပါရေလို့ ဆင်ခြီဆင်လက်တိပီးပနာ "ဆင်သီကို ဆိတ်ရီနန့်ဖုံးဖို့" ကြိုးစားနီကတ်ပါသိမ့်ရေ။ ရခိုင်စာကို ရခိုင်ပိုင်ရှီးကေလဲ့ မြန်မာစာတတ်တေ အခြားလူမျိုးတိအားလုံး နားလည်သဘောပေါက်ကတ်စွာကို အကျွန်ုပ်ရို့ လက်တွိဖြစ်ပါရေ။ "ရခိုင်စာကို ရခိုင်သားများ ရခိုင်ပိုင်ရှီးသားခြင်း" ဖြင့် ဂုဏ်ယူစီချင်ပါရေ။ ရခိုင်ထမင်းကိုစားလို့ ဗမာစာပီ တိုးတက်ရေးကိုရာ အားထုတ်လုံးပန်းနီကတ်တေ ရခိုင်မသား ရခိုင်ကဗျာဆရာ၊ စာရှီးဆရာတိရေ "တောင်ကျော်၍မျှော်သူ" (ငတောင်ကျော်) တိရာ ဖြစ်ကတ်ပါရေ။ ယင်းပိုင်ရာ တောင်တကြောင်း၊ မြောက်တကြောင်း လုပ်ချင်ပိုင်လုပ်နီကတ်ဖို့ဆိုပါကေ ဇာပိုင့်ဇာပိုင် ရခိုင့်စာပီ ထွန်းကားလာနိုင်ပါဖို့လဲ။ ဇာပိုင်လုပ် ရခိုင်မျိုးဆက်သစ်လူငယ်များကို အမျိုးသားရေးအသိစိတ်ဓါတ် မြင့်မား လာအောင်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓါတ် ရင့်သန်လာအောင် မွီးထုတ်ပီးနိုင်ပါဖို့လဲ။ အေပိုင် "ငတောင်ကျော်" တိကို ရခိုင့်စာပီလောကထဲက လုံးဝပယ်ပစ်လိုက်ကတ်ရဖို့ ဖြစ်တေပိုင် ရခိုင့်တော်လှန်ရေး အသိုင်းအဝိုင်းထဲကလည်း လုံးဝထုတ်ပယ် ပစ်လိုက်ကတ်ရပါဖို့။ "ငတောင်ကျော်" တိ အသက်ရှင်နီသမျှကာလပတ်လုံး ရခိုင့်စာပီ မထွန်းကားနိုင်ရေပိုင် ရခိုင်ပြည်လွတ်လပ်ရေးဆိုစွာလည်း တခါလဲ့ ရလိမ့်မယ်မဟုတ်ပါ။ အေ "ငတောင်ကျော်" တိရေ ရခိုင့် လူ့အဖွဲ့စည်းကိုသော်၎င်း၊ ရခိုင့်တော်လှန်ရေးကိုသော်၎င်း သွယ်ဝိုက်တေနည်းနန့် ဖျက်စီးနီကတ်တေ "အမျိုးမစစ် ကာလနာ၊ ဖော်လန်ဖား အောက်သားသားကျ" တိရာ ဖြစ်ကတ်ပါရေ။

စာရိတ္တပျက်ပြားမှု၊ ဘာသာတရား အလေးအနက်မထားမှု၊ တယောက်ကိုတယောက် အပြန်အလှန် မလေးစားမှု၊

တယောက်ကိုတယောက် ဗိုလ်ကျစိုးမိုးလိုမှုရို့ရေ ရခိုင့်တော်လှန်ရေးလောကဍှ် သမိုးရိုးကျ ဖြစ်ပေါ် ထွန်းကားလျှက်ဟိပါရေ။ ထိုအမှုအယာများရေ ရခိုင်မျိုးဆက်သစ်လူငယ်ရို့ကို အစတုန်းဖျက်ဆီးလျှက်ဟိပါရေ။ ရခိုင်တချို့ ရခိုင်စကားမပြောတတ်ကတ်ပါပျာယ်။ ရခိုင်တချို့ (ယ)နန့် (ရ) ကို ကွဲအောင် အသံမထွက်တတ်ကတ် ပါပျာယ်။ အေပိုင် ဖြစ်လာရခြင်းရေ ရခိုင့်စာပီမထွန်းကားမှုအပေါ် အများကြီးမူတည်နီပါရေ။ ဗမာပိုင် ကဗျာ၊ ဝတ္ထု၊ ကာတွန်း၊ ဆောင်းပါးများ ရှိုးသားထုတ်ဝီနီကတ်တေ ရခိုင်ပြည်တွင်းက ရခိုင်မသားရခိုင်သားများအပေါ် အဓိကမူတည်နီပါရေ။ ဗမာများကိုကျည်း အပြစ်ဖို့ပြောဆိုနီကတ်လို့က ယုတ္တိယုတ္တာ မဟိပါ။ ရခိုင့်သမိုင်းဆရာ၊ စာရှိုးဆရာရို့၏ မိစ္ဆာအမြင်မှားမှုကြောင့် အဂုခစ် ကျွန်တော်ရို့ ရခိုင်လူငယ်များမှာ ရခိုင်စာကို ဇာပိုင် ရှိုးသားရဖို့လဲဆိုစွာကို "ဘဲဥအစရှာလို့ မရရေပိုင်" ဖြစ်နီကတ်ပါပျာယ်။ အများစုက ဆောင်းပါး၊ ဝတ္ထု၊ ကဗျာများကို ဗမာပိုင်ကျည်း ရှိုးသားနီကတ်စွာကို တွိရပါရေ။

အချုပ်ပြောရဖို့ဆိုကေ ဗမာကိုခေါ်ခီစွာလည်း ရခိုင်သားပါ၊ အဂုလက်ဟိ ပြည်ထောင်စုလို့ခေါ်ရေ မြန်မာနိုင်ငံမှာ ရခိုင်သားရို့ ရခိုင်စာကို သင်ကြားခွင့်မရကတ်ဆိုပါကေလဲ့ ရခိုင့်စာပီကိုဖျက်ဆီးပြီးကေ ဗမာမှု ပြုနီကတ်တေ အဓိကတရားခံများမှာ ရခိုင်သားများရာဖြစ်ကတ်ပါရေ။ ရခိုင်ဘုရားများကို သိုက်တူးရောင်းစား နီကတ်စွာလည်း ရခိုင်သားပါ။ ဗမာမှုပြုခံရရေ ရခိုင့်စာပီနန့်အတူ ရခိုင်လူမျိုးရို့၏ဥဏ္ဏာက်ကိုလည်း ဗမာမှုပြုခံနီကတ်ရပါရေ။ ရခိုင့်စာပီပညာသျှင်များ၊ ရခိုင့်တော်လှန်ရေး ဂေါင်းဆောင်များက ဗမာစာပီကို အေပိုင်မပီကလာပီကလာ မှင်ယောင်လိုက် ဆက်လို့ဗမာပိုင် ရှိုးသားနီကတ်ဖို့ဆိုပါကေ ရခိုင်မျိုးဆက်သစ်များဖြစ်တေ ကျွန်တော်ရို့က နောင်လာနောက်သား ရခိုင်သူ၊ ရခိုင်သား မျိုးဆက်သစ်လူငယ်ရို့ကို ဇာပိုင်သမိုင်းအမွီအနှစ်မျိုးကို လက်ဆင့်ကမ်းပီးရပါဖို့လဲ။ ရခိုင့်သမိုင်းဝင် ဘုရားများကိုရောင်းပနာ ရခိုင့်တော်လှန်ရေးကိုထူထောင်ဖို့ နည်းလမ်းမျိုးလား။ ဘုရား၊ ဘုန်းကြီးကျောင်းများကို ခမြတိုက်ပျာယ် လူမှုဖုံလုံရေး လုပ်ဖို့စွာမျိုးလား။ "ခင်ဗျားပျောတာ ကျနော်မကျားဘူး၊ ရခိုင်စကား ကျနော်မပျောတတ်တော့ဘူး၊ မေ့သွားပြီ" ဆိုရေ အမွီမျိုးလား၊ သမိုင်းပီးတာဝန် ထမ်းဆောင်ယင်း သမိုင်းကြွီးတင်နီကတ်တေ ရခိုင့်တော်လှန်ရေး ဂေါင်းဆောင်ကြီးများ ဇာပိုင်စိုင်းစားကတ်တေရောင်။ ။

ကျော်ဝင်းချေ (ချောင်းသာကြီး)

# ဘာသာရေး(သို့မဟုတ်)သီဆုံးနီသောကျောက်တုံး

အိုအသျှင် အိုသို့
စစ်မှန်ရေ ဘာသာရေးဆိုသည်မှာ ပဇာကိုခေါ်ပါသနည်း။

ဘာသာရေးဆိုသည်မှာ လူအများနားလည်ထားကြသည့် အတိုင်းမဟုတ်ပေ။ ဘာသာရေးသည် ခရစ်ယာန်ဝါဒမဟုတ်၊ ဟိန္ဒူဝါဒမဟုတ်၊ မိုဟာမေဒင်ဝါဒလည်းမဟုတ်ပေ။ ထိုသို့ခေါ်ဆိုသော ဘာသာရေးများသည် သက်မဲ့သီဆုံးနီကြသော ကျောက်တုံးကြီးများသာဖြစ်၏။ အကျွနုပ်သည် သင်ရို့အား ဘာသာရေး (Religion) ကို သွန်သင်ပြခြင်းမဟုတ်ဘဲ ဘာသာတရား (Religiousness) ကိုသာ သွန်သင်ပြခြင်းဖြစ်ပေသည်။ ၎င်း ဘာသာတရားရေ အမြဲစီးဆင်းနီသည့် နဒီမြစ်ရီကဲ့သို့ အစိုင်မပြတ်စီးဆင်းလျှက် အဆုံးစွန်၌ သမုဒ္ဒရာထဲသို့ စီးဝင်လားကြကုန်၏။ ကျောက်တုံး ကျောက်ဆောင်ရို့မည်သည် အလွန်ရှိကျ၏။ လောကဓံတရားများကို များစွာခံစားစံစားဖူးကြကုန်၏။ ရိဝေဒကျမ်းများထက် အိုမင်းရင့်ရော်ကုန်၏။ သို့သော် ၎င်းကျောက်တုံးများသည် ကျောက်တုံးများသာဖြစ်၍ အသက်ဝိညာန်မဟိချေ။ ၎င်းကျောက်တုံးများသည် ရာသီဥတုကိုလိုက်၍ ပြောင်းလဲခြင်းလည်းမဟိ။ လောကကြီးနန့်အတူ လှုပ်လျှားခြင်းလည်းမဟိ။ ၎င်းတည်ဟိနီသည့်နီရာ၌သာ တည်မြဲတည်ဆဲဟိကုန်၏။ အသင်ရို့သည် တေးဆိုသံနန့်အတူကခုန်ရွှင်မြူးတတ်သောကျောက်တုံးများကို မြင်ဖူးပါ၏လော။

အကျွနုပ်အတွက်မူ ဘာသာရေးသည် နာမ်အရည်အသွေးသာဖြစ်၍ အဖွဲ့အစည်းဂိုဏ်းဂဏတခုမမည်ချေ။ ကမ္ဘာကြီးတွင် ဘာသာရေးပေါင်း သုံးရာကျော်ဟိ၏။ ၎င်းဘာသာရေးအားလုံးသည် သက်မဲ့သီဆုံးနီကြကုန်သော ကျောက်တုံးကြီးများသာလျှင် ဖြစ်ကြကုန်၏။ ၎င်း ကျောက်တုံးကြီးများသည် ပြောင်းလဲခြင်း၊ လှုပ်လျှားခြင်း၊ စီးဆင်းခြင်း တစုံတရာမျှမဟိချေ။ ထိုကဲ့သို့ သက်မဲ့သီဆုံးနီသောအရာများက သင်ရို့အားတစုံတရာကောင်းကျိုးကို ဆောင်စွမ်းပီးနိုင်လိမ့်မည်မဟုတ်ပေ။ ၎င်းကျောက်တုံးကြီးများသည် သင်ရို့သီဆုံးသောအခါ အရိုးဂူသွင်းပြုလုပ်ရန် အတွက်သာ အသုံးဝင်ကောင်းဝင်ပေလိမ့်မည်။ ထိုသို့ခေါ်ဆိုသော ဘာသာရေးများမှာ သင်ရို့၏အဖိုးတန်သော လူ့ဘဝကိုဖျက်ဆီး၍ သင်္ချိုင်းကုန်းသို့ရာပို့ဆောင်ပီး၏။ သင်ရို့၏အချစ်မိတ္တာ၊ ပျော်ရွှင်မှုများအားလုံးကို ဖျက်ဆီးခြိမ့်ပစ်ကြကုန်၏။ သင်ရို့၏ဦးဂေါင်းထဲသို့ ဘုရားသခင်၊ ကောင်းခင်ဘုံ၊ ငရဲ နောင်တမလွန်ဘဝအစဟိသည့်ရို့နန့်သက်ဆိုင်ရေ စိတ်ကူးယိုင်မှုများ၊ အဝိဇ္ဇာတွေဝေမိုက်မဲမှုများစသည့် ဒုစရိုက်အမျိုးမျိုးကိုရာ သွတ်သွင်းပီးကြကုန်၏။

အကျွနုပ်သည် စီးဆင်းပြောင်းလဲ၊ လှုပ်လျှားခြင်းများကို အယုံအကြည်ဟိ၏။ အကြောင်းမှာ ၎င်းရို့အားလုံးသည် ဘဝ၏သဘာဝတ္တ တရားများဖြစ်ကြကုန်၏။ အကျွနုပ်သည် ထာဝရတည်ဟိနီသော အရာတခုကိုသာအသိအမှတ်ပြု၏။ ၎င်းအရာသည်ကား လှုပ်လျှားပြောင်းလဲခြင်းမည်ကုန်၏။ ၎င်းလှုပ်လျှားပြောင်းလဲခြင်း တရားကြောင့် သစ်ပင်ရို့သည် ရွက်ဟောင်းညှာကြွီကြကုန်၏။ ရွက်ဝါရို့သည် မည်သူတဦးတယောက်ကိုမျှ တိုင်တန်းခြင်းမပြုဘဲ ညှာရိုးကျကြွီကာ တိတ်တဆိတ်ငြိမ်းအီးစွာပင် သူရို့ရှင်သန်ဖြစ်ပေါ်လာရာ ကမ္ဘာမြီကြီးနန့် ပေါင်းစပ်လားကြကုန်၏။ ရွက်ဟောင်းညှာကြွီ၍ ရိုးတံကြဲကြဲသစ်ပင်ရို့သည် ကောင်းခင် နောက်ခံပန်းချီကားချပ်ဖြင့် သူရို့၏အလှကို ဖော်ကျူးလျက်ဟိကြကုန်၏။ သူရို့၏နှလုံးသားထဲ၌ ခိုင်မြဲရေယုံကြည်ခြင်းတရားတခုသည် အစိုင်ကိမ်းဝပ်လျှက်ဟိ၏။ အကြောင်းမှာ သူရို့သည် ဟောင်းရွက်ညှာကြွီလျှင် ရွက်သစ်ပန်းမာလ်ရို့ အသစ်တဖန် ဝီဆာပွင့်ဖူးလာကြမည်ကို သိနားလည်ကြသောကြောင့်ဖြစ်၏။ ချက်ချင်းပင် စိမ်းလမ်းစိုပြေ၍ သစ်လွင်နုပျိုရေ ရွက်ဖူးနုရို့သည် ပြန်လည်ရှင်သန်နိုးထလာကြကုန်၏။

ဘာသာရေးသည် သက်မဲ့သီဆုံးနီရေ အဖွဲ့အစည်းဂိုဏ်းဂဏ တခုမဖြစ်သင့်ဘဲ အမှန်တရား၊ ရိုးသားဖြူစင်ခြင်း၊ သဘာဝတ္တကျခြင်း၊ ချစ်ခင်မြတ်နိုးသော နှလုံးသားဟိခြင်း၊ စကြ္ကာဠာကြီး၏နက်လှိုင်းရေ ဓါတ်သဘာဝများ ကိမ်းဝပ်ပါဝင်ခြင်းအစဟိရေ ကောင်းမွန်သော အရည်အချင်း များဖြင့်ပြည့်ဖိုးသော ဘာသာတရားသာလျှင် ဖြစ်သင့်ပေသည်။ ဤအရည်အချင်းများပြည့်ဝရန်အတွက် သမ္မာကျမ်းစာ၊ နှုတ်ခပတ်တော်စသည့် စာထက်အက္ခရာများမလိုအပ်ချေ။ အမှန်မှာ သမ္မာကျန်းစာ၊ နှုတ်ခပတ်တော်စသည့် စာထက်အက္ခရာများမှာ မည်သည့်နီရာ၌မျှ မဟိချေ။ အကြောင်းမှာ သမ္မာကျမ်း၊ နှုတ်ခပတ်တော်ဆိုသည့်အရာများမှာ ကောင်းမွန်ရေစာပီများဖြစ်ကြောင်းကို မည်သည့်အခါကမျှ သက်သီမပြုနိုင်သောကြောင့်ဖြစ်၏။ ၎င်းရို့သည် ကောင်းမွန်လွန်းသောကြောင့် ယခုအခါ မည်သူ တယောက်ကမျှမဖတ်ကြတော့ပေ။ ပဇာကြောင့်ဆိုသော် ၎င်းရို့သည် အရုပ်ဆိုးအကျည်းတန်မှုများဖြင့်ပြည့်လျှမ်းရေ ညစ်ညမ်းစာပီများဖြစ်ကြသောကြောင့်ဖြစ်၏။

စစ်မှန်စင်ကြည်ရေ ဘာသာတရား၌ တမန်တော်၊ ကယ်တင်သျှင်၊ သမ္မာကျမ်း၊ ဘုရားကျောင်း၊ ပုပ်ရဟန်း၊ သိက္ခာတော်ရသင်းအုပ်ကြီး များမလိုအပ်ချေ။ ပဇာကြောင့်ဆိုသော် စင်ကြည်ရေဘာသာတရားဟူသည် သင်၏နှလုံးသား၌ပွင့်လန်းသော အလှအပတရားရာဖြစ်သော ကြောင့်ဖြစ်၏။ ၄င်းအလှအပတရားသည် သင်၏နက်လျှိုင်းရေ နှလုံးသားရပ်ဝှန်းဒေသမှ ဖြစ်ပေါ်လာ၏။ သင်သည် သင်၏နှလုံးသားရပ်ဝှန်းသို့ သက်ဆင်းရောက်သည့်အခါ၌လျှင် လှပခြင်း၊ ငြိမ်းအီးခြင်း၊ ငြိမ်ဆိတ်ခြင်း၊ အလင်းရောင်ခြည် ပန်းမာလာရို့သည် ပွင့်လန်းလာကြကုန်၏။ ထိုအခါ၌ သင်သည် အယင်သင်မဟုတ်ဘဲနန့် အသစ်မွီးဖွားခြင်းခံရရေ လူပုဂ္ဂိုလ်တဦးအဖြစ်ပြောင်းလဲဖြစ်ပေါ်လာ၏။ သင့်ဘဝ၌စိုးမိုးခြင်းခံရရေ အမှောင်ထုကြီးမှာ ချက်ချင်းပျောက်ကွယ်၍ သင့်ဘဝ၏အမှားအမဲစက်ရို့သည် လွင့်ပြယ် လားကြကုန်၏။ သင်ပြုသမျှအရာရို့ရေ အဆုံးစွန်သိမှုတည်းဟူသော အကြွင်းမဲ့ဝိညာန်ဖြင့် ပြုပျင်ခြင်းမည်၏။ အကျွနုပ်အသိအမှတ်ပြုသောအရာတခုကားဟိ၏။ ၄င်းအရာသည်ကား သိမြင်ခြင်းတည်းဟူသော "ဝိညာန်" ပင်ဖြစ်၏။

အကယ်၍ ဤဘာသာတရားတည်းဟူသော နာမ်ဓါတ်အစုအဝေးသည် ကမ္ဘာလောကဓါတ်တခွင်လုံးသို့ ပျံ့နှံ့လားမည်ဆိုပါကေ ဘာသာရေးများသည်လည်း တဖြည်းဖြည်း တိမ်ကောပျောက်ကွယ်လားကြပေလိမ့်မည်။ ဤအခြင်းအရာသည် လူသားများအားလုံးအတွက် အလွန်တရာကြီးကျယ်မြင့်မြတ်သော ကောင်းခြင်း မင်္ဂလာတရားဖြစ်ပြီး လူသားများသည် မူလပုထုစဉ်လူသားအဖြစ်ရပ်တည်၍ ခရစ်ယာန်၊ မိုဟာဗေဒင်၊ ဟိန္ဒူအစဟိသည်ဖြင့် ကွဲပြားခြားနားမှုများလည်း မဟိနိုင်တော့ပေ။ ထိုကဲ့သို့ ဘောင်ခွဲခြားသတ်မှတ်ခြင်း၊ ပိုင်းခြားစိပ်ဖြာခြင်းများ သည်သာလျှင် ကမ္ဘာ့သမိုင်း၌ ထောင်ပေါင်းများစွာသော စစ်ပွဲများ၏အကြောင်းခံ၊ အကြောင်းအရင်း၊ ဇစ်မြစ်များဖြစ်ကြကုန်၏။ လူ့သမိုင်းကို ပြန်ကြည့်မည်ဆိုပါကေ အကျွနုပ်ရို့သည် အတိတ်ကာလ၌ မကောင်းမှုတည်းဟူသော အပြစ်အကုသိုလ်များဖြင့်သာလျှင် ကျင်လည်ရှင်သန် ကျက်စားခကတ်သည်များကို အသင်ငြင်းချက်ထုတ်နိုင်လိမ့်မည်မဟုတ်ပေ။ ဘုရားသခင်၏နာမတော်အားဖြင့်၊ ဘုရားကျောင်း၏အကျိုးငှာ၊ လုံးဝသက်သီမပြုနိုင်သော ဒဿနအတွေးအခေါ်များဖြင့်သာလျှင် လူသားများသည် တဦးကိုတဦး အမုန်းပွားသတ်ဖြတ်ခကတ်သည် ကျည်းသာဖြစ်၏။ ဘာသာရေးသည် အခုချိန်ထိကမ္ဘာပေါ်၌ မပေါ်ပေါက်သိမ့်ချေ။

ဘာသာတရားသည် လူသားများ၏ခိုကိုးရာမဖြစ်သရွှိ ဘာသာရေးဆိုသည်မှာ လုံးဝမဟိနိုင်ပေ။ ထို့ကြောင့် အကျွနုပ်သည် ဘာသာတရားဟုသုံးနှုန်း၏။ အကြောင်းမူကား ဂိုဏ်းဂဏဖွဲ့စည်းခြင်းမှ ချောင်ကွင်းရန်ဖြစ်သည်။ ချစ်ခြင်းမိတ္တာကို သင်သည်အဆောက်အအုံပြု၍ ရနိုင်ပါအံ့လော။ သင်သည် ချစ်ခြင်းမိတ္တာဖြင့် တည်ဆောက်ထားသော ဘုရားကျောင်း၊ ဘုန်းတော်ကြီးကျောင်း၊ ဗလီမုသိပ်များကိုကြားဖူးပါ၏လော။ ချစ်ခြင်းမိတ္တာဟူသည်မှာ လူတဦးတယောက်နန့် အခြားလူပုဂ္ဂိုလ်တဦးတို့ထိဆက်စပ်သော ပုဂ္ဂလဓိဌာန်အရေးအရာရာဖြစ်သည်။ ဘာသာတရားဆိုသည်မှာ အကြွင်းမဲ့စကြွာဝဠာ လောကဓါတ်တခုလုံးသို့ဦးတည်သော ပို၍ကြီးမားကျယ်ပြန့်သော ချစ်ခြင်းမိတ္တာအရေးအရာသာလျှင်ဖြစ်သည်။ လူသည် သစ်ပင်၊ တောင်ကုန်းတောင်တန်း၊ မြစ်ချောင်းအင်းအိုင်သမုဒ္ဒရာ၊ မိုးကြယ်ကောင်းခင်အစဟိရေ စကြွာဝဠာ လောကဓါတ်တခွင်လုံးကို မိတ္တာသက်ရောက်မိပြီဟုဆိုပါက သူ့အတွက်ဆုတောင်းခြင်း၊ မိတ္တာပို့ခြင်းဆိုသည်ရို့မှာ ပဇာကိုခေါ်သနည်းဆိုသည်ကို အလိုလိုသဘောပေါက် နားလည်ပြီးသားဖြစ်သည်။ သူသည် သူ၏နှလုံးသားထဲ၌ ကိန်းအောင်းဖြစ်ပေါ်လာသော အသံမဲ့တေးဆိုခြင်းနန့် ကခုန်မြူးတူးခြင်းကိုပါ နားလည်သဘောပေါက်ပြီးသားဖြစ်သည်။

ဘဝသစ်ကိုဖြစ်ပေါ်စီသော လှုပ်လျှားပြောင်းလဲခြင်း၌တည်ဟိသော ထာဝရ၊ သီခြင်းမဲ့တရားဆိုသည်ကို သူသည် ဦးစွာပထမ ခံစားသိမြင်လာရပေသည်။ သူသည် အဂယင့်အမှန် ဘာသာရေးကိုင်းလျှိုင်း သူတဦးအဖြစ်မွီးဖွားလာပြီး ခရစ်ယာန်၊ ဟိန္ဒူ၊ အစ္စလမ်၊ ဂျိန်း၊ ဗုဒ္ဓဘာသာ စသည့်ဘာသာရေးများကိုစွန့်ပယ်ကာ ဦးစွာပထမ သူ၏ပုဂ္ဂလလွတ်မြောက်ခြင်းကို ကြွေးကြော်နိုင်ပေသည်။ ဘာသာတရားသည် ပုဂ္ဂလအရေးအရာဖြစ်သည်။ ၄င်းသည် သင့်ထံမှ စကြွာဝဠာ လောကဓါတ်တခွင်လုံးသို့ပျံ့ဝီမျှသော ချစ်ခြင်းမိတ္တာတရားဖြစ်သည်။ သို့မှသာလျှင် အမြင်မှားခြင်းတည်းဟူသော အဝိဇ္ဇာအမှောင်ထုကိုကျော်လွန်မြောက်၍ စစ်မှန်ရေငြိမ်းချမ်းရေးကို ရဟိပေလိမ့်မည်။ သို့မဟုတ်ဘဲ ဘာသာရေးဆိုသည်မှာ လူသားများကို ဂုတ်သွီးစုတ်သော၊ ကျွန်ပြုသော၊ ယုံကြည်ရန်အတင်းသွတ်သွင်းသော အန္တရာယ်ကပ်ပါးပိုကောင်များဖြစ်ကြသည်။ ယုံကြည်သက်ဝင်မှုအားလုံးမှာ အသိညာဏ်တည်းဟူသော ဝိဇ္ဇာသိမြင်ခြင်းကိုဆန့်ကျင်သမှုပြု၍ လူများကို အဓိပ္ပါယ်ကင်းမဲ့သော စကားလုံးများဖြင့်ဆုတောင်းရန် အားဓမ္မသွတ်သွင်းကြပေသည်။ ထိုဆုတောင်းစကားလုံးများ၌ အသက်ဝိညာန်ကင်းမဲ့ရခြင်းမှာ ၄င်းရို့သည် နှလုံးသားမှထွက်ပေါ်လာသော စကားလုံးများမဟုတ်မူဘဲ ဦးနှောက်မှရဟိလာကြသောကြောင့်ရာဖြစ်၏။

အကျွနုပ်သည် လီယိုတော်လ်စတွိုင်း၏ လှပရေပုံဝတ္ထုတခုကို အမြဲဟောပြောလေ့ဟိပါသည်။ ထိုပုံဝတ္ထုမှာ ရီအိုင်ကြီးတခုအတွင်း ကျွန်းငယ်ချေတခုပေါ်၌ နီထိုင်လျက်ဟိသော စာမတတ်ပီမတတ်မယိုင်ကျေးရေ ကျွန်းရှာသားသုံးဦးအကြောင်းဖြစ်ပါသည်။

သန်းပေါင်းများစွာသောလူများသည် နှစ်စိုင်နှစ်တိုင်း ၄င်းကျွန်းရှာသားသုံးဦးအား ကိုးကွယ်ဆည်းကပ်ရန်လာရောက်ကြသည်။ တော်လှန်ရေးခစ်မတိုင်မီ ယခင်ရုသျှပြည်၏ဘာသာရေးရဟန်းမင်းကြီးသည် ဤကိစ္စကို သတိထားလာမိသည်။ ဘုရားကျောင်းများ၌ လူများဆိတ်သုန်လာသည်။ ရဟန်းမင်းကြီးထံသို့ မည်သူတဦးတယောက်ကမျှ မလာရောက်တော့ချေ။ ရုသျှ ဘုရားကျောင်းများမှာ ရှိရိုးဝါဒစွဲဟိကြသည်။ လူများသည် နှစ်ချင်းခံခြင်းမပြုရသိမ့်သော ၄င်းလူသုံးဦးထံသို့ရာ လားကတတ်ကုန်၏။ ဤလူများကား ရူးသွပ်လားကတတ် လီပျာယ်လားမသိ။

အိန္ဒိယ၌ သူတော်စင်တဦးဖြစ်ရန်လွယ်ကူသော်လည်း ခရစ်ယာန်ဘာသာ၌ မလွယ်ကူချေ။ သူတော်စင် (Saint) ဟူသော အင်္ဂလိပ် ဝေါဟာရသည် "Sanctus" ဆိုသည့် ဝေါဟာရမှ ဆင်းသက်လာသော စကားလုံးဖြစ်သည်။ ဆိုလိုချက်မှာ သင်သည် ပုပ်ရဟန်းမင်း (သို့မဟုတ်) ဂိုဏ်းအုပ်ကြီး (Arch bihshop) ထံမှ ခွင့်ပြုချက်မရလျှင်၊ အသိအမှတ်ပြုခြင်းမခံရလျှင် သင့်အားသူတော်စင်ဟူ၍ လက်ခံ၍မရနိုင်ပေ။ သို့သော် ၄င်းလူပုဂ္ဂိုလ်သုံးဦးကိုသာလျှင် သူတော်စင်အဖြစ် ပြောဆိုနီကြကုန်၏။ တနိသောအခါ စိတ်ဆိုးဆိုးဖြင့် ရဟန်းမင်းကြီးသည် သစ်ပင်အောက်၌ ထိုင်၍နီနှင့်ကုန်သော ထိုပုဂ္ဂိုလ်သုံးဦးအားတွေ့ဆုံရန် မော်တော်ဘုတ်ဖြင့်လားလီ၏။ သူသည် ထိုပုဂ္ဂိုလ်သုံးဦးအားကြည့်ပြီး ထိုသူများမှာ သူတော်စင်များဖြစ်သည်ဆိုသည်ကို လက်မခံနိုင်ဘဲဟိ၏။ အစ၌သူသည် သူ့ကိုသူမိတ်ဆက်၍ "အကျွနုပ်သည် ရဟန်းမင်းကြီးဖြစ်ကြောင်း" ကြေငြာလိုက်၏။ ထိုသူတော်စင်ပုဂ္ဂိုလ်သုံးဦးသည် သူ၏ခြီတော်ရင်းကိုကိုင်၍ အရိုအသေပီးကြကုန်၏ ထိုအခါမှသာလျှင် စိတ်သက်သာရလျှက် "ဤလူများမှာ ရူးသွပ်သူများသာလျှင်ဖြစ်၏၊ မိမိ၏အနီအထားသည်ကား ရုပ်ပျက်ဆင်းပျက် ခြီလှမ်းပျက်အောင်အထိ မဆိုးဝါးပါသိမ့်" ဟု ရဟန်းမင်းကြီးက ဖြေသိမ့်လိုက်၏။

သူသည် ထိုပုဂ္ဂိုလ်များအား "အသင်ရို့သည် သူတော်စင်များဖြစ်တေဆိုစွာ ဟုတ်ယင့်လား" ဟုမိန်းလိုက်၏။ ထိုပုဂ္ဂိုလ်သုံးဦးသည် တယောက်မျက်နှာတယောက်ကြည့်ပြီး "အကျွနုပ်ရို့သည် ဤ "သူတော်စင်" ဆိုသောဝေါဟာရကို အယင်တခါကမျှမကြားဖူးပါ။ အကျွနုပ်ရို့သည် စာပီမတတ်တေ တောသူတောင်သားများရာဖြစ်ပါရေ။ သို့အတွက် အကျွနုပ်ရို့အား ဂရိဘာသာစကားဖြင့်မပြောပါနှင့်၊ အသျှင်မင်းကြီး၏ ဆိုလိုရင်းကိုရာ တည့်တည့်ပြောပါ" ဟု ဖြေကြားကြကုန်၏။

"အို...အဘာလေး ဘုရား အသင်ရို့ "သူတော်စင်" ဆိုရေစကား ကိုတောင်မသိကတ်လား။ အသင်ရို့ ခရစ်ယာန်ဘုရားရှိခိုးဆိုစွာကိုကား သိကတ်ယင့်လား" ဟု ရဟန်းမင်းကြီးက မိန်းပြန်၏။

ထိုနောက် အဝတ်မဲ့လင်းကဲတုံးလုံး သုံးဦးသားရေ "အသင်ရာ ဖြေလိုက်ပါ" ဟူသောသဘောဖြင့် တဦးကိုတဦးကြည့်လျှက်ဟိ၏။ ထိုအခါ ရဟန်းမင်းကြီးသည် မိမိကိုယ်မိမိ ယုံကြည်စိတ်ချလာပြီး "အသင်ရို့ ဘဇောင်ပိုင် ဆုတောင်းကတ်တေလဲဆိုစွာကို အကျွနုပ်အားတချက် ပြောပြပါ" ဟုမိန်းလိုက်၏။

ထိုအခါ သူရို့က "အကျွနုပ်ရို့သည် စာပီမတတ်ပါ။ ခရစ်ယာန် ဘုရားရှိခိုးဆိုသည်ကိုလည်း အကျွနုပ်ရို့မသိပါ။ အကျွနုပ်ရို့သည် အကျွနုပ်ရို့ဘာသာ အကျွနုပ်ရို့သဘောအတိုင်း ဆုတောင်းကတ်ပါရေ" ဟု ပြန်ဖြေကြားကြကုန်၏။

ထိုအခါ ရဟန်ကြီးက ရယ်သွန်းလိုက်လီ၏။ "တယောက်လဲ့သင့် ကိုယ့်ဆုတောင်းကိုကိုယ်မပြုလုပ်ကတ်ပါ၊ ဘုရားဆုတောင်းကို ဘုရားကျောင်းတော်ကရာ ပြဌာန်းပီးပါရေ။ ဇာပင်ဖြစ်ဖြစ် အသင်ရို့၏ဘုရားဆုတောင်းကိုရာ တချက်ပြောပြပါ" ဟု ရဟန်းကြီးက တောင်းဆို လိုက်၏။

ထိုပုဂ္ဂိုလ်သုံးဦးမှာ အလွန်အမင်းရှက်ကြောက်ကာ ဂျိဝိဂျိဝါ ဖြစ်ကြကုန်၏။ နောက်ဆုံး၌ "အသျှင်မင်းကြီးမိန်းသောကြောင့် အကျွနုပ်ရို့ မငြင်းဆန်ဝံ့ပါ။ အကျွနုပ်ရို့၏ဘုရားဆုတောင်းမှာ ဘုရားဆုတောင်းနန့်မတူပါ။ ထာဝရဘုရားသခင်သည် ခမည်းတော် (God)၊ ဝိညာန်တော် (Holy Ghost)၊ သားတော် (Son) ဟူ၍ သုံးပါးတဆူဖြစ်သည်ဟူ၍ အကျွနုပ်ရို့ ကြားဖူးနားဝဟိပါသည်။ ထို့ကြောင့် အကျွနုပ်ရို့သည် မိမိဆုတောင်းမိမိပြုလျှက် "အကျွနုပ်ရို့သည် သုံးယောက်သားဖြစ်ပါသည်။ အကျွနုပ်ရို့သည် သုံးဦးသားဖြစ်ပါသည်။ ထို့ကြောင့် ထာဝရဘုရားသခင် အကျွနုပ်ရို့အား သနားဂရုဏာတော် ပီးသနားတော် မူပါမည့်အကြောင်းဆုတောင်းပါ၏" ဟူ၍ ဆုတောင်းကတ်ကြောင်းပြန်ဖြေကြားကြကုန်၏။

"မိစ္ဆာဒိဋ္ဌိတိ၊ အသင်ရို့ အေချင့်ကိုဘုရားဆုတောင်းလို့ထင်ရေလား။ အသင်ရို့ကိုငါ ဘုရားရှိခိုးကျောင်းကပြဌာန်းပီးရေ ဘုရားဆုတောင်းကို သင်ပြပီးပါမယ်။" ဟု ရဟန်မင်းကြီးကပြောဆို၏။ သို့သော် ၄င်းဆုတောင်းမှာ အလွန်ရှည်လွန်းလှသဖြင့် သုံးဦးစလုံးက "အသျှင်မင်းကြီး၏ဘုရားတောင်းမှာ ရှည်လွန်းလှပါရေ။ အကျွနုပ်ရို့ အားလုံးကို မမှတ်မိနိုင်ပါ။ သို့သော် အကျွနုပ်ရို့ အတတ်နိုင်ဆုံးကြိုးစားပါမယ်။ အသျှင်မင်းကြီးနောက်တခေါက်ချပြပီးပါ" ဟု တောင်းပန်၏။ ရဟန်းမင်းကြီးကချပြပီး၏။

သို့သော် ဘုရားရှိခိုးမှာ ရှည်လွန်းသဖြင့် သုံးဦးသားက ရဟန်မင်းကြီးကို တတိယတခေါက် ရွတ်ဆိုပီးရန်တောင်းပန်၏။

“အသျှင်မင်းကြီး အကျွန်ုပ်ရို့ အစကိုရကေ အဆုံးကိုမိလားပါရေ၊ အဆုံးကိုအမှတ်ရကေ အစကိုမိလားပါရေ။ အကယ်၍ အဆုံးနန့်အစကို နှုတ်ကျက်ရပျာယ်ဆိုကေ အလယ်ပိုဒ်ကိုမိလားပါရေ” ဟုပြောဆိုကြ၏။

ထိုအခါ ပုဒ်ရဟန်းမင်းကြီးက “အသင်ရို့တိမှာ ပညာနောက်ခံဟိဖို့ ကကောင်းလိုအပ်တေ” ဟုပြောဆို၏။ သို့သော် သူရို့သုံးဦးသားက “အကျွန်ုပ်ရို့ စာရှီးစာဖတ်မတတ်ပါ။ သို့မဟုတ်ပါက အကျွန်ုပ်ရို့ စာဖြင့်ရှီးမှတ်ထားပါဖို့။ နောက်တခေါက်ကျေးဇူလို့ သနားသဖြင့် အကျွန်ုပ်ရို့အား ဆိုပြပီးပါ၊ အကျွန်ုပ်ရို့ အတတ်နိုင်ဆုံးကြိုးစားပါမယ်” ဟုတောင်းပန်ကြ၏။

ထိုအခါ ရဟန်းမင်းကြီးသည် လူသန်းပေါင်းများစွာကိုးကွယ်နီသော ဤမိစ္ဆာဒိဋ္ဌိသုံးယောက်အား ခရစ်ယာန်ဘာသာသို့ သွပ်သွင်းနိုင်ပျာယ် ဟူသောအတွေးဖြင့် အလွန်အမင်း ဝမ်းမြောက်ပျော်ရွှင်လျှက်ဟိ၏။ သူသည် တတိယမြောက်ဘုရားဆုတောင်းကို ချပြပီး၏။ သုံးဦးသားကလည်း သူ့ခြီတော်ရင်းကိုကိုင်လျှက် အရိုအသေပီးကြကုန်၏။ ထို့နောက် ရဟန်းမင်းကြီးသည် သူ၏မော်တော်ဘုတ် ဟိရာသို့ ထွက်ခွာလားလီ၏။

သို့သော် ရီအိုင်ကြီး၏အလယ်လောက်ရာရောက်သိမ့်ချိန်၌ ကြီးမားသည့်အရာဝတ္ထုတခုသည် သူရို့ထံသို့ သျှိုင်းကပ်လာ၏။ ရဟန်းမင်းကြီးအနေဖြင့် မည်သည့်အရာဖြစ်သည်ဆိုသည်ကို ဝေခွဲမရဖြစ်လျှက်ဟိ၏။ သူသည် ဘုရားသခင်ထံတော်၌ ကယ်မမည့်အကြောင်း ဆုတောင်းမိ၏။ အနီးသို့ရောက်သောအခါ ထိုအရာမှာ အဂုသေက သူဘုရားဆုတောင်းချပီးခရေ မိစ္ဆာဒိဋ္ဌိသုံးယောက်ဖြစ်နီပြီး ရီပေါ်ထက်၌ လမ်းလျှောက်လာကြသည်ကို တွိမြင်ရ၏။

“အို... ဘုရား...ဘုရား အသျှင်ယေသျှုသခင် တယောက်သည်သာ ရီပေါ်ထက်၌ လမ်းလျှောက်နိုင်သည်ဟု အကျွန်ုပ်ကြားဖူးပါ၏” ဟု ရဟန်းမင်းကြီးက ရွေရွတ်မိ၏။ ၄င်းသုံးဦးသားသည် ရဟန်းမင်းကြီးဘားသို့ လက်အုပ်ချီလျှက် သျှိုင်းကပ်လာကာ “အသျှင်မင်းကြီး၏ဘုရားဆုတောင်းကို ကျွန်တော်မျိုးရို့မိလားပါလို့၊ သို့ဖြစ်ပါသောကြောင့် သနားဂရုဏာတော်အားဖြင့် အကျွန်ုပ်ရို့အား နောက်ထပ်တခေါက် ချပြပီးသနားတော်မူပါ” ဟု တောင်းပန်ကြ၏။

ရဟန်းမင်းကြီးလည်း ၄င်းသုံးဦးစလုံး ရီပေါ်ထက်၌ ရပ်နီကြသည်ကိုတွိမြင်ရကာ အဖြစ်မှန်ကိုသဘောပေါက်နားလည်လား၏။ “အသင်ရို့ အနေဖြင့် အကျွန်ုပ်၏ဘုရားဆုတောင်းကို မလိုအပ်တော့ပါ။ အသင်ရို့၏ဘုရားဆုတောင်းသည်ကားပြည့်စုံပါပေ၏။ အကျွန်ုပ်သည် အကျွန်ုပ်ဘဝတသက်တာကာလပတ်လုံး ဘုရားသခင်ထံ၌ဆုတောင်းလာခပါ၏။ ရသျှပြည်၏ဘာသာရေး၌ အထွဋ်အထိပ်သောရာထူးကိုပင် ရဟိလာခပါ၏။ သို့သော်လည်း အသင်ရို့ပိုင် ရီပေါ်ထက်၌လမ်းလျှောက်နိုင်ခြင်းမဟိပါ။ ဘုရားသခင်သည် အသင်ရို့နန့်အတူဟိတော်မူ၏။ သင်ရို့အားလုံးပြန်နှင့်၍ အသင်ရို့၏အယင်ဘုရားဆုတောင်းအတိုင်းရာ ဆုတောင်းကတ်ပါလီ” ဟု ရဟန်းမင်းကြီးကပြောဆိုလိုက်၏။

ထိုအခါ သုံးဦးသားသည် အလွန်ပျော်ရွှင်ဝမ်းမြောက်လျှက် “အသျှင်မင်းကြီး အလွန်ကျေးဇူးကြီးမားလှပါပေ၏။ သို့မဟုတ်ပါက အသျှင်မင်းကြီး၏ဘုရားဆုတောင်းမှာ ကကောင်းရှည်လွန်းပါသဖြင့် ကျွန်တော်မျိုးရို့အားလုံး ဒုက္ခများစွာရောက်ရပါလိမ့်မည်” ဟုပြောဆိုကာ ရဟန်းမင်းကြီးအား လက်ဦးချီ အရိုအသေပီးလျှက် ထွက်ခွာလားကတ်လီကုန်၏။

ဤသည်မှာ ရိုရိုးစွဲဘာသာရေးအယူဝါဒ၏ကျဆုံးခန်းကိုဖေါ်ညွှန်းရေ ပုံဝတ္ထုတိုချေတပုဒ်ဖြစ်ပါသည်။ ဘာသာရေးဆိုသည်မှာ
စကြ္ဝာဝဋ္ဋာ လောကခါတ်တခွင်လုံးကို မွှီးပျံ့စီသော သင်၏နှလုံးသားထဲက ပေါက်ဖွားလာရေ
မိတ္တာတရား၏ပုဂ္ဂလပွင့်လန်းရာသာလျှင်ဖြစ်ပေသည်။

Osho ၏ I teach religiousness not religion မှ ကောက်နှုတ်၍ဘာသာပြန်ဆိုပါသည်။

ခိုင်ကျော်ကျော် (မြောက်ဦး)